လယ်တီ-ဦးနန္ဒိယ မထေရ်

စီရင်ရေးသားသော

# ဝိပဿနာဒီပနီကျမ်း

(နောက်ဆက်တွဲ= ဓာရဏပရိတ်, အဘိဏှသုတ်)

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၄ ကောဇာ ၁၃၃၂ ဖေဖော်ဝါရီလ ၁၉၇၁

၂၁၈၄၃


အဂ္ဂမဟာပဏ္ဍိတ-ပညာပါရဂူ D. Lit. (London) ဘွဲ့ရ

လယ်တီဆရာတော်ဘုရားကြီး ၏

တပည့်

လယ်တီ-ဦးနန္ဒိယ မထေရ်


ကိုယ်တွေ့-သိမြင် စီရင်ရေးသားသော

# ဝိပဿနာဒီပနီကျမ်း

(နောက်ဆက်တွဲ=ဓာရဏပရိတ်, အဘိဏှသုတ်)


မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့

ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၄ ကောဇာ ၁၃၃၂ ဖေဖော်ဝါရီလ ၁၉၇၁

ပ-မ-ဗ-သ-စ—၁၀၄၇—၄-၂-၇၁ ။

ရန်ကုန်မြို့ ကမ္ဘာအေးစာတိုက် ပြည်ထောင်စု မြန်မာနိုင်ငံ
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ အတွင်းရေးမှူး
(အုပ်ချုပ်ရေး အရာရှိချုပ်) ဦးလှမောင်
**M.A., M.S., B.L.** (မှတ်ပုံတင်အမှတ်
၀၈၇၉/၀၅၂၂)က ပုံနှိပ်ထုတ်ဝေသည်။

# ဇယစက္က မြတ်ဗုဒ္ဓ ဘုရားရှိခိုးတော်ကြီး

ဇယစက္ကော ဇယန္တော ဇယော၊
ဇယိတဗ္ဗေ ဇယာသနေ။
ဇယာပေသိ ဇယေသိနံ၊
ဇယံ ဒေတု ဇယုတ္တရော။

ဇယော ဇယစက္ကော = ပါရမီတော်ဆယ်ချက် အောင်လက်နက်ပိုင်ရှင် အကြင်ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။

ဇယာသနေ = အောင်သိဒ္ဓိဆင်မြန်းသည့် ပလ္လင်နန်းမှန်ကင်း အောင်ဗောဓိပင်ရင်း၌။

ဇယိတဗ္ဗေ=အောင်အပ်သည့်တရား မာရ်ငါးပါးအပေါင်းတို့ကို။

ဇယန္တော=အကြွင်းမဲ့ ချေမှုန်းလျက် ဖျက်ဖြုန်းကာ ပယ်ရှင်း၍ အောင်ခြင်းကြီး အောင်တော်မူခဲ့လေပြီ။

ဇယေသိနံ = မြတ်နိဗ္ဗာန်အောင်ခန်းနှင့် အောင်ဘိသိက်ပန်း မဂ်ဖိုလ်ကို မျှားထိုထို ဝဋ္ဋအတွင်းမှ လွတ်ကင်းအောင် အာသာကြီးဖြင့်ရှာမှီးကာနေကြကုန်သောသူတို့အား။

ဇယာပေသိ=ကိုယ်တော်မြတ်နှင့်အတူ အောင်ပန်းကိုဆွတ်ချူ၍ ထွတ်အငူ အမြိုက်ခေတ်သို့ ဆိုက်ကပ်တော်မူစေ၍ အောင်စေတော်မူလေပြီ။

ဇယုတ္တရော=အောင်သူတကာတို့၏မှန်ကင်း အောင်ခြင်းတကာတို့၏ ဥသျှောင် ထွတ်ခေါင်မြတ် သရဖူ သယမ္ဘူ မကိုဋ်ထိီး အောင်ပွဲဝင်ပုဂ္ဂိုလ်ကြီး ဖြစ်ပေထသော။

တွေ၊ သမိုင်းဆရာတွေ၏ ဉာဏ်မျိုးနှင့် စူးစမ်းရှာဖွေ၍ မရနိုင်ပုံ၊ ဝိပဿနာဉာဏ်ဖြင့်သာ စူးစမ်းရှာဖွေ၍ရနိုင်ပုံတို့ကို ကိုယ်တွေ့ ဉာဏ်တွေ့ သိမြင်တော်မူသော ကျမ်းပြုဆရာတော် လယ်တီ ဦးနန္ဒိယသည် ဘဝသံသရာအရေး၌ အမှန်သိမြင်ကြစေရန် အရိပ်ပြအကောင်ထင်ကြပေရော့ဟု ပြဆိုသည့်အလား ဤကျမ်း၌ ဦးစွာပဌမ ဘဝသံသရာကစ၍ ရေးသားထားတော်မူခဲ့သည်။

(၂) **ဝိပဿနာဒီပနီနှင့် သက္ကာယဒိဋ္ဌိ** ဝိပဿနာတရားကို အားထုတ်လိုသူတို့သည် ဘဝသံသရာ အကြောင်းကို သိပြီးရုံမျှဖြင့် မလုံလောက်သေးပါ။ သက္ကာယဒိဋ္ဌိသဘောကိုလည်း သိအောင် ကြိုးစားရပေဦးမည်။ သက္ကာယဒိဋ္ဌိသဘောကို ပိဋကတ်ဆရာတွေ, အဘိဓမ္မာဆရာတွေ သိနည်း သာမညစာတွေ့သိနည်းမျိုးဖြင့် မလုံလောက်သေးပါ။ မိမိခန္ဓာကိုယ်ကို မိမိကိုယ်ပိုင် ဝိပဿနာဉာဏ်ဖြင့် ရှုမြင်ဆင်ခြင်ပွါးများနိုင်မှသာ သက္ကာယဒိဋ္ဌိ၏သဘောကို ဟုတ်တိုင်းမှန်စွာ သိနိုင်ပေသည်။ ကမ္ဘာပေါ်ရှိ ပညာရှင် အားလုံးတို့သည် သက္ကာယဒိဋ္ဌိ အရေးကို တွေးခေါ်ကြပါလျှင် အားလုံးလိုလိုပင် ချာချာလည်နေကြသည်သာ ဖြစ်ပါသည်။ လူ သတ္တဝါအားလုံးတို့သည် ငါပဲ, သူပဲ, မိန်းမပဲ, ယောကျ်ားပဲ, သူဌေးပဲ, ဆင်းရဲသားပဲ, ပညာရှိပဲ, လူမိုက်ပဲ စသည်ဖြင့် မှတ်သားစွဲယူထားကြပါသည်။ ဤယူဆချက်များသည် သမုတိသစ္စာအနေဖြင့် အမှန်တရားများပင် ဖြစ်ကြပါသည်။ ဝိပဿနာအဆင့်သို့ မရောက်ပါပဲလျက် ဤအမှန်တရားများကို ပယ်ဖျက်လိုက်ပါကလည်း အမေမရှိ, အဖေမရှိ, ဆရာမရှိ စသည်ဖြင့် တလောကလုံး မီးဟုန်းဟုန်း တောက်အောင် အနှမ္မုဖုံးကြဲချသည်ထက် အတိုင်းမသိ ဆိုးဝါးသွားပေမည်။

ဝိပဿနာတရား ဆိုသည်မှာ သမုတိသစ္စာကိုလည်း မပယ်။ ပရမတ္ထသစ္စာကိုလည်း မတွယ်ပဲ သက္ကာယဒိဋ္ဌိကို ရှေးဦးစွာ ဖြိုခွဲသည့် အရေးကြီးဆုံး ကျင့်စဉ်လုပ်ငန်းကြီး ဖြစ်ပါသည်။ ဝိပဿနာတရား အားထုတ်ရာ၌ သက္ကာယဒိဋ္ဌိ ပယ်ခွါရန်မလွယ်ကူပုံကို ကိုယ်တွေ့ရိပ်စား သိမြင်တော်မူသော ကျမ်းပြုဆရာတော်သည် ဤကျမ်း ဒုတိယမြောက်အခန်း၌ အခြားသော ဝိပဿနာနည်းလမ်းများကို မပြဆိုသေးပဲ ဒိဋ္ဌိဝိသုဒ္ဓိအခန်းကို အလွယ်ဆုံး နည်းလမ်းဖြင့် အကျဉ်းဆုံး ရှင်းပြတော်မူထားပါသည်။

(၃) ဝိပဿနာဒီပနီနှင့် နိဗ္ဗာန် — ဘဝသံသရာနှင့် သက္ကာယဒိဋ္ဌိတို့၌ ဉာဏ်အမြင် မရှင်းသေးသောသူတို့အား နိဗ္ဗာန်တရားကို မည်သို့ပင် ရှင်းပြစေကာမူ လက်ခံနိုင်ကြမည်မဟုတ်ပါ။ ဘဝသံသရာဆရာ, သက္ကာယဒိဋ္ဌိဆရာတို့ကား ဘဝသံသရာကောင်းစားရေး, ဘဝသံသရာချမ်းသာရေး, လောကကောင်းစားရေး, လောကချမ်းသာရေးတို့ကို အမှန်တရားများဟု မြင်နေကြသည်။ သမုတိသစ္စာအနေဖြင့်လည်း ယင်းပုဂ္ဂိုလ်တို့၏ အမြင်များမှာ အမှန်တရားများပင် ဖြစ်ကြပါသည်။

ဘဝသံသရာအရေးနှင့် သက္ကာယဒိဋ္ဌိတို့၌ ဉာဏ်အမြင်ရှိပြီးဖြစ်သော သူတို့မှာမူကား ဤဘဝ, နောက်ဘဝ, ပုဂ္ဂိုလ်, သတ္တဝါ, ငါ သူတပါး, ယောကျ်ား, မိန်းမ စသော အပေါ်ရံ အကာသမုတိသစ္စာများကိုခွါ၍ ကြည့်နိုင် မြင်နိုင်ကြပေပြီ။ အတွင်းသား ခေတ်အနှစ်, ပရမတ်အစစ်, ရုပ်နာမ်ပရမတ္ထသစ္စာတို့ကိုလည်း ဖောက်ထွင်း၍ မြင်စွမ်းနိုင်ကြပါသည်။ ယင်းသို့ အကာနှင့်အနှစ်, ပညတ်နှင့်ပရမတ်, သမုတိသစ္စာနှင့် ပရမတ္ထသစ္စာတို့ကို ပိုင်းခြားတတ်ပြီး သရုပ်ကွဲလာသော် ဝါ၊ သက္ကာယဒိဋ္ဌိကို

ခွါ၍ ကြည့်မြင်နိုင်သော် နိဗ္ဗာန်ကို ညွှန်ပြရန် လွယ်ကူပါတော့သည်။ ယင်း သဘောတရားများကို ထင်ထင်လင်းလင်း ကွက်ကွက် ကွင်းကွင်း ရိပ်စားသိမြင်တော်မူသော ကျမ်းပြုဆရာတော်သည် ဤကျမ်း သက္ကာယဒိဋ္ဌိ အခန်းနောက်၌ နိဗ္ဗာန်ရောက်ကြောင်းလမ်းကို ရှင်းရှင်းနှင့်ကျဉ်းကျဉ်းပင် ပြဆိုတော်မူထားပါသည်။

(၄) **ဝိပဿနာအစ ဓာတ်ကမ္မဋ္ဌာန်းက** သက္ကာယဒိဋ္ဌိလမ်းနှင့် ဘဝသံသရာ, ဝိပဿနာ လမ်းနှင့် နိဗ္ဗာန်တို့ကို ခွဲခြား သိမြင်ပြီးသော သူတို့သာ ဝိပဿနာလမ်းအမှန်သို့ တက်လှမ်းနိုင်ပါသည်။ ဝိပဿနာလမ်းသို့ တက်လှမ်းရာ၌လည်း ရုပ်သက်သက်ကို သုံးသပ်သော ရုပ်ဝိပဿနာ၊ နာမ်သက်သက်ကို သုံးသပ်သော နာမ်ဝိပဿနာ၊ ရုပ်နာမ်နှစ်ပါးလုံးကို သုံးသပ်သော ရုပ်နာမ်ဝိပဿနာ၊ ဤလမ်းသုံးသွယ်တွင် မည်သည့်လမ်းက စရပါမည်နည်း။

ရုပ်ကိုရှုသော ဝိပဿနာတွင်လည်း မဟာဘုတ်လေးပါးကို သုံးသပ်သော ဓာတ်လေးပါးဝိပဿနာ၊ ဥပါဒါရုပ်တို့ကို သုံးသပ်သော ဥပါဒါရုပ်ဝိပဿနာ၊ လမ်းနှစ်သွယ်တို့တွင် အဘယ်လမ်းက စရပါမည်နည်း။ မဟာဘုတ်လေးပါးကို သုံးသပ်သော ဓာတ်လေးပါးဝိပဿနာ လမ်း၌လည်း ကမ္မဇမဟာဘုတ်ကို သုံးသပ်သော ဝိပဿနာ၊ စိတ္တဇ မဟာဘုတ်ကို သုံးသပ်သော ဝိပဿနာ၊ အာဟာရဇ မဟာဘုတ်ကို သုံးသပ်သော ဝိပဿနာ၊ ဥတုဇ မဟာဘုတ်ကို သုံးသပ်သော ဝိပဿနာလမ်းတို့တွင် အဘယ်လမ်းက စရပါမည်နည်း စသောအားဖြင့် ပြဿနာပေါင်း ရာထောင်မက ဖြစ်ပေါ်လာနိုင်ပါသည်။

အမှန်အားဖြင့် ရုပ်လမ်း နာမ်လမ်း, အဘယ်စခန်း, အဘယ် လမ်းက စသည်ပင်ဖြစ်စေ မိမိတို့ဉာဏ်နှင့် တိုက်ဆိုင်ပါက လျင်မြန်စွာ ဝိပဿနာလမ်းသို့ တက်လှမ်းနိုင်ပေသည်။ ယင်းသို့ပင် ဖြစ်စေကာမူ ရုပ်လမ်းနှင့် နာမ်လမ်းတွင် ရုပ်လမ်းက စသော် များသောအားဖြင့် ထင်လွယ် မြင်လွယ်ပေသည်။ ယင်းသို့သော အကြောင်းတရားများကို လက်တွေ့ သိရှိတော်မူသော ကျမ်းပြု ဆရာတော်သည် ဤကျမ်း၌ ဝိပဿနာ သုံးသပ်နည်း အခန်း တို့ကို ပြဆိုရာ၌ ဦးစွာပထမ ဓာတ်ကမ္မဋ္ဌာန်း ရှုနည်းကို ဆန်းဆန်းကြယ်ကြယ် အံ့ဩဘွယ် ရှင်းပြတော်မူထားပါသည်။

(၅) ဝိပဿနာဒီပနီနှင့်ရုပ်ဝါဒ။ ။ကမ္ဘာ့သမိုင်းတလျှောက်၌ ဒဿနိကဗေဒ ဆရာ အမျိုးမျိုးနှင့် သိပ္ပံဆရာ အဆက်ဆက်တို့ ပေါ်ထွက်ခဲ့ကြပါသည်။ ယင်းဆရာတို့သည် ရုပ်တရား နာမ်တရားများကို စူးစမ်းရှာဖွေကြရာ၌ ဩကာသလောက, သတ္တလောက, စကြဝဠာ အားလုံး၌ ရုပ်တရားသာ ပဓာန, ရုပ်တရားသာ အခြေခံ, ရုပ်တရားသာ အကြောင်းရင်းဟု ဟူဆလာကြသည်။ ယင်းဆရာတို့သည် ရုပ်တရားတို့ကို စူးစမ်း ရှာဖွေရာ၌ ရုပ်တရားတို့၏ ဆန်းကြယ်ပုံ, ရုပ်တရားတို့တွင် မပျက်စီးနိုင်သော အမာခံ အမြဲတေဓာတ်များရှိပုံ, ရုပ်တရားတို့တွင် ကမ္ဘာကို ဖျက်စွမ်းနိုင်သောဓာတ်များ, ကမ္ဘာကို ပြုစွမ်းနိုင်သောဓာတ်များ ရှိပုံ တို့ကို ဖော်ထုတ်ပြနိုင်လာကြပေသည်။ ယင်းအမာခံ အမြဲတေ ဓာတ်များ အဆင့်ဆင့် ပေါင်းစပ်၍ တော တောင် ရေ မြေ သမုဒ္ဒရာစသော သက်မဲ့ ဩကာသလောကဓာတ် စကြဝဠာ များနှင့် သက်ရှိ သတ္တလောကများ ဖြစ်ပေါ်လာကြပေသည် ဟု တွေးခေါ်ယူဆလာကြသည်။ ယင်းရုပ်ဝါဒ ဆရာကြီးများ

၏ အယူအဆများ၌ မည်မျှအထိ မှန်သည်၊ မည်မျှအထိ မှားသည်ဟု သိရှိလိုကြသူ သုတေသီတို့သည် ဤဝိပဿနာဒီပနီကျမ်းကို လေ့လာသင့်လှပေသည်။

ဤဝိပဿနာဒီပနီကျမ်း၌ ရုပ်တရားတို့၏ ဆန်းကြယ်ပုံ, ရုပ်တရားတို့၏ တန်းခိုးအစွမ်း ထက်မြက်ပုံနှင့်တကွ ရုပ်တရားတို့တွင် မပျက်စီးကောင်းသော အမာခံ အမြဲတေခတ်များ မရှိပုံများကို သိပ္ပံဆရာ, ဒဿနိကဗေဒ ဆရာတို့ လက်ခံနိုင်အောင် ဥပမာ အမျိုးမျိုးတို့ဖြင့် ရှင်းလင်းပြဆိုထားပါသည်။ ထိုမှတဆင့်တက်၍ ရုပ်တရားတို့ကို ငါဟုထင်၍ ရုပ်အလုပ်တို့ကို ငါ့အလုပ်ဟု ထင်နေကြသူများကိုလည်း အစွန်းတဖက်သို့ရောက်နေသော ရုပ်ဝါဒ သက္ကာယဒိဋ္ဌိ ဘေးဆိုးကြီးမှ ထုတ်ဆောင်၍ နိဗ္ဗာန်တိုင်အောင် ရောက်နိုင်သော ကျင့်စဉ်နည်းလမ်းများကို ညွှန်ပြထားပုံမှာလည်း အံ့ဩဖွယ်ရာ ရှိလှပါတော့သည်။

**(၆) ဝိပဿနာဒီပနီနှင့် သောတာပန်။**　　။လောက လူသားအားလုံး တို့သည် ငါမြင်သည်၊ ငါကြားသည်၊ ငါနံသည်၊ ငါစားသည်၊ ငါအတွေ့အထိကိုသိသည်၊ ငါကြံစည်သည်ဟု ပြောဆိုကြပါသည်။ ပြောဆိုရုံမျှမက ဤအယူအဆများကား အမှန်တရားများဖြစ်သည်ဟုလည်း စွဲလမ်းနေကြရှာသည်။ သို့သော် ပရမတ္ထအားဖြင့် ငါက မမြင်နိုင်ပါ။ မျက်စိကလည်း မမြင်နိုင်ပါ။ ရူပါရုံကလည်း မမြင်နိုင်ပါ။ စက္ခုဝိညာဏ်စိတ်ကသာ မြင်နိုင်ပါသည်။ ထို့အတူ ငါက မကြားနိုင်ပါ။ သောတဝိညာဏ်စိတ်ကသာ ကြားနိုင်ပါသည်။ ငါက အနံ့ကို မသိနိုင်ပါ။ ဃာနဝိညာဏ်စိတ်ကသာ သိနိုင်ပါသည်။ ငါက အရသာကို မသိနိုင်ပါ။ ဇိဝှါဝိညာဏ်ကသာ သိနိုင်ပါသည်။ ငါက အတွေ့ကို မသိနိုင်ပါ။ ကာယဝိညာဏ်

ကသာ သိနိုင်ပါသည်။ ငါက အကြံအစည်ကို မသိနိုင်ပါ။ မနော ဝိညာဏ်ကသာ သိနိုင်ပါသည်။ ဤသို့ သတိထား၍ ဆင်ခြင်သော် "မြင်သူ၊ ကြားသူ၊ နံသူ၊ သိသူ၊ ပုဂ္ဂိုလ် သတ္တဝါ ငါဆိုတာ မရှိပါကလား" ဟု ကိုယ်ပိုင်ဉာဏ်ဖြင့် သိမြင်လာပေမည်။ သမုတိသစ္စာနှင့် ပရမတ္ထသစ္စာကို ခွဲခြမ်း၍ မြင်စွမ်းနိုင်သော ဉာဏ်မျိုး ပေါ်လာမည်။ ထိုအခါ မကောင်းတာတွေကို တွေ့ရ မြင်ရ ကြားရသော်လည်း "ငါတွေ့ရသည်၊ ငါမြင်ရသည်၊ ငါ ကြားရသည်" ဟု သက္ကာယဒိဋ္ဌိ အစွဲအလမ်းများ ရှေးကလို မရှိတော့သဖြင့် နှလုံးမသာယာမှု ပူဆွေးမှုတရားများ နည်းပါးလာပေမည်။ ကောင်းတာတွေကို မြင်ရ ကြားရ တွေ့ကြုံရ ပြန်သော်လည်း သာယာမှု၊ မခွဲနိုင် မခွါနိုင်မှု တရားများ နည်းပါးလာပေမည်။ ဤအဆင့်အတန်းသို့ ရောက်လာသူတို့ကား အခြားသာမန်လူများနှင့် လူချင်း တူငြားသော်လည်း အသိဉာဏ်ချင်းကား ကွဲပြားပေတော့သည်။ ယင်းသို့သော လူများကား လူ့ဘဝကို အရတော်သော သူများပါပေတည်း။ ဤ ဝိပဿနာဒီပနီကျမ်းက ယင်းအဆင့်အတန်းမျိုး သောတာပန် စခန်းသို့ ယောဂီတို့ကို မပင်မပန်း လွယ်လွယ်ကူကူ ရောက်အောင် ညွှန်ပြ ရေးသားထားပုံမှာလည်း အံ့သြဖွယ် ရှင်းလင်းလှပါပေသည်။

**(၇) ဝိပဿနာဒီပနီနှင့် ဗုဒ္ဓအဘိဓမ္မာ**

ဤဝိပဿနာဒီပနီကျမ်းသည်စာအုပ် အမည်အားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ရရေး ကိုသာ ညွှန်းပြသော လက်တွေ့တရား အားထုတ်နည်း ကျမ်းဖြစ်သည်ဟု ထင်မြင်ဘွယ် ဖြစ်ပေသည်။ စင်စစ်မှာ ဤကျမ်းကို အဘိဓမ္မာအခြေခံကျမ်းဟုလည်း ခေါ်ဆိုထိုက်ပေသေးသည်။ ဤကျမ်း၌ အဘိဓမ္မာနည်းအရ ရုပ်တရား

နာမ်တရားများကိုခွဲဝေပြထားသည်မှာ ကျဉ်းကျဉ်းနှင့် ရှင်းလှပါပေသည်။ အဘိဓမ္မာကျမ်းများကို လုံးဝမသင်ဘူးသေးစေကာမူ ရုပ်တရား နာမ်တရားများဖြစ်ပေါ်လာပုံ သဘောတရားများကို အချက်အလက်စုံစုံနှင့် လွယ်လွယ်ကူကူ ကွက်ကွက်ကွင်းကွင်း သိနိုင်အောင် ရေးသားထားပေသည်။ အဘိဓမ္မာ ၇-ကျမ်း ပါဠိ အဋ္ဌကထာ ဋီကာ အနု မဓု ဂန္ထန္တရများကို ဝိပဿနာမဖက် ပရိယတ္တိသက်သက်ဖြင့် နှစ်ပေါင်းများစွာ လေ့လာကြပါသော်လည်း ဤမျှ စုံစုံလင်လင် ရှင်းရှင်းလင်းလင်း ရုပ်နာမ်သဘောတရားများကို သိနိုင်ကြရန် မလွယ်လှပါ။ ထို့ကြောင့်ဤဝိပဿနာဒီပနီကျမ်းသည် ဝိပဿနာတရား လေ့လာသူတို့ အတွက်သာမဟုတ်ပဲ ဗုဒ္ဓအဘိဓမ္မာ လေ့လာသူတို့ အတွက်လည်း တန်ဘိုးမဖြတ်နိုင်သော အဘိဓမ္မာကျမ်းတကျမ်းဖြစ်နေပါသည်။ ထို့ထက်တဆင့်တက်၍ ရဲရဲဝံ့ဝံ့ဆိုရချေသော် မြန်မာနိုင်ငံ၌ ထွက်ပေါ်ပြီးခဲ့သော အဘိဓမ္မာသင်ရိုးညွှန်းတမ်း ကျမ်းအမျိုးမျိုးတို့အနက် အချိန် အနည်းဆုံးနှင့် အမြန်ဆုံး အဘိဓမ္မာသဘောတရားသက်သက်ကို သဘောပေါက်အောင် တတ်မြောက်စေနိုင်သော ကျမ်းများကို ညွှန်ပြပါဆိုလျှင် ဤဝိပဿနာဒီပနီကျမ်းကိုလည်း ညွှန်ပြရမည်သာ ဖြစ်ပါတော့သည်။

**(ဂ) ကျမ်းပြုဆရာတော်နှင့် ပရိယတ္တိ**

ဤဝိပဿနာဒီပနီကျမ်းကို ဝိပဿနာတရား အားထုတ်နည်း လက်တွေ့ လုပ်ငန်း များကို ဘားအံမြို့ ကျောင်းဆရာ မောင်အောင်ဘ က တောင်းပန်၍ ရေးသားရပေသည်ဟု ဤကျမ်းပဏာမနှင့် အဘိယာစက၌ မိန့်ဆိုထားပါသည်။ ထို မိန့်ဆိုချက်အရ ဤကျမ်းသည် ကိုယ်တွေ့ ဉာဏ်တွေ့ ဝိပဿနာတရားအားထုတ်နည်းများကိုသာ ရေးသား

ပေလိမ့်မည်ဟု ထင်မြင်စရာရှိပါသည်။ သို့သော် ဤကျမ်းကို လေ့လာကြည့်ပါက မည်သည့်အပိုင်း မည်သည့်အခန်း မည်သည့် ဝိပဿနာနည်း၌ဖြစ်စေ ကိုယ်တွေ့နှင့် ပါဠိတော် အဋ္ဌကထာတို့၏ အဆို အမိန့်များကို ဆိုင်ရာဆိုင်ရာ အကွက်ကျကျ သက်သေ သာဓကပြ၍ ညှိနှိုင်းရေးသားထားသည်ကို တွေ့ရပါသည်။ ယင်းသို့ တွေ့ရခြင်းအားဖြင့် ဤကျမ်းကို ပြုစုတော်မူသောဆရာတော် သည် ပဋိပတ္တိဘက်၌သာ ကျွမ်းကျင်လိမ္မာတော်မူသည်မဟုတ်ပဲ ပရိယတ္တိဘက်၌လည်း အံ့သြလောက်အောင် ကျွမ်းကျင် လိမ္မာ တော်မူသည်ကို သိရှိနိုင်ပေသည်။ မှန်ပါပေသည်။ ဤ ကျမ်းကို ပြုစုတော်မူသော ဆရာတော်သည် ဝိပဿနာဉာဏ်အလင်းဖြင့် ဆိုင်ရာဆိုင်ရာ ပါဠိ အဋ္ဌကထာတို့ကို ရှင်းပြထားပုံမှာ ပဋိပတ္တိ ပုဂ္ဂိုလ်တို့အတွက်သာ မဟုတ်ပဲ ပရိယတ္တိပုဂ္ဂိုလ်တို့ အတွက်လည်း သဘော သဘာဝ အယူအဆအရာတွင် ကိုးကွယ်အားထားရာ ကျမ်းတဆူ မှန်လှပါပေသည်။

(၉) လယ်တီဆရာတော်နှင့် ကျမ်းဆရာ ဤကျမ်းကို ပြုစုတော်မူသော ဆရာတော်သည် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ ပညာပါရဂူ D.Lit. ဘွဲ့ရ လယ်တီဆရာတော်ဘုရားကြီး၏ တပည့် ဖြစ်ကြောင်းကို ဤကျမ်းဆရာကိုယ်တိုင် ဝန်ခံထားပါသည်။ လယ်တီ ဆရာတော်ဘုရား၏ တပည့်ဖြစ်ကြောင်း သိရသဖြင့် ဤဝိပဿ- နာဒီပနီကျမ်းသည် လယ်တီဆရာတော် ရေးသားတော်မူသည့် ဒီပနီကျမ်းများနှင့် တနည်းမဟုတ် တနည်းနည်းဖြင့် တူနေပေ လိမ့်မည်ဟု ထင်မြင်မည်ဆိုက ထင်မြင်စရာရှိပါသည်။ သို့သော် ဤကျမ်းကို လေ့လာကြည့်ပါက လယ်တီဒီပနီများနှင့် တမူထူး ခြား ဆန်းပြားနေပုံကို တွေ့မြင်နိုင်ပါသည်။ ဤကျမ်းသည်

ဝိပဿနာအားထုတ်လိုသူ မည်သူမဆို အခြေခံမှစ၍ သိနားလည် နိုင်အောင် အကျဉ်းဆုံး အရှင်းဆုံး အလွယ်ဆုံး နည်းဖြင့် ရေးသားထားသည့် ကျမ်းဖြစ်ပေသည်။ အကျဉ်းဆုံးဟု ဆို သော်လည်း ဝိပဿနာယောဂီ တယောက် တရားပေါက်သည် အထိ လိုလေသေးမရှိ အလုံးစုံ ပြီးပြည့်စုံသော ကျမ်းတဆူဖြစ်ပါ သည်။ ဤကျမ်းသည် လယ်တီဒီပနီများကဲ့သို့ မြန်မာမှုသက်သက် ဖြင့် ရေးသားထားသည်မဟုတ်ပဲ ပါဠိအဋ္ဌကထာတို့မှ ကောက် နုတ်ချက်များကို ကိုးကား၍ ရေးသားဖော်ပြသောကျမ်းဖြစ် ပေသည်။

(၁၀) ဝိပဿနာလမ်းနှင့် သဿတဒိဋ္ဌိ

ဝိပဿနာတရား အားထုတ်ကြရာ ၌ ဝိပဿနာလမ်းမှန်သို့ မရောက် နိုင်ပဲ တဝဲလည်လည် ဖြစ်နေကြပုံ များကို ဆင်ခြင်လေ့လာသင့်လှသည်။ တရားရှာသူအားလုံးကို စုပေါင်းစိစစ် ဝေဘန်လိုက်ပါက ဘဝသံသရာကို မယုံကြည်သူနှင့် ဘဝသံသရာကို ယုံကြည်သူ နှစ်မျိုးရှိကြောင်း တွေ့ရပါ သည်။ ထိုသူတို့တွင် ဘဝသံသရာကို မယုံကြည်သူ ဉစ္ဆေဒဝါဒ သမားများအတွက်မှာမူကား အထူးပြောဖွယ်ရာ မလိုတော့ပေ။ ဘဝသံသရာကို ယုံကြည်စွဲလမ်းကြသူတို့မှာပင် ဤဘဝ ကောင်း စားရေး ဘဝအဆက်ဆက် ကောင်းစားရေးတို့အတွက် ဒါန အမျိုးမျိုး၊ သီလစောင့်ထိန်းမှုအမျိုးမျိုး၊ သာသနာထွန်းလင်း တောက်ပရေးအတွက် ပရိယတ္တိသင်ကြားမှု အမျိုးမျိုး၊ ပူဇော်မှု အမျိုးမျိုးစသော ကုသိုလ်လုပ်ငန်းများကိုသာ အားကိုးရာ သဘွယ် မှီခိုရာသဘွယ် အမှန်မြတ်ဆုံး လုပ်ငန်းကြီးများအနေ ဖြင့် မှတ်ထင်ထားကြပါသည်။ သဲသဲမဲမဲ စွဲယူ ထားကြ ပါသည်။ ယင်းသို့ ဘဝပေါင်း သိန်းသန်းမက အစွဲကြီးစွဲခဲ့ရာမှ ဝိပဿနာ

တရားကို တဆင့်တက်၍ အားထုတ်သောအခါ ဘုရားပြီးက ငြိမ်းဖျက်ရမည်ကို မေ့နေတတ်ကြပါသည်။ လိုရာစခန်း တဖက်ကမ်းသို့ ဆိုက်ရောက်၍ ဘေးကင်းရာ ကုန်းပေါ်သို့ တက်သွားနိုင်ပါလျက် လှေ သင်္ဘောများကို မစွန့်ပစ်ရက်ပဲ နှမြောတသ တွယ်တာနေသူကဲ့သို့ ဖြစ်တတ်ကြပါသည်။ နိဗ္ဗာန်ရနိုင်သည့် ဘဝနှင့် ကြုံကြိုက်နေပါလျက် ဤ ဘဝ နိဗ္ဗာန် မရသေးက ဘဝ သံသရာအတွက် ကောင်းစားချမ်းသာရေး၏ အကြောင်းဖြစ်သော ဒါန သီလ ပရိယတ္တိ သင်ကြားမှုစသော ဝဋ္ဋနိဿိတ ကုသိုလ်ကောင်းမှုတို့ကို လက်လွှတ်၍ မဖြစ်သေးဟု ဆင်ခြေဆင်လက်တွေပင် ပေးနေတတ်ကြပါသည်။ ယင်း ဝဋ္ဋနိဿိတကောင်းမှုတို့ကို ကွာရှင်းလိုက်က ဒုက္ခများရောက်နေမလားဟု စိုးရိမ်ပူပန်ကြောက်လန့်၍ပင် နေတတ်ကြပါသည်။ ယင်း ဝဋ္ဋနိဿိတ ကောင်းမှုတို့နှင့် လက်တွဲ၍ နိဗ္ဗာန်ပွဲသို့ ဝင်နိုင်သည့် နည်းလမ်းမျိုးကိုသာ ရလိုရငြား ရှာနေတတ်ကြပါသည်။ ယင်းဝဋ္ဋနိဿိတ ကောင်းမှုတို့နှင့် အပြီးသတ် မကွာရှင်းပဲ နိဗ္ဗာန်ပွဲသို့ဝင်နိုင်သော နည်းလမ်းမျိုး ရှိ မရှိ တိတိကျကျ သိလိုသူများအတွက် ဤ ကျမ်းသခ်ါရက္ခန္ဓာအခန်းမှာ ရှင်းပြထားပါသည်။ ယင်းရှင်းလင်းချက်များကို တွေ့မြင်ဖတ်ရှုရ၍ သဘောပေါက်ကြပါလျှင် "သြော် မြတ်စွာဘုရား သာသနာတော်နှင့် ငါတို့ တွေ့ရကြုံရသည်မှာ တွေ့ကြုံရကျိုးနပ်လေစွတကား၊ သြော် ငါတို့ ဤဘဝ လူဖြစ်ရသည်မှာ လူဖြစ်ရကျိုး နပ်လေစွတကား"ဟု မိမိတို့၏ ဘဝတန်ဘိုးကို မိမိတို့ကိုယ်တိုင် ရဲရဲဝံ့ဝံ့ ဆုံးဖြတ်နိုင်သည့် အသိဉာဏ်မျိုး ပေါ်လာမည်ဖြစ်သည်။

(၁၁) **ဝိပဿနာဒီပနီကျမ်းနှင့် ဗုဒ္ဓသာသနာအဖွဲ့** ဤ ဝိပဿနာဒီပနီကျမ်းစာမူသည် ပဋ္ဌာန်းနှင့်ဝိပဿနာတရားများ ဟောကြားတော်မူခြင်းဖြင့် ပဋ္ဌာန်းဆရာတော်ဟု ထင်ရှားတော်မူသော မန္တလေးမြို့ မစိုးရိမ်တိုက် အဂ္ဂမဟာပဏ္ဍိတ ဦးဝိသုဒ္ဓါဘိဝံသ ဆရာတော်ဘုရား၏ အထံသို့ ရောက်ရှိနေခဲ့ပါသည်။ ဆရာတော်သည် တကာ တကာမတို့အား ဝိပဿနာတရား ဟောကြားရာ၌ ဝိပဿနာကျမ်း အစောင်စောင်ကို စေ့စုံအောင် လေ့လာပြီးမှ ဟောကြားတော်မူပါသည်။ ယင်းသို့ ဆရာတော် လေ့လာပြီးသော ဝိပဿနာကျမ်းများအနက် ဤ ဝိပဿနာဒီပနီကျမ်းသည် မဂ် ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ရောက်ရန်အတွက် အလွယ်တကူ တတ်သိ နားလည်နိုင်အောင် ရှင်းလင်းစွာ ရေးသားညွှန်းပြထားသဖြင့် တန်ဘိုးမဖြတ်နိုင်သော ဝိပဿနာကျမ်းထူးတဆူဟူ၍ ဆရာတော်၏နှလုံး၌ နှစ်ခြိုက်ယုံကြည်ထားတော်မူခဲ့ပါသည်။ ယင်း ထင်မြင်ယုံကြည်ချက်အရ ဤတန်ဘိုးမဖြတ်နိုင်သော ဝိပဿနာကျမ်းမျိုးကို ပြည်သူအားလုံး ဖတ်ရှုနာယူကာ ဝိပဿနာတရား လိုက်စားပွါးများနိုင်ကြစေရန် ရိုက်နှိပ်ထုတ်ဝေသင့်သည်ဟူသော ရည်ရွယ်ချက်ဖြင့် ဗုဒ္ဓသာသနာအဖွဲ့ အတွင်းရေးမှူး၊ အုပ်ချုပ်ရေးအရာရှိချုပ် ဦးလှမောင် ( M.A.,M.S.,B.L. )ထံသို့ စာမူကို ပေးပို့ခဲ့ပါသည်။ ဆရာတော်ဘုရား ပေးပို့လိုက်သော ဤဝိပဿနာဒီပနီစာမူကို ဗုဒ္ဓသာသနာအဖွဲ့ အတွင်းရေးမှူး၊ အုပ်ချုပ်ရေးအရာရှိချုပ် ဆရာဦးလှမောင်နှင့်တကွ အဖွဲ့ဝန်ထမ်း ပါဠိပိဋကတ် ပညာရှင်များက အဖန်ဖန် လေ့လာဖတ်ရှု စိစစ်ကြသောအခါ ဤဝိပဿနာဒီပနီကျမ်းသည် အဘိဓမ္မာသဘာဝကို ရှင်းလင်းစွာပြဆိုထားခြင်း၊ သာမန်စာတတ်သူများပင် ဝိပဿနာတရားကို လွယ်ကူစွာ

နားလည်သဘောပေါက် ခရီးရောက်နိုင်ခြင်းစသော အကျိုးထူးတရားများ ရရှိစေနိုင်ခြင်းကြောင့် တန်ဘိုး မဖြတ်နိုင်လောက်အောင် ထူးကဲသော ဝိပဿနာကျမ်းတဆူ ဖြစ်သည်ဟု အတည်ပြု ဆုံးဖြတ်လက်ခံခဲ့ကြပါသည်။ ယင်းသို့ ဆုံးဖြတ်ပြီးလျှင် ဤဝိပဿနာဒီပနီကျမ်းစာမူကို ပုံနှိပ်ရေးဆိုင်ရာမှ ပါဠိစာပေ ပိဋကတ်စာပေ ပညာရှင်များအား ပြင်ဆင်သင့်သမျှတို့ကို အစွမ်းကုန် ပြင်ဆင်ပုံနှိပ်စေလျက် ဗုဒ္ဓသာသနာအဖွဲ့မှ တာဝန်ယူ၍ ဖြန့်ချိလိုက်ရပါသတည်း။

ကျမ်းပြုဆရာတော်

# လယ်တီ-ဦးနန္ဒိယ၏ ထေရုပ္ပတ္တိ

ဝိပဿနာဒီပနီကျမ်းကို ပြုစု ရေးသားတော် မူခဲ့သော လယ်တီ-ဦးနန္ဒိယ ဆရာတော်၏ ထေရုပ္ပတ္တိကို ရှာဖွေရာ တိကျသေချာစွာ မသိရသေးပေ၊ ဤဝိပဿနာဒီပနီကျမ်း၏ ပဏာမနှင့် နိဂုံးစာသားအတွင်း၌—

"ဘားအံမြို့ ကျောင်းဆရာ မောင်အောင်ဘက တောင်းပန်၍ သိက္ခာဝါတော် ရှစ်ဝါအရ၌ ရေးသားသော ဝိပဿနာဒီပနီအမည်ရှိသောကျမ်းကို ၁၂၆၈-ခု တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့တွင် အပြီးသတ်သတည်း" ဟု ဖော်ပြထားသည်။

ဤသို့ မပြည့်စုံသော အတ္ထုပ္ပတ္တိကို ဖြည့်စွက်ရန် လေ့လာရှာဖွေရာ လယ်တီ-ဦးလှပိုင် ရေးသားပြုစုသော "လယ်တီဂန္ထဝင်ကျော်များသမိုင်း" စာအုပ်ကို တွေ့ရှိရပေသည်။ ထိုစာအုပ်၌ လယ်တီဆရာတော်၏ တပည့်ကြီးများ အတ္ထုပ္ပတ္တိအကျဉ်းချုပ်ကို ဖော်ပြထားရာ ဆရာတော် ဦးနန္ဒိယဘွဲ့အမည်ချင်းတူသော ဆရာတော် နှစ်ပါးအကြောင်းကို တွေ့ရပေသည်။

အမရပူရမြို့ တူမောင်းတိုက် နာယက စာချဆရာတော် ဦးနန္ဒိယနှင့် သဲဖြူတောရ ဆရာတော် ဦးနန္ဒိယဟူ၍ နှစ်ပါးရှိရာ တူမောင်းတိုက် နာယက ဆရာတော် ဦးနန္ဒိယမှာ ညဝါပို့ချရာ၌ နာမည်ကျော်ကြား၍ "ဆန်းပတ္ထာရအကျယ်ကျမ်း" နှင့် "ညဝါသင်နည်းနိဿယည်းကျမ်းကြီး" တို့ကို ရေးသား ပြုစုခဲ့ကြောင်း ဖော်ပြထားပေသည်။

သဲဖြူတောရ ဆရာတော် ဦးနန္ဒိယမှာ "နိဗ္ဗာနမဂ္ဂဒီပနီ"၊ "ဝိပဿနာကဗျာ ၃၀-" နှင့် "ဝိပဿနာလက်စွဲအဖြေကျမ်း" တို့ကို ရေးသား ပြုစုခဲ့ကြောင်း ဖော်ပြထားပေသည်။

သို့ရာတွင် ထိုဆရာတော် နှစ်ပါး ပြုစုသော ကျမ်းစာရင်း ထဲ၌ "ဤဝိပဿနာဒီပနီကျမ်း"ကို မတွေ့ရချေ။ ဤ"ဝိပဿနာဒီပနီကျမ်း"ကို ပြုစုသော လယ်တီ-ဦးနန္ဒိယ ဆရာတော်ကား အဘယ်ဆရာတော် ဖြစ်လေသနည်း။

လယ်တီဆရာတော်ကြီး၏ တပည့်ကြီးများ စာရင်းတွင် ဦးနန္ဒိယ နှစ်ပါးသာရှိရာ ဤ "ဝိပဿနာဒီပနီကျမ်း"ပြု ဆရာ တော်သည် ထိုနှစ်ပါးတွင် တပါးပါးဖြစ်ရပေမည်။ တူမောင်း တိုက် နာယက ဆရာတော် ဦးနန္ဒိယမှာ စာပေပို့ချမှု၌ ဝါသနာ ထုံသော ပရိယတ္တိဆရာတော်ဖြစ်၍ ပြုစုခဲ့သော ကျမ်းများမှာ လည်း ပရိယတ္တိဘက်ကသာ ဖြစ်ခြင်းတို့ကြောင့် ဤ"ဝိပဿနာဒီပနီကျမ်း"ပြု ပုဂ္ဂိုလ် မဖြစ်နိုင်ဟု ယူဆရပေသည်။

သဲဖြူတောရဆရာတော်ဟု ထင်ရှားသော လယ်တီ-ဦးနန္ဒိယ မှာမူ ဝိပဿနာကျမ်းစာများ ရေးသားခြင်း, ဝိပဿနာတရား များဟောပြောခြင်း, တောရဆောက်တည်၍ ဝိပဿနာတရား များကို ကိုယ်တိုင်ပွါးများ အားထုတ်ခြင်း စသည်တို့ကို အလေ့ အလာ ပြုတော်မူသည်။

ထို့ကြောင့် "လယ်တီဂန္ထဝင်ကျော်များသမိုင်း" စာအုပ်၌ သဲဖြူတောရ ဆရာတော်ဟု ထင်ရှားသော "လယ်တီ-ဦးနန္ဒိယ" ပြုစုသော ကျမ်းများစာရင်းတွင် ဤ"ဝိပဿနာဒီပနီကျမ်း" ကို ဖော်ပြ မထားသော်လည်း ဤကျမ်းကို ထိုဆရာတော် ဦးနန္ဒိယပင် ရေးသားပြုစုခဲ့သည်ဟု ယူဆရမည် ဖြစ်ပါတော့ သည်။

ထို့ကြောင့် ဤ"ဝိပဿနာဒီပနီ" ကျမ်းပြု ဆရာတော် ဦးနန္ဒိယ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်ကို "လယ်တီဂန္ထဝင်ကျော်များသမိုင်း" စာအုပ်မှရင်း၊ ဤ"ဝိပဿနာဒီပနီကျမ်း" နိဒါန်းနိဂုံးများမှရင်း ထုတ်နုတ်၍ ရေးသားတင်ပြပါမည်။

လယ်တီ-ဦးနန္ဒိယ မဟာထေရ်မြတ်သည် လောကီနယ်ကို ငြီးငွေ့တော်မူ၍ တောဋ္ဌသာ ပျော်မွေ့လေသည်။ ဆရာတော်သည် မိမိ မွေးရပ်ဇာတိမြေနှင့် မိဘမည်ရည် မွေးသက္ကရာဇ်တို့ကို မိမိ ရေးသား ပြုစုသော ကျမ်းများ၌ ထည့်သွင်း ဖော်ပြလေ့မရှိ။

ဆရာတော်၏ ပြင်းထန်လှသော ဝိပဿနာအကျင့်နှင့် တင်းမာလှသော ဣန္ဒြေတို့ကြောင့် မည်သည့်တပည့်ကမျှ ဆရာတော်၏ မွေးသက္ကရာဇ်စသည်တို့ကို မေးမြန်းစုံစမ်းခြင်း မပြုကြချေ။ အကယ်၍ မေးသော်လည်း အရေးထားပြီး ဖြေကြားနေမည်မဟုတ်ချေ။ သံသရာဘေးမှ လွတ်မြောက်ရန် အရေးကိုသာ ပဓာန ပြုတော်မူသော တောရဆရာတော် အနေဖြင့် ဝိပဿနာလုပ်ငန်းကိုသာ အချိန်ပြည့် ကြိုးစား အားထုတ်ရန် စိတ်ဇောသန်၍နေပေရာ အကျိုးမရှိ အနှစ်မဲ့သော စကားမျိုးကို ပြောဆိုလိုမည် မဟုတ်ပေ။

ထို့ကြောင့် ဆရာတော်၏ ဇာတိရပ်မြေ မိဘ မျိုးရိုးတို့ကို မှတ်တမ်းမတင်နိုင်ခဲ့ကြပေ၊ မွေးသက္ကရာဇ်မှာမူ ဤ "ဝိပဿနာဒီပနီကျမ်း" နိဂုံး၌ "၁၂၆၇-ခု ရှစ်ဝါရ"ဟု ဖော်ပြထားချက်အရ ပဋိသန္ဓေလပါယူ၍ ပဥ္စင်းခံလျှင် မွေးသက္ကရာဇ် ၁၂၄၁-ခု ဖြစ်ရပေမည်။ ပဋိသန္ဓေလကို မယူဘဲ ပဥ္စင်းခံခဲ့လျှင် မွေးသက္ကရာဇ် ၁၂၄၀-ပြည့် ဖြစ်ရမည်-ဟု ခန့်မှန်းနိုင်ပါသည်။

ဦးနန္ဒိယ မဟာထေရ်မြတ်သည် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ အန္တေဝါသိက တပည့်ရင်းတပါး ဖြစ်သည်။ ကျေးဇူးရှင် လယ်တီဆရာတော်ကြီး အထံတွင် ပိဋကတ်စာပေ ပညာရပ်များကို တတ်မြောက် ကုန်စင်အောင် သင်ယူခဲ့လေသည်။ ဆရာတော်ကြီးနှင့် အတူ တောရ ဆောက်တည်၍ ဝိပဿနာတရားအလုပ်ကို အားထုတ်ခဲ့သည်။

ဝိပဿနာ ပွါးများ အားထုတ်နည်း, လေ့လာနည်း, ကျင့်ကြံနည်းများကို ဆရာတော်ကြီးထံမှ ဆရာ့နည်းကျကျ ခံယူ ကျင့်သုံးခဲ့သည်ဖြစ်၍ ဝိပဿနာဉာဏ် အမြင်သန်လှပေသည်။ အရညဝါသီ တောရဆောက်တည်သည့် ဝိပဿနာယောဂီအစစ်လည်းဖြစ်ပေသည်။ ဝိပဿနာ နယ်ပယ်တွင် ဤဆရာတော် ဦးနန္ဒိယကို မသိကြသူ ရှားပေသည်။ ဆရာတော် ဦးနန္ဒိယ၏ ကျင့်ကြံအားထုတ်နည်းနှင့် အဓိပ္ပါယ် အယူအဆများကို ကျေနပ် အားရသဖြင့် ဤဆရာတော်ထံ တပည့်ခံသူ များလှပေသည်။

ဆရာတော် ဦးနန္ဒိယသည် ကျေးဇူးရှင် လယ်တီဆရာတော်ကြီးထံမှ ပရိယတ်, ပဋိပတ် နည်းစုံအောင် သင်ယူပြီးနောက် ဆရာတော်ကြီးထံမှ ဖဲခွါခဲ့ပြီးလျှင် အထက်အောက် မြန်မာပြည် အမြို့မြို့ အနယ်နယ်သို့ လှည့်ပတ်ကြွတော်မူ၍ တတောဝင် တတောင်ကျော် သစ်တပင်ရင်း ဝါးတပင်ရိပ်၌ တယောက်ထီးတည်း တောရမှီးလျက် ဝိပဿနာလုပ်ငန်းကို ကြိုးပမ်းအားထုတ်တော်မူလေသည်။

ထိုသို့ အနယ်နယ် အရပ်ရပ်သို့ လှည့်လည် အားထုတ်တော်မူစဉ် ၁၂၆၇-ခုနှစ်၌ ဤ "ဤဝိပဿနာဒီပနီကျမ်း" ကို ရေးသားစီရင်တော်မူရာ ထိုနှစ် တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့

ည၌ **သန်ကောင်ယာမ်အချိန်၌** ရေးသားစီရင်၍ အပြီးသတ်သည်။

၁၂၆၉-ခုနှစ်၌ "ငွေးသုံးပင်"ရွာ တောရကျောင်း၌ သီတင်းသုံး ဝါကပ်တော်မူသည်။ ထိုရွာမှာ မုံရွာမြို့ အနောက်ဖက်သလ္လာဝတီ မြစ်ကမ်းနဖူး၌တည်ရှိသည်။ ထိုရွာမှ ကုလလေးတာ အပြန်ငါးရာမျှဝေးသော အရပ်၌ ဆီး,ခံ, ရှားစောင်း,ထနောင်း, ဆူးရစ် စေးပျစ်တောချုံ ထူထပ်လှသဖြင့် လူသူအရောက်အပေါက် နည်းသော တောအုပ်ကြီးတခု ရှိလေသည်။ ထိုတောအုပ်အလယ်၌ ဝါးကပ်မိုး ဝါးကပ်ကာသော စကြံကျောင်းငယ် တခုကို ငွေးပင်ရွာနေ ဒါယကာ ဦးဘိုးခင်က ဆောက်လုပ်လှူဒါန်းလေသည်။

ထိုတောရကျောင်း၌ ဝါကပ်တော်မူစဉ် ကျောင်းဒါယကာ ဦးဘိုးခင်၏ လျှောက်ထား တောင်းပန်ချက်အရ "နိဗ္ဗာနမဂ္ဂဒီပနီ" အမည်ရှိသောကျမ်းကို စီရင်ရေးသားခဲ့လေသည်။

၁၂၇၀-ပြည့်နှစ်၌ မြင်းခြံမြို့နယ် မြို့လှမြို့၏ မြောက်ဖက်မြေပေါက်ပင်ပျို စိမ်းစိုရှင်လန်း ပန်းဇလတ္တာ မာလာအင်ကြင်း ထုံသင်းပျံ့မွှေး သာယာပျော်မွေ့ဘွယ်ရာ ကောင်းလှပေသော **သဲဖြူချောင်း**၏အနီး၌ မြို့လှသူကြီးမင်းနှင့် ဦးဘိုးလှ စသော ဒါယကာအပေါင်း သစ်ခေါင်းကတော် မယ်ရွှေအိမ်တို့ ဆောက်လုပ်လှူဒါန်းအပ်သော တောရကျောင်းဝယ် သီတင်းသုံးတော်မူသည်။

ထို "သဲဖြူလယ်တီတောရကျောင်း" ၌ သီတင်းသုံးနေစဉ် ၁၂၇၀-ပြည့်နှစ် တော်သလင်းလက "ဝိပဿနာ ကဗျာ-၃၀ ဆောင်ပုဒ်လင်္ကာ"တို့ကို ရေးသားခဲ့လေသည်။ ထိုကဗျာများ

မှာ ထိုခေတ်က ဝိပဿနာတရားလိုက်စားသူတိုင်း အရကျက်ကြသဖြင့် ဝိပဿနာသမားတိုင်း၏ နှုတ်ဖျားဌ် ရေပန်းစားလျက် ရှိလေသည်။

ထိုကဗျာသုံးဆယ်၏ အဖြေကျမ်းကိုလည်း သဲဖြူတောရဌ်သီတင်းသုံးနေစဉ် ဆရာတော်ဦးနန္ဒိယမဟာထေရ်မြတ်ပင် စီရင်ရေးသားခဲ့လေသည်။ "ဝိပဿနာလက်စွဲ အဖြေကျမ်း"ဟု အမည်တွင်လေသည်။

ဤမျှဖြင့် "ဝိပဿနာဒီပနီ" ကျမ်းပြုဆရာတော် လယ်တီဦးနန္ဒိယ၏ ထေရုပ္ပတ္တိကို မပြည့်မစုံဖြင့် တင်ပြရေးသားလိုက်ရပေသည်။

## ရှေးဦးစွာ ပုံနှိပ်ထုတ်ဝေခြင်း

ဤ "ဝိပဿနာဒီပနီ"ကျမ်းကို ကောဇာသက္ကရာဇ် ၁၂၉၀-ပြည့်နှစ် ပြာသိုလတွင် မန္တလေးမြို့၊ ၈၄-လမ်း၊ ဓားတန်းရပ်၊ ဂုဏဝတီပုံနှိပ်တိုက်၌ ရိုက်နှိပ်၍ မန္တလေးမြို့ ဈေးချိုတော်ရတနာပုံ စာအုပ်တိုက်ဆိုင်ကြီး မင်းကတော်ကြီး မမည္ကနှ့က ပုံနှိပ်ထုတ်ဝေခဲ့လေသည်။ ကျမ်းပြီးသက္ကရာဇ်မှာ ၁၂၆၈-ခုနှစ်ဖြစ်၍ ပုံနှိပ်သောသက္ကရာဇ်မှာ ၁၂၉၀-ပြည့်နှစ်ဖြစ်ရာ နှစ်ပေါင်း ၂၂-နှစ်မျှ ကွာခြားနေပေသည်၊ သို့ဖြစ်၍ ယခုတွေ့ရသော စာအုပ်ထက် ရှေးကျသောပုံနှိပ်မှု ရှိနိုင်သေးသည်ဟု ထင်မြင်ယူဆရန်ရှိသည်။ သို့ရာတွင် မင်းကတော်ကြီး မမည္ကနှ့ ထုတ်ဝေသည့် ၁၂၉၀-ပြည့်နှစ်ရိုက် စာအုပ်ကို အစောဆုံးတွေ့ရသဖြင့် ၁၂၉၀-ပြည့်နှစ်၌ ပဌမအကြိမ် ရိုက်နှိပ်သည်ဟု မှတ်ယူရတော့သည်။

## ဗုဒ္ဓသာသနာအဖွဲ့က ရိုက်နှိပ်ခြင်း

ထိုသို့ ၁၂၉၀-ပြည့်နှစ် ပဌမအကြိမ် ပုံနှိပ်ထုတ်ဝေပြီးနောက် ၁၃၃၂-ခုနှစ်အထိ နှစ်ပေါင်း ၄၀-ကျော်တိုင်တိုင် နောက်ထပ် ရိုက်နှိပ်ဖြန့်ချိမှု မပြုသဖြင့် ဤဝိပဿနာဒီပနီကျမ်းမှာ တိမ်မြုပ် ပျောက်ကွယ်လုနီးနီး ဖြစ်နေပေသည်။ နှံမှာနစ်နေသော ပြည်တန်ပတ္တမြားကို ထုတ်ဖော်ဆေးကြော အရောင်တင်ပေး သကဲ့သို့ တိမ်မြုပ်နေသော ဤဝိပဿနာဒီပနီကျမ်းကို—

(၁) ချွတ်ယွင်းသော ပုဒ်ပါဌ်အက္ခရာများကို ပြင်ဆင်ခြင်း၊

(၂) စာရှုသူတို့ ကြည့်ရှု၍ လွယ်ကူစေရန် စာပိုဒ်များ ခွဲခြားပိုင်းဖြတ်ခြင်း၊

(၃) ခေါင်းစီးကြီး ခေါင်းစီးသေးများ တပ်ခြင်း၊

(၄) ပါဠိတော် အဋ္ဌကထာဋီကာများမှ ထုတ်နုတ်ကိုးကား ချက်များကို ကျမ်းညွှန်း နံပါတ်များ သေချာတိကျစွာ ထည့်သွင်းပေးခြင်း၊

(၅) အရေးကြီးသော စာသားများကို စာလုံးမဲများ ကော်မာများဖြင့် ထင်ရှားအောင် ခွဲခြားပြခြင်း၊

(၆) မှတ်သားဖွယ်ရာ အက္ခရာဝလိ ရေးသား ထည့်သွင်းခြင်း၊

(၇) ဗဟုသုတဖြစ်ဖွယ် နိဒါန်းသွယ်ခြင်း၊

စသော ကောင်းမြတ်သော အစီအစဉ် ပြုပြင်မွမ်းမံမှုများ ပြုပြီးလျှင် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဗုဒ္ဓ-သာသနာအဖွဲ့ကြီးက ရိုက်နှိပ်ထုတ်ဝေခြင်း ဖြစ်ပေသည်။

[ ခါး ]  လယ်တီ ဦးနန္ဒိယ၏ ထေရုပ္ပတ္တိ

စာအုပ်သမိုင်း သုတေသီတို့အတွက် ၁၂၉၀-ပြည့် နှစ်၌ ဂုဏဝတီပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေသော စာအုပ် နိဒါန်း စာသားများကို ရှေးမူမပျက် မူရင်းအတိုင်း ကူးယူထည့်သွင်း ရိုက်နှိပ်ဖော်ပြလိုက်ပါကြောင်း။

## မူလနိဒါန်း

ဖြစ်ပေါ်ရင်းမူလ၊ ဘယ်ကဟု အစရှိသော၊ ဒုက္ခိတသတ္တဝါ၊ သံသရာခရီးသူတို့မှာ၊ သက္ကာယဒိဋ္ဌိ၊ တည်ရှိသရွေ့၊ ယနေ့နတ်သား၊ နက်ဖြန်ခါ ဘား၊ ဖြစ်ပုံအလား၊ ဘုံသုံးပါး၌၊ ချားရဟတ်ကဲ့သို့၊ အဆုံးမသတ်၊ တပတ်ပတ်တချာချာ၊ ဖြစ်ပျက်ခါနေရသည့်၊ ဝဋ်ဩဃအဏ္ဏဝါ၊ သံသရာဘေးကို၊ တရေးရေးမြော်မြင်၍၊ ဘုရားရှင်သာသနာ၊ တွေ့ကြုံပါသော်လည်း၊ ကိလေသာအတွက်နှင့်၊ နေ့ရက်သာကုန်လို့မို့၊ ကာမဂုဏ်အာရုံထဲ၊ တဝဲဝဲပျော်ပါး၍၊ တရားနှင့်ဝေး၊ အပါယ်ဘေး၊ ပြေးသော်လည်းမလွတ်၊ မကျွတ်သမျှ၊ မချုပ်ငြိမ်းရောက်ရမည့်၊ ကြောက်စရာဖြစ်ပုံ၊ ဤလူ့ဘုံမနုဿ၊ နိဗ္ဗာန်နှင့်၊ သံဝေဂတရား၊ အဖန်ဖန်ပွါးလျက်၊ နာမ်ရုပ်မှတပါး၊ အခြားသတ္တဝါ၊ ပြဟ္မာနတ်လူ၊ ငါသူတပါး၊ ယောကျ်ားမိန်းမ၊ အတ္တဇီဝ၊ ဘာမျှမရှိ၊ ဉာဏ်နှင့်ကြည့်က၊ မချကေန်၊ ဓာတ်ဖြစ်ဟန်၊ အမှန်မဟုတ်၊ လူရုပ်နတ်ရုပ်၊ အသွင်ပင်လုပ်သော်လည်း၊ ငါမဟုတ်ပါတကားဟု၊ ဝိပဿနာတရား၊ အဖန်ဖန်ပွါးသဖြင့်၊ လေးပါးသောမဂ်ဉာဏ်၊ လျင်မြန်ရကြ၍၊ သုခအမှန်၊ ပြည်နိဗ္ဗာန်ကို၊ အမြန်ထုတ်ချောက်၊ ရောက်ကြစေရန်၊ ရည်သန်ရင်းစိတ်ထားဖြင့်၊ ရေးသားစီရင်၊ တီထွင်ပြုစုပေအံ့သတည်း။

L.D. Nandiya,

ဝိပဿနာဒီပနီကျမ်း

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁-ပဏ္ဏာမနှင့် အဘိယာစက | .... | ၁ |
| ပုထုဇဉ် ၄-မျိုး | .... | ၂ |
| ၁-သံသရာထွက်ပေါက်ကို ပြဆိုသော ပဌမပိုင်း | | ၅ |
| ၂-သံသရာအစ မရှိသည်ကို ပြဆိုခန်း | .... | ၅ |
| သံသရာ | .... | ၅ |
| သံသရာ၏ အရင်းအမြစ် | .... | ၆ |
| မိ,ဘ,သား,သမီးစသည် မဖြစ်ဘူးသူမရှိ | | ၇ |
| ၃-ဒိဋ္ဌိဝိသုဒ္ဓိကို ပြဆိုခန်း | .... | ၉ |
| နာမ်ရုပ် နှစ်ပါးသာ ရှိခြင်း | .... | ၉ |
| စက်ချုပ်ကြိုးဥပမာနှင့် နာမ်ရုပ် ၂-ပါး | .... | ၁၀ |
| အကန်း,အကျိုးဥပမာနှင့် နာမ်ရုပ် | .... | ၁၁ |
| ၄-ကင်္ခါဝိတရဏဝိသုဒ္ဓိကို ပြဆိုခန်း | .... | ၁၃ |
| ဘဝကူးပြောင်းပုံ ရှင်းပြချက် | .... | ၁၃ |
| ရုပ်နာမ်မှတပါး အသက်မရှိ | .... | ၁၃ |
| စိတ်သည် ဘဝတပါးသို့ မသွားပုံ | .... | ၁၄ |
| နာမ်ရုပ်တို့အမှုကို ငါဟုစွဲလမ်းကြပုံ | .... | ၁၅ |
| ယုံမှားခြင်း ၁၆-ပါး | .... | ၁၆ |
| အတိတ်၌ ယုံမှားခြင်း ၅-ပါး | .... | ၁၆ |
| အနာဂတ်၌ ယုံမှားခြင်း ၅-ပါး | .... | ၁၇ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါး | .... | ၁၈ |
| နာမ်ရုပ်ကို သိမ်းဆည်းပုံ | .... | ၁၉ |
| ၅-နိဗ္ဗာန်လမ်းအစစ်ကို ပြဆိုခန်း | .... | ၂၀ |
| ပညာသာ ပဓာန | .... | ၂၀ |
| ပညာအမျိုးမျိုး | .... | ၂၁ |
| နိဗ္ဗာန်လမ်း ဝိပဿနာ | .... | ၂၁ |
| နိဗ္ဗာန်သို့ ရှေးရှုသွားနေသူများ | .... | ၂၂ |
| ဒါန,သီလ,သမထဘာဝနာတို့ဖြင့် နိဗ္ဗာန်ရောက်ပုံ | | ၂၂ |
| နိဗ္ဗာန်ရောက် တရား ၄-မျိုးနှင့် ဥပမာ | .... | ၂၄ |
| စူဠသောတာပန်ဖြစ်ခြင်း | .... | ၂၅ |
| **၂-ရုပ်၌အနိစ္စလက္ခဏာကို ပြဆိုသော ဒုတိယပိုင်း** | | **၂၇** |
| ၆-ခတ်ကြီး ၄-ပါး ရုပ်တရား၏ သဘောကို ပြဆိုခန်း .... | .... | ၂၇ |
| ရုပ် ၂-မျိုး .... | .... | ၂၇ |
| မဟာဘုတ် ၄-ပါး .... | .... | ၂၇ |
| မဟာဘုတ် ၄-ပါး သဘောလက္ခဏာ | .... | ၂၈ |
| ဥပါဒါရုပ် .... | .... | ၃၀ |
| ဥပါဒါရုပ် ၂-မျိုး | .... | ၃၀ |
| အမြဲဖြစ်ပေါ်သော ဥပါဒါရုပ် | .... | ၃၁ |
| အကြောင်းအားလျော်စွာ ရံခါဖြစ်ပေါ်သော ဥပါဒါရုပ် .... | .... | ၃၁ |
| အဝိနိဗ္ဘောဂရုပ် ၈-ပါး | .... | ၃၁ |
| ပရမတ်မှ ဒြပ်ဖြစ်လာပုံ | .... | ၃၂ |
| ဒြပ်မရှိ ခတ်သာရှိပုံ .... | .... | ၃၂ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အဇ္ဈတ္တသန္တာန်၌ လွန်ကဲသော ဓာတ်ကြီး ၄-ပါး | ၃၃ |
| ဗဟိဒ္ဓသန္တာန်၌ လွန်ကဲသော ဓာတ်ကြီး ၄-ပါး | ၃၄ |
| အုတ်ချပ်ဥပမာနှင့် ဓာတ်လေးပါးခွဲပုံ .... | ၃၅ |
| ပထဝီဓာတ် လွန်ကဲသောရုပ် .... | ၃၇ |
| အာပေါဓာတ် လွန်ကဲသောရုပ် .... | ၃၈ |
| တေဇောဓာတ် လွန်ကဲသောရုပ် .... | ၃၉ |
| ဝါယောဓာတ် လွန်ကဲသောရုပ် .... | ၄၀ |
| ၇-ကမ္မဇရုပ်ကို ပြဆိုခန်း .... | ၄၂ |
| အကြောင်းတရား ၄-ပါး .... | ၄၂ |
| ရုပ်ကိုဖြစ်စေသည့်ကံ .... .... | ၄၂ |
| သံသရာလည်ပုံ .... .... | ၄၃ |
| အင်းကတေရုပ်ကြီး ဥပမာနှင့် ကမ္မဇရုပ် | ၄၄ |
| ၈-စိတ္တဇရုပ်ကို ပြဆိုခန်း .... | ၄၆ |
| ရုပ်ကို ဖြစ်စေသည့်စိတ်.... .... | ၄၆ |
| အတ္တ ငါ အစွဲဖြုတ်နည်း .... | ၄၆ |
| စိတ္တဇဝါယောဓာတ် ဆန်းကြယ်ပုံ .... | ၄၇ |
| မီးရထားသွားပုံ ဥပမာနှင့် စိတ္တဇရုပ်ဖြစ်ပုံ | ၄၉ |
| အတ္တ ငါစွဲ ပြုတ်ခြင်း .... .... | ၄၉ |
| ၉-အာဟာရဇရုပ်ကို ပြဆိုခန်း .... | ၅၀ |
| ရုပ်ကိုဖြစ်စေသည့်အာဟာရ .... | ၅၀ |
| အာဟာရတရားကိုယ် .... | ၅၁ |
| ဩဇာ အဆီဓာတ် ၂-မျိုး .... | ၅၁ |
| အာဟာရကြောင့် ရုပ်ဖြစ်ပုံ .... | ၅၁ |
| ပါစကဓာတ်မီး .... .... | ၅၂ |
| ဥသ္မာဓာတ်မီး .... .... | ၅၃ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ခာတ်ရုပ်ပမာ ကိုယ်ခန္ဓာ | | .... | ၅၃ |
| လောကယုတ္တိ | .... | .... | ၅၃ |
| မသေအောင်စောင့်သော ဓာတ် ၃-ပါး | | | ၅၄ |
| ၁၀-ဥတုဇရုပ်ကို ပြဆိုခန်း | | .... | ၅၅ |
| ရုပ်ကိုဖြစ်စေသည့် ဥတု | | .... | ၅၅ |
| ဥတုတရားကိုယ် | .... | .... | ၅၅ |
| ဥတု နှစ်မျိုး | .... | .... | ၅၅ |
| ဥတုမည်ပုံ | .... | .... | ၅၅ |
| ဥဏှဓာတ်မီးကြောင့် ရုပ်ဖြစ်ပွါးပုံ | | .... | ၅၇ |
| သီတဓာတ်မီးကြောင့် ရုပ်ဖြစ်ပွါးပုံ | | .... | ၅၈ |
| ယမ်းမှုန့် မီးတောက်ပုံ ဥပမာနှင့် သန္တတိ | | | ၅၈ |
| မီးစက်ဝိုင်း ဥပမာနှင့် သန္တတိ | | .... | ၅၉ |
| ၁၁-ပညတ်ပျက် ပရမတ်ပျက် ခွဲ၍ ပြဆိုခန်း | | | ၆၁ |
| ပျက်မှု ၂-မျိုး | .... | .... | ၆၁ |
| ပညတ်ပျက် | .... | .... | ၆၁ |
| ပရမတ်ပျက် | .... | .... | ၆၁ |
| မှိုဥကြီး ဥပမာနှင့် ရုပ်တရားချုပ်ပျက်ပုံ | | | ၆၃ |
| သရက်စေ့အညှောက် ဥပမာနှင့် ရုပ်တရား ဖြစ်ပွါးပုံ | .... | .... | ၆၄ |
| မီးတောက်ကြီး ဥပမာနှင့် ရုပ်တရားဖြစ်ပျက်ပုံ | | | ၆၅ |
| မိစ္ဆာဒိဋ္ဌိကို ပယ်ဖျောက်နိုင်ခြင်း | | .... | ၆၆ |
| ၃-နာမ်၌ အနိစ္စလက္ခဏာကို ပြဆိုသောတတိယပိုင်း | | | ၆၇ |
| ၁၂-နာမ်တရား၏သဘောကို ပြဆိုခန်း | | .... | ၆၇ |
| စည်သံဥပမာနှင့် ရုပ်နာမ်ခွဲပုံ | | .... | ၆၇ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| စိတ်သည် အမြဲဖြစ်ပျက်နေခြင်း .... | ၆၉ |
| ၁၃-စက္ခုဝိညာဏ်ကို ပြဆိုခန်း .... | ၇၁ |
| ဝိညာဏ်မည်ပုံ .... .... | ၇၁ |
| ဝိညာဏ် ၆-ပါး .... .... | ၇၁ |
| လင်းကွင်းတီးပုံ ဥပမာနှင့် စက္ခုဝိညာဏ် | ၇၂ |
| သိပုံ ၃-မျိုး (စက္ခုဝိညာဏ် ဖြစ်ပေါ်သည့် အခါ) .... .... | ၇၃ |
| ဒိဋ္ဌိအမြင် (စက္ခုဝိညာဏ်၌) .... | ၇၃ |
| ဉာဏ်အမြင် (စက္ခုဝိညာဏ်၌) .... | ၇၃ |
| မှန်ရိပ် ဥပမာနှင့် စက္ခုဝိညာဉ် .... | ၇၄ |
| ဝိပဿနာရှုပုံ (စက္ခုဝိညာဏ်ကို) .... | ၇၅ |
| မိစ္ဆာဒိဋ္ဌိကိုပယ်နိုင်ခြင်း(စက္ခုဝိညာဏ်၌) | ၇၆ |
| နိဗ္ဗာန်ရောက်နိုင်ခြင်း (စက္ခုဝိညာဏ်ရှုရာ၌) | ၇၆ |
| ၁၄-သောတဝိညာဏ်ကို ပြဆိုခန်း .... | ၇၇ |
| သိပုံ ၃-မျိုး (သောတဝိညာဏ် ဖြစ်ပေါ်သည့် အခါ) .... .... | ၇၇ |
| ဒိဋ္ဌိအမြင် (သောတဝိညာဏ်၌) .... | ၇၈ |
| ဉာဏ်အမြင် (သောတဝိညာဏ်၌) .... | ၇၈ |
| ခေါင်းခေါက်တုံခေါက်သံ ဥပမာနှင့် သောတဝိညာဏ် .... .... | ၇၉ |
| ဝိပဿနာရှုပုံ (သောတဝိညာဏ်ကို) .... | ၈၀ |
| မိစ္ဆာဒိဋ္ဌိကို ပယ်နိုင်ခြင်း (သောတဝိညာဏ်၌) | ၈၁ |
| နိဗ္ဗာန်ရောက်နိုင်ခြင်း (သောတဝိညာဏ် ရှုရာ၌) | ၈၁ |
| ၁၅-ဃာနဝိညာဏ်ကို ပြဆိုခန်း .... | ၈၂ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| သိခြင်း ၃-မျိုး (ဃာနဝိညာဏ် ဖြစ်ပေါ်သည့် အခါ) .... .... | ၇၂ |
| ဒိဋ္ဌိအမြင် (ဃာနဝိညာဏ်၌) .... | ၇၃ |
| ဉာဏ်အမြင် (ဃာနဝိညာဏ်၌) .... | ၇၃ |
| မောင်းသံဥပမာနှင့်ဃာနဝိညာဏ် .... | ၇၄ |
| ဝိပဿနာရှုပုံ (ဃာနဝိညာဏ်ကို) .... | ၇၅ |
| မိစ္ဆာဒိဋ္ဌိကို ပယ်နိုင်ခြင်း (ဃာနဝိညာဏ်၌) | ၇၅ |
| နိဗ္ဗာန်ရောက်နိုင်ခြင်း (ဃာနဝိညာဏ်ရှုရာ၌) | ၇၆ |
| ၁၆·ဇိဝှါဝိညာဏ်ကို ပြဆိုခန်း .... | ၇၇ |
| သိခြင်း ၃ မျိုး (ဇိဝှါဝိညာဏ် ဖြစ်ပေါ်သည့် အခါ) .... .... | ၇၇ |
| ဒိဋ္ဌိအမြင် (ဇိဝှါဝိညာဏ်၌) .... | ၇၈ |
| ဉာဏ်အမြင် (ဇိဝှါဝိညာဏ်၌) .... | ၇၈ |
| အိုးစည်သံ ဥပမာနှင့် ဇိဝှါဝိညာဏ် .... | ၇၈ |
| ဝိပဿနာရှုပုံ (ဇိဝှါဝိညာဏ်ကို) .... | ၈၀ |
| မိစ္ဆာဒိဋ္ဌိကို ပယ်နိုင်ခြင်း (ဇိဝှါဝိညာဏ်၌) | ၈၀ |
| နိဗ္ဗာန်ရောက်နိုင်ခြင်း (ဇိဝှါဝိညာဏ် ရှုရာ၌) | ၈၁ |
| ၁၇-ကာယဝိညာဏ်ကို ပြဆိုခန်း .... | ၈၂ |
| သိခြင်း ၃-မျိုး (ကာယဝိညာဏ်ဖြစ်ပေါ်သည့်အခါ) .... .... | ၈၃ |
| ဒိဋ္ဌိအမြင် (ကာယဝိညာဏ်၌) .... | ၈၃ |
| ဉာဏ်အမြင် (ကာယဝိညာဏ်၌) .... | ၈၃ |
| ပြောသံ ဥပမာနှင့် ကာယဝိညာဏ် .... | ၈၄ |
| ဝိပဿနာရှုပုံ (ကာယဝိညာဏ်ကို) .... | ၈၅ |
| ဝေဒနာ ၃-မျိုးခွဲ၍ ရှုမှတ်နည်း .... | ၈၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဝေဒနာကိုစွဲ၍ ဝိပဿနာရှုပုံ .... | ၉၇ |
| မိစ္ဆာဒိဋ္ဌိကိုပယ်နိုင်ခြင်း (ကာယဝိညာဏ်၌) | ၉၉ |
| နိဗ္ဗာန်ရောက်နိုင်ခြင်း (ကာယဝိညာဏ်ရှုရာ၌) | ၉၉ |
| ၁၈-မနောဝိညာဏ်ကို ပြဆိုခန်း .... | ၁၀၀ |
| မနောအကြည် .... .... | ၁၀၀ |
| ဓမ္မာရုံ .... .... | ၁၀၀ |
| မနောဝိညာဏ်အပြား .... .... | ၁၀၀ |
| ရေ၌ငှက်ရိပ်ဥပမာနှင့် မနောဝိညာဏ် .... | ၁၀၁ |
| ဝိပဿနာရှုပုံ (မနောဝိညာဏ်ကို) .... | ၁၀၂ |
| မိစ္ဆာဒိဋ္ဌိကို ပယ်နိုင်ခြင်း (မနောဝိညာဏ်၌) | ၁၀၃ |
| နိဗ္ဗာန်ရောက်နိုင်ခြင်း (မနောဝိညာဏ်ရှုရာ၌) | ၁၀၄ |
| ၄-ဒုက္ခလက္ခဏာကို ပြဆိုသော စတုတ္ထပိုင်း | ၁၀၅ |
| ၁၉-ခန္ဓာငါးပါးသည် သူသတ်ယောက်ျားနှင့် တူပုံကို ပြဆိုခန်း .... .... | ၁၀၅ |
| ရူပက္ခန္ဓာသည် သူသတ်သမားနှင့်တူပုံ .... | ၁၀၅ |
| မဟာဘုတ်ကြီး ၄-ပါး(က)သတ်ပုံ .... | ၁၀၅ |
| ပထဝီဓာတ်က သတ်ပုံ .... | ၁၀၅ |
| အာပေါဓာတ်က သတ်ပုံ .... | ၁၀၅ |
| တေဇောဓာတ်က သတ်ပုံ .... | ၁၀၆ |
| ဝါယောဓာတ်က သတ်ပုံ .... | ၁၀၆ |
| ရူပက္ခန္ဓာက သတ်ပုံ .... .... | ၁၀၇ |
| ကြက် ၂-ကောင်နှင့် ဓာတ်ကြီး ၄-ပါး .... | ၁၀၇ |
| ဝေဒနာက္ခန္ဓာသည် သူသတ်ယောက်ျားနှင့်တူပုံ | ၁၀၈ |
| ဝေဒနာက္ခန္ဓာက သတ်ပုံ .... | ၁၀၈ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| သညာက္ခန္ဓာသည် သူသတ်ယောကျ်ားနှင့်တူပုံ | ၁၀၉ |
| သညာက္ခန္ဓာက သတ်ပုံ.... .... | ၁၀၉ |
| သင်္ခါရက္ခန္ဓာသည် သူသတ်ယောကျ်ားနှင့်တူပုံ | ၁၁၀ |
| သင်္ခါရက္ခန္ဓာက သတ်ပုံ .... | ၁၁၀ |
| ဝိညာဏက္ခန္ဓာသည် သူသတ်ယောကျ်ားနှင့် တူပုံ | ၁၁၁ |
| စက္ခုဝိညာဏ်က သတ်ပုံ .... | ၁၁၁ |
| သောတဝိညာဏ်က သတ်ပုံ .... | ၁၁၁ |
| ဃာနဝိညာဏ်က သတ်ပုံ .... | ၁၁၂ |
| ဇိဝှါဝိညာဏ်က သတ်ပုံ .... | ၁၁၂ |
| ကာယဝိညာဏ်က သတ်ပုံ .... | ၁၁၂ |
| မနောဝိညာဏ်က သတ်ပုံ .... | ၁၁၂ |
| သေပြီးတဖန် သေဆုံးပြန်ခြင်း .... | ၁၁၃ |
| ရေတံခွန်ဥပမာနှင့် ခန္ဓာငါးပါး .... | ၁၁၃ |
| ယမ်းထုပ်ကြီးဥပမာနှင့် ခန္ဓာငါးပါး .... | ၁၁၄ |
| ရန်သူခေါးပြ ဥပမာနှင့် ခန္ဓာငါးပါး .... | ၁၁၆ |
| ၂၀-ရူပက္ခန္ဓာ၏ အာဒီနဝကို ပြဆိုခန်း .... | ၁၁၇ |
| ၂၁-ဝေဒနာက္ခန္ဓာ၏ အာဒီနဝကို ပြဆိုခန်း .... | ၁၁၉ |
| သုခဝေဒနာ နှိပ်စက်နေပုံ .... | ၁၁၉ |
| ဒုက္ခဝေဒနာ နှိပ်စက်နေပုံ .... | ၁၂၂ |
| ဥပေက္ခာဝေဒနာ နှိပ်စက်နေပုံ .... | ၁၂၅ |
| ၂၂-သညာက္ခန္ဓာ၏ အာဒီနဝကို ပြဆိုခန်း .... | ၁၂၆ |
| မှော်ရှုးဥပမာနှင့် သညာဝိပလ္လာသ .... | ၁၂၆ |
| သင်္ခါရတရားတွေကို နိစ္စ သုခ အတ္တ သုဘဟု အမှတ်မှားနေပုံ .... | ၁၂၆ |
| ၂၃-သင်္ခါရက္ခန္ဓာ၏ အာဒီနဝကို ပြဆိုခန်း .... | ၁၂၈ |

အကြောင်းအရာ စာမျက်နှာ


သားဆိုးအမေ ဉပမာနှင့် လောဘရှိသော သတ္တဝါ ၁၂၈
လောဘနှိပ်စက်ပုံ .... .... ၁၂၉
စေတနာသည် နှိပ်စက်ပုံ .... ၁၃၀
ဝိပဿနာအားထုတ်မှုမှ မေ့လျော့ပုံ .... ၁၃၁
၂၄-ဝိညာဏက္ခန္ဓာ၏ အာဒီနဝကို ပြဆိုခန်း .... ၁၃၃
မျက်လှည့်ဆရာဉပမာနှင့် ဝိညာဏ် .... ၁၃၃
တံငါသည်ဉပမာနှင့် ဝိညာဏ် .... ၁၃၄
တောကြီးပမာ ငါးခန္ဓာ .... ၁၃၆
ကိလေသာမီးငြိမ်းမှ ချမ်းသာပုံ .... ၁၃၇
သက္ကာယပျောက် နိဗ္ဗာန်ရောက် .... ၁၃၈

၅-အနတ္တလက္ခဏာကို ပြဆိုသော ပဥ္စမပိုင်း ၁၃၉
၂၅-ကိုယ်နှစ်မျိုး ငါနှစ်မျိုးခွဲ၍ ပြဆိုခန်း .... ၁၃၉
ကိုယ် ၂-မျိုး .... .... ၁၃၉
ခန္ဓာကိုယ် .... .... ၁၃၉
အတ္တအစွဲကိုယ် .... .... ၁၃၉
ငါ ၂-မျိုး .... .... ၁၄၀
၂၆-အလိုသို့မလိုက် အနတ္တလက္ခဏာကို ပြဆိုခန်း ၁၄၁
အလိုမပါ ငါးခန္ဓာ .... .... ၁၄၁
အနှစ် ၂-မျိုး .... .... ၁၄၂
အနှစ်မပါ ငါးခန္ဓာ .... .... ၁၄၂
အမှားကို အမှန်ဟု အသုံးချပုံ .... ၁၄၃
စက်ဆုပ်စရာ မစင်ပမာ ငါးခန္ဓာ .... ၁၄၄
ဝိပဿနာကို အချိန်မရွေး အားထုတ်နိုင်ခြင်း ၁၄၄

အကြောင်းအရာ　　စာမျက်နှာ

၂၇-အနုစ်သာရမရှိ အနတ္တလက္ခဏာကို ပြဆိုခန်း　　၁၄၆
ခေတ်သဘောများက အလိုသို့မလိုက်ပုံ　　၁၄၆
မြွေဆိုးတွင်း ဥပမာနှင့် ကိုယ်ခန္ဓာ ....　　၁၄၈
အနတ္တဆင်ခြင်ပုံ .... ....　　၁၅၀

**၆-ဝိပဿနာရှုနည်းကို ပြဆိုသော ဆဌပိုင်း　　၁၅၅**

၂၈-ဝိပဿနာရှုနည်းကို တချက်တည်း မှတ်ရန်
ပြဆိုခန်း .... ....　　၁၅၅
သင်္ကာယဒိဋ္ဌိခွါနည်း .... ....　　၁၅၅
အနိစ္စ,ဒုက္ခ,အနတ္တထင်မြင်ရန် ခဲယဉ်းပုံ　　၁၅၇
သုတမယညာဏ် .... ....　　၁၅၈
ဝိပဿနာအမြင်အစစ် ....　　၁၅၈
၂၉-သမ္မသနညာဏ်ကို ပြဆိုခန်း ....　　၁၆၁
ရုပ်၌ ဆင်ခြင်သုံးသပ်ပုံ ....　　၁၆၁
နာမ်၌ ဆင်ခြင်သုံးသပ်ပုံ ....　　၁၆၂
ဝိပဿနာရှုနည်း ၁၀-၄၀ ....　　၁၆၄
၃၀-ဥဒယဗ္ဗယညာဏ်ကို ပြဆိုခန်း ....　　၁၆၈
ပညတ် ၂-မျိုး ခုခံတတ်ပုံ ....　　၁၆၈
သဏ္ဌာနပညတ် .... ....　　၁၆၈
သန္တတိပညတ် .... ....　　၁၆၈
သန္တတိဖုံးလျှင် အနိစ္စမထင် ....　　၁၆၉
သဏ္ဌာနပညတ်ကို မှုတ်လှင့် ရှုမှတ်နည်း　　၁၆၉
သန္တတိပညတ်ကို မှုတ်လှင့်ရှုမှတ်နည်း ....　　၁၇၀
ရုပ်တရား၌ ဥဒယဗ္ဗယညာဏ်ဖွင့်နည်း ....　　၁၇၁
ငြိမ်ဝပ်နေသောရုပ်ကို ရှုမှတ်နည်း ....　　၁၇၁

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ရှေးဦးစွာ ဦးခေါင်းကို ရှုမှတ်ပုံ .... | ၁၇၁ |
| စက္ကူချပ် မီးလောင်ပုံ ဥပမာနှင့် ရုပ်ပျက်ဟန် | ၁၇၂ |
| ဖယောင်းခဲ မီးပူပုံ ဥပမာနှင့် ရုပ်ပျက်ဟန် | ၁၇၃ |
| အမှောင်အလင်း ဥပမာနှင့် ရုပ်ပျက်ဟန် | ၁၇၅ |
| လှုပ်ရှားသောရုပ်ကို ရှုမှတ်နည်း .... | ၁၇၅ |
| သစ်သားရုပ်ဥပမာနှင့် ရုပ်ပျက်ပုံ .... | ၁၇၆ |
| နာမ်တရား၌ ဥဒယဗ္ဗယဉာဏ်ဖွင့်နည်း .... | ၁၇၇ |
| စက္ခုဝိညာဏ်၏ ဖြစ်ပျက်ကို ရှုမှတ်ပုံ .... | ၁၇၇ |
| သောတဝိညာဏ်၏ ဖြစ်ပျက်ကို ရှုမှတ်ပုံ | ၁၇၈ |
| ဃာနဝိညာဏ်၏ ဖြစ်ပျက်ကို ရှုမှတ်ပုံ .... | ၁၇၉ |
| ဇိဝှါဝိညာဏ်၏ ဖြစ်ပျက်ကို ရှုမှတ်ပုံ .... | ၁၈၀ |
| ကာယဝိညာဏ်၏ ဖြစ်ပျက်ကို ရှုမှတ်ပုံ .... | ၁၈၁ |
| ဝေဒနာ၌ ဖြစ်ပျက်ကို ရှုမှတ်ပုံ .... | ၁၈၂ |
| မနောဝိညာဏ်၌ ဖြစ်ပျက်ကို ရှုမှတ်ပုံ .... | ၁၈၄ |
| ခက်ဆစ် ရှင်းလင်းချက် .... | ၁၈၅ |
| အနိစ္စမြင်လျှင် အနတ္တမြင်ခြင်း .... | ၁၈၆ |
| ဥဒယဗ္ဗယဉာဏ် အရေးကြီးပုံ .... | ၁၈၇ |
| ၃၁-ဘင်္ဂဉာဏ်ကို ပြဆိုခန်း .... .... | ၁၈၈ |
| ဘင်္ဂဉာဏ်၏ သဘော .... .... | ၁၈၈ |
| ရုပ်ကို ရှုပုံ .... .... | ၁၈၈ |
| နာမ်ကို ရှုပုံ .... .... | ၁၈၉ |
| လက္ခဏာတပါးမြင်လျှင် ၃-ပါးထင် .... | ၁၉၀ |
| ၃၂-ဝိပဿနာအလယ်ဉာဏ် ၃-ပါးကို ပြဆိုခန်း | ၁၉၂ |
| ဘယဉာဏ်၏ သဘော .... | ၁၉၂ |
| အာဒီနဝဉာဏ်၏ သဘော .... | ၁၉၂ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နိဗ္ဗိဒါဉာဏ်၏ သဘော | .... | ၁၉၂ |
| ၃-မည်ရဉာဏ် .... | .... | ၁၉၃ |
| ဆေးဆရာပုံဟန် ရှုမြင်ရန် | .... | ၁၉၃ |
| ၃၃-နောက်ဉာဏ် ၄-ပါးကို ပြဆိုခန်း | .... | ၁၉၆ |
| မုဉ္စိတုကမျတာဉာဏ်၏ သဘော | .... | ၁၉၆ |
| ပဋိသင်္ခါဉာဏ်၏ သဘော | .... | ၁၉၆ |
| သင်္ခါရုပေက္ခာဉာဏ်၏ သဘော | .... | ၁၉၇ |
| အနုလောမဉာဏ်၏ သဘော | .... | ၁၉၇ |
| ၃၄-ဉာဏ် ၁၀-ပါးဖြစ်အင် ဥပမာတင်၍ ပြဆိုခန်း | | ၁၉၉ |
| ဥဒယဗ္ဗယဉာဏ် အရေးကြီးပုံ | .... | ၁၉၉ |
| ဆရာကောင်းထံ နည်းနာခံ | .... | ၂၀၀ |
| ဝိပဿနာဉာဏ် ၁၀-ပါး အဆင့်ဆင့်ရင့်တက်ပုံ | | ၂၀၀ |
| မဂ်ဉာဏ်ပေါ်လာပုံ .... | .... | ၂၀၁ |
| **၇-အန္တရာယ်ကို ပြဆိုသော သတ္တမပိုင်း** | | ၂၀၃ |
| ၃၅-ဝိပဿနာ၏ အန္တရာယ်ကို ပြဆိုခန်း | .... | ၂၀၃ |
| အန္တရာယ် ၁၀-ပါး .... | .... | ၂၀၃ |
| အကျဉ်းချုပ် မှတ်နည်း | .... | ၂၀၃ |
| ဩဘာသ အရောင်အလင်း | .... | ၂၀၅ |
| တဏှာနိကန္တိ ဖြစ်တတ်ပုံ | .... | ၂၀၅ |
| ဂါဟ ၃-ပါး .... | .... | ၂၀၅ |
| ဝိပဿနာအန္တရာယ် ပယ်ရှားနည်း | .... | ၂၀၆ |
| မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ | .... | ၂၀၆ |
| ၃၆-ဖရုသ်သုက္ခစကားကို ပြဆိုခန်း | .... | ၂၀၇ |
| ယခုခေတ်နှင့် ကမ္မဋ္ဌာန်းအလုပ် | .... | ၂၀၇ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အန္တရာယ် ၅-မျိုး .... .... | ၂၀၇ |
| ပဓာနိယင် ၅-ပါး .... .... | ၂၀၈ |
| အရိယာခေတ် အဆုံးအဖြတ် .... | ၂၀၉ |
| တိဟိတ် ဟုတ် မဟုတ် စစ်ပုံ .... | ၂၁၂ |
| နာမ်ရုပ် ဖြစ်ပျက်မှု မြင်နိုင်ပုံ .... | ၂၁၂ |
| ပါရမီရင့်လာနိုင်ပုံ .... .... | ၂၁၃ |
| ပရမ်းပတာ စကားများ .... | ၂၁၄ |
| ဝိပဿနာ အားမထုတ်နိုင်ခြင်း အကြောင်းရင်း | ၂၁၄ |
| ကိလေသာတို့၏ အပြစ် .... | ၂၁၅ |
| ဝိပဿနာပွါးသူကို အပြစ်တင်တတ်ပုံ .... | ၂၁၅ |
| ဝိပဿနာရှုရန် တိုက်တွန်းချက် .... | ၂၁၆ |
| ဝိပဿနာ မရှုနိုင်ခြင်း၏ အကြောင်း အမျိုးမျိုး | ၂၁၇ |
| ဝိပဿနာရှုနိုင်သည့် ပုဂ္ဂိုလ်စိစစ်ချက် .... | ၂၁၇ |
| အကျယ်မလိုက် အကျဉ်းကြိုက်သင့်ခြင်း | ၂၁၈ |
| အကျဉ်းမလိုက် အကျယ်ကြိုက်သူ၏ အပြစ် | ၂၁၉ |
| တိုက်တွန်းချက် ဥယျောဇဉ် .... | ၂၂၀ |
| ၃၇-နိဂုမ်း .... .... .... | ၂၂၃ |
| ဆုတောင်းအမျှဝေ .... .... | ၂၂၃ |
| ၃၈-အထူး သတိထားရန် .... .... | ၂၂၆ |

# ဝိပဿနာဒီပနီကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ၁-ပဏာမနှင့် အဘိယာစက

ဗုဒ္ဓံ ဓမ္မဉ္စ လောကဂ္ဂံ၊ သံဃံ နမာမိ ပူဇိတံ။
သတ္ထာရဉ္စ ပကာသယိဿံ၊ ဒီပကဋ္ဌံ ဝိပဿနံ။

အဟံ၊ ငါသည်။ လောကဂ္ဂံ၊ လောကသုံးပါးထက် ကြီးမြတ်တော်မူထသော။ ပူဇိတံ၊ လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် အထူးသဖြင့် ပူဇော်အပ်တော်မူထသော။ ဗုဒ္ဓဉ္စ၊ သစ္စာလေးဖြာ ဆရာမရှိ မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် သိမြင်တော်မူနိုင်သော မြတ်စွာဘုရားကိုလည်းကောင်း။ ဓမ္မဉ္စ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ္တိ တည်းဟူသော ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ သံဃဉ္စ၊ ရှစ်ယောက်သော အရိယာသံဃာတော်မြတ်ကိုလည်းကောင်း။ နမာမိ၊ ရှိခိုးပါ၏။ မေ၊ ငါ၏။ သတ္ထာရဉ္စ၊ ပရမတ္ထဓမ္မ သဘာဝကို စူးရှတော်မူသည်နှင့်အညီ ငါးလီခန္ဓာ မရဏာဓမ္မ အနိစ္စကို ဒိဋ္ဌကေန် အမြင်သန်အောင် အတန်တန်ဆုံးမ၍ နိဗ္ဗာန်လမ်းပြ, ဝေနေယျတို့၏ ဩဝါဒဆရာဖြစ်တော်မူသော မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီးကိုလည်း။ နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။ ဝိပဿနံ၊ နာမ် ရုပ်နှစ်ခု ခေတ်အစဉ်၌ ဖြစ်ပျက်မှုအစုံ ဝိပဿနာရှုပုံကို။ ဒီပကဋ္ဌံ၊ နေရာတကျ ဖွင့်ပြသောကျမ်းကို။ ပကာသယိဿံ၊ အပြားအားဖြင့် ရေးသားစီရင် တီထွင်ပြုစုပေအံ့။

ပုထုဇဉ် ၄-မျိုး။ ။(၁) သံသရာထွက်ပေါက်ကို တဆိတ်မျှ မသိ၊ အကန်းအတိသာ ဖြစ်သော အန္ဓ ပုထုဇဉ်တမျိုး။

(၂) သံသရာထွက်ပေါက်ကို သာမညသာ သိသော သာမ-ညိက ပုထုဇဉ်တမျိုး။

(၃) သံသရာထွက်ပေါက်ကို သိမြင်လျက်နှင့် မထွက်နိုင်သော အနေက္ခမ္မ ပုထုဇဉ်တမျိုး။

(၄) သံသရာထွက်ပေါက်ကို သိမြင်သည့်အတိုင်း ဝိပဿနာ အလုပ်ကို အားထုတ်လျက် ထွက်၍နေသော နေက္ခမ္မ ပုထုဇဉ် တမျိုး။ ဤကျမ်း၌ဆိုသော ပုထုဇဉ်လေးမျိုး။

ထိုလေးမျိုးတို့တွင် သာမညိက ပုထုဇဉ်တို့သည် ပရမ်း ပတာ တောက်တီးတောက်တက် စကားတွေကို များစွာပြော တတ်ကြကုန်၏။

အဘယ်ကဲ့သို့ ပြောဆိုတတ်ကြကုန်သနည်း ဟူမူကား— ယခုအခါ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ကြသော်လည်း မဖြစ် နိုင်၊ ခေတ်သမယလည်း မရှိ၊ တိဟိတ်ပုဂ္ဂိုလ်လည်း မဟုတ်၊ နာမ် ရုပ်၏ ဖြစ်ပျက်မှုကိုလည်း မမြင်နိုင်ကြ၊ ပါရမီကလည်း နု၊ တို့ သူငါ-ဘာဖြစ်နိုင်ကြမည်နည်း။ ဤသို့စသည်ဖြင့် များစွာပြော ဆိုတတ်ကြကုန်၏။ ထိုစကားတို့ကို ကျမ်း၏ အဆုံးမှာ သိသာ အောင် ပြဆိုလတ္တံ့။

အနေက္ခမ္မပုထုဇဉ်တို့သည် ငါးများချိတ်ဖြင့် ချိတ်မိလျက် နေသော ငါးတို့နှင့် တူကုန်၏။ ထိုငါးတို့သည် ပြေးသွားရန် လမ်းကို သိမြင်ကြကုန်သော်လည်း ငါးများချိတ်ဖြင့် ပါးစောင် ကို ချိတ်မိ၍ နေသောကြောင့် ပြေးသွားခြင်းငှါ မစွမ်းနိုင်ကြ

ကုန်။ ထိုနည်းအတူ အနေက္ခမ္မပုထုဇဉ်တို့သည် သံသရာထွက်ပေါက်ကို ကောင်းကောင်းကြီး သိမြင်နိုင်ကြကုန်သော်လည်း ရူပါရုံ သဒ္ဒါရုံ ကာမဂုဏ်တည်းဟူသော အာရုံသားတစ်ကို ဖမ်းဟပ်၍ လောဘတည်းဟူသော ငါးမျှားချိတ်ဖြင့် ချိတ်မိ၍ နေသောကြောင့် ထွက်မြောက်ခြင်းငှါ မစွမ်းနိုင်ကြကုန်။ လောဘတည်းဟူသော ငါးမျှားချိတ်ကြီး ချိတ်လျက် တန်းလန်းနှင့်ပင် သေဆုံးကြရလေကုန်၏။

သာမညိက ပုထုဇဉ် တို့သည်လည်း မြှုံးတွင်း၌ မိလျက်နေသော ငါးတို့နှင့် တူကုန်၏။ ထိုငါးတို့သည် ဟောင်းလောင်းအပေါက်တွေကို မြင်ကြကုန်သော်လည်း နေရာတကျ မသိ၍ မထွက်တတ်ကြကုန်၊ ထွက်ချင်သော်လည်း မထွက်နိုင်ကြကုန်၊ ထိုမြှုံးတွင်း၌ပင် သေဆုံး ကြရလေကုန်၏။ ထိုနည်း အတူ သာမညိက ပုထုဇဉ်တို့သည် ဒါန သီလစသော ကုသိုလ်ကို ပြု၍ တရားကို အားထုတ်လျှင် နိဗ္ဗာန်သို့ ရောက်၏ဟု သာမညသာ သိ၍ အသေအချာ ဂ-ဃ န-ဏ မိမိရရ လှလှကြီး မသိမမြင်ကြသည့်အတွက်ကြောင့် သံသရာစက်တွင်းက မထွက်တတ်ကြကုန်၊ ထွက်ချင်သော်လည်း မထွက်နိုင်ကြကုန်။ ဤကဲ့သို့ သံသရာထွက်ပေါက်ကို မိမိရရ လှလှကြီးမသိ သာမညသာ သိ၍ သံသရာစက်တွင်းက ထွက်ခြင်းငှါ မစွမ်းနိုင်ကြ ကုန်သော သာမညိက ပုထုဇဉ်တို့၏ အကျိုးငှါ—

သံသာရနိက္ခမံ ဆိဒ္ဒံ၊ မောစနတ္ထာယ ယာစိတော။
ဝေဒေတွာဟံ ပဝက္ခာမိ၊ သမ္မာ ဝိပဿနာနယံ။

ယာစိတော၊ ဘားအံမြို့ ကျောင်းဆရာ ဒါယကာ မောင်အောင်ဘသည် သံသရာထွက်ပေါက်ကို ဖြောင့်မှန်စွာ မသိ၍ ထွက်မြောက်ဘို့ရာ ဝိပဿနာအလုပ် အားထုတ်ပုံ နိဿယကို

နေရာတကျ ရေးပြတော်မူပါဟု လျှောက်ထားတောင်းပန်အပ် သည်ဖြစ်၍။ အဟံ၊ လယ်တီဆရာတော်ဘုရားကြီး၏ ဝိပဿနာ လုပ်ထုံး လုပ်နည်းကို လှလှကြီးရပေသော ငါသည်။ သံသာရ- နိက္ခမံ၊ သံသရာမှ ထွက်မြောက်ရာဖြစ်သော။ ဆိဒ္ဓံ၊ ရှေးသူတော် ကောင်းတို့ သွားရာလမ်းကြောင်း ခရီးဟောင်းအပေါက်ကို။ ဝေဒေတွာ၊ မိမိရရ လှလှကြီး သိကြစေပြီး၍။ မောစနတ္ထာယ၊ သံသရာမှ မြန်စွာ ထွက်မြောက်နိုင်ကြစေခြင်း အကျိုးငှါ။ ဝိပဿနာ နယံ၊ ဝိပဿနာရှုကြည့်ပုံနည်းကို။ သမ္မာ၊ကောင်းစွာ။ ပဝက္ခာမိ၊ အပြားအားဖြင့် ပြဆိုပေအံ့။

ပဏာမနှင့် အဘိယာစကကို ပြဆိုခန်းပြီး၏။

# ၁-သံသရာထွက်ပေါက်ကိုပြဆိုသော ပဌမပိုင်း

## ၂-သံသရာအစ မရှိသည်ကို ပြဆိုခန်း

အနမတဂ္ဂေါ’ယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗကောဋိ
န ပညာယတိ အဝိဇ္ဇာ နီဝရဏာနံ သတ္တာနံ တဏှာသံ-
ယောဇနာနံ သန္ဓာဝတံ သံသရတံ။ သံယုတ်ပါဠိတော်[၁]။

ဘိက္ခဝေ၊ ရဟန်းတို့။ အယံ သံသာရော၊ ဤဖြစ်ချည်
ပျက်ချည် အတည်မကျ ကျင်လည်ရသော သံသရာကြီးသည်။
အနမတဂ္ဂေါ၊ မသိအပ်သော အစရှိ၏။ အဝိဇ္ဇာနီဝရဏာနံ၊
အဝိဇ္ဇာသည် ပိတ်ဖုံးအပ်ကုန်သော။ တဏှာသံယောဇနာနံ၊
တဏှာသည် ချည်နှောင်တုပ်ဖွဲ့အပ်ကုန်သော။ သန္ဓာဝတံ၊ မရပ်
မနား ရဟတ်အလားကဲ့သို့ ပြေးသွားကုန်သော။ သံသရတံ၊
အတည်မကျ ကျင်လည်ရကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။
ပုဗ္ဗကောဋိ၊ ရှေးအစွန်းသည်။ န ပညာယတိ၊ မထင်။

**သံသရာ။** ။ခန္ဓာ, အာယတန, ဓာတ်တို့၏ အစဉ်မပြတ်ဖြစ်၍
နေသော အခြင်းအရာကို သံသရာခေါ်သည်။
သံသရာ၏ သရုပ် အရထုတ်လျှင် နာမ်ရုပ်နှစ်ပါးတို့တည်း။ ။
ထိုနာမ်ရုပ်နှစ်ပါးတို့သည် မြစ်ရေအသွင် အစဉ်မပြတ် ရဟတ်

---

၁။ သံယုတ်ပါဠိတော်၊ ပဌမတွဲ၊ နှာ-၃၇၇-မှ ၃၉၇။

အလား ဆုံလည်နွားကဲ့သို့ ဝဋ်သုံးပါးသံသရာ ဖြစ်ပျက်ကာ မျောပါးလျက် ပြေးသွားလျက်နေကြကုန်၏။ ထိုနာမ်ရုပ်နှစ်ပါး ဟူသော သတ္တဝါ သံသရာခရီးသွားတို့သည် ဘယ်နှစ် ဘယ်ခါ ဘယ်ကမ္ဘာမှစ၍ ဖြစ်ပေါ်လာသည်ဟု မရှိကုန်ပြီ၊ တယောက်သော သတ္တဝါ၏ဖြစ်ပေါ်ရင်းအစကို ဤဘဝမှ ထိုဘဝ စသည်ဖြင့် ရှာတော်မူရာ ဖြစ်ပေါ်ရင်းအစပင် ရှိသော်လည်း အလွန်ရှည်လျားသည်ဖြစ်၍ မြတ်စွာဘုရားဉာဏ်တော်ဖြင့် မမြင်နိုင်။ ထို့ကြောင့် အဝိဇ္ဇာကိုအစပြု၍ ဟောတော်မူသည်ဟု မယူလင့်။

မြတ်စွာဘုရား ဉာဏ်တော်သည် ဤကဲ့သို့ ရှာနေဘို့ မရှိ၊ သတ္တဝါ၏ အစရှိခဲ့ပါမူ ထိုအစကိုပင် ကျော်၍ကြည့်သဖြင့် တခါတည်း မြင်နိုင်ရာ၏။ မြတ်စွာဘုရား ဉာဏ်တော်တို့မည်သည် မမြင်နိုင်သည်ဟူ၍ မရှိကုန်ပြီ။ အလုံးစုံတို့ကို အကုန်သိမ်းကျုံး၍ မြင်နိုင်လေကုန်၏၊ ထို့ကြောင့် သတ္တဝါတို့၏ ဖြစ်ပေါ်ရင်းမူလ အရင်းအစသည် မုချမရှိပြီဟု မှတ်ယူအပ်၏။

**သံသရာ၏အရင်းအမြစ်။** ။အဝိဇ္ဇာ တဏှာတရားနှစ်ပါး မပြားမကွဲ စွဲကပ်လျက်ရှိနေကြကုန်သော သတ္တဝါတို့သည် ဘုံသုံးပါး၌ ကံအားလျော်စွာ မရပ်မနား ရဟတ်အလားကဲ့သို့ ပြေးသွားကြရကုန်၏၊ ထိုအဝိဇ္ဇာ တဏှာ တရားနှစ်ပါးတို့ကား သံသရာ၏ အမြစ်မူလ တရားနှစ်ပါးတို့ ပေတည်း။ ဤအမြစ်မူလ တရားနှစ်ပါးပြတ်မှသာလျှင် သံသရာစက် သေမင်းလက်မှ လွတ်ထွက်ကြကုန်၏။ ထို့ကြောင့် 'မူလံ ပဉာယ ဆိန္ဒထ' ဟူသည်နှင့်အညီ ထိုအဝိဇ္ဇာ တဏှာ အမြစ်မူလ နှစ်ပါးကို ပညာတည်းဟူသော ဓားဖြင့် ပယ်ရှား သုတ်သင် ခုတ်ထွင်ဖြတ်တောက်ရာ၏။ ပယ်ဖြတ်ပုံနည်းလမ်းကို အထက်၌ ပြဆိုလတ္တံ့။

**မိ,ဘ,သား,သမီးစသည် မဖြစ်ဘူးသူမရှိ။** ။ဤကဲ့သို့ အစ မရှိသော သံသရာကြီး၌ ဖြစ်ပြန်ပျက်ပြန် မီးလျှံအလား မရပ်မနား ဖြစ်ပွါး၍နေကြကုန်သော သတ္တဝါတို့သည် အမိ အဘ မဖြစ်ဘူးသေးသောသူဟူ၍ မရှိကြကုန်ပြီ။ အစ်ကို နှမ သား သမီး မဖြစ်ဘူးသေးသောသူဟူ၍လည်း မရှိကြကုန်ပြီ။ ထို့ကြောင့် သံယုတ်ပါဠိတော်၌[၁]—

န သော ဘိက္ခဝေ သတ္တော သုလဘရူပေါ၊ ယော
နမာတာဘူတပုဗ္ဗော ဣမိနာ ဒီဃေန အဒ္ဓုနာ။
န သော ဘိက္ခဝေ သတ္တော သုလဘရူပေါ၊ ယော
နပိတာဘူတပုဗ္ဗော ဣမိနာ ဒီဃေန အဒ္ဓုနာ—

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒီဃေန၊ ရှည်မြင့်စွာသော။ ဣမိနာ အဒ္ဓုနာ၊ ဤသံသရာအခွန့်ကာလဖြင့်၊ ယော၊ အကြင်သတ္တဝါသည်။ နမာတာဘူတပုဗ္ဗော၊ ရှေးအခါ အမိမဖြစ်ဘူးသေး။ သော သတ္တော၊ ထိုသတ္တဝါသည်။ သုလဘရူပေါ၊ ရလွယ်သောသဘောရှိသည်။ န ဟောတိ၊ မဖြစ်။ ။နောက်ပါဠိ၌ ထိုနည်းအတူ အနက်ဆိုလေ။ မာတာနှင့် ပိတာမျှသာ လွဲ၏။ ။ အစ်ကို နှမ သားသမီးတို့ကိုလည်း ထို့အတူ ဟောတော်မူ၏။

ဤပါဠိတော်များကို တွေ့မြင်ရသဖြင့် တဏှာ,မာန,ဒေါသ,ဣဿာ, မစ္ဆရိယ စသည်တို့ ဖြစ်ပေါ်လာသည့်အခါ ဤသူကား ငါ၏အမိ ဤသူကား ငါ၏အဘ ဤသူကား ငါ၏အစ်ကို ဤသူကား ငါ၏နှမ ဤသူကား ငါ၏သား ဤသူကား ငါ၏

---

၁။ သံယုတ်ပါဠိတော်၊ ပဌမတွဲ၊ နှာ-၃၉၅။

သို့မဟုတ် ဖြစ်ခဲ့လျှင်းလေပြီဟု အဖန်တလဲလဲ ပွါးများအပ်ကုန်ရာ၏။ ဤကဲ့သို့ ပွါးများသည်ရှိသော် တဏှာ, မာန စသော ကိလေသာတရားတို့သည် တနေ့တခြား ရှေ့ရှုခေါင်းပါး၍ မေတ္တာ ကရုဏာ တရားတို့သည်သာလျှင် ဖြစ်ပွါးလာကြကုန်ရာ၏။

သံသရာ အစမရှိသည်ကို ပြဆိုခန်း ပြီး၏။

## ၃-ဒိဋ္ဌိဝိသုဒ္ဓိကို ပြဆိုခန်း

**နာမ်ရုပ် ၂-ပါးသာ ရှိခြင်း။** ။နာမရူပမတ္တတော ဥဒ္ဓံ အညော သတ္တော ဝါ ပုဂ္ဂလော ဝါ ဒေဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထိ။ ။ဝိသုဒ္ဓိမဂ်[၁]။

နာမရူပမတ္တတော၊ နာမ်,ရုပ်နှစ်ပါးမျှထက်။ ဥဒ္ဓံ၊ အလွန်။ အညော၊ နာမ်, ရုပ်မှ တပါးသော။ သတ္တော ဝါ၊ သတ္တဝါသည် လည်း။ နတ္ထိ၊ မရှိ။ ပုဂ္ဂလော ဝါ၊ ပုဂ္ဂိုလ်သည်လည်း။ နတ္ထိ၊ မရှိ။ ဒေဝေါ ဝါ၊ နတ်သည်လည်း။ နတ္ထိ၊ မရှိ။ ဗြဟ္မာ ဝါ၊ ဗြဟ္မာသည်လည်း။ နတ္ထိ၊ မရှိ။

လောကသုံးပါး၌ ဖြစ်လေသမျှ သင်္ခါရတရားတို့သည် နာမ်, ရုပ် နှစ်ပါးမျှသာ ရှိကြကုန်၏။ နာမ်,ရုပ် နှစ်ပါးထက် ပိုလွန်၍ မရှိကြကုန်။ နာမ်,ရုပ် နှစ်ပါးမှ တပါးသော သတ္တဝါဟူ၍လည်း မရှိ။ ပုဂ္ဂိုလ်ဟူ၍လည်း မရှိ။ နတ်ဟူ၍လည်း မရှိ။ ဗြဟ္မာဟူ၍ လည်း မရှိ။အမ ဟူ၍လည်း မရှိ။ အထီး ဟူ၍လည်း မရှိ။ နာမ် ရုပ် နှစ်ပါးမျှသာ ရှိကြကုန်၏။ ဥပမာကား—တခုသော ရုပ်စုံ ပြသဘင်ကြီး၌ ကျွန်းသား တမျိုးတည်းသည် လက်သမားပြု လုပ်တိုင်း လူရုပ် နတ်ရုပ် ဗြဟ္မာရုပ်အမျိုးမျိုး ဆင်ရုပ် မြင်း ရုပ် နွားရုပ် ကျားရုပ် ခွေးရုပ် ဝက်ရုပ် ကြက်ရုပ် ငှက်ရုပ် အမျိုးမျိုးဖြစ်၍ နေလေ၏။

ဤဥပမာနှင့်အတူ နာမ်,ရုပ် နှစ်ပါးတို့သည် ကံပြုလုပ်တိုင်း လူအမျိုးမျိုး နတ်အမျိုးမျိုး ဗြဟ္မာအမျိုးမျိုး ငရဲသူငရဲသား အမျိုးမျိုး ဆင် မြင်း ကျွဲ နွားစသော တိရစ္ဆာန်အမျိုးမျိုး

---

၁။ ဝိသုဒ္ဓိမဂ်-ဌ၊ ဒုတိယတွဲ၊ နှာ-၂၂၈။

ပြိတ္တာအမျိုးမျိုး အသုရကာယ်အမျိုးမျိုးဖြစ်၍ နေကြလေကုန်၏။

လှည်းဘီးဝင်ရိုး စသော ရထားအင်္ဂါ အဆောက်အဦနှင့် ပြည့်စုံသော သစ်သားအစုအခဲကြီးကို ရထားဟု ခေါ်ဝေါ် သမုတ်ကြသကဲ့သို့ ထိုနည်းအတူ ခန္ဓာငါးပါး ထင်ရှားဖြစ်၍ နေသော ဓမ္မအစုဟူသော ဓာတ်စုဓာတ်ခဲကြီးကို သတ္တဝါဟု ခေါ်ဝေါ်သမုတ်ကြကုန်၏[၁]။ လှည်းဘီးဝင်ရိုးစသော ရထား၏ အင်္ဂါတို့ကိုဖျက်၍ တခြားစီ ထားလိုက်သည်ရှိသော် ရထားဟု ခေါ်ဝေါ်စရာမရှိသကဲ့သို့ ထို့နည်းအတူ ခန္ဓာငါးပါး တရားအစုဟူသော ဓာတ်စုဓာတ်ခဲကြီးကို တပါးစီခွဲခြမ်းစိတ်ဖြာလိုက်သည် ရှိသော် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အတ္တ ဇီဝဟူ၍ ခေါ်ဝေါ်စရာမရှိ၊ နာမ်ရုပ်နှစ်ပါး တရားသဘော တွေသာ အမှန်ရှိ၏။

**စက်ရုပ်ကြီးဥပမာနှင့် နာမ်ရုပ် ၂-ပါး။** ။ထင်မြင်ရန် ဥပမာကို ပြဆိုဦးအံ့။ ယန္တရားစက်ရုပ်ကြီးတခုရှိရာ၏။ ထိုစက်ရုပ်ကြီး၏ဗိုက်တွင်းမှာ စက်ကြိုးအမျိုးမျိုး ထားရာ၏။ ဦးခေါင်းလှုပ်လိုသည့်အခါ ဦးခေါင်းကြိုးကို ဆွဲလိုက်သည်ရှိသော် ဦးခေါင်းလှုပ်၏၊ မျက်ခုံးကြိုးကို ဆွဲလိုက်သည်ရှိသော် မျက်ခုံးလှုပ်၏။ ထိုနည်းအတူ လက်လှုပ်၏၊ ပေါင်လှုပ်၏၊ ခြေလှုပ်၏၊ သွားနိုင်လာနိုင်၏၊ ထိုင်ခြင်း ရပ်ခြင်း စသည်တို့ကို လူကဲ့သို့ပြုနိုင်လေ၏။ ထိုစက်ရုပ်ကြီးကို တွေ့မြင်ကြရကုန်သောသူတို့သည် ပုဂ္ဂိုလ်သတ္တဝါဟု မှတ်ထင်ကြရကုန်၏။ ဤကား ဥပမာ။

---

၁။ သံယုတ်ပါဠိတော် ပဌမတွဲ၊ နှာ-၁၃၇။

ဤဥပမာ၌ ရုပ်သည် ယန္တရားစက်ရုပ်ကြီးနှင့်တူ၏။ နာမ်သည် ကိုးတွေနှင့်တူ၏။ ရုပ်တမျိုးတည်းလည်း သွားခြင်း လာခြင်းစသည်တို့ကို မပြုနိုင်။ နာမ်တမျိုးတည်းလည်း မြင်ခြင်း ကြားခြင်းစသည်တို့ကို မပြုနိုင်၊ နာမ်,ရုပ် နှစ်ပါးတို့အချင်းချင်း ကျေးဇူးပြု၍ ဖက်စပ်လျက် ဖြစ်၍ နေကြကုန် သောကြောင့် သွားခြင်း လာခြင်း လှုပ်ခြင်း ရမ်းခြင်းစသော ကိုယ်အမူအရာအမျိုးမျိုး ပြောခြင်းဆိုခြင်းစသော နှုတ်အမူအရာအမျိုးမျိုး သိခြင်း မှတ်ခြင်း ကြံခြင်း အောက်မေ့ခြင်း စသော စိတ်အမူအရာအမျိုးမျိုး ဖြစ်၍နေကုန်၏။ ထို့ကြောင့် ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ားမိန်းမဟု မှတ်ထင်စွဲလမ်း၍ နေကြကုန်၏။ စင်စစ်ကေန် အမှန်အားဖြင့် နာမ်ရုပ်နှစ်ပါးသာ ရှိ၏။

အထ ခေါ နာမံ နိဿာယ ရူပံ ပဝတ္တတိ၊
ရူပံ နိဿာယ နာမံ ပဝတ္တတိ။ ။ဝိသုဒ္ဓိမဂ်[၁]။

အထ ခေါ၊ စင်စစ်သော်ကား။ ရူပံ၊ ရုပ်သည်။ နာမံ၊ နာမ်ကို။ နိဿာယ၊ မှီ၍။ ပဝတ္တတိ၊ ဖြစ်၏။ နာမံ၊ နာမ်သည်။ ရူပံ၊ ရုပ်ကို။ နိဿာယ၊ မှီ၍။ ပဝတ္တတိ၊ ဖြစ်၏။

**အကန်း,အကျိုးဥပမာနှင့် နာမ်ရုပ်။** ။ကန်းသောသူ, ကျိုးသောသူ နှစ်ယောက်တို့သည် အရပ်လေးမျက်နှာသို့ သွားခြင်းလာခြင်း စသည်တို့ကို မပြုနိုင်ကြ၍ အချင်းချင်း ပြောဆိုတိုင်ပင်ကြပြီးလျှင် ကန်း၏ ပခုံးပေါ်သို့ ကျိုးက တက်စီး၍ သွားကြကုန်သည်ရှိသော် အရပ်လေးမျက်နှာသို့ သွားနိုင်ကြလေကုန်၏[၁]။ ဤကား ဥပမာ။

---

၁။ ဝိသုဒ္ဓိမဂ် ဋ္ဌ-ဒု၊ နှာ-၂၃၁။

ဤဥပမာ၌ ရုပ်သည် ကန်းသောသူနှင့်တူ၏၊ နာမ်သည် ကျိုးသောသူနှင့်တူ၏။ နာမ်ရုပ်နှစ်ပါးတို့ တပါးကိုတပါး မှီတွယ်ဖက်စပ်၍ ဖြစ်နေကြသော နာမ်ရုပ်တို့၏ အမှုသာဖြစ်ကုန်၏။ ပုဂ္ဂိုလ်သတ္တဝါတို့၏ အမှုမဟုတ်ကုန်။ ဤသို့ ပြဆိုခဲ့ပြီးသော အဓိပ္ပါယ်တို့ကို တွေ့မြင်ရသောသူတို့သည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အတ္တ ဇီဝဟု မှားသောအားဖြင့် ထင်မြင်စွဲလမ်း၍နေသော ဒိဋ္ဌိကြီးကို ဖျောက်နိုင်ကြကုန်ရာ၏။

နာမရူပါနံ ယာထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိတိ
ဝေဒိတဗ္ဗံ။ ။ဝိသုဒ္ဓိမဂ်[၁]။

နာမရူပါနံ၊ နာမ် ရုပ် နှစ်ပါးတို့ကို။ ယာထာဝ ဒဿနံ၊ သဘာဝဖြစ်ဟန် ဟုတ်မှန်စွာမြင်ခြင်းကို။ ဒိဋ္ဌိဝိသုဒ္ဓိတိ၊ ဒိဋ္ဌိစင်ကြယ်၏ဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

နာမ်ရုပ်တို့၏ သဘာဝဖြစ်ဟန် ဟုတ်မှန်စွာ မြင်ခြင်းသည် ဒိဋ္ဌိစင်ကြယ်၏။ ဒိဋ္ဌိဝိသုဒ္ဓိစခန်း ပြီးစီးတော့၏။

ဒိဋ္ဌိဝိသုဒ္ဓိကို ပြဆိုခန်းပြီး၏။

---

၁။ ဝိသုဒ္ဓိမဂ် ဋ္ဌ-ဒု၊ နှာ-၂၃၂။

## ၄-ကင်္ခါဝိတရဏဝိသုဒ္ဓိကို ပြဆိုခန်း

**ဘဝကူးပြောင်းပုံ ရှင်းပြချက်။** ။ရုပ်စု နာမ်စု ခေတ်စုခေတ်ခဲ ကြီးသော ဖြစ်ကြကုန်သော သတ္တဝါတို့သည် ဤဘဝမှ-ထိုဘဝ, ထိုဘဝမှ-ဤဘဝ စသည်ဖြင့် ရဟတ်အလား ဆုံလည်နွားကဲ့သို့ ဝဋ္ဋသုံးပါး သံသရာ ပြေးသွားကာ နေကြရကုန်၏။ ဤသို့နေကြရာ၌ နာမ် ရုပ်တို့၏သဘာဝကို နေရာကျ မသိကြကုန်သော သူတို့သည် ဤလူ့ပြည်က သေ၍ နတ်ပြည် ငရဲပြည် စသည်သို့ သွား၍ဖြစ်သည်ဟု ပြောဆိုကြရာ၌ အဟုတ်ပင် သွားသည်ဟု မှတ်ထင်ကြကုန်၏။ အချို့သူတို့ကား အသက်သာ သွား၍ ဖြစ်သည်ဟု မှတ်ထင်ကြကုန်၏။ အချို့သူတို့ကား စိတ်သာ သွား၍ဖြစ်သည်ဟု မှတ်ထင်ကြကုန်၏။ ဤသို့ စသည်ဖြင့် အမျိုးမျိုး အထင်အမြင်မှား၍ နေကြကုန်၏။ မှတ်ထင်၍ နေကြကုန်၏၊ မမှတ်ကြကုန်လင့်။

**ရုပ်နာမ်မှတပါး အသက်မရှိ။** ။သတ္တဝါတို့သန္တာန်မှာ နာမ်ရုပ်မှ တပါးသော တရားဟူ၍ မရှိသောကြောင့် ရုပ်သက် နာမ်သက်မှ တပါးသော အသက် ဟူ၍ မရှိ။ သတ္တဝါတို့ မှတ်ထင်ကြသော အသက်သည် အကယ်၍ ရှိခဲ့လျှင် အင်္ဂလိပ်မင်းကိုက အသံခေတ်ဘမ်း၍ယူသကဲ့သို့ အသက်ခေတ်ဘမ်း၍ယူရာ၏၊ မရှိသောကြောင့် မယူနိုင်ကြကုန်၊ သတ္တဝါတို့ ထင်သည့်အတိုင်း ရှိခဲ့ပါလျှင် သေခါနီးအခါ အထပ်တရာရှိသော သေတ္တာတွင်းသို့ ထိုလူကိုထည့်၍ ပိတ်ထားခဲ့လျှင် ပြင်ဘက်သို့ မထွက်နိုင်သဖြင့် ဘဝအစဉ်ပြတ်ရာ၏။ ဤသို့ကား မပြတ်၊ ထို့ကြောင့် သတ္တဝါတို့မှတ်ထင်ကြသော အသက်သည် မုချမရှိပြီဟု မှတ်ယူလေ။

**စိတ်သည် ဘဝတပါးသို့ မသွားပုံ။** ။စိတ်သာ သွား၍ဖြစ်သည်ဟု မှတ်ထင်ကြရာ၌ စိတ်သည် ဟိုဘဝသို့ သွားနိုင်ရန်ဝေးစွ ဤဘဝမှာပင် မျက်စိတမှိတ် ရပ်တန့်၍မနေနိုင်၊ ခဏမစဲ ဖြစ်ပျက်၍နေ၏။ သတ္တဝါတို့ မှတ်ထင်ကြသည့်အတိုင်း အကယ်၍ ဤဘဝမှ ထိုဘဝသို့ သွားခဲ့လျှင် ငရဲသို့သွား၍ဖြစ်ကြရာ၌ ထိုအသက်ကလေး စိတ်ကလေးတို့သည် လမ်းပေါက်မရှိဘဲနှင့် မြေကြီးတွင်းသို့ဖောက်၍ ဘယ်လိုသွားကြမည်နည်း။ စင်စစ်ကေန် အမှန်အားဖြင့် သွားမည်မဟုတ်၊ မသွားပုံအခြင်းအရာကို ဥပမာအားဖြင့် ထင်စွာပြဆိုဦးအံ့—

ကောင်းကင်၌ရှိသော နေဝန်း လဝန်းသည် ရေကန်တွင်းမှာ အရိပ်ထင်ပေါ်လာ၏။ ထိုနေဝန်း လဝန်းသည် ရေကန်တွင်းသို့ လာသည် မဟုတ်၊ အရိပ်ထင်ရန် အကြောင်းမျှသာ ဖြစ်၏။ ထိုနည်းအတူ တကယ်သွားသည် မဟုတ်၊ ကုသိုလ်ကံကြောင့်သာ နတ်ပြည်မှာ သွား၍ဖြစ်ရ၏၊ အကုသိုလ်ကံကြောင့်သာ ငရဲပြည်မှာ သွား၍ ဖြစ်ရ၏။

တနည်း––မန္တလေးမြို့ကနေ၍ ရန်ကုန်မြို့သို့သွားသောသူ၏ ခြေရာကို ခြေရာကောက် ပြုစားနည်းနှင့် ပြုစားလိုက်သည်ရှိသော် ဆေးမန္တန်၏ အစွမ်းကြောင့် ရန်ကုန်မြို့၌ နေသောသူသည် တစုံတခုသော ရောဂါဖြစ်၍ သေဆုံးရာ၏။ ထိုနည်းအတူ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အစွမ်းကြောင့် ဤဘဝမှ ထိုဘဝ, ထိုဘဝမှ-ထိုဘဝ စသည်ဖြင့် ကံအားလျော်စွာ သံုးဆဲ့တဘုံမှာ ကျင်လည်မျောပါး၍ ပြေးသွားကာ နေကြရကုန်၏။ ဤကဲ့သို့ ပြေးသွား၍ နေကြကုန်သော်လည်း ဤဘဝမှ-ထိုဘဝ, ထိုဘဝမှ-ထိုဘဝ စသည်သို့ ကူးပြောင်းသွားလာကြကုန်သည် မဟုတ်ကုန်။ ကုသိုလ်ကံ၏အစွမ်းကြောင့် လူ့ဘုံမှာ လူ့အသွင်

ဖြစ်ပေါ်လေ၏။ နတ်ဘုံမှာ နတ်အသွင်ဖြစ်ပေါ်လေ၏၊ ပြဟ္မာဘုံမှာ ပြဟ္မာအသွင် ဖြစ်ပေါ်လေ၏။ အကုသိုလ်ကံ၏ အစွမ်းကြောင့် ငရဲဘုံမှာ ငရဲသူ ငရဲသားအသွင် ဖြစ်ပေါ်လေ၏။ တိရစ္ဆာန်ဘုံမှာ တိရစ္ဆာန်အသွင် ဖြစ်ပေါ်လေ၏။ ပြိတ္တာဘုံမှာ ပြိတ္တာအသွင်ဖြစ်ပေါ်လေ၏။အသုရကာယ်ဘုံမှာ အသုရကာယ်အသွင် ဖြစ်ပေါ်လေ၏။ ဤကဲ့သို့ ဖြစ်၍ နေကြကုန်သော သတ္တဝါတို့သန္တာန်မှာ နာမ်ရုပ်နှစ်ပါးသာ ရှိကုန်၏။ ပြုတတ်သောသူ ခံစားတတ်သောသူ စသည်တို့သည် မရှိကြကုန်ပြီ။ ဟေတု, အာရမ္မဏ, အနန္တရ စသောပစ္စည်းဖြင့် အသီးအသီး ကျေးဇူးပြု၍ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာကုန်သော အကျိုးတရားတို့သာ ဖြစ်ကုန်၏။

**နာမ်ရုပ်တို့အမှုကို ငါဟုစွဲလမ်းကြပုံ။** ။လောကမှာ ငါ ကုသိုလ်ပြုသည်၊ အကုသိုလ်ပြုသည်၊ ငါ ခံစားသည်၊ ငါ သုံးဆောင်သည်၊ ကိုယ်သွားသည်၊ ကိုယ်လာသည်၊ ကိုယ်ပြုသည်၊ ကိုယ်သုံးဆောင်သည်ဟု ပြောဆို၍ မှတ်ထင် စွဲလမ်းကြကုန်၏၊ မစွဲလမ်းကြကုန်လင့်။ ။ငါဟူ၍မရှိ၊ ကိုယ်ဟူ၍မရှိခြင်းကြောင့် ငါပြုသည်၊ ငါခံစားသည်၊ ကိုယ်လုပ်သည်၊ ကိုယ်သုံးဆောင်သည် မဟုတ်။ နာမ်ရုပ်တို့၏ အလုပ်၊ နာမ်ရုပ်တို့၏ အမှုတွေသာ ဖြစ်ကုန်၏။ မြင်ခဲ့စွ။

ကုသိုလ်စိတ်ဖြစ်ရန် အကြောင်း အခွင့်ကို ရသည့်အခါ ကုသိုလ်စိတ်ဖြစ်ပေါ်လာ၏။ အကုသိုလ်စိတ်ဖြစ်ရန် အကြောင်းအခွင့်ကို ရသည့်အခါ အကုသိုလ်စိတ် ဖြစ်ပေါ်လာ၏၊ အာရုံခြောက်ပါးတို့နှင့် ဆိုင်ရာဆိုင်ရာ အသီးအသီးထင်လာ ထိခိုက်လာကြသည့်အခါ ခံစားမှုဟူသော ဝေဒနာသည် ဖြစ်ပေါ်လာ၏။ ကံကိုပြုတတ်သောသူလည်း မရှိ။အကျိုးကိုခံစားတတ်သော

သူလည်း မရှိ၊ အကြောင်းအားလျော်စွာ ဖြစ်ပျက်၍နေကြကုန်သော နာမ်ရုပ်နှစ်ပါး၏ အမှုတွေတို့သာ ဖြစ်ကုန်၏။ ထို့ကြောင့်-

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ—

ဟူ၍ ဝိသုဒ္ဓိမဂ်[၁] ၌ ပြ၏။

ကမ္မဿ၊ ကံကို။ ကာရကော၊ ပြုတတ်သောသူသည်။ နတ္ထိ၊ မရှိ။ ဝိပါကဿ စ၊ အကျိုးကိုလည်း။ ဝေဒကော၊ ခံစားတတ်သောသူသည်။ နတ္ထိ၊ မရှိ။ သုဒ္ဓဓမ္မာ၊ အကြောင်းအားလျော်စွာ ဖြစ်ပျက်၍ နေကြကုန်သော သက်သက်သော နာမ်ရုပ်နှစ်ပါး တရားတို့သည်။ ပဝတ္တန္တိ၊ ဖြစ်၍ နေကြကုန်၏။ ဧဝေတံ၊ ဤသို့ မြင်ခြင်းသည်။ သမ္မဒဿနံ၊ ကောင်းသော မြင်ခြင်း ပေတည်း။

**ယုံမှားခြင်း ၁၆-ပါး။** ။ဤသို့ပြဆိုခဲ့ပြီးသော အဓိပ္ပါယ်တို့ကို တွေ့မြင် ကြရကုန်သော သူတို့သည် ကာဝါ ယုံမှားခြင်း ၁၆-ပါးတို့ကို ပယ်ဖျောက်နိုင်ကုန်ရာ၏၊ ကာဝါ ယုံမှားခြင်း ၁၆-ပါးကို အဋ္ဌကထာပါဠိ[၂]နှင့်တကွ ပြဆိုပေအံ့။

## အတိတ်၌ ယုံမှားခြင်း ၅-ပါး

၁။ အဟောသိံ နု ခေါ အဟံ အတီတမဒ္ဓါနံ၊ ငါသည် ရှေးဘဝက ဖြစ်ခဲ့ဘူးလေသလားဟု ယုံမှားခြင်း။

၂။ န နု ခေါ အဟောသိံ အတီတမဒ္ဓါနံ၊ မဖြစ်ခဲ့ဘူးထင်ပါရဲ့ဟု ယုံမှားခြင်း။

---

၁။ ဝိသုဒ္ဓိမဂ္ဂ-ဒု၊ နှာ-၂၃၇။ ၂။ ဝိသုဒ္ဓိမဂ္ဂ-ဒု၊ နှာ-၂၃၄။

၃။ ကိံ နု ခေါ အဟောသိံ၊ မင်းဖြစ်ခဲ့လေသလား၊ ပုဏ္ဏားဖြစ်ခဲ့လေသလား စသည်ဖြင့် ဘယ်သူများ ဖြစ်ခဲ့ပါလိမ့်မည်ဟု ယုံမှားခြင်း။

၄။ ကထံ နု ခေါ အဟောသိံ၊ ရှည်ရှည်မြင့်မြင့်ကြီး ဖြစ်ခဲ့လေသလား၊ တိုတိုတုတ်တုတ်ကလေး ဖြစ်ခဲ့လေသလား၊ ဖြူဖြူဖွေးဖွေးကလေး ဖြစ်ခဲ့လေသလား၊ နက်ကြုတ်ကြုတ်ကလေး ဖြစ်ခဲ့လေသလား စသည်ဖြင့် ဘယ်လိုများ ဖြစ်ခဲ့ပါလိမ့်မည်ဟု ယုံမှားခြင်း။

၅။ ကိံ ဟုတွာ ကိံ အဟောသိံ၊ မင်းဖြစ်ခဲ့ပြီးမှ ပုဏ္ဏား ဖြစ်ခဲ့လေသလား၊ ပုဏ္ဏားဖြစ်ခဲ့ပြီးမှ မင်းဖြစ်ခဲ့လေသလား စသည်ဖြင့် ယုံမှားခြင်း။

အတိတ်ဘဝကို အစွဲပြု၍ဖြစ်သော ယုံမှားခြင်း ၅-ပါး။

## အနာဂတ်၌ ယုံမှားခြင်း ၅-ပါး

အနာဂတ်ဘဝကို အစွဲပြု၍ ဖြစ်သော ယုံမှားခြင်း ၅-ပါးကား ဤအတိတ် ယုံမှားခြင်း ၅-ပါးနှင့် သဘောချင်း မထူးကြလှပြီ။

၁။ ဘဝိဿာမိ နု ခေါ အဟံ အနာဂတမဒ္ဓါနံ၊ ငါသည် နောင်ဘဝမှာ ဖြစ်ဦးမှာလေလားဟု ယုံမှားခြင်း။

၂။ န နု ခေါ ဘဝိဿာမိ၊ ဖြစ်မထင်ပါဘူးဟု ယုံမှားခြင်း။

၃။ ကိံ နု ခေါ ဘဝိဿာမိ၊ မင်းဖြစ်မှာလေလား၊ ပုဏ္ဏား ဖြစ်မှာလေလား စသည်ဖြင့် ဘယ်သူများ ဖြစ်လိမ့်ဦးမှန်း၊ ဤသို့ ယုံမှားခြင်း။

၄။ ကထံ နု ခေါ ဘဝိဿာမိ၊ ရှည်ရှည်မြင့်မြင့်ကြီး ဖြစ်မှာလေလား၊ တိုတိုတုတ်တုတ်ကလေးဖြစ်ကောင်း ဖြစ်လိမ့်မထင့်။

ဖြူဖြူဖွေးဖွေးကလေး ဖြစ်မှာလေလား၊ နက်ကြုတ်ကြုတ်ကလေး ဖြစ်ကောင်း ဖြစ်လိမ့်မထင့် စသည်ဖြင့် ဘယ်လိုများ ဖြစ်လိမ့် ဦးမှန်း၊ ဤသို့ ယုံမှားခြင်း။

၅။ ကိံ ဟုတ္ဝာ ကိံ ဘဝိဿာမိ နု ခေါ၊ မင်းဖြစ်ပြီးမှ ပုဏ္ဏား ဖြစ်မှာလေလား၊ ပုဏ္ဏားဖြစ်ပြီးမှ မင်းဖြစ်ကောင်း ဖြစ်လိမ့်မထင့် စသည်ဖြင့် ယုံမှားခြင်း။

အနာဂတ်ဘဝကို အစွဲပြု၍ ဖြစ်သော ယုံမှားခြင်း ၅-ပါး။

## ပစ္စုပ္ပန်၌ ယုံမှားခြင်း ၅-ပါး

၁။ အဟံ နု ခေါသ္မိ၊ ဤခန္ဓာကိုယ်ကြီးဟာ ငါဟုတ်ကဲ့ လေလားဟု ယုံမှားခြင်း။

၂။ နော နု ခေါသ္မိ၊ ငါဟုတ် မထင်ပါဘူးဟု ယုံမှားခြင်း။

၃။ ကိံ နု ခေါသ္မိ၊ ငါဟာ ဘယ်လိုများ ဖြစ်နေပါလိမ့်မယ် ဟု ယုံမှားခြင်း။

၄။ ကထံ နု ခေါသ္မိ၊ ငါ့ဗိုက်ထဲက အသက်ကလေးဟာ လုံးလုံးလေလား၊ ပြားပြားလေလား စသည်ဖြင့် ငါဟာ ဘယ်လိုများ ဖြစ်နေပါလိမ့်မယ်ဟု ယုံမှားခြင်း။

၅။ ကုတော အာဂတော၊ ငါဟူသော သတ္တဝါဟာ အဘယ်က လာခဲ့ပါလိမ့်မယ်ဟု ဤသို့ ယုံမှားခြင်း။

၆။ ကုဟိံ ဂါမီ ဘဝိဿတိ၊ ဘယ်ကိုများ သွားလိမ့်ဦးမှန်း၊ ဤသို့ ယုံမှားခြင်း။

ပစ္စုပ္ပန်ဘဝကို အစွဲပြု၍ဖြစ်သော ယုံမှားခြင်း ၆-ပါး။

ကုန်ခါ=ယုံမှားခြင်း ၁၆-ပါး။

**နာမ်ရုပ်ကို သိမ်းဆည်းပုံ။** ။ဓမ္မသဘာဝကို မသိကြကုန်သော သူတို့အား ဤကဲ့သို့သော ယုံမှားခြင်းတို့သည် ဖြစ်တတ်ကြလေကုန်၏။ ဤခန္ဓာကိုယ်ကြီး၌ နာမ် ရုပ်မှတပါးသော တရားဟူ၍ အကျုံမျှမျှ မရှိ၊ နာမ် ရုပ် နှစ်ပါးသာ ရှိ၏။ အသက်ဟူ၍ မရှိ၊ ငါဟူ၍ မရှိ၊ ကိုယ်ဟူ၍ မရှိခြင်းကြောင့် ငါအမှုအရာ၊ ကိုယ်အမှုအရာ မဟုတ်၊ နာမ်ရုပ်တို့၏ အမှုအရာတွေသာ ဖြစ်ကြကုန်သည်ဟု သိမြင်ကြကုန်သော သူတို့သည် ဤကဲ့သို့သော ယုံမှားခြင်းများကို ပယ်ဖျောက်နိုင်ကြကုန်ရာ၏။

ဧတဿေဝ ပန နာမရူပဿ ပစ္စယပရိဂ္ဂဟဏေန
တီသု အဒ္ဓါသု ကင်္ခံ ဝိတရိတွာ ဌိတံ ဉာဏံ ကင်္ခါ-
ဝိတရဏဝိသုဒ္ဓိ နာမ။ ။ဝိသုဒ္ဓိမဂ်[၁]။

ဧတဿေဝ ပန နာမရူပဿ၊ ထိုနာမ်ရုပ်၏သာလျှင်။ ပစ္စယ-ပရိဂ္ဂဟဏေန၊ အကြောင်းကို သိမ်းဆည်းသဖြင့်။ တီသု အဒ္ဓါသု၊ အတိတ် အနာဂတ် ပစ္စုပ္ပန် ဟူသော သုံးပါးသော အခွန့်တို့၌။ ကင်္ခံ၊ ယုံမှားခြင်းကို။ ဝိတရိတွာ၊ လွန်မြောက်၍။ ဌိတံ၊ တည်သော။ ဉာဏံ၊ ဉာဏ်သည်။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ နာမ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ မည်၏။

ကင်္ခါဝိတရဏဝိသုဒ္ဓိကို ပြဆိုခန်း ပြီး၏။

---

၁။ ဝိသုဒ္ဓိမဂ် ဋ္ဌ-ဒု၊ ကင်္ခါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသ၊ ပစ္စယပရိဂ္ဂဟကထာ၊ နှာ-၂၃၃။

## ၅-နိဗ္ဗာန်လမ်းအစစ်ကို ပြဆိုခန်း

**ပညာသာ ပဓာန။** ။ဝိဇ္ဇာ စ ခေါ ဘိက္ခဝေ ပုဗ္ဗင်္ဂမာ ကုသလာနံ ဓမ္မာနံ သမာပတ္တိယာ အန္ဝဒေဝ ဟိရော-တ္တပ္ပံ။ ။သံယုတ်ပါဠိတော်[၁]။

ဘိက္ခဝေ၊ ရဟန်းတို့။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့သို့။ သမာပတ္တိယာ၊ ပေါက်ရောက်ဖြစ်ပေါ်ခြင်းငှါ။ ဝိဇ္ဇာ စ ခေါ၊ သိခြင်းဟူသော ဉာဏ်ပညာ ဝိဇ္ဇာသည်သာလျှင်။ ပုဗ္ဗင်္ဂမာ၊ ခေါင်းတည်ရှေ့သွားတည်း။ ဟိရောတ္တပ္ပံ၊ အလုံးစုံသော ကုသိုလ်တရားတို့နှင့်တကွ ဟိရီ ဩတ္တပ္ပ တရားသည်။ အန္ဝဒေဝ၊ ခြေရံနောက်လိုက်သာလျှင်တည်း။

ကုသိုလ်တရားဖြစ်ပေါ်လာခြင်း၌ ပညာသည် ရှေ့ဆောင်ရှေ့သွားတရားဖြစ်၏။ ပညာသည် အလုံးစုံသော သတ္တဝါတို့၏ ကိုးကွယ်ရာ မှီခိုရာ ပုန်းအောင်းရာလည်း ဖြစ်၏။ နိဗ္ဗာန်သို့ ရောက်ကြရာ၌လည်း ပညာနှင့်ကင်း၍ မရောက်နိုင်ကြကုန်။ ပညာနှင့်ရောက်ကြရကုန်၏။ ပညာသည် လောကမှာ အမြတ်ဆုံး ဖြစ်၏။ ထို့ကြောင့်—

ပညာ ဟိ သေဋ္ဌာ လောကသ္မိံ၊ ယာယံ နိဗ္ဗေဓ ဂါမိနီ။
သာ စ ယသ္မာ ပဇာနာတိ၊ ဇာတိ ဘဝ ပရိက္ခယံ[၂]—

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ လောကသ္မိံ၊ လောက၌။ ပညာ ဟိ၊ ပညာသည်သာလျှင်။ သေဋ္ဌာ၊ အမြတ်ဆုံးပေတည်း။ ယာယံ

---

၁။ သံယုတ်ပါဠိတော်၊ တတိယတွဲ၊ မဟာဝဂ္ဂသံယုတ်၊ အဝိဇ္ဇာဝဂ်၊ အဝိဇ္ဇာသုတ်၊ နှာ-၂။

၂။ ဣတိဝုတ်ပါဠိတော်၊ (ယာ ယ သမ္မာ ပဇာနာတိ ဆဋ္ဌမူ) နှာ-၂၁၉။

ပညာ၊ အကြင်ပညာသည်။ ယသ္မာ၊ အကြင့်ကြောင့်။ နိဗ္ဗေ၊ ဂါမိနီ၊ ရုပ်ခဲ နာမ်ခဲတို့ကို ဖောက်ခွဲ၍ သွားတတ်၏။ သာ စ၊ ထိုပညာသည်သာလျှင်။ တသ္မာ၊ ထိုသို့ ရုပ်ခဲ နာမ်ခဲတို့ကို ဖောက်ခွဲ၍ သွားနိုင်သောကြောင့်။ ဇာတိဘာဝ ပရိက္ခယံ၊ ဇာတိဘဝတို့၏ကုန်ခန်းရာဌာန နိရောဓသစ္စာကို။ ပဇာနာတိ၊ သိမြင်နိုင်၏။

**သစ္စာလေးပါးကို သိမြင်နိုင်သော တရားသည် ပညာမှ** တပါးသော တရားဟူ၍မရှိ။ သစ္စာလေးပါးကို မသိမမြင်လျှင် နိဗ္ဗာန်သို့ မရောက်နိုင်။ ထို့ကြောင့် နိဗ္ဗာန်သို့ ရောက်စေတတ်သော တရားတို့တွင် ပညာသည် ဦးစီးဦးကိုင် အချုပ်အချာ ပဓာန ဖြစ်၏။

**ပညာအမျိုးမျိုး။** ။ထိုပညာသည်လည်း ဒါနနှင့် ယှဉ်သော ပညာ၊ သီလနှင့် ယှဉ်သော ပညာ၊ ဘာဝနာနှင့်ယှဉ်သော ပညာဟူ၍ အမျိုးမျိုး ရှိပြန်၏။ ထိုတွင် ဘာဝနာနှင့် ယှဉ်သော ပညာသည် **သမထဘာဝနာနှင့်** ယှဉ်သော ပညာ၊ **ဝိပဿနာဘာဝနာနှင့်** ယှဉ်သော ပညာဟူ၍ နှစ်မျိုး ရှိပြန်၏။

ထိုအလုံးစုံသော ပညာတို့တွင် **ဝိပဿနာဘာဝနာနှင့်ယှဉ်သော ပညာသည်သာလျှင် နိဗ္ဗာန်ကို မြန်မြန်ရောက်အောင် ပို့နိုင်၏။**

**နိဗ္ဗာန်လမ်း ဝိပဿနာ။** ။နာမ်ရုပ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုကြည့်မှုဟူသော ဝိပဿနာတရားကို အားထုတ်မှုသည် နိဗ္ဗာန်သို့မုချကေန် အမြန်ရောက်စေတတ်၏။ မုချကေန် အမြန်ရောက်စေတတ်သော နိဗ္ဗာန်လမ်း ခရီးလည်းဖြစ်၏။

နိဗ္ဗာန်သို့ ရှေးရှုသွားနေသူများ။ ။ထို့ကြောင့် ဝိပဿနာ အလုပ်ကို နေ့စဉ်မပြတ် အားထုတ်၍ နေကြကုန်သော သူတို့သည် နိဗ္ဗာန်သို့ နေ့စဉ် မပြတ်သွား၍ နေကြကုန်သော သူတို့ မည်ကုန်၏။ ထို့ကြောင့် သံယုတ်ပါဠိတော်၌[၁]—

ကတမော စ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ၊ ဝိပဿနာ။
အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ—

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အသင်္ခတ ဂါမိမဂ္ဂေါ၊ အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လမ်းခရီးသည်။ ကတမော စ၊ အဘယ်နည်းဟူမူကား။ ဝိပဿနာ၊ နာမ်ရုပ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုကြည့်မှုဟူသော ဝိပဿနာအလုပ် အားထုတ်မှုတည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤဝိပဿနာ အားထုတ်မှုကို။ အသင်္ခတ ဂါမိမဂ္ဂေါ၊ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သော လမ်းခရီးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အားထုတ်မှု အမျိုးမျိုးတို့တွင် ဝိပဿနာကို အားထုတ်မှု သည်သာလျှင် နိဗ္ဗာန်သို့ အမြန်ရောက်စေတတ်သော အားထုတ်မှုအစစ်ဖြစ်ပေသတည်း။ အမြန်ရောက်စေတတ်သော နိဗ္ဗာန် လမ်း အစစ်ပေတည်း။

**ဒါန,သီလ,သမထဘာဝနာတို့ဖြင့် နိဗ္ဗာန်ရောက်ပုံ**

ဒါန သီလ သမထဘာဝနာ တို့ကို အားထုတ်မှုတို့သည် လည်း နိဗ္ဗာန်သို့ရောက်စေ

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနသံယုတ်၊ ဒုတိယဝဂ်၊ အသင်္ခတသုတ်၊ နှာ-၃၃၈။

တတ်ကုန်သည် မဟုတ်ကုန်လော ဟူမူကား ရောက်စေတတ်ကုန်၏။ ရောက်ပုံအခြင်းအရာကို ဉပမာဖြင့် ထင်စွာပြဆိုပေအံ့—

ရန်ကုန်မြို့ဆိပ်ကမ်းမှ ပင်လယ် ဟိုဘက်ကမ်းသို့ သင်္ဘောစီး၍ ကူးသွားကြကုန်သော သူတို့သည် ဟိုဘက်ကမ်းသို့ ရောက်ကြကုန်၏။ ဤသို့ရောက်ကြရာ၌ သင်္ဘောကြီးသည် ရေမလုံခဲ့လျှင် ဟိုဘက်ကမ်းသို့မရောက်နိုင်။ သင်္ဘောကြီးပင် ရေလုံသော်လည်း ပဲ့မပါခဲ့လျှင် လိုရာသို့မရောက်၍ ဟိုဘက်ကမ်းသို့ မရောက်နိုင်၊ ပဲ့ပင်ပါရှိသော်လည်း ရေနွေးအိုးကြီး မပါခဲ့လျှင် စက်မခုတ်နိုင်၍ ဟိုဘက်ကမ်းသို့ မရောက်နိုင်၊ ရေနွေးအိုးကြီးပင် ပါရှိသော်လည်း စက်မပါခဲ့လျှင် ဟိုဘက်ကမ်းသို့ မရောက်နိုင်။

**နိဗ္ဗာန်ရောက် တရား ၄-မျိုးနှင့် ဉပမာ**

ထို့ကြောင့် သင်္ဘောကြီးကြောင့် ရောက်သည်ဟုလည်း ဆိုရ၏။ ပဲ့ကြောင့် ရောက်သည်ဟုလည်း ဆိုရ၏။ ရေနွေးအိုးကြီးကြောင့် ရောက်သည်ဟုလည်း ဆိုရ၏။ စက်ကြောင့် ရောက်သည်ဟုလည်း ဆိုရ၏။ ဤရောက်ခြင်း အကြောင်း ၄-မျိုးတို့တွင် စက်သည်သာလျှင် စင်စစ် မုချရောက်ခြင်း အကြောင်း အစစ်ဖြစ်၏။ ကြွင်းသော အကြောင်းတို့ကား ရောက်ခြင်းအကြောင်းသာ ဖြစ်ကြကုန်၏။ ဤကား ဉပမာ။

ဤဉပမာ၌ ဒါနသည် သင်္ဘောကြီးနှင့် တူ၏။

သီလသည် ပဲ့နှင့် တူ၏။

သမထဘာဝနာသည် ရေနွေးအိုးကြီးနှင့် တူ၏။

ဝိပဿနာဘာဝနာသည် စက်နှင့် တူ၏။

ထိုသင်္ဘောကြီးသည် စက်မြန်မြန်ခုတ်လျှင် မြန်မြန်ရောက်၏။ နှေးနှေးခုတ်လျှင် ဖြေးဖြေးမှရောက်၏။ ထိုနည်းအတူ ဝိပဿနာအလုပ်ကို တွင်တွင်အားထုတ်လျှင် နိဗ္ဗာန်သို့မြန်မြန်

ရောက်၏။ ဝိပဿနာအလုပ်ကို တွင်တွင် အားမထုတ်လျှင် နိဗ္ဗာန်သို့ ဖြေးဖြေးမှ ရောက်လတ္တံ့။

ဝိပဿနာအလုပ်ကို ဘိတ်ဘိတ်သား အားမထုတ်ကြကုန်သော သူတို့သည် အားမထုတ်သ၍ ကာလပတ်လုံး နိဗ္ဗာန်သို့ မရောက်နိုင်ကြကုန်။ ဝိဿနာအလုပ်ကို အားမထုတ်ဘဲနှင့် ဘာသာလဝါ နိဗ္ဗာန်သို့ရောက်သောပုဂ္ဂိုလ်ဟူ၍ တစုံတယောက်မျှမရှိ၊ ဝိပဿနာအလုပ်ကို အားထုတ်မှသာလျှင် နိဗ္ဗာန်သို့ ရောက်နိုင်ကြကုန်၏။

အဝိဇ္ဇာ ကွယ်ပျောက်မှသာလျှင် နိဗ္ဗာန်သို့ ရောက်နိုင်၏။ အဝိဇ္ဇာသည် အမိုက်မှောင်နှင့် တူ၏။ ဝိပဿနာဉာဏ်သည် မီးရောင်နှင့်တူ၏။ မီးရောင်လာလျှင် အမိုက်မှောင် ကွယ်ပျောက်လေသကဲ့သို့ ဝိပဿနာတည်းဟူသော ဉာဏ်ရောင်လာလျှင် အဝိဇ္ဇာတည်းဟူသော အမိုက်မှောင် ကွယ်ပျောက်လေ၏။ ထိုဝိပဿနာဉာဏ် အဆင့်ဆင့် ရင့်သန်၍ မဂ်ဉာဏ်ဖြစ်ပေါ်လာသဖြင့် နိဗ္ဗာန်သို့ ရောက်လေကုန်၏။ ထို့ကြောင့် သံယုတ်ပါဠိတော်၌[၁]—

ကာယံ အနိစ္စတော ဇာနတော ပဿတော အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဉပ္ပဇ္ဇတိ—

ဟူ၍ ဟောတော်မူ၏။

ကာယံ၊ ကိုယ်ကို။ အနိစ္စတော၊ ခဏမစဲ တသဲသဲပျက်၍ နေသော အနိစ္စတရားဟူ၍။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ ပဟီယတိ၊ ပယ်အပ်၏။ ဝိဇ္ဇာ၊ ဝိဇ္ဇာသည်။ ဉပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊နှာ-၂၇၆။

**စူဠသောတာပန်ဖြစ်ခြင်း။** ။နိဗ္ဗာန်သို့ မြန်စွာ ထုတ်ချောက် ရောက်လိုသော သူတော်ကောင်း အပေါင်းတို့သည် ဝိပဿနာတရားကို မနေမနား ကြိုးစား အားထုတ်အပ်၏။ ဝိပဿနာတရားကို မနေမနား ကြိုးစား အားထုတ်ကြကုန်သော သူတော်ကောင်း အပေါင်းတို့သည် ယခုဘဝ၌ပင် မဂ်ဉာဏ်ကို မရကြကုန်သေးသော်လည်း စူဠ-သောတာပန်ဖြစ်၍ အားကိုးစရာ ကိုးကွယ်ရာကြီးကို ရကြသဖြင့် ကောင်းသော သုဂတိဘဝသို့သာ အမြဲသွားကြရလေကုန်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌[၁]—

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတ-ဂတိကော စူဠသောတာပန္နော နာမ ဟောတိ—

ဟူ၍ လာသည်။

ဣမိနာ ပန ဉာဏေန၊ ဤဝိပဿနာဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာယောဂီပုဂ္ဂိုလ်သည်။ လဒ္ဓဿာသော၊ ရအပ်သော သက်သာရာရှိသည်ဖြစ်၍။ လဒ္ဓ-ပတိဋ္ဌော၊ ရအပ်သော ထောက်ရာတည်ရာ ရှိသည်ဖြစ်၍။ နိယ-တ ဂတိကော၊ အပါယ်မလား သုဂတိသို့သာ အမြဲသွားသော ဂတိရှိသည်ဖြစ်၍။ စူဠသောတာပန္နော နာမ၊ စူဠသောတာပန် မည်သည်။ ဟောတိ၊ ဖြစ်၏။

**စူဠသောတာပန်** ဆိုသည်ကား သောတာပန်အငယ်၊ သော တာပန်အလောင်း၊ သောတာပန်ဖြစ်လုခါနီး ဆိုလိုသည်။ စူဠ သောတာပန်အဖြစ်နှင့် နတ်ပြည်သို့ရောက်ကြကုန်သော ပုဂ္ဂိုလ်

---

၁။ ဝိသုဒ္ဓိမဂ် ဋ္ဌ-ဒု၊ ကင်္ခါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသ၊ နှာ-၂၄၀။

တို့သည် ထိုနတ်ပြည်၌ပင်လျှင် သောတာပန်ကြီး အစစ်ဖြစ်နိုင်လေကုန်၏။ ထို့ကြောင့်—

တဿ တတ္ထ သုခိနော ဓမ္မပဒါနိ ပိလဝန္တိ။ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထ ခေါ သော သတ္တော ခိပ္ပမေဝ ဝိသေသဘာဂီ ဟောတိ—

ဟူ၍ စတုက္ကင်္ဂုတ္တရပါဠိတော်၌[၁] ဟောတော်မူ၏။

တဿ၊ ထိုလူ့ပြည်က ဝိပဿနာတရားကို အပြင်းအထန် အားထုတ်လျက် စုတေ၍ နတ်ပြည်သို့ သွားလေသော ပုဂ္ဂိုလ်အား။ တတ္ထ၊ ထိုနတ်ပြည်၌။ သုခိနော၊ ချမ်းသာသည်ဖြစ်၍။ ဓမ္မပဒါနိ၊ ဤလူ့ဘဝက အားထုတ်ခဲ့သော တရားအစုတို့သည်။ ပိလဝန္တိ၊ ခဏခြင်း ပေါ်လာကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သတုပ္ပါဒေါ၊ ငါနတ်ပြည်သို့ ရောက်လာပါတကားဟု သတိရမှုသည်။ ဒန္ဓော၊ နှေး၍နေသော်လည်း နှေးရာသေး၏။ အထခေါ၊ စင်စစ်သော်ကား။ သော သတ္တော၊ ထိုသတ္တဝါသည်။ ခိပ္ပမေဝ၊ လျင်မြန်စွာသာလျှင်။ ဝိသေသဘာဂီ၊ မဂ်ဖိုလ်တရားအထူးကို ရနိုင်ခြင်းအဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဝိပဿနာအလုပ်ကို နေ့စဉ်မပြတ် အားထုတ်ကြကုန်သော ပုဂ္ဂိုလ်တို့သည် ဤလူ့ပြည်၌ မဂ်ဉာဏ်ကိုမရကြကုန်သေးသော်လည်း နတ်ပြည်သို့ ရောက်ကြသောအခါ မဂ်ဉာဏ်ကိုရနိုင်ကြကုန်ရာ၏။

နိဗ္ဗာန်လမ်းအစစ်ကို ပြဆိုခန်းပြီး၏။
သံသရာထွက်ပေါက်ကို ပြဆိုသော ပဌမအပိုင်းသည်
ဤတွင်ပြီး၏။

---

၁။ အင်္ဂုတ္တိုရ်ပါဠိတော်၊ပဌမတွဲ၊နှာ-၃၀၅၊ဆဌမူနှင့် အနည်းငယ်ကွဲသည်။

# ၂-ရုပ်၌ အနိစ္စလက္ခဏာကိုပြဆိုသော ဒုတိယပိုင်း

## ၆-ဓာတ်ကြီး ၄-ပါး ရုပ်တရား၏သဘောကို ပြဆိုခန်း

တဒေတံ ရူပ္ပနလက္ခဏေန ဧကဝိဓမ္ပိ ဘူတောပါဒါယဘေဒတော ဒုဝိဓံ။ တတ္ထ ဘူတရူပံ စတုဗ္ဗိဓံ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတူတိ။ ။ဝိသုဒ္ဓိမဂ်[၁]။

**ရုပ် ၂-မျိုး။** ။တဒေတံ၊ ထိုရူပက္ခန္ဓာသည်။ ရူပ္ပနလက္ခဏေန၊ ဖောက်ပြန်တတ်သော လက္ခဏာ အားဖြင့်။ ဧကဝိဓမ္ပိ၊ တပါးတည်း အဘို့ရှိသော်လည်း။ ဘူတောပါဒါယဘေဒတော၊ ဘူတရုပ်, ဥပါဒါရုပ် တို့၏ အပြားအားဖြင့်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ ဘူတရူပံ၊ ဘူတရုပ်သည်။ ပထဝီဓာတု၊ ပထဝီဓာတ်ဂုဏ်း။ အာပေါဓာတု၊ အာပေါဓာတ်ဂုဏ်း။ တေဇောဓာတု၊ တေဇောဓာတ်ဂုဏ်း။ ဝါယောဓာတု၊ ဝါယောဓာတ်ဂုဏ်း။ ဣတိ၊ ဤသို့။ စတုဗ္ဗိဓံ၊ ၄-ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

**မဟာဘုတ် ၄-ပါး။** ။ရုပ်သည် ဖောက်ပြန်တတ်သော လက္ခဏာ အားဖြင့် တပါးသာ ရှိ၏။ ဘူတရုပ်, ဥပါဒါရုပ်တို့၏ အပြားအားဖြင့် နှစ်ပါးရှိပြန်၏။ ထိုတွင် ဘူတရုပ်သည် ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်ဟူ၍ ၄-ပါး ရှိပြန်၏။

---

၁။ ဝိသုဒ္ဓိမဂ် ဌ-ဒုတိယတွဲ၊ ရူပက္ခန္ဓကထာ၊ နှာ-၇၃။

## မဟာဘုတ် ၄-ပါး သဘောလက္ခဏာ

ယံ ထဒ္ဓလက္ခဏံ၊ အယံ ပထဝီဓာတု။ ယံ အာဗန္ဓနလက္ခဏံ၊ အယံ အာပေါဓာတု။ ယံ ပရိပါစန-လက္ခဏံ၊ အယံ တေဇောဓာတု။ ယံ ဝိတ္ထမ္ဘနလက္ခဏံ၊ အယံ ဝါယောဓာတု။ ။ဝိသုဒ္ဓိမဂ်[၁]။

ယံ ထဒ္ဓ လက္ခဏံ၊ အကြင်ခက်မာခြင်း လက္ခဏာသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤခက်မာခြင်း လက္ခဏာသည်။ ပထဝီ-ဓာတု၊ ပထဝီဓာတ်သည်။ ဟောတိ၊ ဖြစ်၏။

ယံ အာဗန္ဓန လက္ခဏံ၊ အကြင်ဖွဲ့စေးခြင်း လက္ခဏာသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤဖွဲ့စေးခြင်းလက္ခဏာသည်။ အာပေါဓာတု၊ အာပေါဓာတ်သည်။ ဟောတိ၊ ဖြစ်၏။

ယံ ပရိပါစန လက္ခဏံ၊ အကြင်ရင့်ကျက်စေခြင်း လက္ခဏာ သည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤရင့်ကျက်စေခြင်းလက္ခဏာသည်။ တေဇောဓာတု၊ တေဇောဓာတ်သည်။ ဟောတိ၊ ဖြစ်၏။

ယံ ဝိတ္ထမ္ဘန လက္ခဏံ၊ အကြင်ထောက်ကန်ခြင်း လက္ခဏာ သည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤထောက်ကန်ခြင်းလက္ခဏာသည်။ ဝါယောဓာတု၊ ဝါယောဓာတ်သည်။ ဟောတိ၊ ဖြစ်၏။

ပထဝီဓာတ်သည် ခက်မာခြင်းသဘောမျှသာ ရှိ၏။

အာပေါဓာတ်သည် ဖွဲ့စေးခြင်းသဘောမျှသာ ရှိ၏။

တေဇောဓာတ်သည် ပူခြင်း အေးခြင်း သဘောမျှသာ ရှိ၏။ တနည်း—ရင့်ကျက်စေခြင်း သဘောမျှသာရှိ၏။

ဝါယောဓာတ်သည် ထောက်ကန်ခြင်း သဘောမျှသာ ရှိ၏။

ဤကား ဓာတ်ကြီး ၄-ပါး၏ လက္ခဏာ။

---

၁။ ဝိသုဒ္ဓိမဂ်၊ ပဌမတွဲ၊ စတုဓာတုဝဝတ္ထာနဘာဝနာ၊ နှာ-၃၄၆။

ထိုတွင် တေဇောဓာတ်သည် ပူခြင်း အေးခြင်း သဘော ရှိသည် မဟုတ်လော ဟူမူကား မှန်၏။ ပူမှုအတွက်နှင့် ရင့်ကျက်စေမှု, အေးမှုအတွက်နှင့် ရင့်ကျက်စေမှုသဘောကို ဆိုသည်ဟု မှတ်။

ထိုဓာတ်ကြီး ၄-ပါးတို့သည် ဒြပ်သဏ္ဌာန် အထည်ဝတ္ထုဟူ၍ အဏုမြူမျှ မရှိကြကုန်။ ပြဆိုခဲ့ပြီးသော သဘောမျှသာ ရှိကြကုန်၏။ တပါးစီခွဲ၍လည်း မဖြစ်နိုင်ကြကုန်။ တပါးကို တပါး မှီတွယ်စွဲကပ်၍ အတူတကွဖြစ်ကြကုန်၏။ ထို့ကြောင့် ပဋ္ဌာန်း ပါဠိတော်၌[၁]—

ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ၊
တယော မဟာဘူတေ ပဋိစ္စ ဧကော မဟာဘူတော၊
ဒွေ မဟာဘူတေ ပဋိစ္စ ဒွေ မဟာဘူတာ—

ဟူ၍ ဟောတော်မူ၏။

ဧကံ မဟာဘူတံ၊ တပါးသော မဟာဘုတ်ကို။ ပဋိစ္စ၊ မှီတွယ်စွဲကပ်၍။ တယော မဟာဘူတာ၊ သုံးပါးကုန်သော မဟာဘုတ်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကြရကုန်၏။

တယော မဟာဘူတေ၊ သုံးပါးကုန်သော မဟာဘုတ်တို့ကို။ ပဋိစ္စ၊ မှီတွယ်စွဲကပ်၍။ ဧကော မဟာဘူတော၊ တပါးသော မဟာဘုတ်သည်။ ပဝတ္တတိ၊ ဖြစ်ရ၏။

ဒွေ မဟာဘူတေ၊ နှစ်ပါးကုန်သော မဟာဘုတ်တို့ကို။ ပဋိစ္စ၊ မှီတွယ်စွဲကပ်၍။ ဒွေ မဟာဘူတာ၊ နှစ်ပါးကုန်သော မဟာဘုတ်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကြရကုန်၏။

---

၁။ ပဋ္ဌာန်းပါဠိတော်၊ ပဌမတွဲ၊ ကုသလတိက်၊ ပဋိစ္စဝါရ၊ နှာ-၁၉။

## ဥပါဒါရုပ်

ဥပါဒါရုပ်တို့သည်လည်း ထိုဓာတ်ကြီး ၄-ပါးတို့ကိုပင် အမှီသဟဲ အစွဲပြု၍ ဖြစ်ကြရကုန်၏။ ဥပမာကို ပြဆိုသည်ရှိသော် ဓာတ်ကြီး ၄-ပါးသည် မီးတောက်နှင့်တူ၏။ ဥပါဒါရုပ်တို့သည် မီးရောင်နှင့် တူကုန်၏။ မီးရောင်တို့မည်သည် မီးတောက်နှင့် ကင်း၍ မဖြစ်နိုင်ကြကုန်။ မီးတောက်ကိုသာ စွဲ၍ ဖြစ်ရလေကုန်၏။

ထိုနည်းအတူ ဥပါဒါရုပ်တို့သည် ဓာတ်ကြီး ၄-ပါးနှင့်ကင်း၍ မဖြစ်နိုင်ကြကုန်။ ထိုဓာတ်ကြီး ၄-ပါးကိုသာ အမှီသဟဲ အစွဲပြု၍ အတူတကွ ဖြစ်ကြရလေကုန်၏။

ထို့ကြောင့် ရှုကြည့်ရန် ရုပ်ကမ္မဋ္ဌာန်းကို ပြဆိုရာ၌ ထိုဥပါဒါရုပ်တို့ကို ပြဆိုဘွယ် မရှိကုန်ပြီ။ ဝိပဿနာယောဂီ ပုဂ္ဂိုလ်တို့သည်လည်း ထိုဥပါဒါရုပ်တို့ကို အထူးမှတ်ဘွယ် မရှိကုန်ပြီ။ ထိုဓာတ်ကြီး ၄-ပါးတို့၏ သဘာဝဓမ္မကိုသာ နေရာတကျ ထင်မြင်အောင် အားထုတ်ဘို့သာ ရှိကုန်၏။ ထိုဥပါဒါရုပ်တို့၏ သဘာဝဓမ္မကို သိမြင်အောင် အားထုတ်နိုင်လျှင်လည်း ကောင်းလှကုန်၏။ ဓာတ်ကြီး ၄-ပါးတို့၏ ဖြစ်ပျက်မှုကိုမြင်လျှင် ဥပါဒါရုပ်တို့၏ ဖြစ်ပျက်မှုကိုလည်း မြင်လေကုန်တော့၏။ ထို့ကြောင့် ဓာတ်ကြီး ၄-ပါးတို့၏ သဘာဝဓမ္မကိုသာ နေရာတကျ ထင်မြင်နိုင်အောင် ပြဆိုပေအံ့။

**ဥပါဒါရုပ် ၂-မျိုး။** ။ထိုဓာတ်ကြီး ၄-ပါးဖြစ်ပေါ်လျှင် အမြဲဖြစ်ပေါ်သော ဥပါဒါရုပ်လည်း တမျိုး။ အမြဲ မဖြစ်ပေါ်သော ဥပါဒါရုပ်လည်း တမျိုးဟူ၍ နှစ်မျိုးရှိပြန်၏။

**အမြဲဖြစ်ပေါ်သော ဥပါဒါရုပ်။** ။ထိုတွင် အမြဲဖြစ်ပေါ်သော ဥပါဒါရုပ်တို့ကား ဝဏ္ဏ ဂန္ဓ ရသ ဩဇာ၊ ဤ ၄-ပါးတို့ပေတည်း။ ဝဏ္ဏကား အဆင်း၊ ဂန္ဓကား အနံ့၊ ရသကား အရသာ၊ ဩဇာကား ဓာတ်ဆီ။ ဤသို့မှတ်။ ဤဥပါဒါရုပ်လေးပါးတို့သည် ထိုဓာတ်ကြီး ၄-ပါးတို့နှင့် အတူတကွ အမြဲဖြစ်ကြကုန်၏။

**အကြောင်းအားလျော်စွာ ရံခါ ဖြစ်ပေါ်သော ဥပါဒါရုပ်** ဤမှ ကြွင်းသောဥပါဒါရုပ်တို့သည်လည်း အကြောင်းအားလျော်စွာ ထိုဓာတ်ကြီး ၄-ပါးတို့နှင့်သာ အတူတကွ ဖြစ်ကြလေကုန်၏။ ထို့ကြောင့် ပဋ္ဌာန်းပါဠိတော်၌[၁]—

မဟာဘူတေ ပဋိစ္စ ဥပါဒါရူပံ—

ဟူ၍ ဟောတော်မူ၏။

မဟာဘူတေ၊ မဟာဘုတ်ကြီး ၄-ပါးတို့ကို။ ပဋိစ္စ၊ အမှီသဟဲ အစွဲပြု၍။ ဥပါဒါရူပံ၊ ဥပါဒါရုပ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

**အဝိနိဗ္ဘောဂရုပ် ၈-ပါး။** ။ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ပေါင်း ရှစ်ပါး။ ဤရုပ်ရှစ်ပါးတို့သည် တပါးစီခွဲ၍ မဖြစ်နိုင်ကြကုန်၊ တပေါင်းတည်း ရောနှော၍ အတူတကွ ဖြစ်ကြကုန်၏။ ဤရုပ်ရှစ်ပါးကို **အဝိနိဗ္ဘောဂရုပ်** ဟူ၍လည်း ခေါ်၏၊ **အဋ္ဌကလာပ်ရုပ်** ဟူ၍လည်း ခေါ်၏။ ပရမတ်ဓာတ်ခဲ တခုဟုမှတ်။

ဓာတ်ခဲပင်ဆိုသော်လည်း အထည်ဒြပ်သဏ္ဌာန်ရှိသော အခဲမျိုးမဟုတ်၊ ပရမတ်သဘောတွေ တပေါင်းတည်း ရောနှော၍

၁။ ပဋ္ဌာန်းပါဠိတော်၊ ပဌမတွဲ၊ ကုသလတိက်၊ ပဋိစ္စဝါရ၊ နှာ-၁၉။

နေသောကြောင့် ပရမတ်ဓာတ်ခဲဟု ခေါ်ဆိုရသည်။ ဒြပ်သဏ္ဌာန် အထည်ဝတ္ထုဟူ၍ အဏုမြူမျှမရှိ၊ သဘောလုံး သဘောခဲမျှသာဖြစ်၏။ သဘောတို့မည်သည် အထည်ဒြပ်သဏ္ဌာန် ရှိကောင်းသော အမျိုးမဟုတ်ကုန်၊ ထို့ကြောင့် ဤရွေ့ ဤမျှလောက် ရှိသည်ဟု နှိုင်းတုစရာ ဥပမာကို မပြနိုင်ပြီ။

**ပရမတ်မှ ဒြပ်ဖြစ်လာပုံ။** ။ထိုပရမတ် ဓာတ်ခဲသည် သိန်းသောင်း မက ပေါင်းစုမိသည် ရှိသော် အဏုမြူခန့်ပမာ ဒြပ်သဏ္ဌာန်ဖြစ်ပေါ်လာ၏။ ထိုထက်တဘန် များစွာ ပေါင်းစုမိပြန်သည် ရှိသော် နှမ်းလုံးခန့်ပမာ ဒြပ်သဏ္ဌာန်ဖြစ်ပေါ်လာ၏။ ထို့ထက်တဘန် များစွာပေါင်းစုမိပြန်သည်ရှိသော် ကွမ်းသီးလုံးခန့်ပမာ ဒြပ်သဏ္ဌာန်ဖြစ်ပေါ်လာ၏။ ထို့ထက်တဘန် များစွာပေါင်းစုမိပြန်သည် ရှိသော် ခြေလက်ခန့်ပမာ ဒြပ်သဏ္ဌာန်ဖြစ်ပေါ်လာ၏။ ထို့ထက်တဘန် များစွာ ပေါင်းစုမိပြန်သည် ရှိသော် ကိုယ်လုံးခန့်ပမာ ဒြပ်သဏ္ဌာန်ဖြစ်ပေါ်လာ၏။ ထို့ထက်တဘန် များစွာပေါင်းစုမိပြန်သည်ရှိသော် ဆင်ကိုယ်လုံးခန့်ပမာ ဒြပ်သဏ္ဌာန် ဖြစ်ပေါ်လာ၏။ ထို့ထက်တဘန် များစွာ ပေါင်းစုမိပြန်သည် ရှိသော် တောင်လုံးခန့်ပမာ ဒြပ်သဏ္ဌာန်ဖြစ်ပေါ်လာ၏။ ထို့ထက်တဘန် များစွာပေါင်းစုမိပြန်သည်ရှိသော် မဟာပထဝီမြေကြီးခန့်ပမာ ဖြစ်ပေါ်လာ၏။ ထို့ထက်တဘန် များစွာပေါင်းစုမိပြန်သည် ရှိသော် စကြဝဠာအနန္တ လောကသုံးပါး ထင်ရှားဖြစ်ပေါ်လာကုန်၏။

**ဒြပ်မရှိ ဓာတ်သာ ရှိပုံ။** ။မူလရင်း ပရမတ်ဓာတ်ခဲက ဒြပ်သဏ္ဌာန် မရှိခဲ့ပါလျှင် ဤကဲ့သို့ မဖြစ်နိုင်ရာ။ ဒြပ်သဏ္ဌာန် ရှိသောကြောင့်သာ ဤကဲ့သို့ဖြစ်နိုင်

သည်ဟု ဆိုရန်ရှိ၏။ မဆိုလင့်။ သတ္တဝါတို့၏မျက်မြင် စိတ်ထင် အားဖြင့်သာ ဒြပ်သဏ္ဌာန်ကြီးဟု မှတ်ထင်ကြရကုန်၏။ စင်စစ် ကေန် အမှန်အားဖြင့် ဒြပ်သဏ္ဌာန် အထည်ဝတ္ထုဟူ၍ အကျုံးမျှမရှိ၊ သဘောတုံးကြီး သဘောခဲကြီးမျှသာ ဖြစ်ကုန်၏။

မာခြင်း လက္ခဏာရှိသော ပထဝီဓာတ် လွန်ကဲသောရုပ်ဖြစ်၍ သဘောအားလျော်စွာ မာ၍နေ၏၊ မာ၍ နေသော်လည်း အထည်ဒြပ် သဏ္ဌာန်ရှိသော သဘောမျိုးမဟုတ်၊ မီးသည် ပူသောသဘော ရှိသောကြောင့် ဘယ်အခါမဆို ပူ၍နေ၏။ ထိုနည်းအတူ ပထဝီဓာတ်သည် မာသောသဘောရှိသောကြောင့် ဘယ်အခါမဆို မာ၍နေ၏။

မာ၍နေသော်လည်း အမြဲတည်နေသည်မဟုတ်၊ ခဏမစဲ တသဲသဲ ဖြစ်ပျက်၍ နေကြကုန်၏။ ဖြစ်ပျက်၍ နေသော်လည်း မြစ်ရေအယဉ်ကဲ့သို့ အစဉ်မပြတ် ဖြစ်၍နေသောကြောင့် သတ္တဝါတို့သည် ဒြပ်သဏ္ဌာန်ကြီးဟု မှတ်ထင်ကြရလေကုန်၏။

စင်စစ်မှာမူကား ဒြပ်သဏ္ဌာန် မရှိ၊ သဘောမျှသာ ရှိကြကုန်၏။ သဘောမျှသာ ရှိကြကုန်သော ဓာတ်ကြီး ၄-ပါးတို့တွင် ပထဝီဓာတ် လွန်ကဲသည် ရှိသော် အထည်ဒြပ်သဏ္ဌာန် ထင်ရှားဖြစ်ပေါ်လာ၏။

**အဇ္ဈတ္တသန္တာန်၌ လွန်ကဲသော ဓာတ်ကြီး ၄-ပါး**

အဇ္ဈတ္တသန္တာန်၌ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော - အစရှိကုန်သော ပထဝီဓာတ် နှစ်ဆယ်တို့သည် ပထဝီဓာတ်လွန်ကဲသော ရုပ်တို့ ပေတည်း။

**ဝိပဿနာဒီပနီ ၃—ပ-မ-ဗ-သ-ဝ**

ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ-အစရှိကုန်သော အာပေါဓာတ် တဆဲ့နှစ်ပါးတို့သည် အာပေါဓာတ် လွန်ကဲသော ရုပ်တို့ပေတည်း။

တေဇောဓာတ် ၄-ပါးတို့သည် တေဇောဓာတ် လွန်ကဲသော ရုပ်တို့ပေတည်း။

ဝါယောဓာတ် ခြောက်ပါးတို့သည် ဝါယောဓာတ် လွန်ကဲသော ရုပ်တို့ပေတည်း။

**ဗဟိဒ္ဓသန္တာန်၌ လွန်ကဲသော ဓာတ်ကြီး ၄-ပါး** ဗဟိဒ္ဓ သန္တာန်၌ သံခဲ၊ ကြေးခဲ၊ မြေခဲ၊ ပုလဲ၊ ပတ္တမြား-အစရှိကုန်သော ရုပ်တုံး ရုပ်ခဲ အမျိုးမျိုးတို့သည် ပထဝီဓာတ်လွန်ကဲသော ရုပ်တို့ပေတည်း။

မြစ်ရေ ကန်ရေ အစရှိကုန်သော အရည်အမျိုးမျိုးတို့သည် အာပေါဓာတ်လွန်ကဲသော ရုပ်တို့ပေတည်း။

မီးရောင် နေရောင် ထင်းမီး အစရှိကုန်သော မီးအမျိုးမျိုးတို့သည် တေဇောဓာတ်လွန်ကဲသော ရုပ်တို့ပေတည်း။

အရှေ့လေ အနောက်လေ အစရှိကုန်သော လေအမျိုးမျိုးတို့သည် ဝါယောဓာတ်လွန်ကဲသော ရုပ်တို့ပေတည်း။ ဤသည်တို့ကား မှတ်ရိုး မှတ်စဉ် အချက်တို့ပေတည်း။

စိန္တာမယဉာဏ်ဖြင့် သိမြင်အပ်သော ဓာတ်ကြီး ၄-ပါးတို့၏ သဘောကို ပြဆိုဦးအံ့။

ဤစကြဝဠာ၌ မဟာပထဝီမြေကြီးနှင့်တကွအဆန်းတကြယ် အသွယ်သွယ်ဖြစ်၍ နေကြကုန်သော အမျိုးမျိုးသော ရုပ်တို့သည် ထိုဓာတ်ကြီး ၄-ပါးတို့နှင့်ကင်းသော ရုပ်ဟူ၍ မရှိကုန်ပြီ။

အထည်မဘက် သဘောသက်သက်မျှသာ ရှိကုန်သော ထိုဓာတ်ကြီး ၄-ပါးတို့သည် စကြဝဠာအနန္တတို့၌ အကြီးအကျယ် အဆန်းအပြား များစွာဖြစ်ပွါး၍ နေကြလေကုန်၏။

**အုတ်ချပ်ဥပမာနှင့် ဓာတ်လေးပါးခွဲပုံ။** ။ပရမတ်သဘောရင်းက အခဲမရှိပါဘဲနှင့် အဘယ့်ကြောင့် အတုံးအခဲ ဖြစ်ပေါ်လာသနည်း ဟူမူကား အတုံးအခဲဖြစ်ဟန် သိမြင်ရန် ဥပမာကို ပြဆိုဦးအံ့—

ဖွဲနှင့်မြေမှုန့် နှစ်မျိုးတို့ကို ရေနှင့်ရောနှော၍ အုတ်လုပ်ပြီးလျှင် ဖိုမှာတင်၍ မီးရှို့လေ၏။ ထိုအုတ်တို့ကို ပြုလုပ်ကြရာ၌ မြေတမျိုးတည်းနှင့်လည်း မဖြစ်နိုင်၊ ရေတမျိုးတည်းနှင့်လည်း မဖြစ်နိုင်၊ လေးပါးလုံး စုံညီမှသာလျှင် ဖြစ်နိုင်လေကုန်၏။ ဤကား ဥပမာ။ ။ဤဥပမာ၌ ပထဝီဓာတ်သည် မြေမှုန့်နှင့်တူ၏၊ အာပေါဓာတ်သည် ရေနှင့်တူ၏၊ တေဇောဓာတ်သည် မီးနှင့်တူ၏၊ ဝါယောဓာတ်သည် ဖွဲနှင့်တူ၏။ ။ထိုအုတ်တို့ကို ပြုလုပ်ကြရာ၌ အမာခံဝတ္ထုကား မြေမှုန့်ကလေးတခုသာရှိ၏။ ထိုမြေမှုန့်ကလေးတခုကို အပ်ဖျားနှင့်တို့၍ကြည့်ခဲ့လျှင် အလွန်သေးငယ်၏၊ ထိုသေးငယ်သောမြေမှုန့်ကလေးတွေကို ဖွဲ ရေတို့နှင့် လျော်အောင်ရောနှော၍ များစွာသောအုတ်ချပ်တို့ကို ပြုလုပ်ကြပြီးလျှင် အုတ်တိုက်အမျိုးမျိုး ပြုလုပ်ကြကုန်၏၊ ထိုအုတ်တိုက်ကြီးတို့၌ အမာခံအထည်ဝတ္ထုကား မြေမှုန့်ကလေးတခုသာရှိ၏။ ထိုနည်းအတူ ပရမတ်ဓာတ်ခဲတွေ များစွာပေါင်းစုမိသည်ရှိသော် မဟာပထဝီမြေကြီးနှင့်တကွ တော တောင် သမုဒ္ဒရာစသော ရုပ်တုံး ရုပ်ခဲ အမျိုးမျိုးတို့သည် ဖြစ်ပေါ်လာကုန်၏။ ထိုရုပ်အမျိုးမျိုးတို့၌ အပြော့ အမာ အာကာသခြားပုံကို ပြဆိုလတ္တံ့သော ဥပမာနှင့်တကွ သိမြင်အပ်၏။

ဥပမာကား။ ။ကုလားတို့ ပြုလုပ်ကြသော အုတ်သည် အာကာသ စိပ်သောကြောင့် မာ၏။ မြန်မာတို့ ပြုလုပ်ကြသော အုတ်သည် အာကာသကျဲသောကြောင့် ပြော့၏။ တခုသော အုတ်ချပ်၌ မြေမှုန့်ကလေး တခုနှင့်တခုအကြားမှာ အာကာသ ခြား၍ ခြား၍ နေသကဲ့သို့ ထို့အတူ အလုံးစုံသော ရုပ်တုံး ရုပ်ခဲ တို့၌ ပရမတ်ဓာတ်ခဲ တခုနှင့် တခုအကြားမှာ အာကာသခြား၍ ခြား၍ နေကြကုန်၏။

သစ်သားချင်းပင်တူသော်လည်း သစ်ရာ အင်ကြင်း ပျဉ်း ကတိုးခေါ်သော အသားတို့သည် အာကာသစိပ်သောကြောင့် မာကုန်၏။

ထို့ထက် အာကာသစိပ်သော ပျဉ်းနှစ် ရှားနှစ် မန်းကျည်း နှစ်စသည်တို့သည် အလွန်မာကုန်၏။ ထို့ထက် အာကာသစိပ် သော သံတုံး ကျောက်တုံး ကြေးတုံး စသည်တို့သည် အလွန် မာကုန်၏။

ခဲပြား သွတ်ပြား စသည်တို့သည် အာကာသပင် စိပ်သော် လည်း ပထဝီဓာတ်နုန့်သောကြောင့် ပြော့ကုန်၏။ ထို့ကြောင့် မာသောအထည်ဝတ္ထုတို့ကို အာကာသစိပ်၍ ပထဝီဓာတ် လွန် ကဲသောကြောင့် မာသည်ဟု မှတ်။

လက်ပံသား ကြက်ဆူသား နဘဲသား စသည်တို့သည် အာကာသကျဲသောကြောင့် ပြော့ကုန်၏။ ထို့ထက် အာကာသ ကျဲသော သဘော်ာပင် ငှက်ပျောပင် စသည်တို့သည် အလွန် ပြော့ကုန်၏။ ထို့ထက် အာကာသကျဲသော မြေစိုင်ခဲ နွံခဲ စသည် တို့သည် အလွန်ပြော့ကုန်၏။

မြေပေါ်၌သော်၎င်း သစ်သားပေါ်၌သော်၎င်း ရေစသော အရည် အမျိုးမျိုးတို့ကို လောင်းသွန်ကြရာ၌ ထိုအာကာသ

အတွင်းသို့ စိမ့်ဝင်၍ သွားကြလေကုန်၏။ စူးဆောက်စသည်တို့ဖြင့် ထွင်းဖောက်ကြရာ ဓား လှံ ခက်ရင်း စသည်တို့ဖြင့် ထိုးခုတ်ကြရာတို့၌ ထိုအာကာသအကြားသို့ ဝင်၍ သွားကြကုန်၏။ ထို့ကြောင့် ကျိုး ပေါက် ပဲ့ရွဲ့၍ သွားကြလေကုန်၏။

ဤသို့ဖြစ်လျှင် အိမ်ပေါ် ကတင်ပေါ် သစ်ပင်ပေါ် စသည်တို့၌ တစုံတခုသောဝတ္ထုတို့ကို တင်ထားကြရာ, လူ နွားစသည်တက်ကြရာတို့၌ ကျိုး ပဲ့၍ သွားကုန်ရာ၏။ အဘယ်ကြောင့် ကျိုးပဲ့၍ မသွားလေကုန်သနည်း ဟူမူကား ခိုင်မာ တောင့်တင်း၍နေသောကြောင့် ကျိုးပဲ့၍ မသွားသည်ဟု ဖြေဆိုလေ။

**ပထဝီဓာတ် လွန်ကဲသောရုပ်။** ။မာမှုကား ပထဝီဓာတ်၏ သဘော၊ တောင့်တင်းမှုကား ဝါယောဓာတ်၏ သဘောဖြစ်ပေသတည်း။ လေအဟုန်ဖြင့် ပင့်ဆောင်၍ ကောင်းကင်သို့ ရောက်နေကြကုန်သော ဖျာသင်ဖြူးစသော ဝတ္ထုတို့သည် ဝါယောဓာတ်တွေ ထောက်ကန်၍ နေသောကြောင့် အောက်သို့မကျဘဲ တည်နေကြလေကုန်၏။

ထိုနည်းအတူ အိမ်ပေါ် ကတင်ပေါ် သစ်ပင်ပေါ် စသည်တို့၌ တစုံတခုသော ဝတ္ထုတို့ကို တင်ထားကြရာ, လူ နွားစသည်တို့ တက်ကြရာတို့၌ ထိုသစ်သား၌ ရှိသော ဝါယောဓာတ်တွေ ထောက်ကန်၍ နေသောကြောင့်၎င်း, ပထဝီဓာတ်တွေ မာ၍နေသောကြောင့်၎င်း မကျိုးမပေါက် အောက်သို့မကျဘဲ တည်၍နေလေကုန်၏။

တုံးပေါ် တိုင်ပေါ် မြေပေါ် စသည်တို့၌ သွားလာနေထိုင်ကြရာ၌လည်း ထိုမြေ၌ရှိသော ပထဝီဓာတ် ဝါယောဓာတ်တွေ ခိုင်မာ ထောက်ကန်၍ နေသောကြောင့် မကျိုး မပေါက် အောက်သို့မကျဘဲ တည်၍နေလေကုန်၏။

ကြိမ်ပင် နွယ်ပင် အစရှိသည်တို့သည် အာပေါဓာတ် အဖွဲ့အစေး ကောင်းသောကြောင့် ပြောင်ပြောင်းလေကုန်၏။ ထိုကြိမ်ပင် နွယ်ပင်တို့ဖြင့် ချည်တုပ်ကြရာ, ဆွဲငင်ကြရာတို့၌ ထိုကြိမ်ပင် နွယ်ပင်တို့၌ရှိသော အာပေါဓာတ်, ဝါယောဓာတ်တွေဖွဲ့စေး ထောက်ကန်၍ နေသောကြောင့် မပြတ်ဘဲ ပျဉ်းတွယ်၍နေလေကုန်၏။

ကြိုးအမျိုးမျိုး လျှော်အမျိုးမျိုး တို့ဖြင့် ချည်တုပ်ကြရာ, ဆွဲငင်ကြရာတို့၌ မပြတ်ဘဲ ပျဉ်းတွယ်၍နေမှုကို ထိုနည်းအတူသိမြင်လေ။ ဤသည်တို့ကား ထင်ရှားသောဓာတ်ကို ပဓာနပြု၍ပြဆိုလိုက်သည်။

စင်စင်မှာမူကား ထိုဓာတ်ကြီး ၄-ပါးတို့ အချင်းချင်းကျေးဇူးပြုကြသောကြောင့် ခိုင်မာတောင့်တင်း၍ ပျဉ်းတွယ်လျက် မကျိုးမပြတ်ဘဲ နေကြလေကုန်၏။ ဤသည်တို့ကားပထဝီဓာတ်လွန်ကဲသော ရုပ်၏သဘာဝကို နေရာတကျသိမှတ်ရန်ပြဆိုချက်တို့ပေတည်း။

**အာပေါဓာတ်လွန်ကဲသောရုပ်။** ။အာပေါဓာတ် လွန်ကဲသောရုပ်တို့တွင် ပထဝီဓာတ်လွန်ကဲသည်ရှိသော် ပျစ်ကုန်၏။ ပထဝီဓာတ်နုန့်သည်ရှိသော် ကျဲကုန်၏။ ဥပမာကား ဆန်မှုန့်တို့ကို ရေနှင့်ဖျော်ရာ၌ ဆန်မှုန့်များလျှင် ပျစ်၏၊ ဆန်မှုန့်နည်းလျှင် ကျဲ၏။ ထိုနည်းအတူ ပထဝီဓာတ်သည် ဆန်မှုန့်နှင့် တူ၏။ အာပေါဓာတ်သည် ရေနှင့်တူ၏။

တွင်းရေ ကန်ရေ အုန်းရေ စသည်တို့သည် ပထဝီဓာတ်နုန့်သောကြောင့် အလွန်ကျဲကုန်၏။ ထို့ထက် ပထဝီဓာတ်လွန်ကဲသော ပျားရည် တင်လဲရည် စသည်တို့သည် ပျစ်ကုန်၏။ ထို့ထက်

ပထဝီဓာတ် လွန်ကဲသော ရွှံ့ခဲ ဖယောင်းခဲ စသည်တို့သည် ပြော့ကုန်၏။ ။ဤကား အာပေါဓာတ် လွန်ကဲသောရုပ်ကို ပြဆိုချက်တည်း။

**တေဇောဓာတ်လွန်ကဲသောရုပ်။** ။တေဇောဓာတ်လွန်ကဲသော ရုပ်တို့တွင် ပထဝီဓာတ်လွန်ကဲလျှင် ဒြပ်သဏ္ဍာန် ထင်ရှားဖြစ်ပေါ်လာ၏။ ပထဝီဓာတ် နုန့်လျှင် ဒြပ်သဏ္ဍာန် မပေါ်လာတော့ပြီ။ မီးတောက်မီးလျှံ စသည်တို့သည် ပထဝီဓာတ် လွန်ကဲသောကြောင့် ဒြပ်သဏ္ဍာန် ဖြစ်ပေါ်လာကုန်၏။ မီးရှိန် နေရှိန် မီးရောင် နေရောင် စသည် တို့သည် ပထဝီဓာတ်နုန့်သောကြောင့် ဒြပ်သဏ္ဍာန် မပေါ်လာ ကုန်တော့ပြီ။အဆင်းသာပေါ်လာတော့၏။ ထိုအဆင်းကိုမြင်ရ သဖြင့် အဆင်းသည် မိမိတပါးတည်း မဖြစ်နိုင်သောကြောင့် ဓာတ်ကြီး ၄-ပါးနှင့်တကွ အကြွင်းရုပ်ကိုလည်း မြင်အပ်၏။

ဖလ်ရောင် မှန်ရောင် စိန်ရောင် မြရောင် အစရှိကုန်သော အလင်းရောင် အမိုက်မှောင် ဟူသော အရောင်အမျိုးမျိုးတို့ ကိုလည်း ထိုနည်းအတူ သိမြင်လေ။

မြေပေါ်မှာ အလင်းရောင် အမိုက်မှောင် မရှိသော အရပ် ဩကာသဟူ၍ အကျုံးမျှ မရှိကုန်ပြီ။ ထိုအလင်းရောင် အမိုက် မှောင်တည်းဟူသော အဆင်းဝဏ္ဏရုပ်တို့သည် အဋ္ဌကလာပ် တည်းဟူသော ရုပ်စု ရုပ်ခဲတို့သာ ဖြစ်ကြကုန်၏။ ထို့ကြောင့် ရုပ်မရှိသောအရပ်ဩကာသဟူ၍ အကျုံးမျှ မရှိကြကုန်ပြီ။နေရာတိုင်း အရပ်တိုင်းမှာပင် ရုပ်ရှိလေကုန်၏။

ဥပမာကား—ဆောင်းလရာသီ နံနက်စောစော နှင်းကြီး ကျသောအခါ၌ လူ နွား ကြက် ငှက်စသော မြေပေါ်ရှိသတ္တဝါ

တို့သည် ထိုနှင်းထဲသို့ တိုးဝှေ၍ သွားကြရကုန်သကဲ့သို့ ထိုနည်းအတူ မြေပေါ်ရှိသတ္တဝါတို့သည် ထိုရုပ်တွေကို တိုးဝှေ၍ သွားလာနေထိုင်ကြကုန်၏။

ထို့ကြောင့် နေပူ၌ သွားလာနေထိုင်ကြသည့်အခါ ထိုနေပူ၌ရှိသော တေဇောဓာတ်တွေနှင့် တွေ့ထိကြသောကြောင့် ပူသည်ဟု သိကြရကုန်၏၊ အရိပ်တွင်း၌ သွားလာနေထိုင်ကြသည့်အခါ ထိုအရိပ်၌ ရှိသော တေဇောဓာတ် တွေနှင့် တွေ့ထိကြသောကြောင့် အေးသည်ဟု သိကြရကုန်၏။ ပူခြင်း အေးခြင်းသဘောသည် တေဇောဓာတ်၏ သဘောပေတည်း။

ရွှေလရောင် အမိုက်မှောင်တို့၌ရင်း, အိမ်ခန်း တိုက်ခန်းစသည်တို့၌ရင်း သွားလာ နေထိုင်ကြသည့်အခါ အေးသည်ဟု သိကြရာတို့၌ ထိုနည်းအတူ သိမြင်ကြလေ။

ကိုယ်သန္တာန်မှာ ပူသည် အေးသည်ဟု သိရာ၌ အဇ္ဈတ္တတေဇောဓာတ် ဗဟိဒ္ဓတေဇောဓာတ်တို့နှင့် တွေ့ထိသောကြောင့် ဝေဒနာဖြစ်ပေါ်၍ ပူသည် အေးသည်ဟု သိရပေသတည်း။ ဤကား တေဇောဓာတ် လွန်ကဲသောရုပ်ကို ပြဆိုချက်တည်း။

**ဝါယောဓာတ်လွန်ကဲသောရုပ်။** ။ဝါယောဓာတ် လွန်ကဲသောရုပ်တို့တွင် ဥဏှတေဇောဓာတ် လွန်ကဲသော် ပူ၏၊ နုန့်သော် အေး၏။ လေပူတို့သည် ဥဏှတေဇောဓာတ်လွန်ကဲသောကြောင့် ပူကုန်၏။ လေအေးတို့သည် ဥဏှတေဇောဓာတ် နုန့်သောကြောင့် အေးကုန်၏။

မြေပေါ်၌အမြဲတိုက်၍ နေသော လေတို့သည် အဝေးက လာသည် မဟုတ်ကုန်။ ဤနေရာ၌ ရှိသောလေတို့သည် ဤနေရာမှာဖြစ်ကြကုန်၏၊ ထိုနေရာ၌ရှိသောလေတို့သည် ထိုနေရာမှာပင်

ဖြစ်ကြကုန်၏။ ပြဆိုခဲ့ပြီးသည့်အတိုင်း အဌကလာပ်ရုပ်တို့သည် စကြဝဠာတတိုက်လုံး အပြည့်ရှိကုန်၏၊ လေတို့သည် ထိုအဌကလာပ်ရုပ်တို့မှ ဖြစ်ပွါးကြကုန်၏။ ဝါယောဓာတ်လွန်ကဲသော အဌကလာပ်ရုပ် ဖြစ်ပေါ်လာမှုသာဖြစ်၏။ ထိုလေကို အလိုရှိသောအခါ ယပ်စသည်တို့နှင့် ရမ်းခတ်လိုက်သည်ရှိသော် လေဖြစ်ပေါ်လာ၏။ လောကမှာ လေလာသည် လေဝင်သည်ဟု မှတ်ထင်ကြကုန်၏၊ မမှတ်ထင်ကြလင့်။ ဤနေရာ၌ ရှိသောလေသည် ဤနေရာ၌ရှိသော ရုပ်ကလာပ်တို့မှ ဖြစ်ပေါ်လာ၏။ ထိုနေရာ၌ရှိသော လေသည် ထိုနေရာ၌ ရှိသော ရုပ်ကလာပ်တို့မှ ဖြစ်ပေါ်လာ၏၊ တခြားက လာသည်မဟုတ်။

အဘိဓမ္မာ သဘောတို့ မည်သည် ဤနေရာမှ ထိုနေရာသို့ ပြောင်းရွှေ့နိုင်သည် မဟုတ်ကုန်။ ဝါယောဓာတ်သည် ထောက်ကန်ခြင်း သဘောရှိသောကြောင့် အဆင့်ဆင့် ကန်၍ ကန်၍ သွား၏၊ လာ၏။ ဤကဲ့သို့ ဝါယောဓာတ်တွေ အဆင့်ဆင့်ဖြစ်၍ ဖြစ်၍ အဆင့်ဆင့်ကန်၍ လာသည် သွားသည်ကို လေလာသည် လေသွားသည်ဟု မှတ်ထင်ကြကုန်၏။ ။ဤကား ဝါယောဓာတ် လွန်ကဲသောရုပ်ကို ပြဆိုချက်တည်း။

ဓာတ်ကြီး ၄-ပါး ရုပ်တရား၏သဘောကို ပြဆိုခန်းပြီး၏။

## ၇-ကမ္မဇရုပ်ကို ပြဆိုခန်း

**အကြောင်းတရား ၄-ပါး။** ။ကံ, စိတ်, ဥတု, အာဟာရ၊ ပေါင်း ၄-ပါး။ ဤ ၄-ပါးတို့သည် ရုပ်ကို ဖြစ်စေတတ်ကုန်၏။

ကံကြောင့်ဖြစ်သော ရုပ်ကို **ကမ္မဇရုပ်**ဟု ခေါ်၏။

စိတ်ကြောင့်ဖြစ်သော ရုပ်ကို **စိတ္တဇရုပ်**ဟု ခေါ်၏။

ဥတုကြောင့် ဖြစ်သောရုပ်ကို **ဥတုဇရုပ်**ဟု ခေါ်၏။

အာဟာရကြောင့် ဖြစ်သော ရုပ်ကို **အာဟာရဇရုပ်**ဟု ခေါ်၏။

ထိုတွင် ကမ္မဇရုပ်ကို ရှေးဦးစွာ ပြဆိုပေအံ့။

**ရုပ်ကိုဖြစ်စေသည့်ကံ။** ။ကမ္မံ နာမ ကုသလာ’ ကုသလစေတနာ။ ဝိသုဒ္ဓိမဂ်[၁]။

**ကမ္မံ** နာမ၊ ကံမည်သည်ကား။ ကုသလာကုသလစေတနာ၊ ကုသိုလ် အကုသိုလ်စေတနာသည်။ ဟောတိ၊ ဖြစ်၏။

ကုသိုလ်စေတနာသည် ကုသိုလ်ကံ မည်၏။ အကုသိုလ် စေတနာသည် အကုသိုလ်ကံမည်၏။ ဤကုသိုလ်ကံ အကုသိုလ် ကံတို့သည် ကမ္မဇရုပ်တို့ကို ဖြစ်စေတတ်ကုန်၏။

နာနာက္ခဏိကာ ကုသလာ စေတနာ ဝိပါကာနံ
ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။
ပဋ္ဌာန်းပါဠိတော်[၂]။

နာနာက္ခဏိကာ၊ အထူးထူးသော ခဏ၌ ဖြစ်ပြီးသော။ ကုသလာ စေတနာ၊ ကုသိုလ်စေတနာသည်။ ဝိပါကာနံ၊ ဝိပါက်

---

၁။ ဝိသုဒ္ဓိမဂ်၊ ဒုတိယတွဲ၊ ရူပနိဗ္ဗတ္တိပဿနာကာရ၊ နှာ-၂၄၉။

၂-၂။ ပဋ္ဌာန်းပါဠိတော်၊ ပဌမတွဲ၊ ကုသလတိက်၊ ပဥ္စာဝါရ၊ နှာ-၁၅၄။

ဖြစ်ကုန်သော။ ခန္ဓာနဉ္စ၊ နာမက္ခန္ဓာတို့အားရင်း။ ကဋတ္တာ စ ရူပါနံ၊ ကံကြောင့်ဖြစ်သော ရုပ်တို့အားရင်း။ ကမ္မပစ္စယေန၊ ကမ္မပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဖြစ်ပြီးသော ရှေးအတိတ်ဘဝက ကုသိုလ်ကံသည် ကုသလဝိပါက်နာမက္ခန္ဓာတို့ကိုရင်း, ကမ္မဇရုပ်တို့ကိုရင်း ဖြစ်ပေါ်ခွင့်ရသည့်အခါ ဖြစ်ပေါ်စေ၏။

နာနာက္ခဏိကာ အကုသလာ စေတနာ ဝိပါကာနံ
ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။
ပဋ္ဌာန်းပါဠိတော်၂။

ဖြစ်ပြီးသော ရှေးအတိတ်ဘဝ အကုသိုလ်ကံသည် ဖြစ်ပေါ်ခွင့် ရသည့်အခါ အကုသလဝိပါက် နာမက္ခန္ဓာတို့ကိုရင်း, ကမ္မဇရုပ်တို့ကိုရင်း ဖြစ်စေ၏။

ရှေးရှေးဘဝက ပြုခဲ့သော ကုသိုလ်ကံတို့ကြောင့် ဤလူ့ဘုံမှာ လူဖြစ်ကြရကုန်၏။ ဤဘဝ၌ပြုပြီးသော ကုသိုလ်ကံတို့သည် ဖြစ်ခွင့်ရသည့်အခါ သုဂတိဘုံတို့၌ လူနတ်ဖြစ်ကြရကုန်လတ္တံ့။ ထိုနည်းအတူ ပြုပြီးသော အကုသိုလ်ကံတို့သည်လည်း ဖြစ်ခွင့်ရသည့်အခါ အပါယ်လေးဘုံတို့၌ ဖြစ်ကြရကုန်လတ္တံ့။ အလုံးစုံသော သတ္တဝါတို့သည် ကုသိုလ်ကံ အကုသိုလ်ကံတို့ အတွက်ကြောင့် သုံးဆဲ့တဘုံတို့၌ ကံအားလျော်စွာ ဖြစ်ကြရကုန်၏။

**သံသရာလည်ပုံ**။ ။ဥပမာကား—**သ**ရက်မျိုးစေ့ ညောင်မျိုးစေ့ စသည်တို့သည် မြေရေတို့နှင့် တွေ့ဆုံမိသည့်အခါ ဖြစ်ပေါ်ခွင့်ရ၍ သရက်ပင် ညောင်ပင် ဖြစ်ပေါ်လာကုန်၏။ ထိုသရက်ပင် ညောင်ပင်တို့**သည်** တဖန် သီးကြပြန်သဖြင့် မျိုးစေ့တွေ ဖြစ်လာပြန်ကုန်၏။ ထိုမျိုးစေ့တို့သည်

ထို့အတူ အပင် ဖြစ်ကြပြန်ကုန်၏။ ဤသို့ ဆက်ကာ ဆက်ကာ ဖြစ်၍နေလေကုန်၏။

ထိုနည်းအတူ ကုသိုလ်ကံ အကုသိုလ်ကံတို့သည် သရက်မျိုးစေ့ ညောင်မျိုးစေ့တို့နှင့် တူကုန်၏။ သတ္တဝါတို့သည် သရက်ပင် ညောင်ပင်တို့နှင့် တူကုန်၏။ ထိုသရက်ပင် ညောင်ပင်တို့ကဲ့သို့ သတ္တဝါတို့သည် ကုသိုလ်ကံ အကုသိုလ်ကံတို့ အတွက်နှင့် သံသရာစက်ရဟတ်၌ မပြတ်ဖြစ်ပျက်၍ နေကြရကုန်၏။

တခုသောဘဝ၌ ကံကြောင့်ဖြစ်သော ရုပ်တို့သည် သေသည်နှင့် တပြိုင်နက် ချုပ်လေကုန်၏။ သေပြီးသည့်နောက် စိတ္တဇရုပ် အာဟာရဇရုပ်တို့သည်လည်း ချုပ်ကြလေကုန်၏။ ဥတုဇရုပ် တခုသာ ကျန်ရှိရစ်လေတော့၏။ ကျန်ရှိရစ်သော ဥတုဇရုပ်ဟူသော လူသေကောင်ကြီးမှာ ကမ္မဇရုပ်တွေ ချုပ်ပျက်၍ သွားခြင်းကြောင့် ကျီးပဲ့၍ နေရစ်သည်ဟူ၍မရှိ။ တွင်းဖြစ်၍ နေရစ်သည်ဟူ၍လည်း မရှိ။ ကမ္မဇရုပ်တို့ကို မျက်စိဖြင့် မမြင်နိုင် ဆိုလိုသည်။ ဉာဏ်မျက်စိနှင့်သာ မြင်နိုင်ရာ၏။

**အင်းကတေရုပ်ကြီးဥပမာနှင့် ကမ္မဇရုပ်** မြင်နိုင်ရန် ဥပမာကား— လူပမာဏရှိသော အင်းကတေရုပ်ကြီးကို ဆီစိမ်သည်ရှိသော် အတွင်းသို့ဝင်သဖြင့် အင်းကတေမှုန့်ကလေးတွေတိုင်း ဆီရွှဲလေ၏။ ဤ ဥပမာ၌ ကမ္မဇရုပ်သည် ဆီနှင့် တူ၏။ ဥတုဇရုပ်သည် အင်းကတေမှုန့်နှင့် တူ၏။ ။ထိုအင်းကတေရုပ်ကြီးကို နေလှမ်းရာ ဆီတွေခန်းခြောက်၍ သွားလေ၏။ ထိုအရုပ်ကြီးမှာ ဆီတွေခန်းခြောက်၍ သွားခြင်းကြောင့် ကျီးပဲ့၍ နေရစ်သည်၊ တွင်းဖြစ်၍နေရစ်သည်ဟူ၍ မရှိသကဲ့သို့ ထိုနည်းအတူ ကမ္မဇရုပ်တွေ ချုပ်ပျက်၍သွားခြင်းကြောင့် ကျီးပဲ့၍

နေရစ်သည်, တွင်းဖြစ်၍ နေရစ်သည် ဟူ၍ မရှိပြီ။ ဤသို့ပင် မနေရစ်သော်လည်း ထိုကမ္မဇရုပ်တွေကို အစွဲပြု၍ ဖြစ်သော စိတ်တွေမဖြစ်လာသည်ကို မြင်ရသဖြင့် ထိုကမ္မဇရုပ်တွေ ချုပ်ပျက်၍ သွားသည်ဟု မြင်နိုင်ရာ၏။ ဗဟိဒ္ဓရုပ် ဖြစ်ပျက်မှုတွေကို မြင်ရသဖြင့် ထိုကမ္မဇရုပ်လည်း ထိုနည်းအတူ ဖြစ်ပျက်၍ နေသည်ဟု မြင်မှတ်ရာ၏။

ကမ္မဇရုပ်ကို ပြဆိုခန်း ပြီး၏။

## ၈-စိတ္တဇရုပ်ကို ပြဆိုခန်း

ရုပ်ကို ဖြစ်စေသည့်စိတ်။ ။စိတ္တစေတသိကာ ဓမ္မာ စိတ္တ-
သမုဋ္ဌာနာနံ ရူပါနံ သဟ-
ဇာတပစ္စယေန ပစ္စယော။ ။ပဋ္ဌာန်းပါဠိတော်[၁]။

စိတ္တစေတသိကာ ဓမ္မာ၊ စိတ် စေတသိက်တရားတို့သည်။ စိတ္တသမုဋ္ဌာနာနံ ရူပါနံ၊ စိတ္တဇရုပ်တို့အား။ သဟဇာတပစ္စယေန၊ သဟဇာတပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

စိတ်သည် ရုပ်ကိုဖြစ်စေတတ်သောစိတ်၊ မဖြစ်စေတတ်သော စိတ် ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် ရုပ်ကိုဖြစ်စေတတ်သော စိတ်သည် မိမိနှင့်အတူ စိတ္တဇရုပ်ကို ဖြစ်စေ၏။

"ယာနိ စေတ္ထ ရူပံ ဇနေန္တိ၊ တာနိ န ဌိတိက္ခဏေ,
န ဘင်္ဂက္ခဏေ ဝါ။ ။ဝိသုဒ္ဓိမဂ်[၂]။

စ၊ ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤစိတ်တို့တွင်။ ယာနိ၊ အကြင် စိတ်တို့သည်။ ရူပံ၊ ရုပ်ကို။ ဇနေန္တိ၊ ဖြစ်စေတတ်ကုန်၏။ တာနိ၊ ထိုစိတ်တို့သည်။ ဌိတိက္ခဏေ ဝါ၊ ဌီခဏ၌လည်း။ န ဇနေန္တိ၊ မဖြစ် စေနိုင်ကုန်။ ဘင်္ဂက္ခဏေ ဝါ၊ ဘင်ခဏ၌လည်း။ န ဇနေန္တိ၊ မဖြစ် စေနိုင်ကုန်။

**အတ္တ ငါ အစွဲပြုတ်နည်း။** ။စိတ်သည် ဥပါဒ် ဌီ ဘင်ဟူသော ခဏငယ် ၃-ချက်တို့တွင် ဥပါဒ် ခဏ၌ပုရေဇာတဝတ္ထုကို မှီ၍စိတ္တဇရုပ်ကို ဖြစ်စေ၏။ ထို့ကြောင့် အိပ်ခြင်း လျောင်းခြင်း ထိုင်ခြင်း ရပ်ခြင်း သွားခြင်း လာခြင်း

---

၁။ ပဋ္ဌာန်းပါဠိတော် ပဌမတွဲ၊ ပစ္စယနိဒ္ဒေသ နှာ-၅။
၂။ ဝိသုဒ္ဓိမဂ်ဋ္ဌ-ဒု၊နှာ-၂၅၀။

ကွေးခြင်း ဆန့်ခြင်း ဆွဲကိုင်ခြင်း စသော ကိုယ်အမူအရာ၊ ရွတ်ဘတ်ခြင်း စကားပြောဟောခြင် ဆဲရေးခြင်း မြည်တမ်းခြင်းစသော နှုတ်အမူအရာတို့သည် အမျိုးမျိုး ဖြစ်လေကုန်၏။ ဤကဲ့သို့ ကိုယ်အမူအရာ နှုတ်အမူအရာ အမျိုးမျိုးဖြစ်၍နေသောကြောင့် သတ္တဝါတို့သည် ငါပြုတတ်သည်၊ ကိုယ်ခံစားသည်၊ အသက်ရှိသည် စသည်ဖြင့် အမျိုးမျိုး မှောက်မှားကြကုန်၏။ စင်စစ်ကေန် အမှန်အားဖြင့် ပြုတတ်သောသူ, ခံစားတတ်သောသူဟူ၍ မရှိ။ ရုပ်သက် နာမ်သက်မှ တပါးသော အသက်ဟူ၍လည်း မရှိ။ စိတ္တဇရုပ်တို့၏အမူအရာမျှသာ ဖြစ်ကုန်၏။

စိတ္တဇရုပ်တို့၏ဖြစ်ဟန် ယောဂီပုဂ္ဂိုလ်၏ဉာဏ်၌ ထင်မြင်ရန် စိန္တာမယဉာဏ်ဖြင့် သိမြင်အပ်သော အချက်ကို ပြဆိုဦးအံ့။

**စိတ္တဇဝါယောဓာတ် ဆန်းကြယ်ပုံ** စိတ္တဇရုပ်မှ ကြွင်းသောရုပ်တို့သည် မိမိတို့အလိုအလျောက်အားဖြင့် ကိုယ်အမူအရာ နှုတ်အမူအရာတို့ကို မပြုနိုင်ကြကုန်။ ဤသို့ပင် မပြုနိုင်ကြကုန်သော်လည်း စိတ္တဇ ဝါယောဓာတ်တွေ ချီဆောင်ပင့်မြှောက်သည့် အတွက်ကြောင့် ထိုစိတ္တဇဝါယောဓာတ်တို့နှင့်အတူ ပါကြရလေကုန်၏။ ဥပမာကား—မီးပုံးပျံ လွှတ်ကြရာ၌ စက္ကူသည် အထက်သို့ ပျံတက်နိုင်သော သဘောမရှိ၊ ဤသို့ပင် မရှိသော်လည်း မီးခိုးအဟုန်ဖြင့် ပင့်ဆောင်ချီးမြှောက်၍ သွားသောကြောင့် အထက်သို့ ပျံတက်လေ၏။

ဤဥပမာ၌ စိတ္တဇဝါယောဓာတ်သည် မီးခိုးအဟုန်နှင့် တူ၏။ ကြွင်းသောရုပ်တို့သည် စက္ကူနှင့် တူကုန်၏။ စိတ္တဇဝါယောဓာတ်တွေ လှုံ့ဆော်သည့် အတွက်ကြောင့် ကြွင်းသောရုပ်တို့သည်လည်း လှုပ်ကြရကုန်၏။ လှုပ်ဆိုသည်ကား ဝါယောဓာတ်အဆင့်ဆင့် ဖြစ်ပွါးမှုပေတည်း။

တခုသော ခဲကို အထက်သို့ မြှောက်ရာ၌ ဝါယောဓာတ်တွေ အဆင့်ဆင့်ဖြစ်ပွါး၍ အထက်သို့ တက်လေ၏။ လောကမှာ လက်၏အဟုန်ကြောင့် အထက်သို့ တက်သည်ဟု မှတ်ထင်ကြကုန်၏။ လက်၏အဟုန်သည် ခဲ၏နောက်သို့ မလိုက်နိုင်။ ခဲ၌ရှိသော ဝါယောဓာတ်တွေကို လက်အဟုန်ဖြင့် ထကြွအောင် လှုံ့ဆော်၍ပေးလိုက်သောကြောင့် ထိုခဲ၌ရှိသော ဝါယောဓာတ်တွေ အဆင့်ဆင့် ဖြစ်ပွါး၍ အထက်သို့တက်လေ၏။ ဖြစ်ခွင့် မရသည့်အခါ အောက်သို့ကျလေ၏၊ တုတ် ဓား စသည်တို့ကို မြှောက်ရာ ပစ်ရာတို့၌ ထိုနည်းအတူ သိမြင်လေ။ စိန်ပြောင်း အမြောက် လောက်လွှဲ လေးဒူး သေနတ် စသည်တို့ဖြင့် ပစ်ခတ်ရာတို့၌လည်း ထိုနည်းအတူ သိမြင်လေ။ ။ဤကား ဗဟိဒ္ဓဝါယောဓာတ် ဆန်းကြယ်ပုံတည်း။

စိတ္တဇဝါယောဓာတ်တို့ကား မြင်ကြသည့်အတိုင်း ထိုထက်ဆန်းကြယ်ကုန်၏၊ လက်ကို အထက်သို့ မြှောက်ရာ၌ စိတ္တဇဝါယောဓာတ်တွေ အဆင့်ဆင့်ဖြစ်ပွါး၍ အထက်သို့ မြှောက်လေ၏၊ ခြေကိုအထက်သို့ မြှောက်ရာ၌ စိတ္တဇဝါယောဓာတ်တွေ အဆင့်ဆင့်ဖြစ်ပွါး၍ အထက်သို့ မြှောက်လေ၏။ တကိုယ်လုံး ခုန်ရာ၌ စိတ္တဇဝါယောဓာတ်တွေ အဆင့်ဆင့် ဖြစ်ပွါး၍ အထက်သို့ မြှောက်လေ၏။ လက်မြှောက်သည်နှင့် တပြိုင်နက် စိတ္တဇရုပ်တွေ ဖြစ်၏။ ဖြစ်ပြီးသည့်နောက် ခဏခြင်း ကွယ်ပျောက်၏၊ ခြေကြွလိုက်သည်နှင့် တပြိုင်နက် စိတ္တဇရုပ်တွေ ဖြစ်၏။ ဖြစ်ပြီးသည့်နောက် ခဏခြင်း ကွယ်ပျောက်၏။ ထိုနည်းအတူ မျက်ခုံးလှုပ်ရာ နှုတ်ခမ်းလှုပ်ရာ ဦးခေါင်းလှုပ်ရာ ကိုယ်လှုပ်ရာ လက်မောင်းလှုပ်ရာ ပေါင်လှုပ်ရာ ခြေလှုပ်ရာ အလုံးစုံသောအင်္ဂါကြီးငယ်တို့ လှုပ်ရာတို့၌ လှုပ်သည်နှင့်တပြိုင်

နက် စိတ္တဇရုပ်တွေ ဖြစ်ပေါ်လာကုန်၏။ ဖြစ်ပြီးသည့်နောက် ခဏခြင်း ကွယ်ပျောက်ကြလေကုန်၏။

စကားပြောဟောသည့်အခါ၌ အသံဖြစ်ပေါ်သည်နှင့်တပြိုင်နက် စိတ္တဇရုပ်တွေ ဖြစ်ပေါ်လာကုန်၏၊ ဖြစ်ပြီးသည့်နောက် ခဏခြင်း ကွယ်ပျောက်ကြလေကုန်၏၊ ရွတ်ဘတ် သရဇ္ဈာယ်သည့်အခါ ဟာစ်အော်ငိုကြွေးသည့်အခါ ဆဲရေးမြည်တမ်းသည့်အခါတို့၌ ထိုနည်းအတူ ရှုကြည့်လေ။

**မီးရထားသွားပုံ ဥပမာနှင့် စိတ္တဇရုပ်ဖြစ်ပုံ** မီးရထားကြီးသည် ရေနွေးအိုးကြီးမှ ဖြစ်လာသော လေအဟုန်၏ အစွမ်းကြောင့် စက်ကိရိယာတို့ လှုပ်ဆော်၍ တဟုန်းဟုန်း ပြေးသွားလေ၏။

ဤဥပမာ၌ စိတ္တဇဝါယောဓာတ်သည် ရေနွေးအိုးကြီးမှ ထွက်သော လေအဟုန်နှင့်တူ၏၊ စကားပြောဟောခြင်းစသော အသံသည် အုတ်သြသံနှင့်တူ၏၊ ကိုယ်လက် အင်္ဂါစသည်တို့ လှုပ်ရှားမှုသည် စက်ကိရိယာတို့ လှုပ်ဆော်မှုနှင့် တူ၏၊ ဤမှ ထိုမှ ပြေးသွားမှုသည် မီးရထားကြီး ပြေးသွားမှုနှင့် တူ၏။

**အတ္တ ငါ အစွဲပြုတ်ခြင်း။** ။ဤသို့ ပြဆိုခဲ့ပြီးသော အဓိပ္ပါယ်တို့ကို တွေ့မြင်ရသဖြင့် ကိုယ်သန္တာန်မှာ ပြုတတ်သောသူ၊ ခံစားတတ်သောသူဟူ၍ မရှိ၊ ရုပ်သက် နာမ်သက်မှ တပါးသော အသက်ဟူ၍ မရှိ၊ စိတ္တဇရုပ်တို့၏ အမူအရာမျှသာ ဖြစ်ကြကုန်သည်ဟု ယုံကြည်လေးမြတ်မှတ်ယူအပ်၏။ ဤသို့ မှတ်ယူပြီး၍ ဝိပဿနာအလုပ်ကို အားထုတ်သဖြင့် မဂ်ဉာဏ်ကိုရ၍ နိဗ္ဗာန်သို့ ရောက်ကြကုန်လတ္တံ့။

စိတ္တဇရုပ်ကို ပြဆိုခန်း ပြီး၏။

**ဝိပဿနာဒီပနီ ၄-ပ-မ-ဗ-သ-စ**

## ၉-အာဟာရဇရုပ်ကို ပြဆိုခန်း

ရုပ်ကိုဖြစ်စေသည့် အာဟာရ။ ။ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရ-

ပစ္စယေန ပစ္စယော။ ။ပဋ္ဌာန်းပါဠိတော်[၁]။

ကဗဠီကာရော အာဟာရော၊ ကဗဠီကာရ အာဟာရသည်။ ဣမဿ ကာယဿ၊ ဤကိုယ်ကြီးအား။ အာဟာရပစ္စယေန၊ အာဟာရပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ကဗဠီကာရအာဟာရဆိုသည်ကား ခဲ၍ ယ်ဘောဇဉ်စသည်တို့ကို ဆိုသည်။ ထို ကဗဠီကာရအာဟာရသည် ခန္ဓာကိုယ်ကြီး၌ အာဟာရဇရုပ်ကို ဖြစ်စေ၏၊ စတုသမုဋ္ဌာနိက ရုပ်ကိုလည်း ထောက်ပံ့၏။

အာဟာရသမုဋ္ဌာနံ နာမ ဥပါဒိန္နံ ကမ္မဇရူပံ ပစ္စယံ
လဘိတွာ တတ္ထ ပတိဋ္ဌာယ ဌာနပ္ပတ္တာယ ဩဇာယ
သမုဋ္ဌာပိတံ ဩဇဋ္ဌမကံ။ ။ဝိသုဒ္ဓိမဂ်[၂]။

အာဟာရသမုဋ္ဌာနံ နာမ၊ အာဟာရကြောင့်ဖြစ်သော ရုပ်မည်သည်ကား။ ဥပါဒိန္နံ၊ ဥပါဒိန္နကဖြစ်သော။ ကမ္မဇရူပံ၊ ကမ္မဇရုပ်တည်းဟူသော။ ပစ္စယံ၊ အကြောင်းအထောက်အပံ့ကို။ လဘိတွာ၊ ရ၍။ တတ္ထ၊ ထိုကမ္မဇရုပ်ဖြစ်သော မဟာဘုတ်၌။ ပတိဋ္ဌာယ၊ တည်သော။ ဌာနပ္ပတ္တာယ၊ (ရုပ်၏) ဌီသို့ရောက်သော။ ဩဇာယ၊ ဩဇာသည်။ ဩဇဋ္ဌမကံ၊ ဩဇာလျှင် ရှစ်ခုမြောက်သောရုပ်ကို။ သမုဋ္ဌာပိတံ၊ ဖြစ်စေအပ်သည်။ ဟောတိ၊ ဖြစ်၏။

---

၁။ ပဋ္ဌာန်းပါဠိတော် ပဌမတွဲ၊ ပစ္စယနိဒ္ဒေသ၊ နှာ-၇။
၂။ ဝိသုဒ္ဓိမဂ်-ဋ္ဌ၊ ဒုတိယတွဲ၊နှာ-၂၅၁။

ထိုကဗဠီကာရအာဟာရသည် ခံတွင်းသို့ သွင်းလိုက်သည့်အခါ ဥပါဒိဏ္ဏကဖြစ်သော ကမ္မဇရုပ်ဟူသော အကြောင်းကိုရ၍ (ရုပ်၏)ဌီသို့ ရောက်သောအခါ အာဟာရဇရုပ်ကို ဖြစ်စေ၏။

**အာဟာရတရားကိုယ်။** ။အာဟာရဟူသည်ကား စင်စစ်အားဖြင့် ရုပ်ကလာပ်၌ပါရှိသော သြဇာဟူသော ဓာတ်ဆီပေတည်း။

**သြဇာအဆီဓာတ် ၂-မျိုး။** ။ဤဓာတ်ဆီသည် အဇ္ဈတ္တ ဓာတ်ဆီ၊ ဗဟိဒ္ဓဓာတ်ဆီဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင် အဇ္ဈတ္တဓာတ်ဆီကား အဇ္ဈတ္တသန္တာန်၌ ဖြစ်သော စတုသမုဋ္ဌာနိကရုပ်၌ ပါရှိသော ဓာတ်ဆီပေတည်း။

ဗဟိဒ္ဓဓာတ်ဆီကား ထမင်း၌ ပါရှိသောဓာတ်ဆီ၊ ဟင်း၌ ပါရှိသောဓာတ်ဆီ၊ မုံ့၌ ပါရှိသောဓာတ်ဆီ အစရှိသည်တည်း။

**အာဟာရကြောင့် ရုပ်ဖြစ်ပုံ။** ။ထိုဓာတ်ဆီသည် အာဟာရဇရုပ်ကလာပ်တို့ကို ဖြစ်စေခြင်းကိစ္စ၊ ကာယဘုံသားတို့၏ စတုသမုဋ္ဌာနိကရုပ်ခန္ဓာကို ထောက်ပံ့မှု ကိစ္စဟူ၍ ၂-ကိစ္စရှိ၏။

အဆီဟူသမျှတို့သည် မီးနှင့် ပေါင်းဘက်ရမှ ပွါးများနိုင်ကုန်၏၊ မီးတို့သည်လည်း အဆီနှင့်ပေါင်းဘက်ရမှ ပွါးများနိုင်ကုန်၏၊ တည်၍ နေနိုင်ကုန်၏။

ထို့ကြောင့် အဆီကို အလိုရှိလျှင် မီးနှင့်ထုတ်၍ ယူကြရကုန်၏။ သစ်သား သစ်ရွက် သစ်သီး သစ်ပွင့်စသော ဓာတ်ခဲအမျိုးမျိုးတို့၏ အဆီကိုယူလိုလျှင် ပေါင်းခံ၍သော်ရင်း ကျိုချက်၍သော်ရင်း မီးနှင့်ထုတ်၍ ယူကြရကုန်၏။

ပဲဆီ နှမ်းဆီ ဝက်ဆီစသည်တို့ကို ကျိုချက်ကြရာ၌ မီးနှင့် ထိသောအခါ တိုးပွါး၍ လာကုန်၏။ ကြာကြာ ကျိုချက်လျှင် ခန်းခြောက်၍ သွားလေကုန်၏။ ထိုနည်းအတူ အဆီတို့ မည်သည် မီးနှင့်ထိလျှင် တိုးပွါး၍လာကုန်၏။ လောင်ဖန်များလျှင် ခန်းခြောက်၍ သွားလေကုန်၏။

ဝက်သားကို ကျိုချက်ကြရာ၌ ဝက်သားမှထွက်သော အဆီတို့သည် မီး၏အဟုန်ကြောင့် ဆူဝေပွံ့တက်ကြသဖြင့် တအိုးလုံး နှံ့လေကုန်၏။ ထိုနည်းအတူ ခဲဘွယ် ဘောဇဉ် ဟင်းလျာစသော မျိုအပ်သော အစာအာဟာရတို့သည် အစာသစ်အိမ်သို့ရောက်၍ ပါစကတေဇောမီးပူ အစွမ်းကြောင့် အရည်တခြား အဖတ်တခြား ဖြစ်လျက် အလုံးစုံ နူးနပ် ကြေမွလေကုန်၏။ အဆီအနှစ်ရှိသော ဩဇာရည်တို့သည် ပါစကတေဇောမီး ဥသ္မာတေဇောမီးတို့၏ အဟုန်ဖြင့် ဆူဝေ၍ ရသာဟရဏီအကြောသို့ အစဉ်လျှောက်သဖြင့် တကိုယ်လုံး ပြန့်နှံ့လေကုန်၏။ အာဟာရဇရုပ်တွေက တကိုယ်လုံး အနှံ့အပြား ဖြစ်ပွါးလေကုန်၏ဟုဆိုလိုသည်။ အဆီအနှစ် နည်းပါးသော အဖတ်ကြမ်းစုသည် ကျင်ကြီးဖြစ်၍ ပါစကတေဇောမီးလေကြောင့် တရွေ့ရွေ့ အောက်သို့ဆင်းသက်၍ ဘင်ဝမှ ထွက်ကြလေ၏။ ထိုကျင်ကြီးကိုပင် ပါစကတေဇောမီးသန်သန်နှင့် တဘန်ကျိုချက်ပြန်သည်ရှိသော် အဆီတွေများစွာ ထွက်သေး၏။ ကျင်ကြီးကို စား၍ နေကြကုန်သော ခွေးဝက်စသည်တို့ကို ကြည့်လေ။

**ပါစကတေဇောမီး။** ။ဤ၌စကားရပ်၌ ပါစကတေဇောမီး ဆိုသည် ကား အစာအာဟာရကို ကျိုချက်သော ကမ္မဇတေဇောမီးပေတည်း။

**ဥသ္မာဓာတ်မီး။** ။ဥသ္မာဓာတ်မီးဆိုသည်ကား တကိုယ်လုံးမှာ နွေးနွေး နွေးနွေးပူ၍ နေသော ပကတိကိုယ် ငွေ့ကြီးဟုဆိုအပ်သော ကမ္မဇဓာတ်မီးပေတည်း။ ဤဥသ္မာ ဓာတ်မီးသည် ထိုပါစကဓာတ်မီး၏ အစီးအပွါးပင်တည်း။ ယောဂီပုဂ္ဂိုလ်၏ဉာဏ်၌ ထင်မြင်ရန် ဥပမာကြံ၍ ပြဆိုဦးအံ့။

**ဓာတ်ရုပ်ပမာ ကိုယ်ခန္ဓာ။** ။ဓာတ်ဆရာ တယောက်သည် လူပမာဏရှိသော ဓာတ်ရုပ်ကြီးကို ပြုလုပ်ရာ၏။ ထိုဓာတ်ရုပ်ကြီး၌ ဗိုက်တွင်းမှာ အခေါင်းကြီး ပြုလုပ်၍ ရေနံဆီအပြည့်ထည့်ပြီးလျှင် မီးတောက်မျိုးမဟုတ် စွဲရုံ လောင်ရုံမျှသာဖြစ်သော ဓာတ်မီးဖြင့် တကိုယ်လုံး ညှိထွန်း ရာ၏။ ဗိုက်တွင်းရှိ ရေနံဆီတို့သည် မီးရှိရာသို့ သွားကြသဖြင့် တကိုယ်လုံး ပြန့်နှံ့လေကုန်၏။ ထိုဓာတ်မီးသည် ထိုရေနံဆီတို့ကို စိစိ စိစိနှင့် လောင်၍နေလေ၏။ ခံတွင်းပေါက်မှ ရေနံဆီထည့်၍ ပေးလျှင် ထိုဓာတ်မီးသည် မပြတ်လောင်၍ နေလေ၏။ ရေနံ ဆီကုန်လျှင် သေလေ၏။ ဤကား ဥပမာ။

ဤဥပမာ၌ အာဟာရသည် ရေနံဆီနှင့် တူ၏၊ ပါစက ဓာတ်မီး ဥသ္မာဓာတ်မီးတို့သည် ထိုဓာတ်မီးနှင့် တူကုန်၏၊ ခန္ဓာကိုယ်ကြီးသည် ဓာတ်ရုပ်ကြီးနှင့်တူ၏။

**လောကယုတ္တိ။** ။ဥသ္မာဓာတ်မီးသည် အစာသစ်အိမ်မှ ဆူဝေ ပြန့်တက် စိမ့်ထွက်၍ တကိုယ်လုံး အနှံ့ သွားကုန်သော အဆီတို့ကို ရောက်ရာ ရောက်ရာမှ စိစိ စိစိနှင့် လောင်၍နေလေ၏။ ဓာတ်ဆီတို့သည် ဓာတ်မီး လောင်တိုင်း လောင်တိုင်း စိစိ စိစိနှင့် အသစ် အသစ် ပွါး၍ နေလေ၏။ လောင်ဖန်များသော် ခန်းခြောက်လေ၏။ ဤကဲ့သို့ ဓာတ်မီးဖြင့်

ဓာတ်ဆီတို့ကို လောင်၍နေသောကြောင့် မပုပ်မသိုးဘဲ နေလေ၏။ လူသေကောင်ကြီးကို မီးနှင့်ကျိုချက်၍ ထားခဲ့လျှင် မပုပ်မသိုးဘဲ နေပြန်သေး၏။ ဤကား လောကယုတ္တိ။

**မသေအောင် စောင့်သော ဓာတ်သုံးပါး** — အမှန်အားဖြင့် ဇီဝိတိန္ဒြေ ၁၊ ဥသ္မာဓာတ်မီး ၁၊ ဝိညာဏ် ၁၊ ဤ ၃-ပါးတို့ စောင့်ရှောက်၍ နေသောကြောင့် မပုပ် မသိုး မသေ မပျောက်ဘဲ အရှင်ကောင် ဖြစ်၍နေလေ၏။ ထို့ကြောင့် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌[၁]—

အာယု ဥသ္မာ စ ဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိမံ။
အပဝိဒ္ဓေါ တဒါ သေတိ၊ ပရဘတ္တံ အစေတနံ—

ဟူ၍ဟောတော်မူ၏။

အာယု စ၊ ဇီဝိတိန္ဒြေသည်၎င်း။ ဥသ္မာ စ၊ ကိုယ်ငွေ့ ဥသ္မာ ဓာတ်မီးသည်၎င်း။ ဝိညာဏဉ္စ၊ ဝိညာဏ်သည်၎င်း။ ဣမေ တယော ဓမ္မာ၊ ဤသုံးပါးသောတရားတို့သည်။ ယဒါ၊ အကြင် အခါ၌။ ဣမံ ကာယံ၊ ဤကိုယ်ကြီးကို။ ဇဟန္တိ၊ စွန့်ပစ်ကြကုန်၏။ တဒါ၊ ထိုအခါ၌။ အပဝိဒ္ဓေါ၊ လူအပေါင်းတို့ စွန့်ပစ်အပ်သည်ဖြစ်၍။ သေတိ၊ သုသာန်တစ သင်းချိုင်းဝ၌ မထဘယ်ခါ အိပ်ရရှာတော့၏။ အစေတနံ၊ စေ့ဆော်လှုပ်ရှားခြင်းလည်း မရှိပြီ။ ပရဘတ္တံ၊ ကျီး, ခွေး, လင်းတ၊ ပိုးလောက် စသား သူတပါးတို့၏၊ စားအိုးစားပွဲ၊ ထမင်းခဲကြီးသာ ဖြစ်ဘိ၏။

အာဟာရဇရုပ်ကို ပြဆိုခန်း ပြီး၏။

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ ခန္ဓဝဂ္ဂသံယုတ်၊ နှာ-၁၁၇။

## ၁၀-ဥတုဇရုပ်ကို ပြဆိုခန်း

**ရုပ်ကိုဖြစ်စေသည့် ဥတု**

ဥတု နာမ စတုသမုဋ္ဌာနာ တေဇောဓာတု၊ ဥဏှဥတု သီတဥတူတိ ဧဝံ ပနေသာ ဒုဝိဓော ဟောတိ။ ဝိသုဒ္ဓိမဂ်[၁]။

ဥတု နာမ၊ ဥတုမည်သည်ကား။ စတုသမုဋ္ဌာနာ၊ လေးပါးသော အကြောင်းကြောင့်ဖြစ်သော။ တေဇောဓာတု၊ တေဇောဓာတ်သည်။ ဟောတိ၊ ဖြစ်၏။ သေ=ဧသော ပန၊ ဤဥတုသည်ကား။ ဥဏှဥတု၊ ဥဏှဥတုရင်း။ သီတဥတု၊ သီတဥတုရင်း။ ဣတိ-ဧဝံ၊ ဤသို့။ ဒုဝိဓော၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

**ဥတုတရားကိုယ်။** ။ဥတုဆိုသည်ကား ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့၌ ပါရှိသော တေဇောဓာတ်ကို ဆိုသည်။

**ဥတုနှစ်မျိုး။** ။ထိုတေဇောဓာတ်သည် ဥဏှတေဇော, သီတတေဇောဟူ၍ နှစ်ပါးရှိရကား ဤဥတုလည်း ဥဏှဥတု, သီတဥတုဟူ၍ နှစ်မျိုးရှိလေ၏။

**ဥတုမည်ပုံ။** ။အရတိ ပဝတ္တတီတိ ဥတု။

အရတိ ပဝတ္တတိ၊ မပြတ်မလပ် ဖြစ်ပွါးတတ်၏။ ဣတိ၊ ဤသို့သော အကြောင်းကြောင့်။ ဥတု၊ ဥတုမည်၏။

ဥဒ္ဒန္တိ ပသဝန္တိ ဧတေန ဩကာသ သတ္တ သင်္ခါရ-လောကာတိ ဥတု။

ဧတေန၊ ဤဓာတ်မီးကြောင့်။ ဩကာသ သတ္တ သင်္ခါရ-လောကာ၊ ဩကာသလောက, သတ္တလောက, သင်္ခါရလောက

---

၁။ ဝိသုဒ္ဓိမဂ်-ဋ္ဌ၊ ဒုတွဲ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ၊ နှာ ၂၅၁။

တို့သည်။ ဥဒန္တိ ပဿဝန္တိ၊ သံသရာ၌ ကမ္ဘာအဆက်ဆက်ဖြစ်ပွါး၍နေကြကုန်၏။ ဣတိ၊ ဤသို့ လောကသုံးပါးတို့၏ ဖြစ်ပွါးရန်အကြောင်းဖြစ်သောသတ္တိကြောင့်။ ဥတု၊ ဥတုမည်၏။

ဥတုသမုဋ္ဌာနံ နာမ စတုသမုဋ္ဌာနော ဥတု ဥပါဒိန္နကံ ပစ္စယံ လဘိတ္វာ ဌာနပ္ပတ္တော သရီရေ ရူပံ သမုဋ္ဌာပေတိ။ ။ဝိသုဒ္ဓိမဂ်[၁]။

ဥတုသမုဋ္ဌာနံ နာမ၊ ဥတုကြောင့် ဖြစ်သော ရုပ်မည်သည်ကား။ စတုသမုဋ္ဌာနော၊ လေးပါးသော အကြောင်းကြောင့်ဖြစ်သော။ ဥတု၊ ဥတုသည်။ ဥပါဒိန္နကံ၊ ဥပါဒိန္နကဖြစ်သော။ ပစ္စယံ၊ အကြောင်းကို။ လဘိတွာ၊ ရ၍။ ဌာနပ္ပတ္တော၊ (ရုပ်၏) ဌီသို့ရောက်သည်ရှိသော်။ သရီရေ၊ ကိုယ်၌။ ရူပံ၊ ဥတုဇရုပ်ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။

တေဇောဓာတ်ဟု ဆိုအပ်သော ဥတုသည် ဥပါဒိန္နကဖြစ်သော အကြောင်းကိုရ၍ အဇ္ဈတ္တသန္တာန်၌ ဥတုဇရုပ်ကို ဖြစ်စေ၏။ ဗဟိဒ္ဓသန္တာန်၌လည်း ဥတုဇရုပ်ကိုဖြစ်စေ၏။ ကျူပင်၊ ဝါးပင်၊ ငှက်ပျောပင်တို့သည် တပင်မှ တပင် အဆင့်ဆင့်ဖြစ်ပွါး၍ နေသောကြောင့် အစဉ်မပြတ် ကြီးပွါးစည်ကား၍ နေလေကုန်၏။ ထိုနည်းအတူ သက်ရှိသက်မဲ့ အလုံးစုံသော ဥတုဇရုပ်တို့သည် အဆင့်ဆင့်ဖြစ်ပွါး၍နေကြကုန်၏။ ဖြစ်ပြီးသည့်နောက် ကွယ်ပျောက်ကြလေကုန်၏။ ဤကဲ့သို့ အစဉ်မပြတ် ဖြစ်ပျက်၍နေသောကြောင့် သတ္တဝါတို့သည် အတုံးအခဲ မပျက်ဘဲ အမြဲတည်ရှိ၍ နေသည်ဟု မှတ်ထင်ကြလေကုန်၏။

---

၁။ ဝိသုဒ္ဓိမဂ်-ဋ္ဌ၊ ဒုတိယတွဲ၊ နှာ-၂၇၁။

ဥတုဇခတ်မီးကြောင့် ရုပ်ဖြစ်ပွါးပုံ — ယောဂီ ပုဂ္ဂိုလ်၏ ဉာဏ်၌ ထင်မြင်ရန် စိန္တာမယဉာဏ်ဖြင့် သိမြင်အပ်သော အချက်ကို ပြဆိုဦးအံ့—

တေဇောဓာတ်ဟူသော ဥတုဥတု သီတဥတုတို့သည် ဥတုဇ ရုပ်တို့ကို အစဉ်မပြတ် ဖြစ်ပွါး၍ နေကြကုန်၏။ အဘယ်ကဲ့သို့ ဖြစ်ပွါး၍ နေသနည်းဟူမူကား—ဤကဲ့သို့ ဖြစ်ပွါး၍နေ၏။

လောက၌ရှိသော မီးသည် ပရမတ်မီး၏ အစုအခဲသာဖြစ်၏။ မီးတို့မည်သည် အခိုးအဟုန်နှင့် ကင်း၍ မနေနိုင်ကုန်။ ထို့ကြောင့် မီးဖြစ်ပေါ်လျှင် ပူရှိန်အမြဲ ထကြွ၏။ ထိုပူရှိန်သည် မီးကြောင့် ဖြစ်ပေါ်လာသော အရှိန်ပေတည်း။ ထိုပူရှိန် ဖြစ်ပေါ်လာရာ၌ အပူကား တေဇောဓာတ်၏သဘော၊ အဟုန်ကား ဝါယော ဓာတ်၏ သဘောပေတည်း။ ထိုဓာတ်နှစ်ပါးတို့ ဖြစ်ပေါ်လာ သည်ကို မြင်ရသဖြင့် တပါးစီ မဖြစ်နိုင်သောကြောင့် ပထဝီ ဓာတ် အာပေါဓာတ်တို့သည်လည်း ပါကြလေကုန်၏ဟု မြင်နိုင် ရာ၏။ ဓာတ်ကြီးလေးပါး ဖြစ်ပေါ်လာသည်ကို မြင်ရသဖြင့် အတူတကွဖြစ်သော ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာရုပ်တို့သည်လည်း ပါလေကုန်၏ဟု မြင်နိုင်ရာ၏။ ဤကဲ့သို့ အဋ္ဌကလာပ်ရုပ် ရှစ်ခုကို မြင်ရသဖြင့် ဤအဋ္ဌကလာပ်၌ ပါရှိသော တေဇောဓာတ်မှ ထိုနည်းအတူ တဘန် ပွါးပြန်သည်ကို မြင်နိုင်ရာ၏။ ထိုမှတဘန် ပွါးပြန်သည်ကိုလည်း မြင်နိုင်ရာ၏။ ဤကဲ့သို့ အဆင့်ဆင့် ဖြစ် ပွါး၍ နေပုံကို မြင်လေ။

ဤကား ဥတုဇခတ်မီးကြောင့် ရုပ်ဖြစ်ပွါးပုံတည်း။

**သီတခေတ်မိုးကြောင့် ရုပ်ဖြစ်ပွါးပုံ**

သီတခေတ်မိုးကြောင့် ရုပ်ဖြစ်ပွါးပုံကား မထူးလှပြီ။ ပူရှိန် အေးရှိန်မျှသာ ထူးကြ၏။ ဥဏှခေတ်မိုးဖြစ်လျှင် ပူရှိန်အမြဲ ထကြွ၏။ သီတခေတ်မိုးဖြစ်လျှင် အေးရှိန်အမြဲ ထကြွ၍ နေ၏။ ဤကား လောကီမိုး၌ ရုပ်သစ်တွေ တဖွားဖွားဖြစ်၍ နေသည်ကို သိမြင်ရန် ပြဆိုချက်တည်း။

ဤ လောကီမိုးကဲ့သို့ ဥတုခေါ်သော ပရမတ်ခေတ်သည်လည်း ဥတုဇရုပ်ကို အဆင့်ဆင့် ဖြစ်ပွါးစေ၏။ လောကီမိုးနှင့် ဥပမာပြ၍ ပရမတ်ခေတ်မိုး၏ သဘောကို ထင်ရှားစွာသိမြင်အောင် ပြဆိုသည်။ ပူရှိန် အေးရှိန် ဖြစ်ပေါ်မှုကို ပြလိုရင်း မဟုတ်။ ပူရှိန် အေးရှိန် ဖြစ်ပေါ်၍ နေသကဲ့သို့ ဥတုဇရုပ်တို့သည် အဆင့်ဆင့် ဖြစ်ပွါး၍ နေကြကုန်သည်ဟု ပြလိုရင်း အဓိပ္ပါယ်ပေတည်း။ မြင်ခဲစွ။

**ယမ်းမှုန့် မီးတောက်ပုံ ဥပမာနှင့် သန္တတိ**

ဤသို့ဖြစ်ပွါးရာ၌ ပထဝီခေတ် လွန်ကဲသော ရုပ်အမျိုးမျိုး၊ တေဇောခေတ် လွန်ကဲသော ရုပ်အမျိုးမျိုး၊ ဝါယောခေတ် လွန်ကဲသော ရုပ်အမျိုးမျိုး ဖြစ်ပေါ်လာလေကုန်၏။ မြစ်ရေ အယဉ်ကဲ့သို့ အစဉ်မပြတ် ဖြစ်ပျက်၍ နေကြကုန်၏။ ဥပမာကား—

မြေအပြင်မှာ ယမ်းမှုန့်ကလေးတွေကို ကျဲ၍ ထားရာ၌ တထောင့်ကနေ၍ မီးရှို့လိုက်သည်ရှိသော် ပဌမယမ်းမှုန့်ကလေး၌ ရှေးဦးစွာလောင်သော မီးတောက်သည် အနီးရှိ ယမ်းမှုန့်ကို လောင်စေ၍ ချုပ်လေ၏။ ထို ဒုတိယ မီးတောက်သည်လည်း ထိုနည်းအတူ အနီးရှိ ယမ်းမှုန့်ကို လောင်စေ၍ ချုပ်လေ၏။ ထိုတတိယ မီးတောက်သည်လည်း ထိုနည်းအတူ အနီးရှိ ယမ်း

မှုန့်ကို လောင်စေ၍ ချုပ်လေ၏။ ထိုနည်းအတူ အဆင့်ဆင့် လောင်၍ သွားသည်ရှိသော် ထိုမီးတောက်သည် အစဉ်မပြတ် ဖြစ်၍ နေလေ၏။

ဤဥပမာနှင့် အလားတူ ဥတုဇရုပ်ကလာပ်၌ ပါရှိသော တေဇောဓာတ်သည် ဥတုဇရုပ်ကိုဖြစ်စေ၍ ချုပ်လေ၏။ ထိုရုပ်ကလာပ်၌ ပါရှိသော တေဇောဓာတ်သည်လည်း ထိုနည်းအတူ ဥတုဇရုပ်ကိုဖြစ်စေ၍ ချုပ်လေ၏။ ထိုရုပ်ကလာပ်၌ ပါရှိသော တေဇောဓာတ်သည်လည်း ထိုနည်းအတူ ဥတုဇရုပ်ကို ဖြစ်စေ၍ ချုပ်လေ၏။ ထိုနည်းအတူ အဆင့်ဆင့်ဖြစ်၍ သွားလေ၏။ ဤကဲ့သို့ ဖြစ်မှုအစဉ်မပြတ်သောကြောင့် သတ္တဝါတို့၏ မျက်မြင်စိတ်ထင်မှာ မပျက်ဘဲ အတုံးအခဲကြီး အမြဲတည်ရှိနေသည်ဟု မှတ်ထင်ကြကုန်၏။

**မီးစက်ဝိုင်း ဥပမာနှင့် သန္တတိ။** ။ဥပမာကား — ညဉ့်အခါ တခုသော မီးစကို ရမ်းလှည့်ရာ၌ အဝေးက မြင်သော သူတို့သည် မီးစက်ဝိုင်းကြီး, မီးစက်ကွင်းကြီးဟု မှတ်ထင်ကြရကုန်၏၊ မျက်မြင် အလိုအားဖြင့် အဟုတ်ပင် မှတ်ထင်ကြရကုန်၏၊ မီးစအထက်သို့ ရောက်သည့်အခါ အောက်မှာ မီးစမရှိ၊ မီးစ အောက်သို့ ရောက်သည့်အခါ အထက်မှာ မီးစမရှိ။ ဤကဲ့သို့ ဆင်ခြင်၍ ကြည့်မှုသာလျှင် မီးစက်ဝိုင်းကြီး မီးစက်ကွင်းကြီး မဟုတ်ဟု ယုံကြည်နိုင်၏။

ထိုနည်းအတူ မျက်မြင်စိတ်ထင် အလိုအားဖြင့် မီးစက်ဝိုင်းကြီးဟု ထင်မှတ်ရသကဲ့သို့ ဦးခေါင်း ခြေ လက် ပေါင် နှစ်ဘက် စသော အင်္ဂါတို့ကို မပျက်ဘဲ အမြဲတည်နေသည်ဟု မှတ်ထင်ကြရကုန်၏။ မြေ ရေ တော တောင်စသော ဗဟိဒ္ဓရုပ်တို့ကိုလည်း မပျက်ဘဲ အမြဲတည်နေသည်ဟု မှတ်ထင်ကြရကုန်၏။ ပရမတ်

သဘောမည်သည် အမာအခဲမရှိ၊ သဘောမျှသာရှိ၏။ ထို့ကြောင့် အမာအခဲမဟုတ်၊ သဘောတုံးကြီး သဘောခဲကြီးမျှသာ ဖြစ်ကုန်၏။ ဤပရမတ်သဘောတို့သည် မီးလျှံကဲ့သို့ အစဉ်မပြတ် ဖြစ်ပျက်၍ နေကြကုန်၏။ ဤကဲ့သို့ ဉာဏ်ပညာနှင့် ဆင်ခြင်၍ ကြည့်မှသာလျှင် အတုံးအခဲမဟုတ်၊ သဘောတုံးကြီး သဘောခဲကြီးမျှသာ ဖြစ်ကြကုန်သည်ဟု သိမြင်နိုင်လေ၏။

ထို့ကြောင့် သန္တတိပညတ်ကို ဉာဏ်ဖြင့်မှုတ်လွှင့်၍ အနိစ္စလက္ခဏာကို ထင်မြင်အောင် အားထုတ်အပ်၏။ မြင်ခဲ့စွ။

ဥတုဇရုပ်ကို ပြဆိုခန်း ပြီး၏။

## ၁၁-ပညတ်ပျက် ပရမတ်ပျက် ခွဲ၍ပြဆိုခန်း

**ပျက်မှု ၂မျိုး။** ။ပျက်မှုသည် (၁) ပညတ်ပျက်၊ (၂) ပရမတ်ပျက် ဟူ၍နှစ်မျိုး ရှိ၏။

**ပညတ်ပျက်။** ။ထိုတွင် ပညတ်ပျက်ကား မြို့ပျက်မှု ရွာပျက်မှု အိမ်ပျက်မှု အစရှိသည်တည်း။

မြို့ပျက်ရာ၌ အမည်နာမ သမူဟပညတ်သာ ပျက်သည်။ မြို့၏တည်ရာ ကျုံးမြို့ရိုးစသည် ကျန်ရှိရစ်သေး၏။

ရွာပျက်ရာ၌ ထိုနည်းအတူ။

အိမ်ပျက်ရာ၌ အိမ်ဟူသော အမည်နာမ သမူဟပညတ်သာ ပျက်သည်၊ အိမ်၏ အဆောက်အဦ တိုင် ထုပ်လျှောက်စသည် ကျန်ရှိရစ်သေး၏။

**ပရမတ်ပျက်။** ။ပရမတ်ပျက်ကား ရုပ်ပျက်မှု နာမ်ပျက်မှု ပေတည်း။

ပညတ်ပျက်ကဲ့သို့ ကျန်ရှိရစ်သည်မဟုတ်။ တခုသော မီးတောက်ကြီးကို ရေနှင့်လောင်းရာ၌ အကြွင်းအကျန်မရှိ ပျက်၍ သွားသကဲ့သို့ ထိုနည်းအတူ ရုပ်ပျက်ရာ၌ အကြွင်းအကျန်မရှိ အကုန်လုံး ပျက်လေ၏။

နာမ်ပျက်ရာ၌လည်း အကြွင်းအကျန်မရှိ အကုန်လုံး ပျက်လေ၏။

ပျက်ပြီးသော ရုပ်နာမ်တို့သည် အဘယ်သို့ သွားကုန်သနည်း ဟူမူကား––အကုန်လုံး ပျက်၍ သွားသောကြောင့် တခြားသို့ သွားစရာ မရှိ။ ဤနေရာ၌ဖြစ်သော နာမ် ရုပ်တို့သည် ဤနေရာမှာပင် ခဏခြင်း ကွယ်ပျောက်ကြလေကုန်၏။ ထိုနေရာ၌ဖြစ်

သော နာမ်ရုပ်တို့သည် ထိုနေရာမှာပင် ခဏခြင်း ကွယ်ပျောက်ကြလေကုန်၏။

ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ ¹။

အာကာသေ၊ ကောင်းကင်၌။ ဝိဇ္ဇုပ္ပါဒေါ၊ လျှပ်ရောင်ဖြစ်သကဲ့သို့။ နာမရူပါနိ၊ နာမ်ရုပ်တို့သည်။ ဥပ္ပဇ္ဇန္တိ စ၊ ဖြစ်လည်း ဖြစ်ကြကုန်၏။ ဝယန္တိ စ၊ ပျက်လည်း ပျက်ကြကုန်၏။

နာမ်ရုပ်တို့သည် ကောင်းကင်၌ လျှပ်ရောင်ဖြစ်ပေါ်သကဲ့သို့ ဖြစ်ပျက်၍ နေကြကုန်၏။

အကြွင်းအကျန်မရှိ အကုန်လုံး ပျက်၍ နေခဲ့ပါလျှင် ကျောက်ခဲကြီးသည် အဘယ်လို ပျက်၍ နေပါသနည်းဟူမူကား—ဤကဲ့သို့ ပျက်၍နေ၏။ သတ္တဝါတို့ မျက်မြင် စိတ်ထင်မှာသာ အမာ အခဲကြီးဟု မှတ်ထင်၍ နေရ၏။ အမာအခဲမဟုတ်၊ မာခြင်းစသော သဘောမျှသာ ရှိသောကြောင့် မီးတောက်ကြီးပျက်၍ သွားသကဲ့သို့ ပျက်၍သွားလေ၏။

သဘောမျှသာရှိလျှင် အဘယ့်ကြောင့် အတုံးအခဲဖြစ်ပေါ်၍ လာသနည်းဟူမူကား—မာခြင်း ဖွဲ့စေးခြင်းစသော သဘောမျှသာရှိသော ရုပ်တို့သည် မြစ်ရေအယဉ်ကဲ့သို့ အစဉ်မပြတ် ဖြစ်၍ နေသောကြောင့် အတုံးအခဲကြီးဟု မှတ်ထင်ကြရကုန်၏။ မာခြင်းသဘောရှိသော ပထဝီဓာတ်တွေ ပေါင်းစု၍နေသောကြောင့် သဘောအားလျော်စွာ မာ၍နေ၏။ မာ၍နေသော်လည်း အခဲမဟုတ် သဘောတုံးကြီး သဘောခဲကြီးမျှသာဖြစ်ကုန်၏။

---

၁။ မဟာနိဒ္ဒေသပါဠိတော်၊ နှာ-၃၃။ ဝိသုဒ္ဓိမဂ်-၌၊ ဒုတိယတွဲ၊နှာ၂၆၀။

**မှိုဥကြီး ဥပမာနှင့် ရုပ်တရားချုပ်ပျက်ပုံ** မရှိပုံ အမှန်ထင်မြင်ရန် ဥပမာကို ပြဆို ဦးအံ့—မှိုဥကြီးတွေကို အိုးထဲမှာထည့်၍ ထားရာ၌ လေးငါးရက် ကြာလျှင် အကုန် ကွယ်ပျောက်ကုန်ရာ၏။ ဤသို့ကွယ်ပျောက်ရာ၌ မတိုးမလျော့ဘဲ အစဉ်ဖြစ်၍နေရာမှ ဖြစ်ပေါ်ခွင့် အားနည်းသည့်အခါ လျော့၍ဖြစ်လေကုန်၏။ နောက်တဖန် ထို့ထက် လျော့၍ ဖြစ်လေကုန်၏။ ဤသို့စသည် ဖြစ်၍သွားသဖြင့် နောက်ပိတ်ဆုံးအခါ ဖြစ်မှုအစဉ် ပြတ်လေ၏။ ထိုအခါ အကုန်ကွယ်ပျောက်လေကုန်၏။

ဤသို့ ကွယ်ပျောက်၍ သွားသည်ကို လောကမှာ သွန်၍ သွားသည် ပုပ်သိုး၍သွားသည် ဆွေးမြည့်၍သွားသည်ဟု ပြောဆိုကြကုန်၏၊ မှတ်ထင်ကြကုန်၏။ မမှတ်ကြကုန်လင့်။ ပုပ်သိုး ဆွေးမြည့်၍ သွားသည်မဟုတ်၊ ဖြစ်မှု အစဉ်ပြတ်၍သွားသောကြောင့် ကွယ်ပျောက်၍ သွားသည်ဟု မှတ်လေ။

ထိုမှိုဥကြီးတွေ ကွယ်ပျောက်၍သွားရာ၌ အစက အထည်ဒြပ်ရှိလျှင် ဤကဲ့သို့ အကုန်မပျောက်နိုင်ရာ၊ ပရမတ်သဘောမျှသာ ရှိလေသောကြောင့် အကြွင်းအကျန်မရှိ အကုန်လုံး ကွယ်ပျောက်နိုင်လေကုန်၏။ ဖြစ်မှုအစဉ် မပြတ်သေးလျှင် သဘောတုံးကြီး သဘောခဲကြီးလည်း မပြတ်သေး၊ ဖြစ်မှုအစဉ် ပြတ်လျှင် သဘောတုံးကြီး သဘောခဲကြီးလည်း ကွယ်ပျောက်လေ၏။

အသီး အပွင့် အရွက် အမျိုးမျိုးတို့ ပုပ်သိုး ဆွေးမြည့်၍ ကွယ်ပျောက်ကြရာ၌လည်း ထိုနည်းအတူ သိမြင်လေ။

ငှက်ပျောတုံး လက်ပံတုံး သစ်တုံး ဝါးလုံးအမျိုးမျိုးတို့ ဆွေးမြည့်၍ သွားကြရာ၌လည်း ထိုနည်းအတူ သိမြင်လေ။

ကျွဲသေကောင် နွားသေကောင် ခွေးသေကောင် လူသေကောင် အမျိုးမျိုးတို့ ပုပ်သိုး ဆွေးမြည့်၍ သွားရာ၌လည်း ထိုနည်းအတူ သိမြင်လေ။

ဤကား ဆုတ်ယုတ်လျော့ပါး၍ ပျက်သွားပုံတည်း။

**သရက်စေ့ အညှောက် ဥပမာနှင့် ရုပ်တရား ဖြစ်ပွါးပုံ**

တခုသော သရက်စေ့မှ အဏုမြူခန့် ရှိသော အညှောက်ကလေး တခု ဖြစ်ပေါ်လာရ၏။ ထိုအညှောက်ကလေး၌ ရှိသော ရုပ်တို့သည် များစွာဖြစ်ပွါးရန် အခွင့်ကို ရသောကြောင့် နောက်တဖန် ထို့ထက်များစွာ ဖြစ်ပေါ်လာကုန်၏။ နောက်တဖန် ဖြစ်သောအခါ ထို့ထက်များစွာ ဖြစ်ပေါ်လာလေကုန်၏။ ဤသို့စသည်ဖြင့် အဆင့်ဆင့်ဖြစ်ပွါး၍ သွားသည်ရှိသော် သရက်ပင်ကြီး ဖြစ်လေ၏။

အညှောက်အမျိုးမျိုး အပင်အမျိုးမျိုး အကိုင်းအမျိုးမျိုး အညွန့်အမျိုးမျိုး အရွက်အမျိုးမျိုး အပွင့်အမျိုးမျိုး အသီးအမျိုးမျိုးတို့ တနေ့တခြား တိုးပွါးစည်ကား၍ နေကြသော ရုပ်တို့ကို ထိုနည်းအတူ သိမြင်လေ။

လူအမျိုးမျိုး တိရစ္ဆာန်အမျိုးမျိုး သတ္တဝါအမျိုးမျိုးတို့ ပဋိသန္ဓေမှစ၍ တနေ့တခြား တိုးပွါးစည်ကား၍ နေသောရုပ်တို့ကိုလည်း ထိုနည်းအတူ သိမြင်လေ။

လောက၌ တနေ့တခြား တိုးပွါးစည်ကား၍ဖြစ်နေကြသော ရုပ်တို့ကိုလည်း ထိုနည်းအတူ သိမြင်လေ။

ဤကား ရုပ်၏ တိုးပွါးပုံတည်း။

မတိုးမဆုတ် မယုတ်မပို နဂိုပကတိအတိုင်း တည်ရှိ၍ နေသည်ဟု မှတ်ထင်ကြရသော ရုပ်တို့ကို မီးတောက်ကြီးနှင့် အလားတူ သိမြင်အပ်ကုန်၏။

**မီးတောက်ကြီးဥပမာနှင့် ရုပ်တရားဖြစ်ပျက်ပုံ** မီးတောက်တို့မည်သည် မပြတ်အမြဲ တောက်လောင်၍ နေသည် မဟုတ်ကုန်၊ မီးတောက်ကြီးကို သေသေချာချာ ကြည့်လျှင် တလှပ်လှပ် တရှရှ ဖြစ်ပျက်၍ နေသည်ကို မြင်ရလိမ့်မည်။ ပဌမ မီးတောက် ပျက်၍သွားသော်လည်း ဒုတိယမီးတောက် ဖြစ်၍လာသောကြောင့် ထိုနေရာမှာ အစား ပြည့်၍လာ၏။

ထိုနည်းအတူ ပဌမ ရုပ်ဟောင်းတွေ ချုပ်ပျက်၍ သွား သော်လည်း ဒုတိယရုပ်သစ်တွေ ဖြစ်၍ဖြစ်၍လာသောကြောင့် ထိုနေရာမှာ အစားပြည့်၍ပြည့်၍ လာ၏။

ဤသို့ ဖြစ်မှု သန္တတိအစဉ် ဖုံးလွှမ်းအုပ်ချုပ် ကွယ်ကာ၍ နေသောကြောင့် မတိုး မဆုတ် မယုတ်မပို နဂိုပကတိအတိုင်း မပျက်ဘဲ အမြဲတည်ရှိ၍ နေသည်ဟု မှတ်ထင်ကြကုန်၏။ နဂိုပကတိအတိုင်း မပျက်ဘဲ အမြဲတည်ရှိ၍နေသည်မဟုတ်။ ပြဆိုပြီး ခဲ့သည့်အတိုင်း ခဏမစဲ တသဲသဲဖြစ်ပျက်၍ နေကြကုန်သည်ဟု ယုံကြည်လေးမြတ် မှတ်ယူအပ်ကုန်၏။ ထို့ကြောင့်—

ရူပံ ဘိက္ခဝေ အနိစ္စံ [၁]—

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်အစုဟူသော ရူပက္ခန္ဓာ သည်။ အနိစ္စံ၊ မမြဲသော အနိစ္စတရားသာတည်း။

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ ၁၇။

**မိစ္ဆာဒိဋ္ဌိကို ပယ် ဖျောက်နိုင်ခြင်း** မမြဲသော အနိစ္စတရားသာဖြစ်သော ခန္ဓာ ကိုယ်ကြီး၌ ဦးခေါင်း ခြေလက် ပေါင်နှစ်ဘက်စသော ကိုယ်အင်္ဂါတို့သည် မပျက်ဘဲ အမြဲတည်ရှိ၍ နေကြကုန်သည်မဟုတ်၊ ခဏမစဲ တသဲသဲ ဖြစ်ပျက်၍ နေကြကုန်သည်ဟု မြင်ကြကုန်သောသူတို့သည် မပျက်မစီးဘဲ အမြဲတည်ရှိ၍ နေသည်ဟု ထင်မြင်ခြင်းစသော မိစ္ဆာဒိဋ္ဌိကို ပယ်ဖျောက်နိုင်လေကုန်၏။

ထို့ကြောင့် သံယုတ်ပါဠိတော်၌[၁]—

ကာယံ အနိစ္စတော ဇာနတော ပဿတော
မိစ္ဆာဒိဋ္ဌိ ပဟီယတိ—

ဟူ၍ ဟောတော်မူ၏။

ကာယံ၊ ကိုယ်ကို။ အနိစ္စတော၊ မမြဲသော အနိစ္စတရားဟူ၍။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအားဖြင့် မြင်ခြင်း ဟူသော မိစ္ဆာဒိဋ္ဌိကို။ ပဟီယတိ၊ ပယ်အပ်၏။

ပညတ်ပျက် ပရမတ်ပျက် ခွဲ၍ပြဆိုခန်း ပြီး၏။

ရုပ်၌ အနိစ္စလက္ခဏာကို ပြဆိုသော ဒုတိယအပိုင်းသည်
ဤတွင်ပြီး၏။

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ် နှာ-၃၅၈။

# ၃-နာမ်ဋ္ဌ
# အနိစ္စလက္ခဏာကို ပြဆိုသော
# တတိယပိုင်း

## ၁၂-နာမ်တရား၏သဘောကို ပြဆိုခန်း

နာမရူပါ အသမ္မိဿာ၊ နာမံ ရူပေန သုညံ၊ ရူပံ
နာမေန သုညံ၊ အပိစ ခေါ ဘေရိံ ပဋိစ္စ သဒ္ဒေါ
ဝိယ ရူပံ ပဋိစ္စ နာမံ ပဝတ္တတိ။ ။ဝိသုဒ္ဓိမဂ်[၁]။

နာမရူပါ၊ နာမ်ရုပ်နှစ်ပါးတို့သည်။ အသမ္မိဿာ၊ တပါးနှင့် တပါး မရောနှောကြကုန်။ နာမံ၊ နာမ်သည်။ ရူပေန၊ ရုပ်မှ။ သုညံ၊ ဆိတ်၏။ ရူပံ၊ ရုပ်သည်။ နာမေန၊ နာမ်မှ။ သုညံ၊ ဆိတ်၏။ အပိ စ ခေါ၊ စင်စစ်သော်ကား။ ဘေရိံ၊ စည်ကြီးကို။ ပဋိစ္စ၊ စွဲ၍။ သဒ္ဒေါ၊ စည်သံသည်။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့။ ရူပံ၊ ရုပ်ကို။ ပဋိစ္စ၊ စွဲ၍။ နာမံ၊ နာမ်သည်။ ပဝတ္တတိ၊ ဖြစ်၏။

**စည်သံ ဥပမာနှင့် ရုပ်နာမ် ခွဲပုံ။** ။စည်သံသည် စည်ကိုစွဲ၍ ဖြစ်သော်လည်း စည်နှင့် မရောမူ၍ တခြားစီဖြစ်သကဲ့သို့ နာမ်သည် ရုပ်ကိုစွဲ၍ဖြစ်သော်လည်း ရုပ်နှင့်မရောမူ၍ တခြားစီ ဖြစ်၏။ စည်ကြီးကိုစွဲ၍ ဖြစ်သော စည်သံသည် စည်၏ အတွင်းမှာလည်း မရှိ၊ တီးရိုက်သော တုတ်ကလည်း မပါ၊ စည်မျက်နှာနှင့် တုတ်နှစ်ပါးစုံကို စွဲ၍ဖြစ်၏။

ထိုနည်းအတူ နာမ်သည် ရူပက္ခန္ဓာဟူသော ကိုယ်၏ အတွင်းမှာ မရှိ၊ ခြောက်ပါးသော အာရုံတို့နှင့် ထိခိုက်ကြသည့်

---

၁။ ဝိသုဒ္ဓိမဂ် ဋ္ဌ၊ ဒုတိယတွဲ၊ ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ၊ နှာ-၂၃၀။

အခါ ဆိုင်ရာဆိုင်ရာ အသီးအသီး စွဲ၍ဖြစ်၏။ အသီးအသီး စွဲ၍ဖြစ်ပုံကို နောက်၌ ထင်ရှားစွာ ပြဆိုလတ္တံ့။

ဤဥပမာ၌ — ကမ္မဇရုပ်သည် စည်မျက်နှာ သားရေနှင့်တူ၏၊ ဥတုဇရုပ်သည် သစ်သားခေါင်းကြီးနှင့်တူ၏၊ နာမ်သည် စည်သံနှင့်တူ၏။ စည်ကြီး မပျက်သရွေ့ကာလပတ်လုံး တီးရိုက်သည့်အခါ စည်သံ ဖြစ်ပေါ်လာသကဲ့သို့ နာမက္ခန္ဓာတို့သည် ကမ္မဇရုပ် မချုပ် မပျက်သရွေ့ ကာလပတ်လုံး ခြောက်ပါးသော အာရုံတို့နှင့် ထိခိုက်ကြသည့်အခါ ဆိုင်ရာဆိုင်ရာ အသီးအသီး ဖြစ်ပေါ်လာကုန်၏။

စည်မျက်နှာ သားရေတို့ ပျောက်ပျက်၍ သွားသည့်အခါ သစ်သားခေါင်းကြီးသာ ကျန်ရှိရစ်လေ၏။ ထိုသစ်သားခေါင်းကြီးကို ဘယ်လိုပင် တီးရိုက်သော်လည်း စည်သံ မဖြစ် မပေါ်လာတော့ပြီ။ ထိုနည်းအတူ ခန္ဓာကိုယ်ကြီး၌ ကမ္မဇရုပ်တွေ ချုပ်ပျက်၍ သွားသည့်အခါ ဥတုဇရုပ်ကြီးသာ ကျန်ရှိရစ်လေ၏။ ထိုဥတုဇရုပ်ကြီးကို အာရုံခြောက်ပါးတို့သည် ဘယ်လိုပင် ထိခိုက်လာကုန်သော်လည်း နာမ်တရား မဖြစ်ပေါ်လာတော့ပြီ။

ထိုအခါ လောကမှာ သေသည်ဟု ခေါ်ဝေါ်ကြကုန်၏။ လူသေကောင်ကြီးသည် စည်ခေါင်းပျက်ကြီးနှင့်တူ၏။ လူသေကောင်၌ရှိသော ရုပ်နှင့် လူရှင်၌ရှိသော ရုပ်နှစ်ပါးတို့ကား မသိမမြင်ခြင်းစသော သဘောအနေအားဖြင့် တူကြကုန်၏။

ထို့ကြောင့် ရုပ်အစုဟူသော ခန္ဓာကိုယ်ကြီးသည် လူသေကောင်ကြီးနှင့် တူ၏။ လူသေကောင်ကြီးထက် မြင်ခြင်း ကြားခြင်း စသော အမူအရာ ထူးသမျှကို နာမ်၏ အမူအရာ နာမ်၏ အတတ်ဟု မှတ်လေ။

ဤကား ရုပ်နှင့်နာမ် နှစ်ပါး တခြားစီ ခွဲပုံတည်း။

**စိတ်သည် အမြဲဖြစ်ပျက်နေခြင်း။** ။စိတ် စေတသိက် ဟူသော ပရမတ် သဘော အစုကို တခုတည်းပြု၍ နာမ်ဟူ၍ခေါ်၏၊ **စိတ်**ဟူ၍လည်း ခေါ်၏၊ **ဝိညာဏ်**ဟူ၍လည်း ခေါ်၏။ ထို့ကြောင့် နာမ်, စိတ်, ဝိညာဏ်၊ ဤသုံးမျိုးကို တမျိုးတည်း မှတ်၍ထား။ လောကမှာ စိတ်ဆိုးသည်, စိတ်တိုသည် စသည်ဖြင့် စိတ်ကိုသာ အပြောအဆို များကြကုန်၏။

ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။ ပဋ္ဌာန်းပါဠိတော်[၁]။

ယေသံ ယေသံ ဓမ္မာနံ၊ အကြင်အကြင် စိတ် စေတသိက် တရားတို့၏။ အနန္တရာ၊ အခြားမဲ့၌။ စိတ္တစေတသိကာ ဓမ္မာ၊ စိတ်စေတသိက်တရားဖြစ်ကုန်သော။ ယေ ယေ ဓမ္မာ၊ အကြင် အကြင် တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေ တေ ဓမ္မာ၊ ထိုထို ရှေးရှေးသော စိတ် စေတသိက်တရားတို့သည်။ တေသံ တေသံ ဓမ္မာနံ၊ ထိုထိုနောက်နောက်သော စိတ်စေတသိက်တရားတို့အား။ အနန္တရပစ္စယေန၊ အနန္တရပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ကောင်းကင်၌ တဝင်းဝင်း တလက်လက် မပြတ်ဖြစ်ပေါ် ချုပ်ပျက်၍နေသော လျှပ်ရောင်ကဲ့သို့ ထိုစိတ်သည် သတ္တဝါတို့ သန္တာန်မှာ မပြတ်ဖြစ်ပေါ် ချုပ်ပျက်၍ နေလေ၏။ လူတွေ များစွာ သွားလာရာ၌ ရှေ့က သွားသောလူသည် ငါ့နောက်သို့

---

၁။ ပဋ္ဌာန်းပါဠိတော်၊ ပဌမတွဲ၊ ပစ္စယနိဒ္ဒေသ၊ နှာ-၁။

လိုက်ခဲ့ဟု မခေါ်သော်လည်း ခေါ်ဘိသကဲ့သို့ ရှေ့လူ ကောက်ကွေ့၍ သွားလျှင် နောက်လူ ကောက်ကွေ့၍ လိုက်၏။

ထိုနည်းအတူ ရှေ့စိတ်သည် ငါ့နောက်သို့ လိုက်ခဲ့ဟု မခေါ်သော်လည်း ခေါ်ဘိသကဲ့သို့ ရှေ့စိတ် ချုပ်ပျက်၍ သွားသည့်နောက် နောက်စိတ် ဖြစ်ပေါ်၍ လာ၏။ ထိုစိတ် ချုပ်ပျက်၍ သွားသည့် နောက် နောက်စိတ် ဖြစ်ပေါ်၍ လာပြန်၏။ ထိုစိတ် ချုပ်ပျက်၍ သွားသည့် နောက် နောက်စိတ် ဖြစ်ပေါ်၍ လာပြန်၏။

ဤသို့စသည်ဖြင့် ရှေးရှေးသောစိတ်တို့သည် နောက်နောက်သော စိတ်တို့ကို မိမိတို့၏ အခြားမဲ့၌ ဖြစ်ပေါ်၍လာအောင် ကျေးဇူးပြုကြကုန်၏။ ဤကဲ့သို့ အနန္တရပစ္စည်း၏ အစွမ်းဖြင့် မြစ်ရေအယဉ်ကဲ့သို့ စိတ်သည် သတ္တဝါတို့၏သန္တာန်၌ အစဉ်မပြတ် ဖြစ်ပျက်၍နေလေ၏။

နာမ်တရား၏ သဘောကို ပြဆိုခန်း ပြီး၏။

## ၁၃-စက္ခုဝိညာဏ်ကို ပြဆိုခန်း

**ဝိညာဏ်မည်ပုံ။** ။စိတ်နှင့် ဝိညာဏ်ကား အနက်အားဖြင့် တူ၏။

ဝိဇာနာတီတိ ခေါ ဘိက္ခဝေ တသ္မာ ဝိညာဏန္တိ ဝုစ္စတိ[၁]—

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ယံ၊ အကြင်တရားသဘောသည်။ ဝိဇာနာတိ၊ သိတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ခေါ၊ စင်စစ်၊ တံ၊ ထိုသိတတ်သော တရားသဘောကို။ ဝိညာဏန္တိ၊ ဝိညာဏ် ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။

**ဝိညာဏ် ၆-ပါး။** ။ထိုဝိညာဏ်သည် အာရုံကို သိခြင်း လက္ခဏာအားဖြင့် တပါးသာ ရှိ၏။ ဝိသေသအားဖြင့်—

ဆဗ္ဗိမေ ဝိညာဏကာယာ၊ စက္ခုဝိညာဏံ၊ သောတဝိညာဏံ၊ ဃာနဝိညာဏံ၊ ဇိဝှါဝိညာဏံ၊ ကာယဝိညာဏံ၊ မနောဝိညာဏံ။ ဧဝံ ဆဗ္ဗိမေ ဝိညာဏကာယာ[၂]—

ဟူ၍ ခြောက်ပါး အပြားရှိသည်ကို ဟောတော်မူ၏။

စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ် မနောဝိညာဏ်ဟူ၍ ဝိညာဏ် ခြောက်ပါး ရှိ၏။

ထိုခြောက်ပါးကို အစဉ်အတိုင်း ပြဆိုပေအံ့—

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၇၂။
၂။ ဝိဘင်းပါဠိတော်၊ ခန္ဓဝိဘင်း၊ နှာ-၄၉။

**စက္ခာယတနံ စက္ခုဝိညာဏဿ နိဿယပစ္စယေန ပစ္စယော။** ။ပဋ္ဌာန်းပါဠိတော်[1]။

စက္ခာယတနံ၊ စက္ခာယတန (စက္ခုပသာဒရုပ်)သည်။ စက္ခုဝိညာဏဿ၊ စက္ခုဝိညာဏ်**အား**။ နိဿယပစ္စယေန၊ နိဿယပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

စက္ခာယတနဆိုသည်ကား စက္ခုပသာဒပင်တည်း။ စက္ခုပသာဒ**သည်** စက္ခုဝိညာဏ်အား နိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။

**ရူပါယတနံ စက္ခုဝိညာဏဿ အာရမ္မဏပစ္စယေန ပစ္စယော။** ။၎င်းပါဠိတော်[2]။

ရူပါယတနံ၊ ရူပါယတနသည်။ စက္ခုဝိညာဏဿ၊ စက္ခုဝိညာဏ်**အား**။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရူပါယတနဆိုသည်ကား ရူပါရုံပင်တည်း။ ရူပါရုံသည် စက္ခုဝိညာဏ်အား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု၏။

**လင်းကွင်းတီးပုံ ဥပမာနှင့် စက္ခုဝိညာဏ်** လင်းကွင်းနှစ်ချပ်ကို တီးရာ၌ လင်းကွင်းနှစ်ခု ကျေးဇူးပြု၍ လင်းကွင်းသံ ဖြစ်ပေါ်လာသကဲ့သို့ ထို့အတူ စက္ခုနှင့် ရူပါရုံ ဆုံမိကြသည့်အခါ စက္ခုနှင့် ရူပါရုံ နှစ်ပါးစုံတို့ ကျေးဇူးပြုကြသဖြင့် မျက်လုံးအလယ်မှာ စက္ခုဝိညာဏ် ဖြစ်ပေါ်လာ၏။

---

၁။ ပဋ္ဌာန်းပါဠိတော်၊ ပဌမတွဲ၊ ကုသလတိက်၊ ပဉှာဝါရ၊ နှာ-၁၄၃။

၂။ ပဋ္ဌာန်းပါဠိတော်၊ ပဌမတွဲ၊ ကုသလတိက်၊ ပဉှာဝါရ၊ နှာ-၁၃၅။

ထင်းကိုစွဲ၍ တောက်လောင်သော မီးကို ထင်းမီးဟု ခေါ် သကဲ့သို့ ထိုအတူ စက္ခုကို အစွဲပြု၍ ဖြစ်သောကြောင့် စက္ခု-ဝိညာဏ်ဟု ခေါ်၏။ ဤစက္ခုဝိညာဏ် ဖြစ်ပေါ်လာသည့်အခါ အဖြူဘဲ၊ အနီဘဲ၊ အဝါဘဲ၊ အပြာဘဲစသည်ဖြင့် သိရ၏။

**သိပုံ ၃-မျိုး။** ။ဤသို့ သိရာ၌ စက္ခုဝိညာဏ်သိ၊ မနောဝိညာဏ်သိ၊ ပုဂ္ဂိုလ်သိဟူ၍ ၃-မျိုး ခွဲ၍ သိအပ်၏။

စက္ခုဝိညာဏ်သိကား အသေအချာ မသိသေး၊ သာမညသာ သိသေး၏။ ဤစက္ခုဝိညာဏ်သိမှုကို မြင်သည်ဟု ခေါ်ဆိုကြ၏။

မနောဝိညာဏ်သိကား အဖြူဘဲ၊ အနီဘဲ၊ အဝါဘဲ၊ အပြာဘဲ၊ အလုံးဘဲစသည်ဖြင့် အသေအချာ သိ၏။

ပုဂ္ဂိုလ်သိကား ဤမနောဝိညာဏ်၏ သိမှုပင်တည်း။ ဤမနောဝိညာဏ်၏ သိမှုပေါ်လာမှသာ ပုဂ္ဂိုလ်သိ သိ၏။ ပုဂ္ဂိုလ်ကား မရှိ၊ နာမ်ရုပ်နှစ်ပါးသာ ရှိခြင်းကြောင့် ပုဂ္ဂိုလ်သိဟူ၍ မရှိ၊ အမှန်အားဖြင့် ဝိညာဏ်သိသာ ရှိ၏။

**ဒိဋ္ဌိအမြင်။** ။အိမ်၌ရှိသောလူက စကားပြောသည်ကို ဟိုအိမ်က စကားပြောသည်ဟု ပြောဆိုကြသကဲ့သို့ စက္ခုဝိညာဏ်က မြင်သည်ကို စက္ခုကမြင်သည်၊ မျက်စိကမြင်သည်ဟု ပြောဆိုကြ၏။ ဤစက္ခုဝိညာဏ်မြင်မှုကို ပုဂ္ဂိုလ် မြင်သည်၊ သတ္တဝါမြင်သည်၊ ငါမြင်သည်၊ ကိုယ်မြင်သည်၊ စက္ခုက အမြဲမြင်၍နေသည်၊ အလိုရှိတိုင်း မြင်နိုင်သည်၊ ဤသို့စသည်ဖြင့် သိမြင်မှုသည် ဒိဋ္ဌိ၏သိမြင်မှုပေတည်း။

**ဉာဏ်အမြင်။** ။ပုဂ္ဂိုလ် သတ္တဝါ ငါ ကိုယ်ဟူ၍ မရှိခြင်းကြောင့် ပုဂ္ဂိုလ် သတ္တဝါ မြင်သည် မဟုတ်၊ ငါမြင်သည် ကိုယ်မြင်သည် မဟုတ်၊ စက္ခုက အမြဲမြင်၍ နေသည်

မဟုတ်၊ စက္ခုဝိညာဏ်ကသာ မြင်၏။ ဤစက္ခုဝိညာဏ်သည် စက္ခုနှင့် ရူပါရုံ နှစ်ပါးစုံကို စွဲ၍ဖြစ်သော အနိစ္စတရားသာ ဖြစ်၏။ အလိုရှိတိုင်း မမြင်နိုင်။ စက္ခုဝိညာဏ် ဖြစ်ပေါ်သည့်အခါမှ သာလျှင် မြင်နိုင်သည်။ ဤသို့ စသည်ဖြင့် သိမြင်မှုသည် ဉာဏ်၏ သိမြင်မှုပေတည်း။

**မှန်ရိပ် ဥပမာနှင့် စက္ခုဝိညာဉ်။** ။စက္ခုဝိညာဉ် ဖြစ်ပေါ်ပုံ ဥပမာကား မှန်အပြင်၌ ထင်လာသော မျက်နှာရိပ်နှင့် အလားတူ၏။ စက္ခုသည် မှန်နှင့်တူ၏။ ထိုထိုရူပါရုံတို့သည် မျက်နှာနှင့်တူကုန်၏။ စက္ခုဝိညာဉ်သည် မျက်နှာရိပ်နှင့်တူ၏။ မျက်နှာရိပ်သည် မှန်ထဲမှာ အမြဲတည်ရှိနေသည်မဟုတ်၊ မှန်နှင့်မျက်နှာ ဆုံမိကြသည့်အခါ မှန်, မျက်နှာ နှစ်ပါးစုံကို စွဲ၍ မျက်နှာရိပ်ထင်လာသကဲ့သို့ ထိုအတူ စက္ခုဝိညာဏ်သည် စက္ခု၏အတွင်းမှာ အမြဲတည်ရှိနေသည် မဟုတ်၊ စက္ခုနှင့်ရူပါရုံ ဆုံမိကြသည့်အခါ စက္ခု ရူပါရုံ နှစ်ပါးစုံကို စွဲ၍ စက္ခုဝိညာဏ်ဖြစ်ပေါ်လာ၏။

ထို့ကြောင့် သံယုတ်ပါဠိတော်၌[၁]—

စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ—

ဟူ၍ ဟောတော်မူ၏။

စက္ခုဉ္စ၊ စက္ခုပသာဒရုပ်ကိုလည်းကောင်း။ ရူပေ စ၊ အဆင်း 'ရူပါရုံ'တို့ကိုလည်းကောင်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤကဲ့သို့ စက္ခုနှင့် ရူပါရုံ နှစ်ပါးစုံကိုစွဲ၍ ဖြစ်သည်ဟုဟောတော်မူသောကြောင့် စက္ခုဝိညာဏ်သည် စက္ခုအတွင်းမှာ အမြဲတည်ရှိနေသည်မဟုတ်။ ထိုထိုရူပါရုံတို့ကို မြင်သည့်အခါ အသစ်

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ်၊ နှာ-၂၆၁။

အသစ်ဖြစ်ပေါ်၏ဟု မှတ်ယူအပ်၏။ အဟောင်းရှိ၍ နေခဲ့လျှင် အသစ်အသစ်ဖြစ်ပေါ်ဘို့မရှိ၊ အသစ်အသစ် ဖြစ်ပေါ်၍နေသည်ကို မြင်ရသဖြင့် ဖြစ်ပြီးသော စက္ခုဝိညာဏ်သည် ခဏခြင်း ကွယ်ပျောက်၏ဟု ယုံကြည်နိုင်ရာ၏။

ထို့ကြောင့် "စက္ခုဝိညာဏံ အနိစ္စံ"[၁] ဟူ၍ ဟောတော်မူသည်ဟု ယုံကြည်လေးမြတ် မှတ်ယူအပ်၏။

ဤသို့ မှတ်ယူပြီး၍ စက္ခုဝိညာဏ်ကို အနိစ္စထင်မြင်အောင် ရှုကြည့်ရာ၏။ ရှုကြည့်ပုံကို ပြဦးအံ့—

**ဝိပဿနာရှုပုံ။** ။ ထိုထို အဆင်းရူပါရုံတို့ကို မြင်သည့်အခါ အသစ်အသစ်ဖြစ်ပေါ်၍ လာသော စက္ခုဝိညာဏ်သည် အဖြူကိုမြင်လျှင် မြင်ရာတွင် ပျောက်၏၊ အနီကို မြင်လျှင် မြင်ရာတွင် ပျောက်၏၊ အဝါကိုမြင်လျှင် မြင်ရာတွင် ပျောက်၏၊ အပြာကိုမြင်လျှင် မြင်ရာတွင် ပျောက်၏၊ မြေကို မြင်လျှင် မြင်ရာတွင် ပျောက်၏၊ ရေကိုမြင်လျှင် မြင်ရာတွင် ပျောက်၏၊ တောင်ကိုမြင်လျှင် မြင်ရာတွင် ပျောက်၏၊ သစ်ပင်ကိုမြင်လျှင် မြင်ရာတွင်ပျောက်၏၊ မိုးကိုမြင်လျှင် မြင်ရာတွင် ပျောက်၏၊ နေကိုမြင်လျှင် မြင်ရာတွင် ပျောက်၏၊ လကို မြင်လျှင် မြင်ရာတွင် ပျောက်၏၊ အိမ်ကိုမြင်လျှင် မြင်ရာတွင် ပျောက်၏၊ တိုင်ကို မြင်လျှင် မြင်ရာတွင် ပျောက်၏၊ တံုးကို မြင်လျှင် မြင်ရာတွင် ပျောက်၏၊ လူကိုမြင်လျှင် မြင်ရာတွင် ပျောက်၏၊ နွားကိုမြင်လျှင် မြင်ရာတွင် ပျောက်၏၊ ခွေးကို မြင်လျှင် မြင်ရာတွင် ပျောက်၏၊ ကြက်ကိုမြင်လျှင် မြင်ရာတွင် ပျောက်၏၊ ငှက်ကိုမြင်လျှင် မြင်ရာတွင် ပျောက်၏။ ဤသို့ စသည်ဖြင့် သူ့အာရုံနှင့် သူ့ဝိညာဏ် အပိုင်းအပိုင်း ပြတ်၍

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ် ၊နှာ-၂၅၇။

သွားအောင် ရှုကြည့်လေ။ တမြင်တည်း မြင်၍ နေရာမှာလည်း ခဏမစဲ တသဲသဲ ဖြစ်ပျက်၍ နေသည်ဟု ရှုကြည့်လေ။ ။ ဤကား ဝိပဿနာရှုပုံနည်းကို ပြဆိုသောနည်းပေတည်း။

**မိစ္ဆာဒိဋ္ဌိကိုပယ်နိုင်ခြင်း။** ။ဤကဲ့သို့ စက္ခုဝိညာဏ်၏ဖြစ်ပျက်မှု 'ဥဒယဗ္ဗယ'ကို သိမြင်ကြကုန်သော သူတို့သည် သတ္တဝါမြင်သည်၊ ကိုယ်မြင်သည်၊ ငါမြင်သည်၊ စက္ခုအမြဲမြင်၍ နေသည်၊ အလိုရှိတိုင်း မြင်နိုင်သည် စသည်ဖြင့် အမှားကို မြင်၍နေသော မိစ္ဆာဒိဋ္ဌိကို ပယ်ဖျောက်နိုင်လေကုန်၏။ ထို့ကြောင့် သံယုတ်ပါဠိတော်၌[၁]—

စက္ခုဝိညာဏံ အနိစ္စတော ဇာနတော ပဿတော
မိစ္ဆာဒိဋ္ဌိ ပဟီယတိ—

ဟူ၍ ဟောတော်မူ၏။

စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်ကို။ အနိစ္စတော၊ မမြဲသော အနိစ္စတရားဟူ၍။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအားဖြင့် မြင်ခြင်းဟူသော မိစ္ဆာဒိဋ္ဌိကို။ ပဟီယတိ၊ ပယ်အပ်၏။

**နိဗ္ဗာန်ရောက်နိုင်ခြင်း။** ။ဤကဲ့သို့ မိစ္ဆာဒိဋ္ဌိကို ပယ်ဖျောက်နိုင်ကြကုန်သောသူတို့သည် သတ္တဝါမြင်မှု ကိုယ်မြင်မှု ငါမြင်မှုမဟုတ်၊ စက္ခုဝိညာဏ် မြင်မှုသာဖြစ်၏။ ဤစက္ခုဝိညာဏ်သည် အမြဲမြင်၍ နေသည်မဟုတ်၊ စက္ခု ရူပါရုံ နှစ်ပါးစုံကို စွဲ၍ ဖြစ်သော အနိစ္စတရားသာ ဖြစ်သည်ဟု သိမြင်သော ဝိပဿနာဉာဏ် အဆင့်ဆင့် ရင့်သန်လာသဖြင့် မဂ်ဉာဏ်ကိုရ၍ နိဗ္ဗာန်သို့ ရောက်ကြကုန်လတ္တံ့။

စက္ခုဝိညာဏ်ကို ပြဆိုခန်းပြီး၏။

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ်၊ နှာ-၃၅၉။

## ၁၄-သောတဝိညာဏ်ကို ပြဆိုခန်း

သောတာယတနံ သောတဝိညာဏဿ နိဿယပစ္စ-
ယေန ပစ္စယော။ ။ပဋ္ဌာန်းပါဠိတော်[၁]။ အနက်
လွယ်၏။

သောတပသာဒသည် သောတဝိညာဏ်အား နိဿယပစ္စည်း
ဖြင့် ကျေးဇူးပြု၏။

သဒ္ဒါယတနံ သောတဝိညာဏဿ အာရမ္မဏ-
ပစ္စယေန ပစ္စယော။ ။ဋ္ဌာန်းပါဠိတော်[၂]။

သဒ္ဒါရုံသည် သောတဝိညာဏ်အား အာရမ္မဏပစ္စည်းဖြင့်
ကျေးဇူးပြု၏။

ဝါးလက်ခုတ်တီးရာ၌ ဝါးခြမ်းနှစ်ခုကျေးဇူးပြု၍ အသံဖြစ်
ပေါ်သကဲ့သို့ ထို့အတူ သောတပသာဒနှင့် သဒ္ဒါရုံ ဆုံမိကြသည့်
အခါ သောတပသာဒနှင့် သဒ္ဒါရုံ နှစ်ပါးစုံတို့ ကျေးဇူးပြုကြ
သဖြင့် နားတွင်းမှာ သောတဝိညာဏ် ဖြစ်ပေါ်လာ၏။

ထင်းပေါက်ကိုစွဲ၍ တောက်လောင်သောမီးကို ထင်းပေါက်
မီးဟု ခေါ်သကဲ့သို့ ထို့အတူ သောတကို အစွဲပြု၍ ဖြစ်သော
ကြောင့် သောတဝိညာဏ် ဟု ခေါ်၏။ ဤသောတဝိညာဏ်
ဖြစ်ပေါ်လာသည့်အခါ လူသံဘဲ၊ ငှက်သံဘဲ စသည်ဖြင့် သိရာ
၏။

**သိပုံ ၃-မျိုး။** ။ဤသို့ သိရာ၌ သောတဝိညာဏ်သိ၊ မနောဝိညာဏ်သိ၊ ပုဂ္ဂိုလ်သိ ဟူ၍ ၃-မျိုး ခွဲ၍ **သိအပ်၏။**

---

၁။ ပဋ္ဌာန်းပါဠိတော်၊ ပဌမတွဲ၊ ကုသလတိက်၊ ပဥ္စာဝါရ၊ နှာ-၁၄၃။
၂။ ပဋ္ဌာန်းပါဠိတော်၊ ပဌမတွဲ၊ ကုသလတိက်၊ ပဥ္စာဝါရ၊ နှာ-၁၃၅။

သောတဝိညာဏ်သိကား အသေအချာ မသိသေး၊ သာမည သာ သိသေး၏။ ဤသောတဝိညာဏ်သိမှုကိုပင် ကြားသည်ဟု ခေါ်ကြ၏။

မနောဝိညာဏ်သိကား လူသံဘဲ ငှက်သံဘဲ နွားသံဘဲ ခွေးသံဘဲ စသည်ဖြင့် အသေအချာ သိ၏။

ပုဂ္ဂိုလ်သိကား ဤမနောဝိညာဏ်၏ သိမှုပင်တည်း။ ဤ မနောဝိညာဏ်၏ သိမှုပေါ်လာမှသာ ပုဂ္ဂိုလ်သိ သိ၏။ ပုဂ္ဂိုလ် ကား မရှိ၊ နာမ်ရုပ်နှစ်ပါးသာ ရှိခြင်းကြောင့် ပုဂ္ဂိုလ်သိ ဟူ၍ မရှိ၊ အမှန်အားဖြင့် ဝိညာဏ်သိသာ ရှိ၏။

ဒိဋ္ဌိအမြင်။ ။အိမ်၌ရှိသောသူတို့က ညံ့ညံ့စီစီ ပြုကြသည်ကို ဟိုအိမ်က ညံသည်ဟု ပြောဆိုကြသကဲ့သို့ ထိုအ တူ သောတဝိညာဏ်က ကြားသည်ကို သောတက ကြားသည်၊ နားက ကြားသည်ဟု ပြောဆိုကြ၏။ ဤသောတဝိညာဏ် ကြားမှုကိုပင် ပုဂ္ဂိုလ်ကြားသည်၊ သတ္တဝါကြားသည်၊ ငါကြား သည်၊ ကိုယ်ကြားသည်၊ သောတက ကြားသည်၊ အလိုရှိတိုင်း ကြားနိုင်သည်၊ ဤသို့ စသည်ဖြင့် သိမြင်မှုသည် ဒိဋ္ဌိ၏ သိမြင်မှု ပေတည်း။

ဉာဏ်အမြင်။ ။ပုဂ္ဂိုလ် သတ္တဝါ ငါကိုယ် ဟူ၍ မရှိခြင်း ကြောင့် ပုဂ္ဂိုလ်ကြား သည်၊ သတ္တဝါကြား သည်၊ ငါကြားသည်၊ ကိုယ်ကြားသည်၊ သောတက ကြားသည် မဟုတ်၊ သောတဝိညာဏ်ကသာ ကြား၏။ ဤသောတဝိညာဏ် သည် သောတနှင့် သဒ္ဒါရုံ နှစ်ပါးစုံကိုစွဲ၍ဖြစ်သော အနိစ္စတရား သာဖြစ်သည်၊ အလိုရှိတိုင်း မကြားနိုင်၊ သောတဝိညာဏ် ဖြစ် ပေါ်မှသာ ကြားနိုင်သည်။ ဤသို့ စသည်ဖြင့် သိမြင်မှုသည် ဉာဏ်၏သိမြင်မှုပေတည်း။

**ခေါင်းခေါ် တိုးခေါက်သံ ဥပမာနှင့် သောတဝိညာဏ်**

သောတဝိညာဏ် ဖြစ်ပေါ်ပုံ ဥပမာကား— ခေါင်းသံ[၁]ဖြစ်ပေါ်မှုနှင့် တူ၏။ သောတသည် ခေါင်း[၁]နှင့် တူ၏။ အသံသဒ္ဒါရုံ အမျိုးမျိုးတို့သည် ရိုက်နှက်သောတုတ်နှင့် တူကုန်၏။ သောတဝိညာဏ်သည် ခေါင်းသံနှင့် တူ၏။ ခေါင်းသံသည် ခေါင်းထဲမှာ အမြဲတည်ရှိနေသည် မဟုတ်၊ ခေါင်းကို တုတ်ဖြင့်ရိုက်လိုက်သည့်အခါ ခေါင်းနှင့်တုတ်နှစ်ပါးစုံကိုစွဲ၍ ခေါင်းသံဖြစ်ပေါ်လာသကဲ့သို့ ထို့အတူ သောတဝိညာဏ်သည် သောတ၏အတွင်းမှာ အမြဲတည်ရှိနေသည် မဟုတ်၊ သောတနှင့် သဒ္ဒါရုံ ဆုံမိကြသည့်အခါ သောတ-သဒ္ဒါရုံနှစ်ပါးစုံကိုစွဲ၍ သောတဝိညာဏ် ဖြစ်ပေါ်လာ၏။ ထို့ကြောင့် သံယုတ်ပါဠိတော်[၂]—

သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ- ဟူ၍ ဟောတော်မူ၏။

သောတဉ္စ၊ သောတပသာဒရုပ်ကိုလည်းကောင်း။ သဒ္ဒေ စ၊ အသံသဒ္ဒါရုံတို့ကိုလည်းကောင်း။ ပဋိစ္စ၊ စွဲ၍။ သောတဝိညာဏံ၊ သောတဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤကဲ့သို့ သောတနှင့်သဒ္ဒါရုံ နှစ်ပါးစုံကို စွဲ၍ဖြစ်သည်ဟု ဟောတော်မူသောကြောင့် သောတဝိညာဏ်သည် သောတ၏ အတွင်းမှာ အမြဲတည်ရှိနေသည် မဟုတ်၊ ထိုထိုအသံ'သဒ္ဒါရုံ'တို့ကို ကြားသည့်အခါ အသစ်အသစ် ဖြစ်ပေါ်၏ဟု မှတ်ယူအပ်၏။ အဟောင်းရှိ၍နေခဲ့လျှင် အသစ်ဖြစ်ပေါ်ဘို့မရှိ၊ အသစ်အသစ်

---

၁-၁။ ခေါင်းသံ=တိုးခေါက်သံ။ အချို့ အညာဒေသ၌ တိုးခေါက်သံကို ခေါင်းသံဟုခေါ်သည်။ အသံမြည်အောင် သစ်တုံးကြီး၌ အခေါင်းအပေါက် ထွင်းထားသောကြောင့် ဤသို့ခေါ်ခြင်းဖြစ်သည်။

၂။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ်၊ နှာ ၂၆၀။

ဖြစ်ပေါ်၍ နေသည်ကို မြင်ရသဖြင့် ဖြစ်ပြီးသော သောတ ဝိညာဏ်သည် ခဏခြင်း ကွယ်ပျောက်၏ဟု ယုံကြည်နိုင်ရာ၏။ ထို့ကြောင့်---

"သောတဝိညာဏံ အနိစ္စံ"[၁]။

ဟူ၍ ဟောတော်မူသည်ဟု ယုံကြည်လေးမြတ် မှတ်ယူအပ်၏။

ဤသို့ မှတ်ယူပြီး၍ သောတဝိညာဏ်ကို အနိစ္စ ထင်မြင်အောင် ရှုကြည့်ရာ၏။ ရှုကြည့်ပုံကို ပြဦးအံ့—

**ဝိပဿနာရှုပုံ။** ။ထိုထို အသံ သဒ္ဒါရုံတို့ကို ကြားသည့်အခါ အသစ်အသစ် ဖြစ်ပေါ်လာသော သောတ-ဝိညာဏ်သည် လူသံကိုကြားလျှင် ကြားရာတွင်ပျောက်၏။ ငှက်သံကိုကြားလျှင် ကြားရာတွင် ပျောက်၏၊ ကြက်သံကို ကြားလျှင် ကြားရာတွင် ပျောက်၏၊ ခွေးသံကိုကြားလျှင် ကြားရာတွင် ပျောက်၏၊ ဆိုင်းသံကို ကြားလျှင် ကြားရာတွင် ပျောက်၏။ ဗုံသံကို ကြားလျှင် ကြားရာတွင် ပျောက်၏၊ နှဲသံကို ကြားလျှင် ကြားရာတွင် ပျောက်၏၊ မိုးသံကို ကြားလျှင် ကြားရာတွင် ပျောက်၏။ လေသံကို ကြားလျှင် ကြားရာတွင် ပျောက်၏။ ရိုက်နှက်သံကို ကြားလျှင် ကြားရာတွင် ပျောက်၏။

ဤသို့စသည်ဖြင့် သူ့အာရုံနှင့် သူ့ဝိညာဏ် အပိုင်း အပိုင်း ပြတ်၍ သွားအောင် ရှုကြည့်လေ။ တကြားတည်း ကြား၍ နေရာမှာလည်း ခဏမစဲ တသဲသဲ ဖြစ်ပျက်၍နေသည်ဟု ရှုကြည့်လေ။

ဤကား ဝိပဿနာရှုပုံနည်းကို ပြဆိုသော နည်းတည်း။

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ်၊ နှာ၂၅၇။

**မိစ္ဆာဒိဋ္ဌိကို ပယ်နိုင်ခြင်း။** ။ဤကဲ့သို့ သောတဝိညာဏ်၏ ဖြစ်ပျက်မှု 'ဥဒယဗ္ဗယ'ကို သိမြင်ကြကုန်သောသူတို့သည် သတ္တဝါကြားသည်၊ ငါကြားသည်၊ ကိုယ်ကြားသည်၊ သောတက ကြားသည်၊ အလိုရှိတိုင်း ကြားနိုင်သည် စသည်ဖြင့် အမှားကိုမြင်၍နေသော မိစ္ဆာဒိဋ္ဌိကို ပယ်ဖျောက်နိုင်လေကုန်၏။

ထိုကြောင့် သံယုတ်ပါဠိတော်၌[၁]—

သောတဝိညာဏံ အနိစ္စတော ဇာနတော ပဿ-
တော မိစ္ဆာဒိဋ္ဌိ ပဟီယတိ—

ဟူ၍ ဟောတော်မူ၏။

သောတဝိညာဏံ၊ သောတဝိညာဏ်ကို။ အနိစ္စတော၊ မမြဲသော အနိစ္စတရားဟူ၍။ ဇာနတော၊ သိသောသူအား။ ပဿ-တော၊ မြင်သောသူအား။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအားဖြင့် မြင်ခြင်းဟူသော မိစ္ဆာဒိဋ္ဌိကို။ ပဟီယတိ၊ ပယ်အပ်၏။

**နိဗ္ဗာန်ရောက်နိုင်ခြင်း။** ။ဤကဲ့သို့ မိစ္ဆာဒိဋ္ဌိကို ပယ်ဖျောက်နိုင်ကြကုန်သော သူတို့သည် သတ္တဝါကြားမှု ငါကြားမှု ကိုယ်ကြားမှု မဟုတ်၊ သောတဝိညာဏ်ကြားမှုသာဖြစ်၏။ ဤသောတဝိညာဏ်သည် သောတနှင့်သဒ္ဒါရုံ နှစ်ပါးစုံကိုစွဲ၍ ဖြစ်သော အနိစ္စတရားသာ ဖြစ်သည်ဟုသိမြင်သော ဝိပဿနာဉာဏ်အဆင့်ဆင့် ရင့်သန်လာသဖြင့် မဂ်ဉာဏ်ကိုရ၍ နိဗ္ဗာန်သို့ရောက်ကြကုန်လတ္တံ့။

သောတဝိညာဏ်ကို ပြဆိုခန်း ပြီး၏။

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ်၊ နှာ-၃၅၉။

## ၁၅-ဃာနဝိညာဏ်ကို ပြဆိုခန်း

ဃာနာယတနံ ဃာနဝိညာဏဿ နိဿယပစ္စယေန ပစ္စယော။ ။ပဋ္ဌာန်းပါဠိတော်[၁]။ အနက်လွယ်၏။

ဃာနပသာဒသည် ဃာနဝိညာဏ်အား နိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဂန္ဓာယတနံ ဃာနဝိညာဏဿ အာရမ္မဏပစ္စယေန ပစ္စယော။ ။ငင်းပါဠိတော်[၂]။

ဂန္ဓာရုံသည် ဃာနဝိညာဏ်အား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု၏။

တုတ်နှစ်ခုကို တိုးရိုက်ရာ၌ တုတ်နှစ်ခုကျေးဇူးပြု၍ အသံဖြစ်ပေါ်လာသကဲ့သို့ ထို့အတူ ဃာနနှင့်ဂန္ဓာရုံ ထိခိုက်ကြသည့်အခါ ဃာနနှင့်ဂန္ဓာရုံနှစ်ပါးစုံတို့ ကျေးဇူးပြုကြသဖြင့် နှာခေါင်းတွင်းမှာ ဃာနဝိညာဏ်ဖြစ်ပေါ်လာ၏။

မြက်ကိုစွဲ၍ တောက်လောင်သော မီးကို မြက်မီးဟုခေါ်သကဲ့သို့ ထို့အတူ ဃာနကိုအစွဲပြု၍ ဖြစ်သောကြောင့် ဃာနဝိညာဏ်ဟုခေါ်၏။ ဤဃာနဝိညာဏ် ဖြစ်ပေါ်လာသည့်အခါ ပန်းနံ့ဘဲ၊ မစင်နံ့ဘဲ၊ မွှေးသောအနံ့၊ ပုပ်သောအနံ့စသည်ဖြင့် အသေအချာ သိရ၏။

**သိခြင်း ၃-မျိုး။** ။ဤသို့ သိရာ၌ ဃာနဝိညာဏ်သိ၊ မနောဝိညာဏ်သိ၊ ပုဂ္ဂိုလ်သိဟူ၍ ၃-မျိုးခွဲ၍ သိအပ်၏။

---

၁။ ပဋ္ဌာန်းပါဠိတော်၊ ပဌမတွဲ၊ ကုသလတိက်၊ ပစ္စယဝါရ၊ နှာ-၁၄၃။
၂။ ပဋ္ဌာန်းပါဠိတော်၊ ပဌမတွဲ၊ ကုသလတိက်၊ ပစ္စယဝါရ၊ နှာ-၁၃၅။

ဃာနဝိညာဏ်သိကား အသေအချာ မသိသေး၊ သာမည သာ သိသေး၏။ ဤဃာနဝိညာဏ်သိမှုကိုပင် နံသည်ဟု ခေါ်ကြ၏။

မနောဝိညာဏ်သိကား ပန်းနံ့ဘဲ၊ မစင်နံ့ဘဲ၊ မွှေးသော အနံ့၊ ပုပ်သောအနံ့စသည်ဖြင့် အသေအချာ သိ၏။

ပုဂ္ဂိုလ်သိကား ဤမနောဝိညာဏ်၏ သိမှုပင်တည်း။ ဤမနောဝိညာဏ်၏ သိမှုပေါ်လာမှသာ ပုဂ္ဂိုလ်သိ သိ၏။ ပုဂ္ဂိုလ်ကား မရှိ၊ နာမ်ရုပ်နှစ်ပါးသာ ရှိခြင်းကြောင့် ပုဂ္ဂိုလ်သိဟူ၍ မရှိ၊ အမှန်အားဖြင့် ဝိညာဏ်သိသာ ရှိ၏။

**ဒိဋ္ဌိအမြင်။** ။ဇရပ်၌ရှိသောသူတို့က ညံ့ကြသည်ကို ထိုဇရပ်က ညံ့သည်ဟု ပြောဆိုကြသကဲ့သို့ ထို့အတူ ဃာနဝိညာဏ်က နံသည်ကို ဃာနကနံသည်, နှာခေါင်းက နံသည်ဟု ပြောဆိုကြ၏။ ဤဃာနဝိညာဏ် နံမှုကိုပင် ပုဂ္ဂိုလ်နံသည်၊ သတ္တဝါနံသည်၊ ငါနံသည်၊ ကိုယ်နံသည်၊ ဃာနက နံသည်၊ အလိုရှိတိုင်း နံနိုင်သည်၊ ဤသို့စသည်ဖြင့် သိမြင်မှုသည် ဒိဋ္ဌိ၏ သိမြင်မှုပေတည်း။

**ဉာဏ်အမြင်။** ။ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ ကိုယ်ဟူ၍ မရှိခြင်းကြောင့် ပုဂ္ဂိုလ် နံသည် သတ္တဝါ နံသည် မဟုတ်၊ ငါနံသည် ကိုယ်နံသည် မဟုတ်၊ ဃာနက နံသည် မဟုတ်၊ ဃာနဝိညာဏ်သာ နံ၏။ ဤ ဃာနဝိညာဏ်သည် ဃာနနှင့် ဂန္ဓာရုံ နှစ်ပါးစုံကို စွဲ၍ဖြစ်သော အနိစ္စတရားသာ ဖြစ်သည်၊ အလိုရှိတိုင်း မနံနိုင်၊ ဃာနဝိညာဏ် ဖြစ်ပေါ်မှသာ နံနိုင်သည်၊ ဤသို့စသည်ဖြင့် သိမြင်မှုသည် ဉာဏ်၏ သိမြင်မှု ပေတည်း။

**မောင်းသံဥပမာနှင့်ဃာနဝိညာဏ်။** ။ဃာနဝိညာဏ် ဖြစ်ပေါ်ပုံဥပမာကား မောင်းသံ ဖြစ်ပေါ်မှုနှင့်တူ၏။ ဃာနသည် မောင်းနှင့်တူ၏။ အနံ့ဂန္ဓာရုံ အမျိုးမျိုးတို့သည် မောင်းထုနှင့် တူကုန်၏။ ဃာနဝိညာဏ်သည် မောင်းသံနှင့်တူ၏။ မောင်းသံသည် မောင်း၏အတွင်းမှာ အမြဲတည်ရှိနေသည်မဟုတ်၊ မောင်းကို မောင်းထုဖြင့် ထုနှက်ရာ၌ မောင်းနှင့် မောင်းထု နှစ်ခုကို စွဲ၍ မောင်းသံဖြစ်ပေါ်သကဲ့သို့ ထို့အတူ ဃာနဝိညာဏ်သည် ဃာန၏အတွင်းမှာ အမြဲတည်ရှိနေသည်မဟုတ်၊ ဃာနနှင့် ဂန္ဓာရုံ ထိခိုက်ကြသည့်အခါ ဃာနနှင့် ဂန္ဓာရုံနှစ်ပါးစုံကို စွဲ၍ ဃာနဝိညာဏ်ဖြစ်ပေါ်လာ၏။ ထို့ကြောင့် သံယုတ်ပါဠိတော်၌[၁]——

ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံ–

ဟူ၍ ဟောတော်မူ၏။

ဃာနဉ္စ၊ ဃာနပသာဒရုပ်ကိုလည်းကောင်း။ ဂန္ဓေ စ၊ အနံ့ဂန္ဓာရုံတို့ကိုလည်းကောင်း။ ပဋိစ္စ၊ စွဲ၍။ ဃာနဝိညာဏံ၊ ဃာနဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤကဲ့သို့ဃာနနှင့် ဂန္ဓာရုံ နှစ်ပါးစုံကိုစွဲ၍ဖြစ်သည်ဟု ဟောတော်မူသောကြောင့် ဃာနဝိညာဏ်သည် ဃာန၏အတွင်းမှာ အမြဲတည်ရှိနေသည်မဟုတ်၊ ထိုထိုအနံ့ဂန္ဓာရုံတို့ကို နံသည့်အခါ အသစ်အသစ် ဖြစ်ပေါ်လာ၏ဟု မှတ်ယူအပ်၏။ အဟောင်းရှိ၍နေခဲ့လျှင် အသစ်ဖြစ်ပေါ် ဘို့မရှိ၊ အသစ်အသစ်ဖြစ်ပေါ်၍ နေသည်ကို မြင်ရသဖြင့် ဖြစ်ပြီးသော ဃာနဝိညာဏ်သည် ခဏခြင်း ကွယ်ပျောက်၏ဟု ယုံကြည်နိုင်ရာ၏။ ထို့ကြောင့်

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ်၊ နှာ-၂၆၁။

**ဃာနဝိညာဏ်၊ အနိစ္စံ** ဟူ၍ ဟောတော်မူသည်ဟု ယုံကြည် လေးမြတ် မှတ်ယူအပ်၏။

**ဝိပဿနာရှုပုံ။** ။ဤသို့ မှတ်ယူပြီး၍ ဃာနဝိညာဏ်ကို အနိစ္စ ထင်မြင်အောင် ရှုကြည့်ရာ၏။ ရှုကြည့်ပုံကို ပြဦးအံ့—

ထိုထိုအနံ့ဂန္ဓာရုံတို့ကို နံသည့်အခါ အသစ်အသစ်ဖြစ်ပေါ်၍ လာသော ဃာနဝိညာဏ်သည် ပန်းနံ့ကို နံလျှင် နံရာတွင် ပျောက်၏။ နှင်းဆီနံ့ကို နံလျှင် နံရာတွင် ပျောက်၏။ သရဖီနံ့ကိုနံလျှင် နံရာတွင် ပျောက်၏။ ဒေါနနံ့ကို နံလျှင် နံရာတွင် ပျောက်၏။ စကားဝါနံ့ကို နံလျှင် နံရာတွင်ပျောက်၏။ သနပ်ခါးနံ့ကို နံလျှင် နံရာတွင် ပျောက်၏။ ရေမွှေးနံ့ကို နံလျှင် နံရာတွင် ပျောက်၏။ မွှေးသောအနံ့ကို နံလျှင် နံရာတွင် ပျောက်၏။ မီးခိုးနံ့ကို နံလျှင် နံရာတွင် ပျောက်၏။ ဖွဲမီးနံ့ကို နံလျှင် နံရာတွင် ပျောက်၏။ လူနံ့ ကို နံလျှင် နံရာတွင် ပျောက်၏။ ခွေးနံ့ကို နံလျှင် နံရာတွင် ပျောက် ၏။ ရွှံပုပ်နံ့ကို နံလျှင် နံရာတွင် ပျောက်၏။ နောက်ချေးနံ့ကို နံလျှင် နံရာတွင် ပျောက်၏။ မစင်နံ့ကို နံလျှင် နံရာတွင် ပျောက် ၏။ ပုပ်သောအနံ့ကို နံလျှင် နံရာတွင် ပျောက်၏။

ဤသို့စသည်ဖြင့် သူ့အာရုံနှင့် သူ့ဝိညာဏ် အပိုင်းပိုင်း ပြတ်၍သွားအောင် ရှုကြည့်လေ။ တနံတည်းနံ၍ နေရာမှာလည်း ခဏမစဲ တသဲသဲဖြစ်ပျက်၍ နေသည်ဟု ရှုကြည့်လေ။ ဤကား ဝိပဿနာရှုပုံနည်းကို ပြဆိုသော နည်းပေတည်း။

**မိစ္ဆာဒိဋ္ဌိကို ပယ်နိုင်ခြင်း။** ။ဤကဲ့သို့ ဃာနဝိညာဏ်၏ ဖြစ် ပျက်မှု 'ဥဒယဗ္ဗယ'ကို သိမြင်ကြ ကုန်သောသူတို့သည် သတ္တဝါနံသည်၊ ငါနံသည်၊ ကိုယ်နံသည်၊

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ်၊ နှာ-၂၅၃။

ဃာနက နံသည်၊ အလိုရှိတိုင်း နံနိုင်သည်။ ဤသို့စသည်ဖြင့် အမှားကိုမြင်၍နေသော မိစ္ဆာဒိဋ္ဌိကို ပယ်ဖျောက်နိုင်လေကုန်၏၊ ထို့ကြောင့် သံယုတ်ပါဠိတော်၌[1]—

ဃာနဝိညာဏံ အနိစ္စတော ဇာနတော ပဿတော မိစ္ဆာဒိဋ္ဌိ ပဟီယတိ—

ဟူ၍ ဟောတော်မူ၏။

ဃာနဝိညာဏံ၊ ဃာနဝိညာဏ်ကို။ အနိစ္စတော၊ မမြဲသော အနိစ္စတရားဟူ၍။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအားဖြင့် မြင်ခြင်း ဟူသော မိစ္ဆာဒိဋ္ဌိကို။ ပဟီယတိ၊ ပယ်အပ်၏။

နိဗ္ဗာန်ရောက်နိုင်ခြင်း။ ။ဤကဲ့သို့ မိစ္ဆာဒိဋ္ဌိကိုပယ်ဖျောက်နိုင်ကြကုန်သော သူတို့သည် သတ္တဝါ နံမှု၊ ငါနံမှု၊ ကိုယ်နံမှုမဟုတ်၊ ဃာနဝိညာဏ် နံမှုသာဖြစ်၏။ ဤ ဃာနဝိညာဏ်သည် ဃာနနှင့်ဂန္ဓာရုံ နှစ်ပါးစုံကို စွဲ၍ ဖြစ်သော အနိစ္စ တရားသာ ဖြစ်သည်ဟု သိမြင်သော ဝိပဿနာဉာဏ် အဆင့်ဆင့် ရင့်သန်လာသဖြင့် မဂ်ဉာဏ်ကိုရ၍ နိဗ္ဗာန်သို့ရောက်ကြကုန်လတ္တံ့။

ဃာနဝိညာဏ်ကို ပြဆိုခန်း ပြီး၏။

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ်၊ နှာ-၃၅၉။

## ၁၆-ဇိဝှါဝိညာဏ်ကို ပြဆိုခန်း

ဇိဝှါယတနံ ဇိဝှါဝိညာဏဿ နိဿယပစ္စယေန
ပစ္စယော။ ။ပဋ္ဌာန်းပါဠိတော်[၁]။ အနယ်လွယ်၏။

ဇိဝှါယတနသည် ဇိဝှါဝိညာဏ်အား နိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။

ရသာယတနံ ဇိဝှါဝိညာဏဿ အာရမ္မဏပစ္စယေန
ပစ္စယော။ ။၎င်းပါဠိတော်[၂]။

ရသာရုံသည် ဇိဝှါဝိညာဏ်အား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု၏။

သံတုတ်နှစ်ခုကို ရိုက်နှက်ရာ၌ သံတုတ်နှစ်ခု ကျေးဇူးပြု၍ အသံဖြစ်ပေါ်လာသကဲ့သို့ ထို့အတူ ဇိဝှါနှင့်ရသာရုံ ထိခိုက်ကြသည့်အခါ ဇိဝှါနှင့် ရသာရုံ နှစ်ပါးစုံတို့ ကျေးဇူးပြုကြသဖြင့် လျှာအပြင်မှာ ဇိဝှါဝိညာဏ်ဖြစ်ပေါ်လာ၏။

နွားချေးကိုစွဲ၍ တောက်လောင်သောမီးကို နွားချေးမီးဟု ခေါ်သကဲ့သို့ ထို့အတူ ဇိဝှါကို အစွဲပြု၍ ဖြစ်သောကြောင့် ဇိဝှါဝိညာဏ်ဟု ခေါ်၏။ ဤဇိဝှါဝိညာဏ်ဖြစ်ပေါ်သည့်အခါ အချိုဘဲ၊ အချဉ်ဘဲ၊ အစပ်ဘဲ၊ အဖန်ဘဲဟု သိရ၏။

**သိခြင်း ၃-မျိုး။** ။ဤသို့ သိရာ၌ ဇိဝှါဝိညာဏ်သိ၊ မနောဝိညာဏ်သိ၊ ပုဂ္ဂိုလ်သိ ဟူ၍ ၃-မျိုး ခွဲ၍ သိအပ်၏။

---

၁။ ပဋ္ဌာန်းပါဠိတော် ပဌမတွဲ၊ ကုသလတိက်၊ ပဉ္စာဝါရ ၊ နှာ-၁၄၃။
၂။ ပဋ္ဌာန်းပါဠိတော်၊ပ-တွဲ နှာ-၁၃၅။

ဇီဝှါဝိညာဏ်သိကား အသေအချာ မသိသေး၊ သာမညသာ သိသေး၏။

မနောဝိညာဏ်သိကား အချိုဘဲ၊ အချဉ်ဘဲ၊ အစပ်ဘဲ၊ အဖန်ဘဲ စသည်ဖြင့် အသေအချာ သိ၏။

ပုဂ္ဂိုလ်သိကား ဤမနောဝိညာဏ်၏ သိမှုပင်တည်း။ ဤ မနောဝိညာဏ်၏ သိမှုပေါ်လာမှသာ ပုဂ္ဂိုလ်သိ သိ၏။ ပုဂ္ဂိုလ်ကား မရှိ၊ နာမ်ရုပ်နှစ်ပါးသာ ရှိခြင်းကြောင့် ပုဂ္ဂိုလ်သိဟူ၍ မရှိ။ အမှန်အားဖြင့် ဝိညာဏ်သိသာ ရှိ၏။

**ဒိဋ္ဌိအမြင်။** ။ထိုဇိဝှါဝိညာဏ် ဖြစ်ပေါ်မှုကို လျှာဖြင့် လျက်သည်ဟု ပြောဆိုကြ၏။ ပုဂ္ဂိုလ်လျက်သည်၊ သတ္တဝါလျက်သည်၊ ငါလျက်သည်၊ ကိုယ်လျက်သည်၊ အလိုရှိတိုင်း လျက်နိုင်သည်၊ လျှာက သိသည်၊ ဤသို့စသည်ဖြင့် သိမြင်မှုသည် ဒိဋ္ဌိ၏သိမြင်မှုပေတည်း။

**ဉာဏ်အမြင်။** ။ပုဂ္ဂိုလ် သတ္တဝါ ငါ ကိုယ်ဟူ၍ မရှိခြင်းကြောင့် ပုဂ္ဂိုလ်လျက်သည်၊ သတ္တဝါလျက်သည်၊ ငါလျက်သည်၊ ကိုယ်လျက်သည် မဟုတ်၊ အလိုရှိတိုင်း မလျက်နိုင်၊ ဇိဝှါနှင့်ရသာရုံ နှစ်ပါးစုံကိုစွဲ၍ ဖြစ်သော အနိစ္စတရားသာ ဖြစ်၏။ လျှာက သိသည်မဟုတ်၊ ဇိဝှါဝိညာဏ်ဖြစ်ပေါ်၍ နာမက္ခန္ဓာတို့၏ သိမှုသာဖြစ်သည်။ ဤသို့စသည်ဖြင့် သိမြင်မှုသည် ဉာဏ်၏သိမြင်မှုပေတည်း။

**အိုးစည်သံဥပမာနှင့် ဇိဝှါဝိညာဏ်။** ။ဇိဝှါဝိညာဏ်ဖြစ်ပုံ ဥပမာကား အိုးစည်သံဖြစ်ပေါ်မှုနှင့်တူ၏။ ဇိဝှါသည် အိုးစည်နှင့်တူ၏။ အချိုအချဉ်စသော ရသာရုံ အမျိုးမျိုးတို့သည် တီးသောလက်နှင့် တူကုန်၏၊ ဇိဝှါ

ဝိညာဏ်သည် အိုးစည်သံနှင့်တူ၏။ အိုးစည်သံသည် အိုးစည်ထဲမှာ အမြဲတည်ရှိနေသည် မဟုတ်၊ အိုးစည်ကိုလက်ဖြင့် တီးလိုက်သည့်အခါ အိုးစည်နှင့်လက်ကိုစွဲ၍ အိုးစည်သံ ဖြစ်ပေါ်လာသကဲ့သို့ ထို့အတူ ဇိဝှါဝိညာဏ်သည် ဇိဝှါ၏အတွင်းမှာ အမြဲတည်ရှိနေသည် မဟုတ်၊ ဇိဝှါနှင့်ရသာရုံ ထိခိုက်ကြသည့်အခါ ဇိဝှါနှင့်ရသာရုံ နှစ်ပါးစုံကိုစွဲ၍ ဇိဝှါဝိညာဏ်ဖြစ်ပေါ်လာ၏။

ထို့ကြောင့် သံယုတ်ပါဠိတော်၌[၁]—

ဇိဝှဉ္စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှါဝိညာဏံ—

ဟူ၍ ဟောတော်မူ၏။

ဇိဝှဉ္စ၊ ဇိဝှါပသာဒရုပ်ကိုရင်း။ ရသေ စ၊ အချိုအချဉ်စသော ရသာရုံတို့ကိုရင်း။ ပဋိစ္စ၊ စွဲ၍။ ဇိဝှါဝိညာဏံ၊ ဇိဝှါဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤကဲ့သို့ ဇိဝှါနှင့်ရသာရုံ နှစ်ပါးစုံကို စွဲ၍ဖြစ်သည်ဟု ဟောတော်မူသောကြောင့် ဇိဝှါဝိညာဏ်သည် ဇိဝှါ၏အတွင်းမှာ အမြဲတည်ရှိနေသည်မဟုတ်၊ ထိုထိုရသာရုံတို့ကို သိသည့်အခါ အသစ်အသစ် ဖြစ်ပေါ်၍နေသည်ဟု မှတ်ယူအပ်၏။ အဟောင်းရှိ၍နေခဲ့လျှင် အသစ်ဖြစ်ပေါ်ဘို့ မရှိ။ အသစ်အသစ် ဖြစ်ပေါ်၍နေသည်ကို မြင်ရသဖြင့် ဖြစ်ပြီးသော ဇိဝှါဝိညာဏ်သည် ခဏခြင်း ကွယ်ပျောက်၏ဟု ယုံကြည်နိုင်ရာ၏။

ထို့ကြောင့် ဇိဝှါဝိညာဏံ အနိစ္စံ[၂]—ဟူ၍ ဟောတော်မူသည်ဟု ယုံကြည်လေးမြတ် မှတ်ယူအပ်၏။

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ်၊ နှာ-၂၆၀။

၂။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ်၊ နှာ-၂၅၇။

**ဝိပဿနာရှုပုံ။** ။ဤသို့ မှတ်ယူပြီး၍ ဇဝုါဝိညာဏ်ကို အနိစ္စ ထင်မြင်အောင် ရှုကြည့်ရာ၏။ ရှုကြည့်ပုံကို ပြဦးအံ့—

အချိုအချဉ်စသော ထိုထိုရသာရုံတို့ကို သိသည့်အခါ အသစ်အသစ်ဖြစ်ပေါ်၍လာသော ဇဝုါဝိညာဏ်သည် အချိုဟု သိလျှင် သိရာတွင် ပျောက်၏။ အချဉ်ဟုသိလျှင် သိရာတွင် ပျောက်၏။ အစပ်ဟုသိလျှင် သိရာတွင် ပျောက်၏။ အဖန်ဟု သိလျှင် သိရာတွင် ပျောက်၏။ အငန်ဟု သိလျှင် သိရာတွင် ပျောက်၏။ အခါးဟုသိလျှင် သိရာတွင် ပျောက်၏။ အဆိမ့်ဟု သိလျှင် သိရာတွင် ပျောက်၏။ ကောင်းသည်ဟု သိလျှင် သိရာတွင် ပျောက်၏။ မကောင်းသည်ဟု သိလျှင် သိရာတွင် ပျောက်၏။ ဤသို့ စသည်ဖြင့် သူ့အာရုံနှင့် သူ့ဝိညာဏ် အပိုင်းပိုင်း ပြတ်၍သွားအောင် ရှုကြည့်လေ။ တချိုတည်း ချို၍နေရာ တချဉ်တည်း ချဉ်၍နေရာ စသည်တို့၌လည်း ခဏမစဲ တသဲသဲ ဖြစ်ပျက်၍နေသည်ဟု ရှုကြည့်လေ။ ဤကား ဝိပဿနာရှုပုံနည်းကို ပြဆိုသောနည်းပေတည်း။

**မိစ္ဆာဒိဋ္ဌိကို ပယ်နိုင်ခြင်း။** ။ဤကဲ့သို့ ဇဝုါဝိညာဏ်၏ ဖြစ်ပျက်မှု 'ဥဒယဗ္ဗယ'ကို သိမြင်ကြကုန်သော သူတို့သည် သတ္တဝါလျက်သည်၊ ငါလျက်သည်၊ ကိုယ်လျက်သည်၊ အလိုရှိတိုင်း လျက်နိုင်သည်၊ လျှာက သိသည်၊ ဤသို့စသည်ဖြင့် အမှားကို မြင်၍နေသော မိစ္ဆာဒိဋ္ဌိကို ပယ်ဖျောက်နိုင်လေကုန်၏။ ထို့ကြောင့် သံယုတ်ပါဠိတော်၌[၁]—

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သက္ကာယဒိဋ္ဌိပဟာနသုတ်၊ နှာ-၃၅၉။

ဇိဝှါဝိညာဏံ အနိစ္စတော ဇာနတော ပဿတော
မိစ္ဆာဒိဋ္ဌိ ပဟီယတိ—
ဟူ၍ ဟောတော်မူ၏။

ဇိဝှါဝိညာဏံ၊ ဇိဝှါဝိညာဏ်ကို။ အနိစ္စတော၊ မမြဲသော အနိစ္စတရားဟူ၍။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအားဖြင့် မြင်ခြင်း ဟူသော မိစ္ဆာဒိဋ္ဌိကို။ ပဟီယတိ၊ ပယ်အပ်၏။

**နိဗ္ဗာန်ရောက်နိုင်ခြင်း။** ။ဤကဲ့သို့ မိစ္ဆာဒိဋ္ဌိကို ပယ်ဖျောက်နိုင်ကြကုန်သော သူတို့သည် သတ္တဝါလျက်မှု၊ ငါလျက်မှု၊ ကိုယ်လျက်မှုမဟုတ်၊ အလိုရှိတိုင်း မလျက်နိုင်၊ ဇိဝှါနှင့်ရသာရုံ နှစ်ပါးစုံကိုစွဲ၍ ဖြစ်သော အနိစ္စတရားသာ ဖြစ်သည်ဟု သိမြင်သော ဝိပဿနာဉာဏ် အဆင့်ဆင့် ရင့်သန်လာသဖြင့် မဂ်ဉာဏ်ကိုရ၍ နိဗ္ဗာန်သို့ရောက်ကြကုန်လတ္တံ့။

ဇိဝှါဝိညာဏ်ကို ပြဆိုခန်း ပြီး၏။

## ၁၇-ကာယဝိညာဏ်ကို ပြဆိုခန်း

ကာယာယတနံ ကာယဝိညာဏဿ နိဿယပစ္စ-
ယေန ပစ္စယော။ ။ပဋ္ဌာန်းပါဠိတော်[၁]။ အနက်လွယ်၏။

ကာယပသာဒသည် ကာယဝိညာဏ်အား နိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဿ အာရမ္မဏ-
ပစ္စယေန ပစ္စယော။ ။ရင်းပါဠိတော်[၂]။

ဖောဋ္ဌဗ္ဗာရုံသည် ကာယဝိညာဏ်အား အာရမ္မဏပစ္စည်းဖြင့် ကျေးဇူးပြု၏။

လက်ခုပ်တီးရာ၌ လက်နှစ်ခု ကျေးဇူးပြု၍ အသံဖြစ်ပေါ်လာသကဲ့သို့ ထို့အတူ ကာယနှင့် ဖောဋ္ဌဗ္ဗာရုံ ထိခိုက်ကြသည့်အခါ ကာယနှင့်ဖောဋ္ဌဗ္ဗာရုံ နှစ်ပါးစုံတို့ ကျေးဇူးပြုကြသဖြင့် ကိုယ်မှာ ကာယဝိညာဏ် ဖြစ်ပေါ်လာ၏။

မြမြထက်သော အပ်ဖျားနှင့် ထိုး၍ စမ်းရာ နာသည်ဟု သိသော အရပ်ဌာနသည် ကာယဝိညာဏ် ဖြစ်ပေါ်သော အရပ်ဌာနပေတည်း။

ဖွဲ့ကိုအစွဲပြု၍ တောက်လောင်သောမီးကို ဖွဲ့မီးဟု ခေါ်သကဲ့သို့ ထို့အတူ ကာယကို အစွဲပြု၍ဖြစ်သောကြောင့် ကာယဝိညာဏ်ဟု ခေါ်၏။ ဤကာယဝိညာဏ် ဖြစ်ပေါ်သည့်အခါ ပူသည်, အေးသည်, နာသည်, ယားသည် ဤသို့စသည်ဖြင့် သိရ၏။

---

၁။ ပဋ္ဌာန်းပါဠိတော်၊ ပဌမတွဲ၊ ကုသလတိက်၊ ပစ္စယဝါရ၊ နှာ-၁၄၃။
၂။ ပဋ္ဌာန်းပါဠိတော်၊ ပ-တွဲ၊ ကုသလတိက်၊ ပစ္စယဝါရ၊ နှာ-၁၃၅။

**သိခြင်း ၃-မျိုး။** ။ဤသို့သိရာ၌ ကာယဝိညာဏ်သိ၊ မနောဝိညာဏ်သိ၊ ပုဂ္ဂိုလ်သိ ဟူ၍ ၃-မျိုး ခွဲ၍ သိအပ်၏။ ထိုတွင်—

ကာယဝိညာဏ်သိကား အသေအချာ မသိသေး၊ သာမညသာ သိသေး၏။

မနောဝိညာဏ်သိကား ပူသည့်, အေးသည့်, နာသည့်, ယားသည်၊ ဤသို့စသည်ဖြင့် အသေအချာ သိ၏။

ပုဂ္ဂိုလ်သိကား ဤမနောဝိညာဏ်၏ သိမှုပင်တည်း။ ဤ မနောဝိညာဏ်၏ သိမှု ဖြစ်ပေါ်လာမှ ပုဂ္ဂိုလ်သိ သိ၏။ ပုဂ္ဂိုလ်ကား မရှိ၊ နာမ်ရုပ်နှစ်ပါးသာ ရှိသောကြောင့် ပုဂ္ဂိုလ်သိ ဟူ၍ မရှိ။ အမှန်အားဖြင့် ဝိညာဏ်သိသာ ရှိ၏။

**ဒိဋ္ဌိအမြင်။** ။ထိုကာယဝိညာဏ် ဖြစ်ပေါ်မှုကို ကိုယ်တွေ့သည်၊ ကိုယ်ထိသည်ဟု ပြောဆိုကြ၏။ ဤကာယဝိညာဏ် ဖြစ်ပေါ်ရာ၌ ပူမှု, အေးမှု, ယားမှု စသည်ကား ဤကာယဝိညာဏ်နှင့် အတူတကွ ဖြစ်သောဝေဒနာ၏ သဘောပေတည်း။ ဤနာမက္ခန္ဓာတို့၏ အမှုကို ပုဂ္ဂိုလ်ထိသည်၊ ပုဂ္ဂိုလ်နာသည်၊ သတ္တဝါ ထိသည်၊ သတ္တဝါ ယားသည်၊ ငါထိသည်၊ ငါနာသည်၊ ကိုယ်နာသည်၊ ကိုယ်ယားသည်၊ အလိုရှိတိုင်း ထိနိုင်သည်၊ ခံစားနိုင်သည်၊ ဤသို့စသည်ဖြင့် သိမြင်မှုသည် ဒိဋ္ဌိ၏ သိမြင်မှုပေတည်း။

**ဉာဏ်အမြင်။** ။ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါဟူ၍ မရှိခြင်းကြောင့် ပုဂ္ဂိုလ်ထိသည်၊ ပုဂ္ဂိုလ်နာသည်၊ သတ္တဝါထိသည်၊ သတ္တဝါယားသည်၊ ငါထိသည်၊ ငါနာသည် မဟုတ်၊ ကိုယ်နာသည်၊ ကိုယ်ယားသည် မဟုတ်၊ နာမက္ခန္ဓာတို့၏ အမှု

သာ ဖြစ်ကုန်၏။ အလိုရှိတိုင်း ထိနိုင် ခံစားနိုင်သည် မဟုတ်၊ အကြောင်းကို စွဲ၍ဖြစ်သော အနိစ္စတရားသာ ဖြစ်သည်။ ဤသို့စသည်ဖြင့် သိမြင်မှုသည် ဉာဏ်၏ သိမြင်မှုပေတည်း။

**ပြောသံဥပမာနှင့် ကာယဝိညာဏ်။** ။ကာယဝိညာဏ်ဖြစ်ပေါ်ပုံ ဥပမာကား ပြောသံဖြစ်ပေါ်မှုနှင့်တူ၏။ ကာယသည် ပြောနှင့်တူ၏။ ဖောဋ္ဌဗ္ဗာရုံအမျိုးမျိုးတို့သည် ပြောကောက်နှင့်တူကုန်၏။ ကာယဝိညာဏ်သည် ပြောသံနှင့်တူ၏။ ပြောသံသည် ပြောထဲမှာ အမြဲတည်ရှိနေသည်မဟုတ်၊ ပြောကို ပြောကောက်နှင့် ရိုက်နှက်သည့်အခါ ပြောနှင့် ပြောကောက်ကိုစွဲ၍ ပြောသံ ဖြစ်ပေါ်လာသကဲ့သို့ ထို့အတူ ကာယဝိညာဏ်သည် ကိုယ်၏အတွင်းမှာ အမြဲတည်ရှိနေသည်မဟုတ်၊ ကာယနှင့် ဖောဋ္ဌဗ္ဗာရုံ ထိခိုက်ကြသည့်အခါ ကာယနှင့် ဖောဋ္ဌဗ္ဗာရုံ နှစ်ပါးစုံကို စွဲ၍ ကာယဝိညာဏ် ဖြစ်ပေါ်လာ၏။

ထို့ကြောင့် သံယုတ်ပါဠိတော် [၁]၌——

ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ——

ဟူ၍ ဟောတော်မူ၏။

ကာယဉ္စ၊ ကာယပသာဒရုပ်ကိုလည်းကောင်း။ ဖောဋ္ဌဗ္ဗေ စ၊ ဖောဋ္ဌဗ္ဗာရုံတို့ကိုလည်းကောင်း။ ပဋိစ္စ၊ စွဲ၍။ ကာယဝိညာဏံ၊ ကာယဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဤကဲ့သို့ ကာယနှင့်ဖောဋ္ဌဗ္ဗာရုံ နှစ်ပါးစုံကိုစွဲ၍ဖြစ်သည်ဟု ဟောတော်မူသောကြောင့် ကာယဝိညာဏ်

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ်၊ နှာ-၂၆၁။

သည် ကိုယ်၏အတွင်းမှာ အမြဲတည်ရှိနေသည် မဟုတ်၊ ထိုထို ဖောဋ္ဌဗ္ဗာရုံတို့နှင့် တွေ့ထိသည့်အခါ အသစ်အသစ်ဖြစ်ပေါ်၍ နေသည်ဟု မှတ်ယူအပ်၏။ အဟောင်းရှိ၍ နေခဲ့လျှင် အသစ် ဖြစ်ပေါ်ဘို့မရှိ၊ အသစ်အသစ် ဖြစ်ပေါ်၍ နေသည်ကို မြင်ရ သဖြင့် ဖြစ်ပြီးသော ကာယဝိညာဏ်သည် ခဏခြင်း ကွယ် ပျောက်၏ဟု ယုံကြည်နိုင်ရာ၏။ ထို့ကြောင့်—

ကာယဝိညာဏံ အနိစ္စံ[၁]—

ဟူ၍ ဟောတော်မူသည်ဟု ယုံကြည်လေးမြတ် မှတ်ယူအပ်၏။

**ဝိပဿနာရှုပုံ။** ။ဤသို့ မှတ်ယူပြီး၍ ကာယဝိညာဏ်ကို အနိစ္စ ထင်မြင်အောင် ရှုကြည့်ရာ၏။ ရှုကြည့်ပုံကို ပြဦးအံ့—

အဝတ်၊ အခြုံ၊ အရုံ၊ အခင်းစသော ဖောဋ္ဌဗ္ဗာရုံအမျိုးမျိုး တို့နှင့် တွေ့ထိသည့်အခါ ပူသည် အေးသည်စသည်ကို သိရာ၌ အသစ်အသစ် ပေါ်၍လာသော ကာယဝိညာဏ်သည် ပုဝါနှင့် ထိ၍ ထိသည်ဟု သိလျှင် သိရာတွင် ပျောက်၏။ အင်္ကျီနှင့်ထိ၍ ထိသည်ဟု သိလျှင် သိရာတွင် ပျောက်၏။ ပုဆိုးနှင့်ထိ၍ ထိသည်ဟု သိလျှင် သိရာတွင် ပျောက်၏။ အခြုံနှင့်ထိ၍ ထိသည် ဟုသိလျှင် သိရာတွင် ပျောက်၏။ အဝတ်အမျိုးမျိုးတို့နှင့် ထိ၍ ထိသည်ဟု သိလျှင် သိရာတွင် ပျောက်၏။ ကြမ်းနှင့်ထိ၍ ထိသည် ဟုသိလျှင် သိရာတွင်ပျောက်၏။ ဖျာနှင့်ထိ၍ ထိသည်ဟု သိလျှင် သိရာတွင် ပျောက်၏။ ခေါင်းအုံးနှင့်ထိ၍ ထိသည်ဟု သိလျှင် သိရာတွင် ပျောက်၏။ အခင်းအမျိုးမျိုးတို့နှင့်ထိ၍ ထိသည်ဟု သိလျှင် သိရာတွင် ပျောက်၏။ တိုင်နှင့်ထိ၍ ထိသည်ဟု သိလျှင် သိရာတွင် ပျောက်၏။ အကာနှင့်ထိ၍ ထိသည်ဟုသိလျှင် သိရာ

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ်၊ နှာ-၂၅၇။

တွင် ပျောက်၏။ မြေနှင့်ထိ၍ ထိသည်ဟု သိလျှင် သိရာတွင် ပျောက်၏။ ရေနှင့်ထိ၍ ထိသည်ဟုသိလျှင် သိရာတွင်ပျောက်၏။ လေနှင့်ထိ၍ ထိသည်ဟုသိလျှင် သိရာတွင်ပျောက်၏။ လက်နှင့်ထိ၍ ထိသည်ဟု သိလျှင် သိရာတွင် ပျောက်၏။ ခြေနှင့်ထိ၍ ထိသည်ဟု သိလျှင် သိရာတွင် ပျောက်၏။ လူနှင့်ထိ၍ ထိသည်ဟု သိလျှင် သိရာတွင် ပျောက်၏။

ဤသို့စသည်ဖြင့် သူ့အာရုံနှင့် သူ့ဝိညာဏ် အပိုင်းအပိုင်း ပြတ်၍သွားအောင် ရှုကြည့်လေ။ တထိထဲ ထိ၍ ထိမှန်းသိ၍ နေရာမှာလည်း ခဏမစဲ တသဲသဲ ဖြစ်ပျက်၍နေသည်ဟု ရှုကြည့်လေ။

ထိုထိုဖောဋ္ဌဗ္ဗာရုံတို့နှင့် တွေ့ထိသည့်အခါ ပူမှု၊ အေးမှု၊ ယားမှု၊ နာမှုစသည်တို့ကား ဤကာယဝိညာဏ်နှင့် အတူတကွ ဖြစ်သော ဝေဒနာ၏ သဘောတို့ပေတည်း။

**ဝေဒနာ ၃-မျိုး ခွဲ၍ ရှုမှတ်နည်း။** ။ထိုဝေဒနာသည် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာဟူ၍ ၃-မျိုးရှိပြန်၏။

ထိုတွင် ခံသာသော ဝေဒနာကို **သုခဝေဒနာ**ဟု ခေါ်၏။ သုခဝေဒနာ ဆိုသည်ကား ခံ၍ကောင်းသော အမှုပေတည်း။ ဤ ခံ၍ကောင်းသော အမှုကို ချမ်းသာသုခဟု ခေါ်၏။

မခံသာသော ဝေဒနာကို **ဒုက္ခဝေဒနာ**ဟု ခေါ်၏။ ဒုက္ခဝေဒနာဆိုသည်ကား ခံ၍မကောင်းသော အမှုပေတည်း။ ဤ ခံ၍မကောင်းသော အမှုကို ဆင်းရဲဒုက္ခဟု ခေါ်၏။

သုခဝေဒနာ ဒုက္ခဝေဒနာမှ အလွတ်ဖြစ်သော ဝေဒနာကို **ဥပေက္ခာဝေဒနာ**ဟု ခေါ်၏။ ဥပေက္ခာဝေဒနာ ဆိုသည်ကား

ခံ၍ကောင်းသည်လည်း မဟုတ်၊ မကောင်းသည်လည်း မဟုတ်သော အမှုပေတည်း။

ထိုထိုဖောဋ္ဌဗ္ဗာရုံတို့နှင့် တွေ့ထိရာတို့၌ သုခဝေဒနာ၊ ဒုက္ခဝေဒနာ ထင်ရှားဖြစ်ပေါ်လာသည့်အခါ ဝေဒနာကို အစွဲပြု၍ ရှုကြည့်လိုလျှင် ရှုကြည့်ရာ၏။ ရှုကြည့်ပုံကို ပြဦးအံ့--

**ဝေဒနာကိုစွဲ၍ ဝိပဿနာရှုပုံ။** ။ရေ လေ မီး အစရှိသော ဖောဋ္ဌဗ္ဗာရုံအမျိုးမျိုးတို့နှင့် တွေ့ထိသည့်အခါ ပူသည်၊ အေးသည်၊ ယားသည်၊ နာသည် စသည်ဖြင့် အသစ်အသစ် ဖြစ်ပေါ်၍လာသော ဝေဒနာသည် ရေနှင့်ထိ၍ အေးလျှင် အေးရာတွင် ပျောက်၏။ လေနှင့်ထိ၍ အေးလျှင် အေးရာတွင် ပျောက်၏။ မီးနှင့်ထိ၍ ပူလျှင် ပူရာတွင် ပျောက်၏။ နေရှိန်နှင့်ထိ၍ ပူလျှင် ပူရာတွင်ပျောက်၏။ ခလုတ်တိုက်၍ နာလျှင် နာရာတွင်ပျောက်၏။ တိုက်မိခိုက်မိ၍ နာလျှင် နာရာတွင် ပျောက်၏။ တုတ်နှင့်ရိုက်၍နာလျှင် နာရာတွင် ပျောက်၏။ ဆူးစူး၍နာလျှင် နာရာတွင် ပျောက်၏။ တစုံတခုသော ဝတ္ထုနှင့်ထိ၍ နာလျှင် နာရာတွင် ပျောက်၏။ အောင့်လျှင် အောင့်ရာတွင် ပျောက်၏။ သန်း ကြမ်းပိုးကိုက်၍ ယားလျှင် ယားရာတွင် ပျောက်၏။ မှက်ခြင်ကိုက်၍ ယားလျှင် ယားရာတွင် ပျောက်၏။ တစုံတခုသော ဝတ္ထုနှင့် ထိ၍ ယားလျှင် ယားရာတွင် ပျောက်၏။ ကျဉ်လျှင် ကျဉ်ရာတွင် ပျောက်၏။

ခေါင်းပါး မညီမညွတ်၍ အတွင်း ခေါင်းသားချင်း ထိခိုက်ရာ၌ အသစ်အသစ် ဖြစ်ပေါ်၍လာသော ဝေဒနာသည် ခေါင်းထဲက ကိုက်လျှင် ကိုက်ရာတွင် ပျောက်၏။ အောင့်လျှင်

အောင့်ရာတွင် ပျောက်၏။ နာလျှင် နာရာတွင် ပျောက်၏။ ယားလျှင် ယားရာတွင် ပျောက်၏။

မျက်စိထဲက နားထဲက လျှာက ကိုက်လျှင် ကိုက်ရာတွင် ပျောက်၏။ အောင့်လျှင် အောင့်ရာတွင် ပျောက်၏။ နာလျှင် နာရာတွင် ပျောက်၏။ ယားလျှင် ယားရာတွင် ပျောက်၏။

ရင်ထဲက ဗိုက်ထဲက ကျောထဲက ခါးထဲက လက်မောင်းထဲက ကိုက်လျှင် ကိုက်ရာတွင် ပျောက်၏။ အောင့်လျှင် အောင့်ရာတွင် ပျောက်၏။ နာလျှင် နာရာတွင် ပျောက်၏။ ယားလျှင် ယားရာတွင် ပျောက်၏။

ပေါင်ထဲက ခြေသလုံးထဲက ခြေဘဝါးထဲက ကိုက်လျှင် ကိုက်ရာတွင် ပျောက်၏။ အောင့်လျှင် အောင့်ရာတွင် ပျောက်၏။ နာလျှင် နာရာတွင် ပျောက်၏။ ယားလျှင် ယားရာတွင် ပျောက်၏။

ကိုယ်သန္တာန်မှာ ဘယ်နေရာမဆို အတွင်းခေတ်သားချင်းထိခိုက်၍ ယားမှု၊ ယံမှု၊ ပူမှု၊ အေးမှု၊ ညောင်းမှု၊ ညာမှုစသော သုခဝေဒနာ ဒုက္ခဝေဒနာ ထင်ရှားဖြစ်ပေါ်လာသည့် အခါ ထိုနည်းအတူ ရှုကြည့်လေ။

ဤသို့စသည်ဖြင့် သူ့အာရုံနှင့် သူ့ဝေဒနာ အပိုင်းအပိုင်း ပြတ်၍သွားအောင် ရှုကြည့်လေ။ တနာတည်း နာ၍နေရာ တယားတည်း ယား၍ နေရာစသည်တို့၌ ခဏမစဲ တသဲသဲ ဖြစ်ပျက်၍နေသည်ဟု ရှုကြည့်လေ။

ဤကား ဝိပဿနာရှုပုံနည်းကို ပြဆိုသော နည်းပေတည်း။

**မိစ္ဆာဒိဋ္ဌိကိုပယ်နိုင်ခြင်း။** ။ကာယဝိညာဏ် ဖြစ်ပျက်မှု 'ဥဒယဗ္ဗယ'ကို သိမြင်ကြကုန်သော သူတို့သည် ပုဂ္ဂိုလ်ထိသည်၊ သတ္တဝါ နာသည်၊ ငါယားသည်၊ ကိုယ်နာသည်၊ အလိုရှိတိုင်း ခံစားနိုင်သည် စသည်ဖြင့် အမှားကို မြင်၍နေသော မိစ္ဆာဒိဋ္ဌိကို ပယ်ဖျောက်နိုင်လေကုန်၏။

ထို့ကြောင့် သံယုတ်ပါဠိတော်၌[၁]—

ကာယဝိညာဏံ အနိစ္စတော ဇာနတော ပဿတော မိစ္ဆာဒိဋ္ဌိ ပဟီယတိ—

ဟူ၍ဟောတော်မူ၏။

ကာယဝိညာဏံ၊ ကာယဝိညာဏ်ကို။ အနိစ္စတော၊ မမြဲသော အနိစ္စတရားဟူ၍။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအားဖြင့် မြင်ခြင်းဟူသော မိစ္ဆာဒိဋ္ဌိကို။ ပဟီယတိ၊ ပယ်အပ်၏။

**နိဗ္ဗာန်ရောက်နိုင်ခြင်း။** ။ဤကဲ့သို့ မိစ္ဆာဒိဋ္ဌိကို ပယ်ဖျောက်နိုင်ကြကုန်သော သူတို့သည် ပုဂ္ဂိုလ်ထိသည်၊ သတ္တဝါနာသည်၊ ငါယားသည်၊ ကိုယ်နာသည်မဟုတ်၊ ဝေဒနာနှင့်တကွ ကာယဝိညာဏ် ဖြစ်ပေါ်မှုသာဖြစ်၏။ အလိုရှိတိုင်း ခံစားနိုင်သည်မဟုတ်၊ အကြောင်းကို စွဲ၍ဖြစ်သော အနိစ္စတရားသာဖြစ်သည်။ ဤသို့စသည်ဖြင့် သိမြင်သော ဝိပဿနာဉာဏ် အဆင့်ဆင့် ရင့်သန်၍လာသဖြင့် မဂ်ဉာဏ်ကို ရ၍ နိဗ္ဗာန်သို့ ရောက်ကြကုန်လတ္တံ့။

ကာယဝိညာဏ်ကို ပြဆိုခန်း ပြီး၏။

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ်၊ နှာ-၃၅၉။

## ၁၈-မနောဝိညာဏ်ကို ပြဆိုခန်း

**ပနောအကြည်။** ။မနောဆိုသည်ကား ဘဝင်စိတ်ပင်တည်း။ ဤဘဝင်စိတ်ဟူသော မနောသည် နှလုံးဗူး လိုဏ်တွင်း နှလုံးသွေး၌ တည်နေသော ဟဒယဝတ္ထုရုပ်ပေါ်မှာ ဖြစ်၏။ ဤဘဝင် မနောအကြည် များစွာဆက်လက်၍ ဖြစ်နေ ဆဲအခါ ပုဂ္ဂိုလ်သည် ဘာမှန်းမှ မသိပြီ။ ထိုအခါကို အိပ်ပျော် နေသည်၊ မေ့ာနေသည်၊ မေ့နေသည်ဟု ခေါ်ကြ၏။

**ဓမ္မာရုံ။** ။ဓမ္မာရုံဆိုသည်ကား ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဤအာရုံ ငါးပါးမှ ကြွင်း သော သနိဒဿန, အသနိဒဿန, ပညတ် အာရုံ ရှိရှိသမျှအကုန် အလုံး စုံသော တရားတွေကို ဓမ္မာရုံဟုခေါ်၏။

**မနောဝိညာဏ်အပြား။** ။မနောဝိညာဏ် ဆိုသည်ကား သာ- မညအားဖြင့် တပါးသာ ရှိ၏။ ဝိသေသအားဖြင့် ပဉ္စဝိညာဏ်တဆယ်မှကြွင်းသော ကုသိုလ်စိတ် အကုသိုလ်စိတ်, အဗျာကတစိတ်ဟူ၍ သုံးမျိုးရှိ၏။

ကုသိုလ်စိတ်တွင်လည်း ကုသိုလ်စိတ်အမျိုးမျိုး၊ အကုသိုလ် စိတ်တွင်လည်း အကုသိုလ်စိတ်အမျိုးမျိုး၊ အဗျာကတစိတ်တွင် လည်း အဗျာကတစိတ် အမျိုးမျိုးရှိသေး၏။

အကျဉ်းချုပ် မှတ်လိုလျှင် မြင်မှု၊ ကြားမှု၊ နံမှု၊ လျက်မှု၊ တွေ့ထိမှုတို့မှကြွင်းသော အလုံးစုံသော သိခြင်းအမျိုးမျိုးတို့ကို မနောဝိညာဏ်ဟု မှတ်။

အကြင်အခါ ထိုဓမ္မာရုံတို့သည် မနောအကြည်၌ ထင်လာ ကုန်၏။ ထိုအခါ မနောဝိညာဏ် ဖြစ်ပေါ်လာ၏။

**ရေ၌ ငှက်ရိပ်ဥပမာနှင့် မနောဝိညာဏ်** မနောဝိညာဏ် ဖြစ်ပေါ်ပုံ ဥပမာကား—— ရေထဲမှာ ထင်လာသော ငှက်ရိပ်နှင့် အလားတူ၏။ တခုသော ရေကန်၏အပေါ် ကောင်းကင်မှာ ငှက်တွေများစွာ ပျံဝဲ၍နေရာ ထိုရေအပြင်ကို ကြည့်၍နေခဲ့လျှင် ရေထဲမှာ ရိပ်ခနဲ ရိပ်ခနဲ ထင်လာသော ငှက်တို့၏ အရိပ်တွေကို မြင်ရာ၏။ ထိုငှက်ရိပ်တို့သည် ရေထဲမှာ အမြဲတည်ရှိနေသည် မဟုတ်ကုန်၊ ရေနှင့် ငှက်တို့ကို စွဲ၍ ဖြစ်ပေါ်လာကုန်၏။ ထိုနည်းအတူ မနောဝိညာဏ်သည် ကိုယ်ထဲမှာ အမြဲတည်ရှိနေသည် မဟုတ်၊ မနော (အကြည် ဘဝင်စိတ်နှင့်) ဓမ္မာရုံ နှစ်ပါးစုံကိုစွဲ၍ ဟဒယဝတ္ထုရုပ်ပေါ်မှာ ဖြစ်ပေါ်လာ၏။

ထို့ကြောင့် သံယုတ်ပါဠိတော်၌ [၁]——

မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ——

ဟူ၍ ဟောတော်မူ၏။

မနဉ္စ၊ ဘဝင်ဟုဆိုအပ်သော မနောအကြည်ကိုရင်း။ ဓမ္မေ စ၊ ဓမ္မာရုံတို့ကိုရင်း။ ပဋိစ္စ၊ စွဲ၍။ မနောဝိညာဏံ၊ မနောဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤကဲ့သို့ မနော (အကြည်နှင့်) ဓမ္မာရုံ နှစ်ပါးစုံကို စွဲ၍ ဖြစ်သည်ဟု ဟောတော်မူသောကြောင့် မနောဝိညာဏ်သည် ကိုယ်၏အတွင်းမှာ အမြဲတည်ရှိနေသည် မဟုတ်။ ထိုထိုဓမ္မာရုံတို့ ထင်လာသည့်အခါ သိခြင်း အမျိုးမျိုးဟူသော မနောဝိညာဏ်တွေ အသစ်အသစ် ဖြစ်ပေါ်လာသည်ဟု မှတ်ယူအပ်၏။ ဒအဟောင်းရှိ၍ နေခဲ့လျှင် အသစ်အသစ် ဖြစ်ပေါ်ဘို့ မရှိ။

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ်၊ နှာ-၂၆၁။

အသစ်အသစ်ဖြစ်ပေါ်၍ နေသည်ကို မြင်ရသဖြင့် ဖြစ်ပြီးသော မနောဝိညာဏ်သည် ခဏခြင်း ကွယ်ပျောက်၏ဟု ယုံကြည်နိုင်ရာ၏။ ထို့ကြောင့်—

မနောဝိညာဏံ အနိစ္စံ[၁]—

ဟူ၍ ဟောတော်မူသည်ဟု ယုံကြည်လေးမြတ် မှတ်ယူအပ်၏။

**ဝိပဿနာရှုပုံ။** ။ဤသို့ မှတ်ယူပြီး၍ မနောဝိညာဏ်၏ အနိစ္စကို ထင်မြင်အောင် ရှုကြည့်ရာ၏။ ရှုကြည့်ပုံကို ပြဦးအံ့—

မနောအကြည်၌ ခြောက်ပါးသော အာရုံအမျိုးမျိုးတို့ ထင်လာသည့်အခါ သိခြင်းအမျိုးမျိုး ဖြစ်ပေါ်လာရာ၌ အသစ်အသစ် ဖြစ်ပေါ်လာသော မနောဝိညာဏ်သည် ဖြစ်ပြီးသည့်နောက် ခဏခြင်း ကွယ်ပျောက်၏။ အာရုံခြောက်ပါး ထင်လာသည့်အခါ ရူပါရုံကို ကြံတွေး စိတ်ကူး အထူးထူးသိသော မနောဝိညာဏ်သည် ထိုရူပါရုံတွင် ပျောက်၏။ သဒ္ဒါရုံကိုဓုင်း၊ ဂန္ဓာရုံကိုဓုင်း၊ ရသာရုံကိုဓုင်း၊ ဖောဋ္ဌဗ္ဗာရုံကိုဓုင်း၊ ဓမ္မာရုံကိုဓုင်း ကြံတွေးစိတ်ကူး အထူးထူးသိသော မနောဝိညာဏ်သည် ထိုထို အာရုံတွင် ပျောက်၏။

အဆင်းကို လိုချင် တောင့်တသော လောဘစိတ်ဟူသော မနောဝိညာဏ်သည် ထိုအဆင်းတွင် ပျောက်၏။ အသံကို ကြားလို တောင့်တသော လောဘစိတ်ဟူသော မနောဝိညာဏ်သည် ထိုအသံတွင် ပျောက်၏။ အနံ့ကိုဓုင်း၊ အရသာကိုဓုင်း၊ အတွေ့အထိကိုဓုင်း လိုချင် တောင့်တသော လောဘစိတ်ဟူသော မနောဝိညာဏ်သည် ထိုထိုအနံ့၊ အရသာ၊ အတွေ့အထိတွင် ပျောက်၏။

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ်၊ နှာ-၂၅၇။

သတ္တဝါကို ကြံတွေး စိတ်ကူး အထူးထူးသိသော မနောဝိညာဏ်သည် ထိုသတ္တဝါတွင် ပျောက်၏။ လူကို ကြံတွေးစိတ်ကူး အထူးထူးသိသော မနောဝိညာဏ်သည် ထိုလူတွင် ပျောက်၏။ နတ်ကိုရင်း၊ ဗြဟ္မာကိုရင်း ကြံတွေးစိတ်ကူး အထူးထူးသိသော မနောဝိညာဏ်သည် ထိုနတ်ဗြဟ္မာတွင် ပျောက်၏။ နွားကိုရင်း၊ ခွေးကိုရင်း၊ ကြက်ကိုရင်း၊ ငှက်ကိုရင်း၊ တိရစ္ဆာန်အမျိုးမျိုး ကိုရင်း ကြံတွေးစိတ်ကူး အထူးထူးသိသော မနောဝိညာဏ် သည် ထိုထိုသတ္တဝါတွင် ပျောက်၏။

ရွှေကိုရင်း၊ ငွေကိုရင်း၊ အလုပ်အကိုင် အမျိုးမျိုးကိုရင်း ကြံတွေးစိတ်ကူး အထူးထူးသိသော မနောဝိညာဏ်သည် ထိုထို ဝတ္ထု ထိုထိုအာရုံတွင် ပျောက်၏။ ဘုရားကိုရင်း၊ တရားကိုရင်း၊ သံဃာကိုရင်း အာရုံပြုသော မနောဝိညာဉ်သည် ထိုဘုရား တရား သံဃာတွင် ပျောက်၏။ ရုပ်ကိုရင်း၊ နာမ်ကိုရင်း၊ အနိစ္စ ကိုရင်း၊ ဒုက္ခကိုရင်း၊ အနတ္တကိုရင်း ကြံတွေးဆင်ခြင် သိမြင် အောက်မေ့သော မနောဝိညာဏ်သည် ထိုရုပ်၊ နာမ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွင် ပျောက်၏။ ဤသို့စသည်ဖြင့် သူ့အာရုံနှင့် သူ့ဝိညာဏ် အပိုင်းပိုင်းပြတ်၍ သွားအောင် ရှုကြည့်လေ။

ဤကား ဝိပဿနာရှုပုံနည်းကို ပြဆိုသော နည်းပေတည်း။

**မိစ္ဆာဒိဋ္ဌိကို ပယ်နိုင်ခြင်း။** ။ဤကဲ့သို့ မနောဝိညာဏ်၏ ဖြစ်ပျက်မှု 'ဥဒယဗ္ဗယ'ကို သိမြင်ကြ ကုန်သော သူတို့သည် မနောဝိညာဏ်၏ အမှုကို ပုဂ္ဂိုလ် အောက်မေ့သည်၊ သတ္တဝါသိသည်၊ ငါအမျက်ထွက်သည်၊ ငါစိတ် ဆိုးသည်၊ ငါချစ်ခင်သည်၊ ကိုယ်လိုချင်သည် ဤသို့စသည်ဖြင့်

အမှားကို မြင်၍နေသော မိစ္ဆာဒိဋ္ဌိကို ပယ်ဖျောက်နိုင်လေကုန်၏။

ထို့ကြောင့် သံယုတ်ပါဠိတော်၌[၁] —

မနောဝိညာဏံ အနိစ္စတော ဇာနတော ပဿတော
မိစ္ဆာဒိဋ္ဌိ ပဟီယတိ —

ဟူ၍ ဟောတော်မူ၏။

မနောဝိညာဏံ၊ မနောဝိညာဏ်ကို။ အနိစ္စတော၊ မမြဲသော အနိစ္စတရားဟူ၍။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ မိစ္ဆာဒိဋ္ဌိ၊ မှားသောအားဖြင့် မြင်ခြင်းဟူသော မိစ္ဆာဒိဋ္ဌိကို။ ပဟီယတိ၊ ပယ်အပ်၏။

နိဗ္ဗာန်ရောက်နိုင်ခြင်း။ ။ဤကဲ့သို့ မိစ္ဆာဒိဋ္ဌိကို ပယ်ဖျောက်နိုင်ကြကုန်သော သူတို့သည် သတ္တဝါသိမှု၊ ငါအမျက်ထွက်မှု၊ ကိုယ်လိုချင်မှုမဟုတ်၊ မနောဝိညာဏ်၏ အမှုသာဖြစ်၏။ ဤမနောဝိညာဏ်သည် မနောအကြည်နှင့် ဓမ္မာရုံ နှစ်ပါးစုံကို စွဲ၍ဖြစ်သော အနိစ္စတရားသာ ဖြစ်သည်ဟု သိမြင်သော ဝိပဿနာဉာဏ် အဆင့်ဆင့် ရင့်သန်၍လာသဖြင့် မဂ်ဉာဏ်ကိုရ၍ နိဗ္ဗာန်သို့ ရောက်ကြကုန်လတ္တံ့။

မနောဝိညာဏ်ကို ပြဆိုခန်း ပြီး၏။

နာမ်၌ အနိစ္စလက္ခဏာကို ပြဆိုသော တတိယပိုင်းသည်

ဤတွင်ပြီး၏။

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ်၊ နှာ-၃၅၉။

# ၄-ဒုက္ခလက္ခဏာကိုပြဆိုသော စတုတ္ထပိုင်း

## ၁၉-ခန္ဓာငါးပါးသည် သူ့သတ်ယောကျ်ားနှင့်တူပုံကို ပြဆိုခန်း

## (ရူပက္ခန္ဓာသည် သူသတ်သမားနှင့်တူပုံ)

**မဟာဘုတ်ကြီး ၄-ပါး သတ်ပုံ။** ။သတ္တဝါတို့ ကိုယ်သန္တာန်မှာ ဓာတ်လေးပါး မညီမညွတ်သည့်အခါ ၉၆-ပါးသော အနာရောဂါတို့သည် ဖြစ်ပေါ်လာကုန်၏။

**ပထဝီဓာတ်က သတ်ပုံ။** ။ဂုတ်ကြော၊ ရင်ကြော၊ ဗိုက်ကြော၊ ခါးကြော၊ ပေါင်ကြော၊ ခြေသလုံးကြော တောင့်တင်း၍ အနာရောဂါအမျိုးမျိုးဖြစ်၍ သေဆုံးကြကုန်သော သူတို့သည် တခြားက လာ၍ မသတ်၊ ပထဝီဓာတ်သတ်၍ သေဆုံးကြကုန်၏။ ရင်ထဲကရင်း၊ ဗိုက်ထဲကရင်း၊ ပေါင်ထဲကရင်း၊ အကြိတ်အခဲဖြစ်၍ သေဆုံးကြကုန်သော သူတို့သည် တခြားက လာ၍ မသတ်၊ ပထဝီဓာတ်သတ်၍ သေဆုံးကြကုန်၏။ ပထဝီဓာတ်ပျက်၍ ကာလရောဂါစသော အမျိုးမျိုးဖြစ်၍ သေဆုံးကြကုန်သောသူတို့သည် တခြားက လာ၍မသတ်၊ ပထဝီဓာတ်သတ်၍ သေဆုံးကြကုန်၏။

**အာပေါဓာတ်က သတ်ပုံ။** ။သည်းခြေနည်းပါး၍ အနာရောဂါအမျိုးမျိုးဖြစ်၍ သေဆုံးကြကုန်သော သူတို့သည် တခြားက လာ၍မသတ်၊ အာပေါဓာတ်

သတ်၍ သေဆုံးကြကုန်၏။ သည်းခြေ အားကြီး မရှိပြီ၊ အားနည်းတခုသာဟူ၍ လောကီဓာတ်ကျမ်း၌ အဆိုရှိ၏။ သလိပ်များ၍သော်၎င်း၊ သလိပ်နည်း၍သော်၎င်း အနာရောဂါ အမျိုးမျိုးဖြစ်၍ သေဆုံးကြကုန်သော သူတို့သည် တခြားက လာ၍ မသတ်၊ အာပေါဓာတ်သတ်၍ သေဆုံးကြကုန်၏။ အာပေါဓာတ်ပျက်၍ အနာရောဂါအမျိုးမျိုးဖြစ်၍ သေဆုံးကြကုန်သောသူတို့သည် တခြားက လာ၍ မသတ်၊ အာပေါဓာတ်သတ်၍ သေဆုံးကြကုန်၏။

**တေဇောဓာတ်က သတ်ပုံ။** ။တေဇောဓာတ် များသောကြောင့်၎င်း၊ နည်းသောကြောင့်၎င်း အစာမကျေသော ရောဂါအမျိုးမျိုး အဖျားရောဂါ အမျိုးမျိုးဖြစ်၍ သေဆုံးကြကုန်သော သူတို့သည် တခြားက လာ၍ မသတ်၊ တေဇောဓာတ်သတ်၍ သေဆုံးကြကုန်၏၊ တေဇောဓာတ်ပျက်၍ အနာရောဂါအမျိုးမျိုးဖြစ်၍ သေဆုံးကြကုန်သောသူတို့သည် တခြားက လာ၍ မသတ်၊ တေဇောဓာတ်သတ်၍ သေဆုံးကြကုန်၏။

**ဝါယောဓာတ်က သတ်ပုံ။** ။ဝါယောဓာတ် များသောကြောင့်၎င်း နည်းသောကြောင့်၎င်း ရင်ဘတ်နာခြင်း၊ ဗိုက်နာခြင်း၊ ကျောအောင့်ခြင်း၊ ခါးအောင့်ခြင်း၊ ရောင်ဖောခြင်းစသော အနာရောဂါ အမျိုးမျိုးဖြစ်၍ သေဆုံးကြကုန်သော သူတို့သည် တခြားက လာ၍ မသတ်၊ ဝါယောဓာတ်သတ်၍ သေဆုံးကြကုန်၏။ ဝါယောဓာတ်ပျက်၍ အနာရောဂါ အမျိုးမျိုးဖြစ်၍ သေဆုံးကြကုန်သော သူတို့သည် တခြားက လာ၍ မသတ်၊ ဝါယောဓာတ်သတ်၍ သေဆုံးကြကုန်၏။

**ရူပက္ခန္ဓာက သတ်ပုံ။** ။၉၆-ပါးသော အနာရောဂါ အမျိုးမျိုး ဖြစ်၍ သေဆုံးကြကုန်သောသူတို့သည် တခြားက လာ၍ မသတ်၊ ရူပက္ခန္ဓာသတ်၍ သေဆုံးကြကုန်၏။

**ကြက် ၂-ကောင်နှင့် ဓာတ်ကြီး၄-ပါး** မြွေကိုက်၍ သေကြရာ၌လည်း ထိုဓာတ်ကြီး ၄-ပါးသတ်၍ သေဆုံးကြကုန်၏။

ဥပမာကား—အတူတကွ နေကြသော ကြက်နှစ်ကောင်ကို ရန်တိုက်၍ ပေးလိုက်သည်ရှိသော် ထိုကြက်နှစ်ကောင်တို့ အချင်းချင်းခွပ်ကြ၍ သေဆုံးကြလေကုန်၏။

ထို့အတူ မြွေသည် ဓာတ်ကြီး ၄-ပါးတို့ကို ရန်တိုက်၍ ပေးလိုက်သောကြောင့် ထိုဓာတ်ကြီး ၄-ပါးတို့ အချင်းချင်း မသင့်မတင့်ရှိကြသဖြင့် အချင်းချင်း ထိုးကြ ကြိတ်ကြ၍ သေဆုံးကြရလေကုန်၏။

ထို့ကြောင့် မြွေကိုက်၍ သေဆုံးကြကုန်သော သူတို့ကို မြွေကိုက်၍ သေဆုံးကြကုန်သည်ဟု မဆိုသင့်၊ ဓာတ်ကြီး ၄-ပါးသတ်၍ သေဆုံးကြကုန်သည်ဟု ဆိုသင့်၏။ ဓာတ်ကြီး ၄-ပါး ရုပ်တရားတို့က ဆုတ်ယုတ်ပျက်ပြားခြင်း မရှိကြပါကုန်လျှင် မြွေကိုက်သော ဒဏ်ရာအတွက်နှင့် သေဘို့မရှိ။ ထို့ကြောင့် ဓာတ်ကြီး ၄-ပါး ရုပ်တရားတို့ကြောင့် သေဆုံးကြကုန်၏ဟု မှတ်ယူအပ်၏။

ခွေးရူးကိုက်၍ သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း၊ တောက်တဲ့နက်ကိုက်၍ သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း၊ အဆိပ်ရှိသောသတ္တဝါကိုက်၍ သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း ထို့နည်းအတူ ဓာတ်ကြီး ၄-ပါးသတ်၍ သေဆုံးကြကုန်၏။ ဆူးငြောင့်စူး၍ သေဆုံးကြ

ကုန်သော သူတို့သည်လည်းကောင်း၊ တုတ် ခက်ရင်း ဓား လှံ သေနတ်စသော လက်နက်တို့ဖြင့် ထိုးခုတ်ရိုက်ပစ်၍ သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း ထိုနည်းအတူ ဓာတ်ကြီး ၄-ပါးသတ်၍ သေဆုံးကြကုန်၏။

ဤကား ရူပက္ခန္ဓာသတ်ပုံတည်း။

---

## ဝေဒနာက္ခန္ဓာသည် သူသတ်ယောကျ်ားနှင့်တူပုံ

ဝေဒနာက္ခန္ဓာက သတ်ပုံ။ ။ဝေဒနာက္ခန္ဓာ သတ်ပုံကား—

ဤအစာကိုစားလျှင် အနာရောဂါ ထကြွလိမ့်မည်ဟု သိလျက်နှင့် လျှာပေါ်၌ ဖြစ်ပေါ်လာသော ဝေဒနာအရသာကို အလိုရှိ၍ စားသောက်ကြသောကြောင့် အနာရောဂါ ထကြွနှိပ်စက်၍ သေဆုံးကြကုန်သော သူတို့သည် တခြားက လာ၍ မသတ်၊ ဝေဒနာက္ခန္ဓာသတ်၍ သေဆုံးကြကုန်၏။

ကြက်သား၊ ဝက်သား၊ ဆိတ်သား၊ လိပ်သား၊ ငါးသား၊ နွားသားစသည်တို့ကို စားသောက်ကြသောကြောင့် အနာရောဂါ ထကြွနှိပ်စက်၍ သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း၊ မျှစ်ချဉ် ပဲချဉ်စသော လက်လုပ်ချဉ် အမျိုးမျိုးတို့ကို စားသောက်ကြသောကြောင့် အနာရောဂါဖြစ်၍ သေဆုံးကြကုန်သောသူတို့သည်လည်းကောင်း၊ သရက်သီး ပိန္နဲသီးစသည်တို့ကို စားသောက်ကြသောကြောင့် ကာလရောဂါစသည်တို့ဖြစ်၍ သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း၊ စားပိုးနင့်၍ သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း၊ အစာမှား၍ သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း တခြားက လာ၍ မသတ်၊ ဝေဒနာက္ခန္ဓာသတ်၍ သေဆုံးကြကုန်၏။

ကာမဂုဏ်ကို လွန်စွာခံစား၍ အနာရောဂါ ထကြွနှိပ်စက်၍ သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း၊ ကာမဂုဏ်ကို ခံစား၍ အနာရောဂါ အမျိုးမျိုးဖြစ်၍ သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း တခြားက လာ၍ မသတ်၊ ဝေဒ-နာက္ခန္ဓာသတ်၍ သေဆုံးကြကုန်၏။

ပျားရည်အိုး၊ တင်လဲအိုး၊ သကြားအိုးစသည်တို့၌ နစ်မြုပ်၍ သေဆုံးကြကုန်သော ပရွက်ဆိတ် ယင်ကောင် စသော သတ္တဝါတို့သည် တခြားက လာ၍ မသတ်၊ ဝေဒနာက္ခန္ဓာသတ်၍ သေဆုံးကြကုန်၏။ ဤသို့စသည်ဖြင့် ဝေဒနာခံစားမှုအတွက်ကြောင့် သေဆုံးကြသည်တို့ကို သိမြင်လေ။

ဤကား ဝေဒနာက္ခန္ဓာသတ်ပုံတည်း။

---

## သညာက္ခန္ဓာသည် သူသတ်ယောက်ျားနှင့်တူပုံ

**သညာက္ခန္ဓာက သတ်ပုံ။** ။သညာက္ခန္ဓာသတ်ပုံကား —

မစားကောင်းသော အစာကို စားကောင်းသည်ဟု အထင်မှတ်၍ စားကြသဖြင့် အစာမှား၍ သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း၊ မသင့်သောအစာကို သင့်သည်ဟု အထင်မှတ်၍ စားမိသောကြောင့် သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း၊ မသင့်သောဆေးကို သင့်သည်ဟု အထင်မှတ်၍ စားကြသဖြင့် ဆေးအတွက်နှင့် သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း တခြားက လာ၍ မသတ်၊ သညာက္ခန္ဓာသတ်၍ သေဆုံးကြကုန်၏။

မနေအပ်သောနေရာကို နေအပ်သည်ဟု အထင်မှတ်၍ နေခြင်းကြောင့် သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း၊

မသွားအပ်သောနေရာကို သွားအပ်သည်ဟု အထင်မှတ်၍ သွားခြင်းကြောင့် သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း၊ မယူအပ်သောအမှုကို ယူအပ်သည်ဟု အထင်မှတ်၍ ယူခြင်းကြောင့် သေဆုံးကြကုန်သော သူတို့သည် လည်းကောင်း တခြားက လာ၍ မသတ်၊ သညာက္ခန္ဓာသတ်၍ သေဆုံးကြကုန်၏။

ဤသို့စသည်ဖြင့် မှတ်မှုအတွက်နှင့် သေဆုံးကြသည်တို့ကို သိမြင်လေ။

ဤကား သညာက္ခန္ဓာသတ်ပုံတည်း။

---

### သင်္ခါရက္ခန္ဓာသည် သူသတ်ယောကျ်ားနှင့်တူပုံ

**သင်္ခါရက္ခန္ဓာက သတ်ပုံ။** ။သင်္ခါရက္ခန္ဓာသတ်ပုံကား—

တခုသောအာရုံကို ခုံမင်နှစ်သက် စိတ် ဝိတက်ပွေလောင်၍ အိပ်မပျော် စားမဝင်ဖြစ်၍ သေဆုံးကြကုန်သော သူတို့သည် တခြားကလာ၍မသတ်၊ လောဘသတ်၍ သေဆုံးကြကုန်၏။ လောဘအတွက်နှင့် နှစ်သက်ရာဝတ္ထုကို ရလို၍ ဆည်းပူးပြုလုပ်အားထုတ်မှုအတွက်နှင့် သေဆုံးကြကုန်သော သူတို့သည် တခြားက လာ၍ မသတ်၊ သင်္ခါရက္ခန္ဓာသတ်၍ သေဆုံးကြကုန်၏။

ရန်ခိုက်ဒေါသ ဖြစ်ပွါးကြသည့်အခါ ခက်ရင်း လှံ တုတ် ဓား စသည်ဖြင့် ထိုးခုတ်ရိုက်နှက်ကြ၍ သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း၊ ဒေါသအတွက်နှင့် သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း တခြားက လာ၍ မသတ်၊ သင်္ခါရက္ခန္ဓာသတ်၍ သေဆုံးကြကုန်၏။

မောဟအတွက်နှင့် သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း၊ မာနအတွက်နှင့် သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း၊ ထိန မိဒ္ဓအတွက်နှင့် သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း တခြားက လာ၍ မသတ်၊ သင်္ခါရက္ခန္ဓာ သတ်၍ သေဆုံးကြကုန်၏။

ဤသို့စသည်ဖြင့် သင်္ခါရက္ခန္ဓာအတွက်နှင့် သေဆုံးကြသည်တို့ကို သိမြင်လေ။

ဤကား သင်္ခါရက္ခန္ဓာ သတ်ပုံတည်း။

---

## ဝိညာဏက္ခန္ဓာသည် သူသတ်ယောက်ျားနှင့်တူပုံ

ဝိညာဏက္ခန္ဓာသတ်ပုံကား—

**စက္ခုဝိညာဏက သတ်ပုံ။** ။ဖုတ် တစ္ဆေ အစိမ်းသားရဲတို့ ကိုယ်တိုင် ပြသော အဆင်းသဏ္ဍာန်ကို မြင်ရသဖြင့် ကြောက်ဖျား ကြောက်နာရ၍ သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း၊ ကြောက်လန့်ဘွယ်သော အဆင်းကို မြင်၍ ကြောက်ဖျား ကြောက်နာရ၍ သေဆုံးကြကုန်သောသူတို့သည်လည်းကောင်း တခြားက လာ၍ မသတ်၊ စက္ခုဝိညာဏ်သတ်၍ သေဆုံးကြကုန်၏။

**သောတဝိညာဏက သတ်ပုံ။** ။ခြသေ့်ဟောက်သံကို ကြား၍ သေဆုံးကြ ကုန်သော သူတို့သည်လည်းကောင်း၊ တစုံတခုသော အသံကိုကြား၍ သေဆုံးကြကုန်သော သူတို့သည် လည်းကောင်း တခြားက လာ၍ မသတ်၊ သောတဝိညာဏ်သတ်၍ သေဆုံးကြကုန်၏။

**ဃာနဝိညာဏ်က သတ်ပုံ။** ။ဆိညှော်၊ ရေနံညှော်၊ ဖွဲ့ညှော်၊ အမှိုက်ညှော် စသော အညှော်အမျိုးမျိုးတို့ နံသောကြောင့် အနာရောဂါ ထကြွနှိပ်စက်၍ သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း၊ ရှုံပုပ်နံ့၊ မစင်နံ့၊ နောက်ချေးနံ့စသည်တို့ နံသောကြောင့် အနာရောဂါ ထကြွနှိပ်စက်၍ သေဆုံးကြကုန်သော သူတို့သည် လည်းကောင်း တခြားက လာ၍ မသတ်၊ ဃာနဝိညာဏ်သတ်၍ သေဆုံးကြကုန်၏။

**ဇိဝှါဝိညာဏ်က သတ်ပုံ။** ။အစာအာဟာရကို စားသောက်မှုအတွက်နှင့် သေဆုံးကြကုန်သော သူတို့သည် တခြားက လာ၍ မသတ်၊ ဇိဝှါဝိညာဏ်သတ်၍ သေဆုံးကြကုန်၏။

**ကာယဝိညာဏ်က သတ်ပုံ။** ။တုတ် ဓားစသည်တို့ဖြင့် ထိုးခုတ်ရိုက်နှက်၍ သေဆုံးကြကုန်သော သူတို့သည်လည်းကောင်း၊ ကိုယ်၌ တစုံတခုသော ဝတ္ထုနှင့် တွေ့ထိမှု အတွက်ကြောင့် သေဆုံးကြကုန်သော သူတို့သည် လည်းကောင်း တခြားက လာ၍ မသတ်၊ ကာယဝိညာဏ်သတ်၍ သေဆုံးကြကုန်၏။

**မနောဝိညာဏ်က သတ်ပုံ။** ။လိုချင်မှု အမျက်ထွက်မှု အတွက်နှင့် သေဆုံးကြကုန်သော သူတို့သည် တခြားက လာ၍ မသတ်၊ မနောဝိညာဏ်သတ်၍ သေဆုံးကြကုန်၏။

ဤသို့ စသည်ဖြင့် ဝိညာဏက္ခန္ဓာသတ်ပုံကို သိမြင်လေ။

ဤကား ဝိညာဏက္ခန္ဓာသတ်ပုံတည်း။

ဤပြဆိုခဲ့ပြီးသော အဓိပ္ပါယ်တို့ကား တသက်မှာ တခါသာ သေသည်ဟု ပြောဆိုမှတ်ထင်၍ နေကြသော မရဏကို ပြဆိုသော အဓိပ္ပါယ်တို့ပေတည်း။

**သေပြီးတဖန် သေဆုံးပြန်ခြင်း။** ။ခဏိကမရဏ အားဖြင့် မျက်စိ တမှိတ် လျှပ်တပြက် အတွင်းမှာပင် အကြိမ်ပေါင်း ထောင်သောင်းမက သေဆုံးချုပ်ပျက်၍ နေကုန်၏။

ထိုကြောင့် တပါးသော ပယောဂ အတွက်ကြောင့် သေဆုံးသည်မဟုတ်၊ ထိုခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့က သေပြီးသား ဖြစ်လေသောကြောင့် သေဆုံးကြလေကုန်၏။

**ရေတံခွန်ဥပမာနှင့် ခန္ဓာငါးပါး။** ။ဥပမာကား—တခုသော ရေပြွန်မှ ရေတံခွန်ကျ၍ နေရာ ပြွန်ပေါက်ကို ပိတ်လိုက်သည်နှင့်တပြိုင်နက် ရေလုံးကြီး ပျက်၍ သွားလေ၏။ မပိတ်မီကလည်း ပျက်၍ ပျက်၍ နေလေ၏။ ပျက်၍နေသော်လည်း အသစ်ထွက်၍ ထွက်၍လာသောကြောင့် ရေလုံးကြီး အမြဲတည်ရှိ၍ နေသည်ဟု မှတ်ထင်ရ၏။ ထိုရေလုံးကြီးသည် ပိတ်မှုအတွက်ကြောင့် ပျက်သည်မဟုတ်၊ နဂိုမူလကပျက်၍ နေသောကြောင့်သာ ပျက်လေ၏။ ပြွန်ပေါက် ပိတ်မှုသည် အသစ်ဖြစ်ပေါ်မှုကိုသာ တားမြစ်မှု ဖြစ်သည်။

ဤဥပမာ၌ ခန္ဓာငါးပါး ဖြစ်ပျက်မှုသည် ရေတံခွန်ထွက်မှု ပျက်မှုနှင့် တူ၏။ တပါးသော ပယောဂသည် ပြွန်ပေါက်ကို ပိတ်မှုနှင့်တူ၏။

လည်ပင်းကို ဓားဖြင့် ခုတ်ဖြတ်ရာ၌ ထိုသတ္တဝါသည် ဓားမခုတ်မီကလည်း သေ၍နေ၏။ သေ၍နေသော်လည်း အစား

ဖြစ်၍ ဖြစ်၍ လာသောကြောင့် သေသည်ဟု မထင်၊ အမြဲပင် တည်ရှိနေသည်ဟု မှတ်ထင်ရကုန်၏။ ဓားခုတ်မှုအတွက်ကြောင့် သေသည်မဟုတ်၊ နဂိုမူလက သေ၍နေသောကြောင့်သာ သေလေ၏။ ထို့ကြောင့် ဓားခုတ်မှုသည် အသစ်ဖြစ်ပေါ်မှုကိုသာ တားမြစ်မှုဖြစ်သည်။ ဤသို့ဖြစ်လျှင် အကုသိုလ်မဖြစ်သင့်ဟု ယူရာ၏၊ မယူလင့်။ ဓမ္မသဘာဝကိုသာ နေရာကျသိမြင်အောင် ပြောပြလိုက်သည်။

ဤအဓိပ္ပါယ်ကို တွေ့မြင်ရသဖြင့် တပါးသော ပယောဂကြောင့် သေသည်မဟုတ်၊ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့က သေပြီးသား ဖြစ်လေသောကြောင့် သေသည်ဟုမှတ်။ အကယ်၍ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့က မသေခဲ့ပါလျှင် ဓားအစင်း တရာပြိုင်၍ ခုတ်သော်လည်း သေနိုင်ဘို့မရှိ။ လှံအစင်းတရာ ယှဉ်၍ ထိုးသော်လည်း သေနိုင်ဘို့မရှိ။ စိန်ဗုန်းအမြောက်စသည် တို့ဖြင့် အလက်တထောင် ယှဉ်ပြိုင်၍ ပစ်သော်လည်း သေနိုင်ဘို့ မရှိ။ နဂိုမူလက သေပြီးသား ဖြစ်လေသောကြောင့်သာ သေဆုံးကြလေကုန်၏။

ထို့ကြောင့် ဓား လှံ သေနတ် မြွေ ကင်းသန်း စသော ဗဟိဒ္ဓဘေးရန်တို့ကို ကြောက်ဘို့မရှိ၊ စင်စစ်ကောန် အမှန်အားဖြင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကိုသာ ကြောက်ဘို့ရှိ၏။ မြင်ခဲ့စွ။

**ယမ်းထုပ်ကြီးဥပမာနှင့် ခန္ဓာငါးပါး** ဥပမာကား — ယမ်းထုပ် ကြီးကို ပွေ့ပိုက်၍ ထားသောသူသည် မီးကို အလွန်ကြောက်ရ၏။ မီးပွါး မီးပွင့်တွေ လွင့်၍နေသော အရပ်သို့ မသွားဝံ့၊ မီးပွါး မီးပွင့်တွေ လွင့်၍လာလျှင် ထိုအရပ်၌ မနေဝံ့၊ လွတ်အောင်ပြေးရလေ၏။

စင်စစ်အားဖြင့် မီးပွင့်တို့ကို ကြောက်ဘို့ မရှိ၊ ယမ်းထုပ်ကြီး ကိုသာ ကြောက်ဘို့ရှိ၏။ ယမ်းထုပ်ကြီးကို စွန့်ပစ်လိုက်လျှင် ထိုသူသည် မီးဘေးမှ ကင်းဝေးလေတော့၏။

ထိုနည်းအတူ ခန္ဓာငါးပါးကို ကိုယ်ပြု၍ ငါပြု၍ ကိုယ့်ဟာ ငါ့ဟာဟု စွဲလမ်းသိမ်းပိုက်၍ ထားသောသူသည် ယမ်းထုပ်ကြီးကို ပွေ့ပိုက်၍ ထားသောသူနှင့် တူ၏။ ခန္ဓာငါးပါးကို ကိုယ်မဟုတ် ငါမဟုတ်ဟု စွန့်လွှတ်လိုက်သောသူသည် ယမ်းထုပ်ကြီးကို စွန့်ပစ်၍ မီးဘေးမှ ကင်းဝေးသကဲ့သို့ အပါယ်ဘေးမှ ကင်းဝေး လေတော့၏။

သတ်စေဟူသော အမိန့်နှင့် သူသတ်ယောကျ်ား အာဏာ သားလက်သို့ အပ်လိုက်ပြီးသောသူသည် ထိုသူသတ်ယောကျ်ား ကို တရက် နှစ်ရက် တလ နှစ်လ အသက်ရှည်စေလို၍ ရွှေငွေ ရတနာ စသည်ကိုပေး၍ တောင်းပန်၍ နေရသကဲ့သို့ ထို့အတူ တရက် နှစ်ရက် တလ နှစ်လ တနှစ် နှစ်နှစ်စသည်ဖြင့် အသက် ရှည်လို၍ ခဲဘွယ် ဘောဇဉ်စသည်တို့ကို မွေးကျွေးသုတ်သင်၍ နေကြရကုန်၏။

ဤသို့ပင် ပြု၍နေသော်လည်း မချမ်းသာ၊ ပျက်စရာ အကြောင်းနှင့်တွေ့လျှင် ခဏခြင်း ပျက်ကြကုန်၏။ သေစရာ အကြောင်းနှင့်တွေ့လျှင် ခဏခြင်း သေလေကုန်၏။ ဖြစ်ပေါ် ရန် အကြောင်းအခွင့်တို့ကို ရကြကုန်သည်ရှိသော် သတ္တဝါကို ညှာတာငဲ့ကွက်ခြင်း မရှိ၊ သဘောရှိတိုင်း ဖြစ်ကြလေကုန်၏။

ထို့ကြောင့် မဖြစ်ချင်သော်လည်း မနေရ၊ မအိုချင်သော် လည်း မနေရ၊ မနာချင်သော်လည်း မနေရ၊ မသေချင်သော် လည်း မနေရ၊ ဘေးဒုက္ခမတွေ့ချင်သော်လည်း မနေရ၊ ဖြစ် ကြရ၊ တွေ့ကြရကုန်၏။

**ရန်သူစားပြ ဥပမာနှင့် ခန္ဓာငါးပါး** ဥပမာကား—တခုသောရွာ၌ ရန်သူ ခားပြတွေက ရွာသားတို့ကို ထိုးခုတ် ရိုက်နှက်ညှဉ်းဆဲ နှိပ်စက်၍ ထိုရွာသူရွာသားတို့သည် ဆင်းရဲဒုက္ခ များစွာ ခံကြရကုန်၏။ ထိုနည်းအတူ ခန္ဓာငါးပါး ဟူသော သူသတ်သမား ရန်သူ ယောက်ျားတွေ သတ်ဖြတ် ရိုက်နှက် နှိပ်စက်၍ နေသောကြောင့် ဘေးဒုက္ခအမျိုးမျိုးဖြစ်၍ အမျိုးမျိုး ဆင်းရဲကြကုန်၏။ ဤသို့ ပြဆိုခဲ့ပြီးသော အနက်သွားကို ပြတော်မူခြင်းငှါ—

ပဉ္စဝဓကာ ပစ္စတ္ထိကာတိ ခေါ ဘိက္ခဝေ ပဉ္စန္နေတံ ဥပါဒါနက္ခန္ဓာနံ အဓိဝစနံ—

ဟူ၍ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်[၁] ၌ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စ ဝဓကာ ပစ္စတ္ထိကာတိ ခေါ ဧတံ၊ ငါးယောက်ကုန်သော သူသတ်ယောက်ျား ရန်သူကြီးတို့ဟူသော အမည်သည်။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာနံ၊ ဥပါဒါနက္ခန္ဓာတို့၏။ အဓိဝစနံ၊ အမည်တည်း။

ခန္ဓာငါးပါး သူသတ်ယောက်ျားနှင့်တူပုံကို ပြဆိုခန်း ပြီး၏။

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ်၊ နှာ-၃၇၃။

## ၂၀-ရူပက္ခန္ဓာ၏ အာဒီနဝကို ပြဆိုခန်း

မြင်းရှိသောသူသည် ထိုမြင်းကို နေ့စဉ် ကျွေးမွေးသုတ်သင်ရသကဲ့သို့ရင်း၊ နွားရှိသောသူသည် ထိုနွားကိုနေ့စဉ် ကျွေးမွေးသုတ်သင်ရသကဲ့သို့ရင်း၊ ထိုနည်းအတူ ရူပက္ခန္ဓာကြီး ရှိနေကြသော သတ္တဝါတို့သည် ထိုရူပက္ခန္ဓာကြီးကို နေ့စဉ် ကျွေးမွေးသုတ်သင်ကြရကုန်၏။

အဘယ်ကဲ့သို့ ကျွေးမွေး သုတ်သင်ကြရ ပါကုန်သနည်းဟူမူကား—မုံ့ သစ်သီး ထမင်း ဟင်းလျာ ခဲဘွယ် ဘောဇဉ် စသော အစာ အာဟာရ အမျိုးမျိုးတို့နှင့် နေ့စဉ် နေ့စဉ် ကျွေးမွေးကြရကုန်၏။ မျက်နှာသစ်ခြင်း၊ လက်ဆေးခြင်း၊ ခြေဆေးခြင်း၊ ရေချိုးခြင်း စသည်တို့ဖြင့် နေ့စဉ် နေ့စဉ် သုတ်သင်ကြရကုန်၏။ ရှုံစချင့်ဘွယ် မတင့်တယ်သော ဝတ္ထုကြီးဖြစ်၍ ပုဆိုး အင်္ကျီ ပုဝါစသည်တို့ဖြင့် အမြဲရစ်ပတ်၍ ထားကြရကုန်၏။

နေ့စဉ် နေ့စဉ် စားသောက်ဘို့ အစာအာဟာရ ရှာမှီးစုဆောင်းရန်အတွက်နှင့် ကုန်သွယ် လယ်လုပ်ခြင်း အမှုတို့ကို အမျိုးမျိုး ပြုလုပ်ကြရကုန်၏။ ပန်းရံ ပန်းချီ ကူလီ လက်သမား အမှုတို့ကို အမျိုးမျိုး ပြုလုပ်ကြရကုန်၏။ ဆေး ဗေဒင် မှော်ဝင်ဆရာ အမျိုးမျိုး ပြုလုပ်ကြရကုန်၏။ မုဆိုး တံငါ သူခိုး ဓားပြစသော အမှုတို့ကို အမျိုးမျိုးပြုလုပ်ကြရကုန်၏။

ဤသို့စသည်ဖြင့် ပြုလုပ်ကြရသောကြောင့် အကုသိုလ်ကာယကံအမျိုးမျိုး၊ ဝစီကံအမျိုးမျိုး၊ မနောကံအမျိုးမျိုး ဖြစ်ပွါး၍ အပါယ်သို့ သွားကြရလေကုန်၏။

ရူပက္ခန္ဓာထင်ရှားရှိ၍ နေသည့်အတွက်ကြောင့် သည်းခြေနာအမျိုးမျိုး၊ သလိပ်နာအမျိုးမျိုး၊ လေရောဂါအမျိုးမျိုး၊ အဖျားရောဂါအမျိုးမျိုး၊ ၉၆-ပါးသော ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာလေကုန်၏။ ထိုရောဂါတို့ နှိပ်စက်မှုကြောင့် အနင်းအနှိပ်ခံရခြင်း၊ ဆေးဖော်ရခြင်း၊ ဆေးစားရခြင်း၊ အစာအာဟာရတို့ကို ရှောင်ကြဉ်ရခြင်းစသော ဘေးဒုက္ခတို့သည် များစွာဝိုင်းအုံ၍ လာလေကုန်၏။

ဤရူပက္ခန္ဓာကြီးသည် သူတပါးတို့ ချစ်ဘို့ စုံမက်ဘို့ရာ အထည်ဝတ္ထုကြီးလည်းမည်၏။ သူတပါးတို့ ထိုးခုတ် ရိုက်နှက် နှိပ်စက်ဘို့ရာ အထည်ဝတ္ထုကြီးလည်းမည်၏။ နာမက္ခန္ဓာတည်းဟူသော ကျားဆိုးတွေ ပုန်းအောင်းနေထိုင်ရာ ဂူအို ဂူပျက်ကြီးနှင့်လည်း အလားတူ၏။ နာမက္ခန္ဓာတည်းဟူသော မြွေဆိုးတွေ ပုန်းအောင်းမှီခိုရာ တောင်ပို့ပျက်ကြီးနှင့်လည်း အလားတူ၏။ ထန်းပင်မှ ထန်းရေချို တစက်စက် ယိုထွက်၍ နေဘိသကဲ့သို့ ကိလေသာ အာသဝေါတရားတို့၏ ယိုထွက်စီးကျရာ အထည်ဝတ္ထုကြီးလည်းမည်၏။

ရူပက္ခန္ဓာ၏ အာဒီနဝကို ပြဆိုခန်း ပြီး၏။

## ၂၁-ဝေဒနာက္ခန္ဓာ၏ အာဒီနဝကို ပြဆိုခန်း

**သုခဝေဒနာ နှိပ်စက်နေပုံ။** ။သတ္တဝါတို့ သန္တာန်မှာ ခံစားမှု ဟူသော ဝေဒနာက္ခန္ဓာ တရား တခု ရှိ၍ နေသည့်အတွက်ကြောင့် ဘဝသံသရာ ကမ္ဘာအဆက်ဆက် ခံစားမှု နှိပ်စက်၍ နေလေ၏။

ဥပမာကား—ယားနာတွေ ပေါက်ရောက် စွဲကပ်လျက်ရှိနေသောသူသည် စားဆေးအမျိုးမျိုး လိမ်းဆေးအမျိုးမျိုး နမ်းဆေးအမျိုးမျိုးတို့ကို စုဆောင်းရှာမှီး၍ ထားရလေ၏။

ယားနာ ထကြွလာသည့်အခါ စားဆေးကို စားလိုက်လျှင် တနာရီ နှစ်နာရီစသည်ဖြင့် အယားပြေ၍ သွားလေ၏။ ထိုနည်းအတူ လိမ်းဆေးဖြင့် လိမ်းလိုက်လျှင် တနာရီ နှစ်နာရီ စသည်ဖြင့် အယားပြေ၍ သွားလေ၏။ နမ်းဆေးကို နမ်းလိုက်လျှင် တနာရီ နှစ်နာရီစသည်ဖြင့် အယားပြေ၍ သွားလေ၏။ ထိုဆေးတို့ကို ခဏခဏ စားသောက်ရ၏၊ ခဏခဏ လိမ်းရ၏၊ ခဏခဏ နမ်းရ၏၊ တနာရီ နှစ်နာရီစသည်ဖြင့် အယားပြေ၍ သွားပြန်လေ၏။

မသင့်သော အစာအာဟာရကို စားသောက်မိသည့်အခါ ညှော်နံသည့်အခါတို့၌ ယားနာ ထကြွလာပြန်သည် ဖြစ်၍ ထိုနည်းအတူ ကုသရပြန်၏။ ထိုယားနာသမားသည် ထိုဆေးတို့ကို စွန့်ပစ်၍ မနေနိုင်။ ဆေးဘူး ဆေးပုလင်းတို့ကို အမြဲဆောင်၍ ထားရလေ၏။ ယားနာနှိပ်စက်မှု အတွက်ကြောင့် အအိပ်ပျက် အစားပျက် စိတ်ဝိတက် ဗလဘွာနှင့် ထိုယားနာကိုသာ ဆေးကု၍ နေရလေ၏။

ဤဥပမာ၌ ဒုက္ခိတသတ္တဝါ သံသရာခရီးသူတို့သည် ယားနာသမားနှင့် တူကုန်၏။ စည်းစိမ်ကတော် စည်းစိမ်ရှင်တို့သည်

ဆေးဘူး ဆေးပုလင်းတွေနှင့် တူကုန်၏။ အာရုံခြောက်ပါး တို့သည် အစာဆိုး ညှော်ဆိုးနှင့် တူကုန်၏။ သုခဝေဒနာသည် ယားနာနှင့် တူ၏။

ယားနာသမားသည် ဆေးဘူး ဆေးပုလင်းတွေကို စွန့်ပစ်၍ မနေနိုင်သောကြောင့် အမြဲဆောင်၍ ထားရသကဲ့သို့ ထို့အတူ ဒုက္ခိတသတ္တဝါ သံသရာ ခရီးသူတို့သည် ဖြစ်လေရာရာ သုဂတိဘဝမှ စည်းစိမ်ကတော် စည်းစိမ်ရှင်တို့ကို အမြဲဆောင်၍ ထားကြရလေကုန်၏။

စည်းစိမ်ကတော် စည်းစိမ်ရှင်တို့အတွက် သားသမီးအတွက် တို့နှင့် စားရန် ဝတ်ရန် သုံးဆောင်ရန် ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ စပါး၊ ဆန်၊ ရွေ၊ ငွေ၊ ရတနာ များစွာ ရှာမှီး ပြုလုပ် အားထုတ်၍ နေကြရကုန်၏။ ကောင်းစွာခံစား စံစားဘို့ရန် ဟူသော အနေနှင့် ကောင်းသည်ထက် ကောင်းအောင် များ သည်ထက် များအောင် အမျိုးမျိုးသောအမှုတို့ကို ပြုလုပ်အား ထုတ်ကြရကုန်၏။

ထိုယားနာသမားသည် အစာဆိုး ညှော်ဆိုးတို့နှင့် တွေ့ဆုံမိ သည့်အခါ ယားနာ ထကြွ၍ လာသောကြောင့် စားဆေး အမျိုးမျိုး လိမ်းဆေးအမျိုးမျိုး နမ်းဆေးအမျိုးမျိုးတို့ဖြင့် ယားနာပျောက်ကင်းအောင် ဆေးကု၍ နေရလေ၏။

ထိုနည်းအတူ သုဂတိဘုံသား သတ္တဝါ အများတို့သည် အစာဆိုး ညှော်ဆိုးတို့နှင့်တူသော အာရုံခြောက်ပါးတို့နှင့် တွေ့ ဆုံမိသည့်အခါ ယားနာနှင့်တူသော သုခဝေဒနာ ဖြစ်ပေါ် ထကြွလာသည်ဖြစ်၍ မြင်မှုအမျိုးမျိုး၊ ကြားမှုအမျိုးမျိုး၊ နံမှု အမျိုးမျိုး၊ လျက်မှုအမျိုးမျိုး၊ တွေ့ထိမှုအမျိုးမျိုးတို့နှင့် ထို

သုခဝေဒနာ ပြေငြိမ်းအောင် ကုသကြရကုန်၏။ ဤကဲ့သို့ ကုသမှုကို စည်းစိမ်ခံစားသည်ဟု ခေါ်ဆိုကြကုန်၏။

ထိုသုခဝေဒနာ အတွက်နှင့် အဝတ်အခြုံ အရုံအခင်း အမျိုးမျိုး အစာအာဟာရ အမျိုးမျိုး စသည်တို့ကို စုဆောင်းရှာမှီးကြရကုန်၏။ ဩဘာ်မိသည့်အခါ ယားနာ ထကြွလာသကဲ့သို့ ထို့အတူ ရူပါရုံ ဩဘာ်မိသည့်အခါ (ကိုယ်သန္တာန်မှာ) သုခဝေဒနာ ယားနာတွေ ရွရွရွရွ ဖြစ်ပေါ်လာ၏။ သဒ္ဒါရုံဩဘာ်မိသည့်အခါ (ကိုယ်သန္တာန်မှာ) သုခဝေဒနာယားနာတွေ ရွရွရွရွ ဖြစ်ပေါ်လာ၏။ ဂန္ဓာရုံဩဘာ်မိသည့်အခါ ရသာရုံဩဘာ်မိသည့်အခါ ဖောဋ္ဌဗ္ဗာရုံဩဘာ်မိသည့်အခါ ကိုယ်သန္တာန်မှာ သုခဝေဒနာ ယားနာတွေ ရွရွ ရွရွ ဖြစ်ပေါ်လာ၏။ ဓမ္မာရုံဩဘာ်မိသည့်အခါ စိတ်သန္တာန်မှာ သုခဝေဒနာ ယားနာတွေ ရွရွ ရွရွ ဖြစ်ပေါ်လာ၏။

ဩဘာ်မိ၍ သုခဝေဒနာ ယားနာတွေ ဖြစ်ပေါ်လာသည့်အခါ သည်းမခံနိုင် မအောင့်နိုင်ကြသည်ဖြစ်၍ အဝတ်အစားအတွေ့အထိစသည်တို့နှင့် ယားနာပြေငြိမ်းအောင် ဆေးကုမှုဝန်ကြီး အမြဲဖိစီး၍ နေကြလေကုန်၏။ ထို့ကြောင့် သံသရာမှ ကျွတ်လွတ်ရန် တရားကို ပွါးများနိုင်ရန်ဝေးစွ၊ သိဘို့ရန်အမှုကိုပင် အလွန်တရာ ပူနိုင်ခဲကြလေကုန်၏။

အာဟာရကိစ္စ ပြီးစီးသော သူအား အစာအာဟာရကို စားဘွယ်မရှိ၊ ငတ်မွတ်ဆာလောင်သော သူတို့သည်သာလျှင် မနေသာမှုအတွက်နှင့် စားကြရကုန်၏။ ထိုနည်းအတူ လူ့ချမ်းသာ နတ်ချမ်းသာတို့ကို ခံစားကြရာ၌ သုခဝေဒနာ နှိပ်စက်၍ မနေသာမှုအတွက်နှင့် ခံစားကြရကုန်၏။ သုခဝေဒနာ ခံစားမှု

အတွက်ကြောင့် ဘေးဒုက္ခအမျိုးမျိုး ဖြစ်ပွါး၍ အပါယ်သို့ သွားကြရလေကုန်၏။

ထို့ကြောင့် ဤသုခဝေဒနာသည် စင်စစ်အားဖြင့် ဒုက္ခတရားသာဖြစ်၏။ ဒုက္ခဒုက္ခဟူ၍ ရှုအပ်၏။

ထို့ကြောင့် သံယုတ်ပါဠိတော်၌[၁]—

သုခါ ဘိက္ခဝေ ဝေဒနာ ဒုက္ခတော ဒဋ္ဌဗ္ဗာ—

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သုခါ ဝေဒနာ၊ သုခဝေဒနာကို။ ဒုက္ခတော၊ ဆင်းရဲသော ဒုက္ခတရားဟူ၍။ ဒဋ္ဌဗ္ဗာ၊ ရှုမှတ်အပ်၏။

ဤသို့ ပြဆိုခဲ့ပြီးသော အဓိပ္ပါယ်တို့ကို မှတ်ယူပြီး၍ သုခဝေဒနာကို ဒုက္ခဒုက္ခဟူ၍၎င်း၊ ဆင်းရဲသောတရား ဆင်းရဲသော တရားဟူ၍၎င်း ရှုအပ်၏။

ဤကား သုခဝေဒနာ နှိပ်စက်၍ နေပုံတည်း။

**ဒုက္ခဝေဒနာ နှိပ်စက်နေပုံ။** ။ဒုက္ခဝေဒနာ နှိပ်စက်၍ နေပုံကား—အဖျားရောဂါ နှိပ်စက်၍ နေသောသူကို မှက် ခြင် ယင် လေ နေပူ မြေ့ ကင်း သန်း စသော ဘေးရန်တို့မှ ကင်းလွတ်အောင် မိုးလုံ လေလုံကာ၍ နေရာကောင်း အိပ်ရာကောင်း အစားကောင်း အသောက်ကောင်း ဆေးကောင်း နာကောင်း အမျိုးမျိုးတို့နှင့် ရေချိုးသုတ်သင်၍ နေ့စဉ် နေ့စဉ် စောင့်ရှောက်ကုသ၍ နေကြရသော

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ်၊ နှာ-၄၀၉။

လူမမာစောင့်တို့ကဲ့သို့ ထိုအတူ သတ္တဝါတို့သည် ဒုက္ခဝေဒနာ အတွက်နှင့် မှက် ခြင် ယင် လေ နေပူ မြွေ ကင်း သန်းစသော ဘေးရန်တို့မှ ကင်းဝေးလေအောင် မိုးလုံ လေလုံ ကာ၍ နေရာကောင်း အိပ်ရာကောင်း အဝတ်ကောင်း အစားကောင်း အသောက်ကောင်းတို့နှင့် အမျိုးမျိုး စောင့်ရှောက်ကြရကုန်၏။

မသင့်သောအစာ သင့်သောအစာ ရွေးချယ်၍ ရောဂါမဖြစ်အောင် စားသောက်ကြရကုန်၏။ မိုးစွတ် နေပူ အပူ အအေး စသည်တို့ကို ရှောင်ကြဉ်ကြရကုန်၏။ ၉၆-ပါးသော ရောဂါဝေဒနာ မဖြစ်ပေါ် စေခြင်းအကျိုးငှါ ဆေးအမျိုးမျိုး နှာအမျိုးမျိုးတို့နှင့် အမျိုးမျိုး ကုသကြရကုန်၏။

သူခိုး ဓားပြစသော ဗဟိဒ္ဓဘေးရန်တို့မှ ကင်းလွတ်စေခြင်း အကျိုးငှါ ပုန်းအောင်းခိုဝင်၍ အမျိုးမျိုး စောင့်ရှောက်ကြရကုန်၏။

အပါယ်ဘေးမှ ကင်းဝေးစေခြင်းအကျိုးငှါ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်မှု၊ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်မှု၊ သူ့သားမယားအိမ်ရာကို ပစ်မှားခြင်းမှ ရှောင်ကြဉ်မှု၊ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်မှု စသော အကုသိုလ်ကံတို့ မဖြစ်ရအောင် ရှောင်ကြဉ်ကြရကုန်၏။

ဤသို့စသည်ဖြင့် ယခုဘဝ နောက်ဘဝ ဘေးဒုက္ခ မဖြစ်ရအောင် အမျိုးမျိုးစောင့်ရှောက်၍ အမျိုးမျိုးရှောင်ကြဉ်ကြရကုန်၏။ ဤသို့ စောင့်ရှောက် ရှောင်ကြဉ်ကြရသော အမှုတို့သည် ဒုက္ခဝေဒနာအတွက်နှင့် ဖြစ်ရသော အမှုတို့ပေတည်း။

အကယ်၍ ဒုက္ခဝေဒနာ မရှိခဲ့လျှင် ဤကဲ့သို့ စောင့်ရှောက်တို့ မရှိ၊ ရှောင်ကြဉ်တို့ မရှိ၊ ၉၆-ပါးသော အဇ္ဈတ္တဘေးရန်၊ မြွေ ကင်း သန်း စသော ဗဟိဒ္ဓဘေးရန်တို့ကို ကြောက်ဘို့မရှိ၊

အပါယ်ဘေးရန်တို့ကိုလည်း ကြောက်ဘို့မရှိ။ အတိသုခဖြစ်၍ လွန်စွာ ချမ်းသာရာ၏။ ဤသို့ကား မချမ်းသာ၊ လွန်စွာဆင်းရဲကြကုန်၏။ စင်စစ် ကေန် အမှန်အားဖြင့် အဇ္ဈတ္တဘေး ဗဟိဒ္ဓဘေး အပါယ်ဘေးတို့ကို ကြောက်ဘို့ မရှိ၊ ကိုယ့်သန္တာန်၌ ရှိ၍နေသော ဒုက္ခဝေဒနာကလေး တခုကိုသာ ကြောက်ဘို့ရှိ၏။

ထိုဒုက္ခဝေဒနာသည် ပြောင့်ကြီးနှင့်တူ၏။ ရေမျို ရင်ဝ၌ ပြောင့်ကြီးစူးဝင်၍ နေသောသူအား ထိုပြောင့်ကြီး ဖိစီးနှိပ်စက်၍ နေသောကြောင့် ချမ်းသာခွင့်မရ ဆင်းရဲဒုက္ခများစွာ ဖြစ်ပွါး၍ နေလေ၏။

ထိုနည်းအတူ အလုံးစုံသော သတ္တဝါအပေါင်းတို့အား ဒုက္ခဝေဒနာ တည်းဟူသော ပြောင့်ကြီး ဖိစီးနှိပ်စက်၍ နေသောကြောင့် တနေ့ တရက် တနံနက်မျှ ချမ်းသာခွင့်မရ၊ ဆင်းရဲဒုက္ခများစွာဖြစ်ပွါး၍ နေကြလေကုန်၏။

ထို့ကြောင့် သံယုတ်ပါဠိတော်၌[၁] —

ဒုက္ခာ ဝေဒနာ သလ္လတော ဒဋ္ဌဗ္ဗာ—

ဟူ၍ ဟောတော်မူ၏။

ဒုက္ခာ ဝေဒနာ၊ ဒုက္ခဝေဒနာကို။ သလ္လတော၊ ပြောင့်ကြီးဟူ၍။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်၏။

ဤပြဆိုခဲ့ပြီးသော အဓိပ္ပါယ်တို့ကို မှတ်ယူပြီး၍ ဒုက္ခဝေဒနာကို သလ္လ သလ္လဟူ၍ရင်း၊ ကြောက်ဘွယ်ကောင်းသော ပြောင့်ကြီး ပြောင့်ကြီးဟူ၍ရင်း ရှုကြည့်အပ်၏။

ဤကား ဒုက္ခဝေဒနာ နှိပ်စက်၍ နေပုံတည်း။

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ်၊ နှာ-၄၀၉။

**ဥပေက္ခာဝေဒနာ နှိပ်စက်နေပုံ။** ။ဥပေက္ခာ ဝေဒနာ နှိပ်စက်ပုံကား — ဘိန်းသမား တယောက်သည် ဘိန်းမူးသည့်အခါ တခုသော ဝတ္ထုကိုကြည့်၍ မှိုင်ငေးတွေဝေ မေ့လျော့၍ နေသကဲ့သို့ ထို့အတူ သတ္တဝါတို့သည် ဥပေက္ခာဝေဒနာ ဖြစ်ပေါ်သည့်အခါ အဆင်းအမျိုးမျိုးကို ကြည့်၍ရှင်း၊ အသံအမျိုးမျိုးကို ကြား၍ရှင်း၊ အနံ့အမျိုးမျိုးကို နံ၍ရှင်း၊ အရသာ အမျိုးမျိုးကို စား၍ရှင်း၊ အတွေ့အထိ အမျိုးမျိုးကို တွေ့ထိ၍ရှင်း၊ ဓမ္မာရုံ အမျိုးမျိုးကို ကြံတွေးစိတ်ကူး၍ ရှင်း ထိနမိဒ္ဓတရားတွေ ဖိစီး၍ ထိုင်းမှိုင်းတွေဝေ မေ့လျော့၍ နေကြရလေကုန်၏။ မောဟတုံးကြီး မောဟခဲကြီးဖြစ်၍ နေကြလေကုန်၏။

တစုံတခုသော အားထုတ်မှု အလုပ်အကိုင် မရှိသော်လည်း ထိုင်းမှိုင်းတွေဝေ မေ့လျော့၍ နေကြသည့် အတွက်ကြောင့် သူတော်ကောင်းတရားကို အားမထုတ်နိုင်၊ မှိုင်ငေးမှုအတွက်နှင့်သာ အချိန်ကုန်၍ ယောင်တီး ယောင်တနှင့် ဘဝဆုံးကြရလေကုန်၏။

အဒုက္ခမသုခါ ဝေဒနာ အနိစ္စတော ဒဋ္ဌဗ္ဗာ။
သံယုတ်ပါဠိတော်[၁]။

အဒုက္ခမသုခါ ဝေဒနာ၊ ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သော ဥပေက္ခာဝေဒနာကို။ အနိစ္စတော၊ မမြဲသောအနိစ္စတရားဟူ၍။ ဒဋ္ဌဗ္ဗာ၊ ရှုအပ်၏။

ဤကား ဥပေက္ခာဝေဒနာ နှိပ်စက်၍ နေပုံတည်း။

ဝေဒနာက္ခန္ဓာ၏ အာဒီနဝကို ပြဆိုခန်း ပြီး၏။

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ သဠာယတနဝဂ္ဂသံယုတ်၊ နှာ-၄၀၉။

## ၂၂-သညာကန္ဓာ၏ အာဒီနဝကို ပြဆိုခန်း

**မှော်ရူး ဥပမာနှင့် သညာဝိပလ္လာသ။**

။သတ္တဝါတို့သန္တာန်မှာ အမှတ်ပြု၍ သိမှု ဟူသော သညာကန္ဓာတရား တခုရှိ၍ နေသည့်အတွက်ကြောင့် အမျိုးမျိုး အထင်မှား၍ အမျိုးမျိုးသော ဒုက္ခတရားတို့သည် တနေ့တခြား တိုးပွါးစည်ကား၍ နေလေကုန်၏။

ဥပမာကား—မှော်ရူးသမား တယောက်သည် အကောင်း အဆိုးဟူ၍လည်း မသိတတ်၊ ကိုယ့်အိမ် သူတပါးအိမ်ဟူ၍လည်း မသိတတ်။ ငေးမိငေးရာ နေမိနေရာ နေလေ၏။ သူတပါးအိမ်ကို ကိုယ့်အိမ်ဟု အမှတ်ထင်၍ နေပြီးလျှင် ထိုအိမ်၌ရှိသော သူတို့ကို ကိုယ့်သား ကိုယ့်သမီးဟူသော အနေနှင့် အလုပ်အကိုင် အမျိုးမျိုးတို့ဖြင့် ပြုလုပ် အားထုတ်လျက် ကျွေးမွေး၍ နေလေ၏။ ကိုယ်နှင့်မဆိုင် ကိုယ်ပိုင်မဟုတ်သော သူတပါးဥစ္စာကို ကိုယ့်ဥစ္စာဟူသော အနေနှင့် စိတ်အထင်မှတ်၍ မရပ်မနား အားထုတ်၍ နေလေ၏။

**သင်္ခါရတရားတွေကို နိစ္စ သုခ အတ္တ သုဘဟု အမှတ်မှားနေပုံ**

ထိုနည်းအတူ ပုထုဇဉ်သတ္တဝါတို့သည် မှော်ရူးသမားနှင့် လွန်စွာ တူကုန်၏။ အစဉ်မပြတ် ဖြစ်ပျက်၍ နေကြကုန်သော မမြဲသော သင်္ခါရ အနိစ္စတရားတွေကို သညာဝိပလ္လာသ ဖောက်ပြန်၍ နေကြသည့် အတွက်ကြောင့် မပျက်ဘဲ အမြဲတည်ရှိ၍ နေသည်ဟု မှတ်ထင်ကြလေကုန်၏။

ဒုက္ခအစစ်ဖြစ်သော သင်္ခါရတရားတွေကို သညာဝိပလ္လာသ ဖောက်ပြန်၍ နေသောကြောင့် သုခဟု မှတ်ထင်၍ နေကြ

ကုန်၏။ ငါနှင့်မဆိုင် ကိုယ်ပိုင်မဟုတ်သော တရားတွေကို သညာဝိပလ္လာသ ဖောက်ပြန်၍ နေကြသည့် အတွက်ကြောင့် ငါ့ကိုယ်ငါ့ဟာဟု မှတ်ထင်၍ နေကြကုန်၏။ မတင့်မတယ် မဖွယ်မရာသော အသုဘတရားတွေကို သညာဝိပလ္လာသ ဖောက်ပြန်၍ နေကြသည့် အတွက်ကြောင့် ရှုချင်စဖွယ် တင့်တယ်သော သုဘတရားတွေဟု မှတ်ထင်၍နေကြကုန်၏။

ဤကဲ့သို့ သညာဝိပလ္လာသ ဖောက်ပြန်၍ နေကြသည့် အတွက်ကြောင့် ပုဂ္ဂိုလ် သတ္တဝါ ပြဟ္မာ နတ် လူ ငါ သူတပါး ယောကျ်ား မိန်းမဟု မှတ်ထင်၍ အရှုးအသွင် စိတ်အထင်နှင့် ပျော်ရွှင်မြူးထူး မူးမူး မေ့မေ့ ဘုံ၌လေ့နှင့် နေ့ရက်သာကုန်၍ အပါယ်ဘုံသို့ သွားကြရလေကုန်၏။

အကြောင်းကို စွဲ၍ ဖြစ်ပွါးသော အကျိုးတရားတွေပါ တကားဟု တရား၏ ဖြစ်ဟန်ကို အမြင်မသန့် သညာဖောက်ပြန်၍ နေသောကြောင့် ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာတကား၊ ငါ့သား ငါ့သမီး ငါ့မြေး ငါ့မြစ် အစရှိသည်တို့ဖြင့် မှတ်ထင်၍ နေကြကုန်၏။ ဤသို့ မှတ်ထင်၍ နေကြသောကြောင့် ငါ့သား ငါ့သမီး ငါ့မြေးစသည်တို့ စားရန် ဝတ်ရန် သုံးဆောင်ရန်ဟူသော အနေနှင့် ရွှေငွေရတနာ များစွာရအောင် ပင်ပန်းကြီးစွာ ရှာကြံအားထုတ် ပြုလုပ်ကာ ကျွေးမွေး၍ နေကြရကုန်၏။ ကျွေးမွေးရန်အတွက်နှင့် ဘေးဒုက္ခဖြစ်မှုကိုပင် ချမ်းသာဟု မှတ်ထင်၍ နေကြလေကုန်၏။ သညာဟူသော တရားသည် သို့ကလောက် မှောက်မှားစေတတ်၏။

သညာက္ခန္ဓာ၏ အာဒီနဝကို ပြဆိုခန်း ပြီး၏။

## ၂၃-သင်္ဂါရက္ခန္ဓာ၏ အာဒိနဝကို ပြဆိုခန်း

**သားဆိုးအမေဥပမာနှင့် လောဘရှိသော သတ္တဝါ**

သူဆင်းရဲမ တယောက်မှာ သားဆိုး ကလေးတယောက် ရှိရာ၏။ ထိုသား ဆိုးကလေးက ပွဲကြည့်ချင်သည်ဟု ငိုကြွေး မြည်တမ်း၍ အပူတိုက်သည့်အခါ ထိုမိခင်သည် ပွဲရှိရာ အရပ်သို့ ပို့ဆောင်ရလေ၏။ ဆိုင်းသံ ဗုံသံကို နားထောင်ချင် သည်ဟု ငိုကြွေးမြည်တမ်း၍ အပူတိုက်သည့်အခါ ဆိုင်းသံ ဗုံသံ ရှိရာအရပ်သို့ ပို့ဆောင်ရလေ၏။

ပန်း နံ့သာနံ့ စသည်တို့ကို နမ်းချင်သည်ဟု ငိုကြွေးမြည်တမ်း ၍ အပူတိုက်သည့်အခါ ထိုပန်း နံ့သာကို ရှာကြံ၍ပေးရလေ၏။

ဝက်သား ကြက်သား စသည်တို့ကို စားချင်သည်ဟု ငိုကြွေး မြည်တမ်း၍ အပူတိုက်သည့်အခါ ဝက်သားစသည်တို့ကို ရှာကြံ ၍ ပေးရလေ၏။

ရေချိုးချင်သည် အဝတ်ဝတ်ချင်သည် စသည်ဖြင့် ငိုကြွေး မြည်တမ်း၍ အပူတိုက်သည့်အခါ သူ့အကြိုက် အလိုက်ကို အမျိုးမျိုး ပြုလုပ်၍ ပေးရလေ၏။ ဤကား ဥပမာ။

ဤဥပမာ၌ လောဘသည် သားဆိုးကလေးနှင့် တူ၏၊ အမိ သူဆင်းရဲမသည် သားဆိုးကလေး နှဲ့တိုင်း အလိုရှိတိုင်း အားထုတ်၍ ပေးရသကဲ့သို့ ထို့အတူ လောဘတရား ထင်ရှား ရှိသော သတ္တဝါအပေါင်းတို့သည် လောဘနှဲ့တိုင်း လောဘ အလိုရှိတိုင်း ဆည်းပူး ပြုလုပ် အားထုတ်ကြရကုန်၏။

**လောဘနှိပ်စက်ပုံ။** ။လောဘက ပွဲကြည့်လိုလျှင် ပွဲရှိရာသို့ သွားကြရကုန်၏၊ အဆင်းအမျိုးမျိုးကို ကြည့်လိုလျှင် ထိုအဆင်း အမျိုးမျိုးရှိရာ အရပ်သို့ သွားကြရကုန်၏။

အသံအမျိုးမျိုးကို ကြားလိုလျှင် အသံအမျိုးမျိုးရှိရာအရပ်သို့ သွားကြရကုန်၏။

အနံ့အမျိုးမျိုးကို အလိုရှိလျှင် အနံ့အမျိုးမျိုးကို ရအောင် ရှာကြံ အားထုတ်ကြရကုန်၏။

အရသာ အမျိုးမျိုးကို စားသောက်လိုလျှင် အရသာ အမျိုးမျိုးကို ရှာကြံအားထုတ်ကြရကုန်၏။

အတွေ့အထိ အမျိုးမျိုးကို အလိုရှိလျှင် အတွေ့အထိ အမျိုးမျိုးကို ရှာကြံအားထုတ်ကြရကုန်၏။

ရေချိုးချင်သည် မီးလှုံချင်သည် စသည်ဖြင့် လောဘနှင့်တိုင်း လောဘအလိုရှိတိုင်း လောဘအလိုသို့ လိုက်၍ ရှာကြံဆည်းပူး အထူးထူး အထွေထွေ အားထုတ်၍ လောဘကို ပေးဆက်ကြရကုန်၏။

မြင်ချင်မှု၊ ကြားချင်မှု၊ နံချင်မှု၊ စားချင်မှု၊ တွေ့ထိချင်မှု၊ သုံးဆောင်ခံစားချင်မှု ဟူသော လောဘအတွက်နှင့် ကာယကံ တရုံးရုံး၊ ဝစီကံတရုံးရုံး၊ မနောကံတရုံးရုံး ဖြစ်၍နေကြကုန်၏။ ကိုယ်အမှုအရာ အမျိုးမျိုး၊ နှုတ်အမှုအရာ အမျိုးမျိုး၊ မနော အမှုအရာ အမျိုးမျိုးတို့နှင့် လောဘအလို လောဘအကြိုက် လောဘနောက်သို့လိုက်၍ တလောကလုံး အုံးအုံးဆူ ကျွက်ကျွက် ရိုက် ဘုံသုံးတိုက် နယ်တခွင်မှာ ကာမဂုဏ်ကို ချမ်းသာသုခဟု အမှတ်ပြု၍ အာရုံဝတ္ထု အစုစုတို့ကို ရှာယူဆည်းပူး အထူးထူး ပြုလုပ် အားထုတ်၍ နေကြရကုန်၏။

**ဝိပဿနာဒီပနီ ၉—ပ-မ-ဗ-သ-စ**

**စေတနာသည် နှိပ်စက်ပုံ**။ ။ဤကဲ့သို့ ကာယကံသင်္ခါရ၊ ဝစီကံသင်္ခါရ၊ မနောကံသင်္ခါရတွေ ဖြစ်ပွါး၍ နေကြသည့် အတွက်ကြောင့် တပေါင်း တန်ခူးအခါ လေတိုက်တိုင်း လေတိုက်တိုင်း သစ်ပင်မှကြွေကျသော **သစ်ရွက်ခြောက်တွေ** ကဲ့သို့ သတ္တဝါတို့သည် ထိုအကုသိုလ် ကာယကံ ဝစီကံ မနောကံတို့အတွက်နှင့် မရဏ လေတိုက်တိုင်း လေတိုက်တိုင်း အပါယ်သို့ တဖြုံးဖြုံး ကျကြရလေကုန်၏။ ကုသိုလ်ကံတို့ကိုပြု၍ နေကြကုန်သော်လည်း မြစ်ညာမှလာသော ရေသည် သမုဒ္ဒရာသို့ ဝင်ရောက်ရသကဲ့သို့ ထိုအတူ အဆုံးမှာ အပါယ်သို့သာ သွားရောက်ကြရကုန်၏။

အကုသိုလ်ကံ အတွက်ကြောင့် အပါယ်သို့ မြန်မြန်ရောက်၏။ ကုသိုလ်ကံ အတွက်ကြောင့် အပါယ်သို့ ဖြည်းဖြည်းမှရောက်၏။ မြန်မြန်ရောက်နှင့် ဖြည်းဖြည်းရောက်သာ ထူးကုန်၏။ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ မကွာမပျောက်သရွေ့ ကာလပတ်လုံး အပါယ်ဘေးမှ ကင်းဝေးအောင် ပြေးသော်လည်း မလွတ်နိုင်။ ဥပမာကား—စပါးကြီးမြွေချက်ငြိ၍နေသော သတ္တဝါသည် မြွေဘေးမှ လွတ်အောင် အတွင်စိုက်၍ ပြေးသော်လည်း နီးသည်ထက် နီး၍ မြွေ၏ ခံတွင်းသို့သာ ဝင်ရသကဲ့သို့ ထိုနည်းအတူ ဒုက္ခိတ သတ္တဝါ သံသရာခရီးသူတို့သည် ဒါန သီလစသော ပုညကြိယာ ကုသိုလ် အမျိုးမျိုးတို့နှင့် အပါယ်ဘေးမှ ကင်းဝေးအောင် အတွင်စိုက်၍ ပြေးကြကုန်သော်လည်း အပါယ်ဘေးနှင့် နီးသည်ထက်နီး၍ ငရဲကြီး ရှစ်ထပ်စသည်၌ ကျရောက်ကြရကုန်၏။ မြင်ခဲ့စွ။

ထို သင်္ခါရ တရားတို့သည် **ငှက်ပျောပင်တွေနှင့်** တူကုန်၏။ ငှက်ပျောပင်၏ သဘောကို မရိပ်မိကြကုန်သော သူတို့သည်

အနှစ်သာရမရှိ၍ အသုံးပြုစရာ မကောင်းသော်လည်း အပင်သဏ္ဍာန်, အရွက်သဏ္ဍာန်ကို မြင်ရလျှင် အသုံးပြုစရာ ကောင်းသည်ဟု မှတ်ထင်ကြကုန်၏။ ထိုနည်းအတူ သင်္ခါရတရားတို့၏ အမှုကို အနှစ်စိတ်၍ မရိပ်မိကြကုန်သော သူတို့သည် အနှစ်သာရ မရှိ၍ အသုံးပြုစရာ မကောင်းသော်လည်း ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာတို့ကို မြင်ရလျှင် အသုံးပြုစရာ ကောင်းသည်ဟု မှတ်ထင်ကြကုန်၏။ အားကိုး အားထားစရာ သာယာဘွယ်ကြီးဟု မှတ်ထင်ကြကုန်၏။

ထို့ကြောင့် ကိုယ်အားကိုး နှုတ်အားကိုးနှင့် ကြောက်ရမှန်း မသိ၊ လန့်ရမှန်း မသိ၊ မိုက်ချင်တိုင်း မိုက်၍ နေကြကုန်၏။ ပညာအားကိုး ဝီရိယအားကိုး သတိအားကိုး လောဘအားကိုး ဒေါသအားကိုး မာနအားကိုး စိတ်အားကိုးနှင့် ကြောက်ရမှန်း မသိ၊ လန့်ရမှန်း မသိ၊ မိုက်ချင်တိုင်းမိုက် ရူးချင်တိုင်းရူး မူးချင်တိုင်းမူး မေ့ချင်တိုင်းမေ့၍ နေကြကုန်၏။ ဘုရား တရား သံဃာ ရတနာသုံးပါးတို့နှင့် တွေ့ဆုံ ကြုံကြိုက်ကြကုန်သော်လည်း ကျွတ်လွတ်ရန်ဝေးစွ၊ အဟုတ်အမှန်ကိုသိ၍ အမူးအမေ့ ပျောက်အောင်ပင် အလွန်ခဲယဉ်းလှလေကုန်၏။

**ဝိပဿနာအားထုတ်မှုမှ မေ့လျော့ပုံ** ထို့ကြောင့် ယခုမြတ်စွာဘုရား သာသနာတော်နှင့် တွေ့ဆုံ ကြုံကြိုက်ကြကုန်သော်လည်း အဟုတ်အမှန်ကို မသိ၍ နိဗ္ဗာန်သို့ မရောက်နိုင်ကြကုန်။ အဟုတ်အမှန်ကို သိကြကုန်သော်လည်း သင်္ခါရတရား မြှောက်စားမှု အတွက်ကြောင့် ပုတ်သင်ညို, ဖွတ်, ပုတတ်တို့ကဲ့သို့ အမေ့ကြီးမေ့၍ နေကြကုန်၏။ မေ့ဆိုသည်ကား တရားကို အားထုတ်နိုင်လောက်လျက်နှင့် အားမထုတ်ကြဘဲ ဒါနပြုမှု၊ သီလစောင့်မှု၊ ခြိုးခြံမှု၊ ပရိယတ်

အားထုတ်မှု စသည်တို့နှင့် အားရ တင်းတိမ်၍ နေကြသည်ကို မေ့သည်ဟုဆိုသည်။

အားကိုးအားထားပြုမှု ဆိုသည်ကား—ရုပ်အမှုအရာ စိတ်အမှုအရာတို့ကို ကိုယ့်အမှုအရာပြုလုပ်၍ ငါလုပ်လိုက်လျှင် ငါကြံလိုက်လျှင် မခံနိုင်ဘူးဟူသော အနေနှင့် အားကိုးအားထားပြု၍ ကြောက်ရမှန်းမသိ လန့်ရမှန်းမသိ ပျော်ရွှင်မြူးထူးရူးမိုက်၍ နေကြသည်ကို အားကိုးအားထားပြု၍ နေကြသည်ဟုဆိုသည်။

ပြဆိုခဲ့ပြီးသော အခိပ္ပါယ်တို့ကို မှတ်သားပြီး၍ သတ္တဝါအများတို့သည် သင်္ခါရတရားတို့၏ အမှုကို ကိုယ့်အမှု ပြုလုပ်၍ အားကိုးအားထားစရာ သာယာဘွယ်ကြီး အနေနှင့် ပျော်ရွှင်မြူးထူး မူးမူးမေ့မေ့ နေကြသည်ကို အကျယ်ဖြန့်၍ ကြောက်လန့်ဘွယ်ကြီး ထင်မြင်အောင် ကြည့်လေ။

သင်္ခါရက္ခန္ဓာ၏ အာဒီနဝကို ပြဆိုခန်း ပြီး၏။

## ၂၄-ဝိညာဏက္ခန္ဓာ၏ အာဒီနဝကို ပြဆိုခန်း

**မျက်လှည့်ဆရာဥပမာနှင့် ဝိညာဏ်**

မျက်လှည့်ဆရာကြီး တယောက်သည် မျက်လှည့် အတတ်နှင့် ရွှံ့ခဲ ကျောက်ခဲတို့ကို လူရုပ် နတ်ရုပ် ဆင်ရုပ် မြင်းရုပ် နွားရုပ် ကျားရုပ်စသော အထူးအဆန်း အမျိုးမျိုးတို့ကို ပြုလုပ်၍ ပြရာ၏။ ကြည့်ရှုသော လူအပေါင်းတို့သည် မျက်လှည့်ဆရာကြီး ပြသည့်အတိုင်း မှတ်ထင်၍ နေကြကုန်၏။ ရွှံ့ခဲ ကျောက်ခဲဟု မထင်ကြကုန်။ ဤကား ဥပမာ။

ဤဥပမာ၌—

နာမ်ရုပ်နှစ်ပါးသည် ရွှံ့ခဲ ကျောက်ခဲနှင့်တူ၏။

ဝိညာဏ်ခြောက်ပါးသည် မျက်လှည့်ဆရာနှင့် တူ၏။

သတ္တဝါတို့သည် ကြည့်ရှုသောသူတို့နှင့် တူကုန်၏။

သတ္တဝါတို့သည် ထိုဝိညာဏ်ခြောက်ပါးတို့ လှည့်စား၍ ပြသည့်အတွက်ကြောင့် နာမ်ရုပ်နှစ်ပါးကိုပင် လူဘဲ နတ်ဘဲ အထင်လွှဲလျက် အနန့်မှတ်ထင်၍ နေကြရကုန်၏။

စက္ခုဝိညာဏ်လှည့်စား၍ ပြသည့်အတိုင်း ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဗြဟ္မာ၊ နတ်၊ လူ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ စသည်ဖြင့် အဟုတ်ပင် မှတ်ထင်၍ နေကြရကုန်၏။ မြေ ရေ တော တောင် သမုဒ္ဒရာ စသည်ဖြင့် အဟုတ်ပင် မှတ်ထင်၍ နေကြရကုန်၏။

သောတဝိညာဏ်ပြသည့်အတိုင်း လူသံဘဲ၊ နွားသံဘဲ၊ ငှက်သံဘဲ စသည်ဖြင့် အဟုတ်ပင် မှတ်ထင်၍ နေကြရကုန်၏။

ဃာနဝိညာဏ်ပြသည့်အတိုင်း ပန်းနံ့၊ နံ့သာနံ့၊ ရေမွှေးနံ့ စသည်ဖြင့် အဟုတ်ပင် မှတ်ထင်၍ နေကြရကုန်၏။

ဇိဝှါဝိညာဏ်ပြသည့်အတိုင်း အချို အချဉ် အရသာစသည်ဖြင့် အဟုတ်ပင် မှတ်ထင်၍ နေကြရကုန်၏။

ကာယဝိညာဏ်ပြသည့်အတိုင်း အကြမ်း အနု အတွေ့ အထိစသည်ဖြင့် အဟုတ်ပင် မှတ်ထင်၍ နေကြရကုန်၏။

မနောဝိညာဏ် လှည့်စား၍ ပြသည့်အတိုင်း ငါသွားနိုင်သည်၊ ငါလာနိုင်သည်၊ ကိုယ်လုပ်တတ်သည်၊ ကိုယ်ခံစားတတ်သည် စသည်ဖြင့် အဟုတ်ပင် မှတ်ထင်၍ နေကြရကုန်၏။

ဤကဲ့သို့ မှတ်ထင်၍ နေကြရသောကြောင့် လောဘဒေါသ အစရှိသော ကိလေသာမီးတို့သည် အနည်းနည်းတောက်လောင်၍ နေကုန်၏။ ခဏတ်ရင်း သဘောရင်းသို့ဆိုက်အောင်မမြင်။ ယောကျ်ား မိန်းမပင် မှတ်၍ သူ့ကိုချစ် ငါ့ကိုခင် ကာမဂုဏ်စိတ်ဝင်၍ ပျော်ရွှင်ကာ စိတ်ထားနှင့် ဘုရားကို သတိမရ၊ တရားကို ဝေးစွ၊ သံဃာကို ဗလာ၊ လောဘမီးအဖြာဖြာနှင့် နေ့ရက်သာကုန်ဆုံး၍ အပါယ်ဘုံသို့ သွားကြရလေကုန်၏။

ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး မှတ်ထင်၍ သူ့ကိုမုန်း၊ ငါ့ကိုမတော့၊ ကဲ့ရဲ့ရှုံ့ချခြင်း စသည်တို့နှင့် ဒေါသမီးတောက်လောင်၍ နေကြကုန်၏။ ဤသို့စသည်ဖြင့် ကိလေသာမီး တောက်လောင်၍ နေကြကုန်၏။

**တံငါသည်ဥပမာနှင့်ဝိညာဏ်။** ။ဥပမာကား— တံငါတယောက်သည် ငါးလိပ်အရှင်တို့ကို မီးဖြင့်ဖုတ်မြှိုက်ရာ၏။ ထိုငါးလိပ်တို့သည် မီးဘေးကို ကြောက်လန့်၍ ပြေးကြကုန်သော်လည်း မလွတ်နိုင်ကုန်။ ထိုတံငါသမား ဘမ်းယူ၍ ထည့်သောကြောင့် မီးပုံတွင်းမှာပင် သေဆုံးကြရလေ၏။

ဤဥပမာ၌— ဝိညာဏ်ခြောက်ပါးသည် တံငါသမားနှင့် တူ၏။ အာရုံခြောက်ပါးသည် ထင်းအမှိုက်တွေနှင့်တူ၏။ လောဘ ဒေါသစသော ကိလေသာတို့သည် မီးနှင့်တူကုန်၏။ သတ္တဝါ တို့သည် ငါး လိပ်တို့နှင့် တူကုန်၏။

ထိုကိလေသာမီးဘေးတွေကို ကြောက်လန့်၍ အကျင့်သီလ အမျိုးမျိုး၊ အားထုတ်မှု အမျိုးမျိုးတို့နှင့် ပြေးကြကုန်သော် လည်း မလွတ်နိုင်ကြကုန်၊ ငါးလိပ်တို့သည် မီးပုံတွင်းမှာ သေဆုံး ရသကဲ့သို့ သတ္တဝါတို့သည် ကိလေသာတည်းဟူသော မီးတောက် မီးပုံတွင်းမှာပင် သေဆုံးကြရကုန်၏။

စက္ခုဝိညာဏ်သည် ရူပါရုံဟူသော ထင်းအမှိုက်တို့နှင့် မီး တိုက်သောကြောင့် လောဘ ဒေါသစသော ကိလေသာမီးတို့ သည် ထကြွ တောက်လောင်ကြကုန်၏။

သောတဝိညာဏ်သည် သဒ္ဒါရုံ ဟူသော ထင်းအမှိုက်တို့နှင့် မီးတိုက်သောကြောင့်။

ဃာနဝိညာဏ်သည် ဂန္ဓာရုံဟူသော ထင်းအမှိုက်တို့နှင့် မီး တိုက်သောကြောင့်။

ဇိဝှါဝိညာဏ်သည် ရသာရုံ ဟူသော ထင်းအမှိုက်တို့နှင့် မီး တိုက်သောကြောင့်။

ကာယဝိညာဏ်သည် ဖောဋ္ဌဗ္ဗာရုံ ဟူသော ထင်းအမှိုက်တို့ နှင့် မီးတိုက်သောကြောင့်။

မနောဝိညာဏ်သည် ဓမ္မာရုံဟူသော ထင်းအမှိုက်တို့နှင့် မီး တိုက်သောကြောင့် လောဘ ဒေါသစသော ကိလေသာမီးတို့ သည် ထကြွတောက်လောင်ကုန်၏။

ထကြွ တောက်လောင်ပုံကား— ဈာန် အဘိညာဉ်နှင့် ကောင်းကင်မှာ သွား၍နေသော ရသေ့ကြီးသည် မိန်းမဟူသော အဆင်းနှင့် စက္ခုဝိညာဏ် မီးတိုက်လေသောကြောင့် မီးပုံးပျံကြီးသည် မီးလောင်၍ ကျသကဲ့သို့ လောဘမီးလောင်၍ ကျလေ၏။ မိန်းမ၏အသံနှင့် သောတဝိညာဏ် မီးတိုက်လေသောကြောင့် ဈာန်ပျံရသေ့ကြီးသည် လောဘမီးလောင်၍ ကျလေ၏။

မိန်းမဟူသောအဆင်း၊ မိန်းမ၏အသံတို့နှင့် စက္ခုဝိညာဏ် သောတဝိညာဏ်တို့ မီးတိုက်မှုကြောင့် လောဘမီးလောင်၍ စားမဝင် အိပ်မပျော်ဖြစ်၍ နေကြကုန်၏။ ယောကျ်ားဟူသော အဆင်း၊ ယောကျ်ား၏ အသံတို့နှင့် စက္ခုဝိညာဏ် သောတဝိညာဏ်မီးတိုက်မှုကြောင့် လောဘမီးလောင်၍ စားမဝင် အိပ်မပျော်ဖြစ်၍ နေကြကုန်၏။

ထိုနည်းကိုမှီ၍ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ် မီးတိုက်မှုကြောင့် လောဘ၊ ဒေါသ စသော ကိလေသာမီးအမျိုးမျိုး ထကြွတောက်လောင်၍ နေကြသည်ကို အကျယ်ဖြန့်၍ မြင်အောင်ကြည့်လေ။

**တောကြီးပမာ ငါးခန္ဓာ။** ။တောကြီးတခုမှာ မပြတ်မပြတ် မီးလောင်၍ နေခြင်းကြောင့် ထိုတော၌ရှိသော သစ်ပင် အပေါင်းတို့သည် မီးလောင်ဒုတ်တွေသာဖြစ်၍ နေလေကုန်၏။ အတက်ပေါက်ပြန်လာကြကုန်သော်လည်း မီးလောင်မှု မပြတ်သောကြောင့် စိမ်းစိမ်းစိုစိုမရှိ၊ မဲခြောက်ခြောက် မီးလောင်ဒုတ်တွေသာဖြစ်၍ နေလေကုန်၏။

ဤဥပမာအတူ ဝိညာဏ်ခြောက်ခုတို့ မီးတိုက်မှု အတွက်ကြောင့် လောဘမီးလောင်ငုတ်၊ ဒေါသမီးလောင်ငုတ်၊ ကိလေသာမီးလောင်ငုတ်တွေသာဖြစ်၍ နေကြကုန်၏။

သဒ္ဓါ သတိ စသော သူတော်ကောင်းတရားတွေ အတက်ပေါက်၍ လာကုန်သော်လည်း ကိလေသာမီးလောင်မှု မပြတ်မစဲသောကြောင့် သန်သန်မြန်မြန် စည်စည် ကားကား မရှိ။ ပြော့ပြော့ ခွေခွေ သေးသေး နုပ်နုပ်သာ ဖြစ်လာကုန်၏။ ထို့ကြောင့်ကျွတ်လွတ်ရန်ကိုဝေးစွ၊ ကိလေသာမီးတွေမလောင်အောင်ကိုပင် အလွန်တရာ ပြုနိုင်ခဲလှလေကုန်၏။

**ကိလေသာမီးငြိမ်းမှ ချမ်းသာပုံ။** ။ထိုဝိညာဏ်ခြောက်ပါးတို့ မရှိလျှင် ဤကဲ့သို့ ကိလေသာမီး ထကြွ တောက်လောင်ဘို့မရှိ၊ ချမ်းသာသုခ ဖြစ်၍ မြေရာ၏။ ဤသို့ကား မဖြစ်၊ လောဘမီး ဒေါသမီးလောင်ချက်နှင့် စိတ်ဝိတက်ပွေလောင်၍ အပူကောင်ကြီးတွေသာ ဖြစ်၍ နေကြကုန်၏။

ထို့ကြောင့် ဓမ္မပဒပါဠိတော်၌[၁]—

> နတ္ထိ ရာဂသမော အဂ္ဂိ၊ နတ္ထိ ဒေါသသမော ကလိ။
> နတ္ထိ ခန္ဓသမာ ဒုက္ခာ၊ နတ္ထိ သန္တိပရံ သုခံ—

ဟူ၍ ဟောတော်မူ၏။

ရာဂ သမော၊ ရာဂနှင့်တူသော။ အဂ္ဂိ၊ မီးသည်။ နတ္ထိ၊ မရှိ။ ဒေါသ သမော၊ ဒေါသနှင့်တူသော။ ကလိ၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ ခန္ဓသမာ၊ ခန္ဓာငါးပါးနှင့်တူသော။ ဒုက္ခာ၊ ဆင်းရဲခြင်းအကြောင်းသည်။ နတ္ထိ၊ မရှိ။ သန္တိပရံ၊ နိဗ္ဗာန်ချမ်းသာထက် လွန်ကဲသော။ သုခံ၊ ချမ်းသာသည်။ နတ္ထိ၊ မရှိ။

---

၁။ ဓမ္မပဒပါဠိတော်၊ (ခု-၁) နှာ-၄၃။

ခန္ဓာငါးပါး ထင်ရှား ဖြစ်ပေါ်မှုသည် စင်စစ် အားဖြင့် ဆင်းရဲသော အမှုကြီးပေတည်း။ ထိုခန္ဓာငါးပါး၏ ဖြစ်ပျက်မှုဟူသော ဆင်းရဲနှင့်တူသော ဆင်းရဲသည် တစုံတခုမျှမရှိ။

ခန္ဓာငါးပါးတို့ အကြွင်းမဲ့ ချုပ်ပြတ်၍ ကိလေသာမီးတို့၏ ငြိမ်းရာ နိဗ္ဗာန်ချမ်းသာထက် လွန်ကဲသော ချမ်းသာလည်းမရှိ။

သက္ကာယပျောက် နိဗ္ဗာန်ရောက်။ ။ထို့ကြောင့် ဒုက္ခအစစ်ဖြစ်သော ခန္ဓာငါးပါးကို စွန့်ပစ်၍ နိဗ္ဗာန်ချမ်းသာကို အလိုရှိကြကုန်သော သူတို့သည် ပြဆိုခဲ့ပြီးသော ခန္ဓာငါးပါး၏ အာဒီနဝဘေးဒုက္ခအပြစ်တွေကို မိမိရရ လှလှကြီး ထင်မြင်အောင် ရှုကြည့်ကုန်ရာ၏။

စက္ခုဝိညာဏံ ဒုက္ခတော ဇာနတော ပဿတော
သက္ကာယဒိဋ္ဌိ ပဟီယတိ။ ။သံယုတ်ပါဠိတော်[၁]။

စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်ကို။ ဒုက္ခတော၊ ဆင်းရဲသော ဒုက္ခတရားဟူ၍။ ဇာနတော၊ သိသောသူအား။ ပဿတော၊ မြင်သောသူအား။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကို။ ပဟီယတိ၊ ပယ်အပ်၏။

ကြွင်းသော ဝိညာဏ် ငါးပါးတို့ကိုလည်း ထိုနည်းအတူ ဟောတော်မူ၏။ ။ဝိညာဏ်ခြောက်ပါးကို ဆင်းရဲသော ဒုက္ခတရားတွေဟု သိမြင်ကြကုန်သော သူတို့သည် သက္ကာယဒိဋ္ဌိကို ပယ်ဖျောက်နိုင်ကြသဖြင့် မဂ်ဉာဏ်ကိုရ၍ နိဗ္ဗာန်သို့ ရောက်ကြကုန်လတ္တံ့။

ဝိညာဏက္ခန္ဓာ၏ အာဒီနဝကို ပြဆိုခန်း ပြီး၏။

ဒုက္ခလက္ခဏာကို ပြဆိုသော စတုတ္ထအပိုင်းသည် ဤတွင်ပြီးပြီ။

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ နှာ-၃၅၉။

# ၅-အနတ္တလက္ခဏာကိုပြဆိုသော ပဥ္စမပိုင်း

---

## ၂၅-ကိုယ်နှစ်မျိုး ငါနှစ်မျိုး ခွဲ၍ပြဆိုခန်း

**ကိုယ် ၂-မျိုး။** ။လူတို့ခေါ်ဝေါ်သော ဝေါဟာရကိုယ်တမျိုး၊ သတ္တဝါတို့စွဲလမ်းကြသော ကိုယ်တမျိုး ဟူ၍ ကိုယ်နှစ်မျိုးရှိ၏။

**ခန္ဓာကိုယ်။** ။ထိုတွင် လူတို့ ခေါ်ဝေါ်ကြသော ဝေါဟာရ ကိုယ်ကား—ကာယသဒ္ဒါစသည်တို့ ဟောအပ်သော ရူပကာယဟူသော ကိုယ်ပေတည်း။ မာဂဓဘာသာအားဖြင့် ကာယ၊ သရီရ၊ ဒေဟ စသည်ဖြင့် ခေါ်ဝေါ်ကြကုန်၏။ မြန်မာဘာသာအားဖြင့် ကိုယ်, ကိုယ်ဟူ၍ ခေါ်ဝေါ်ကြကုန်၏။

**အတ္တအစွဲကိုယ်။** ။သတ္တဝါတို့ စွဲလမ်းကြသောကိုယ်ကား— အတ္တသဒ္ဒါ ဟောအပ်သော မိမိဟူသော ကိုယ်ပေတည်း။ မာဂဓဘာသာအားဖြင့် **အတ္တဒဿန၊ အတ္တသဝန** စသည်ဖြင့် စွဲလမ်းကြကုန်၏။ မြန်မာဘာသာအားဖြင့် **ကိုယ်မြင်သည်၊ ကိုယ်ကြားသည်** စသည်ဖြင့် စွဲလမ်းကြကုန်၏။ ငါမြင်သည်၊ ငါကြားသည် စသည်ဖြင့် စွဲလမ်းကြကုန်၏။ ကိုယ်နှင့်ငါကား အသံမျှ သဒ္ဒါမျှသာ ကွဲပြား၏၊ အနက်မှာ အတူတူပေတည်း။ သူတပါးကို ပြောဆိုလျှင် 'ငါမြင်သည်၊ ငါကြားသည်' စသည်ဖြင့် ငါဟူသော စွဲလမ်းမှုနှင့် ပြောဆိုကြကုန်၏။

ငါ၂-မျိုး။ ။ဤငါသည်လည်း ဒိဋ္ဌိနှင့်စွဲလမ်းသော ဒိဋ္ဌိငါ၊ မာနနှင့် စွဲလမ်းသော မာနငါ ဟူ၍ နှစ်မျိုး ရှိပြန်၏။

ထိုတွင် မိမိကိုယ်ကို ခဏ်စု ခဏ်ခဲ အနေနှင့် မမှတ်ဘဲ သွားတတ်၊ လာတတ်၊ သိတတ်၊ မှတ်တတ်သော သတ္တဝါဟူသော အနေနှင့် မှတ်ထင်၍ စွဲဆိုသော ငါကို ဒိဋ္ဌိငါဟု မှတ်။

သူတပါးအပေါ် မော်ကြွားလိုသော အနေနှင့် ခန္ဓာငါးပါးကို အားကိုးအားထားပြု၍ ငါ ငါဟု စွဲဆိုသော ငါကို မာနငါဟု မှတ်။ ဤကဲ့သို့ ဒိဋ္ဌိငါ၊ မာနငါ နှစ်မျိုးရှိသည်မှတ်။

လူတို့ခေါ်ဝေါ်ကြသော ဝေါဟာရကိုယ်၊ သတ္တဝါတို့ စွဲလမ်းကြသောကိုယ် နှစ်မျိုးရှိသည်ဟုမှတ်။ **ကိုယ်နှစ်မျိုးကို** ကွဲပြားစေခြင်းငှါ ရူပကာယကိုယ်ကို ကာယသဒ္ဒါ၏ **နာမသတ်အနက်** အတိုင်း ယသတ်၍ ရေးရမည်။ အတ္တသဒ္ဒါအနက် မိမိဟောကိုယ်ကို ဝသတ်၍ ရေးရမည်ဟု ဉာဏ်ကြီးသော ပညာရှင်တို့ စီရင်ဆုံးဖြတ်တော်မူကြကုန်၏။

ကိုယ်နှစ်မျိုး ငါနှစ်မျိုး ခွဲ၍ ပြဆိုခန်းပြီး၏။

၂၆-အလိုသို့မလိုက် အနတ္တလက္ခဏာကို ပြဆိုခန်း

**အလိုမပါ ငါးခန္ဓာ။** ။န အတ္တာ၊ အနတ္တာ။

အတ္တာ၊ ကိုယ်သည်။ န၊ မဟုတ်။ အနတ္တာ၊ ကိုယ်မဟုတ်၊ ကိုယ်မဟုတ်လျှင် သူတပါး။ သူ့ဘပါးမဟုတ်လျှင် ကိုယ် ပြန်ဘက်။

ပဉ္စက္ခန္ဓာ အနတ္တာ။

ပဉ္စက္ခန္ဓာ၊ ငါးပါးသော ခန္ဓာတို့သည်။ အနတ္တာ၊ ကိုယ် မဟုတ်ကုန်။

ခန္ဓာငါးပါးတို့ကား ကိုယ်မဟုတ်ကုန်၊ သူတပါးဖြစ်ကုန်၏။ သူတပါး ဆိုသော်လည်း တပါးသောသူ မဟုတ်၊ အရှင်မရှိ ဆိုလိုသည်။ သူတပါး မဖြစ်၍ ကိုယ်ဟုတ်ခဲ့ပါလျှင် ကိုယ့်အလို သို့ လိုက်ရာ၏။ သူတပါးဖြစ်၍ ကိုယ်မဟုတ်သောကြောင့် ကိုယ့်အလိုသို့ မလိုက်၊ ကိုယ့်အလိုသို့ မလိုက်သောကြောင့် ကိုယ်မဟုတ်။

ထို့ကြောင့်–**အဝသဝတ္တနတ္တေန အနတ္တာ**[၁] ဟု မိန့်ဆိုတော် မူ၏။

ကိုယ့်အလိုသို့ မလိုက်သောကြောင့် အားကိုးအားထားစရာ အနှစ်သာရဟူ၍ တစုံတရာမျှ မရှိ၊ အားကိုး အားထားစရာ တစုံတရာမျှ မရှိသောကြောင့် ကိုယ်မဟုတ်။

ထို့ကြောင့် **အသာရကဋ္ဌေန အနတ္တာ**[၂] ဟု ဟောတော်မူ၏။

---

၁။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ဒုတိယတွဲ၊ နှာ-၂၄၂။

၂။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ နှာ-၃၆။

ပဥ္စက္ခန္ဓာ၊ ငါးပါးသော ခန္ဓာတို့သည်။ အဝသဝတ္တနတ္ထေန၊ အလိုသို့ မလိုက်သော အနက်ကြောင့်။ အနတ္တာ၊ ကိုယ်မဟုတ်ကုန်။ အဋ္ဌကထာအနက်။

ပဥ္စက္ခန္ဓာ၊ ငါးပါးသော ခန္ဓာတို့သည်။ အသာရကဋ္ဌေန၊ အားကိုး အားထားစရာ အနှစ်သာရဟူ၍ တစုံတခုမျှ မရှိသော အနက်ကြောင့်။ အနတ္တာ၊ ကိုယ်မဟုတ်ကုန်။ ပါဠိတော်အနက်။

**အနှစ် ၂-မျိုး။** ။အနှစ်ကား ခိုင်မာသောအနေနှင့် ခေါ်ကြသော **အနှစ်**လည်း တမျိုး၊ အားကိုး အားထားပြု၍ အသုံးပြုစရာကောင်းသော အနေနှင့် ခေါ်ကြသော အနှစ်လည်း တမျိုးဟူ၍ နှစ်မျိုးရှိ၏။

ထိုတွင် ခိုင်မာသော အနေနှင့် ခေါ်ကြသော အနှစ်ကား ပျဉ်းနှစ်၊ ရွားနှစ်၊ ပိတောက်နှစ်၊ မန်းကျည်းနှစ် အစရှိသည် တည်း။

အားကိုး အားထားပြု၍ အသုံးပြုစရာကောင်းသော အနေနှင့် ခေါ်ကြသော အနှစ်ကား **အနှစ်သာရရှိသောကျမ်း**၊ အနှစ်သာရရှိသောစကား အစရှိသည်တည်း။

**အနှစ်မပါ ငါးခန္ဓာ။** ။သတ္တဝါတို့သန္တာန်၌ မီးတောက်မီးလျှံကဲ့သို့ ဖြစ်၍ပျက်၍နေသော ခန္ဓာငါးပါး၌ ခိုင်မာသောအနေနှင့် ခေါ်ကြသော အနှစ်သာရလည်း တစုံတခုမျှမရှိ။ ထို့ကြောင့် ခဏမစဲ တသဲသဲ ဖြစ်၍ပျက်၍ နေကုန်၏။

အားကိုး အားထားပြု၍ အသုံးပြုစရာကောင်းသော အနေနှင့် ခေါ်ကြသော အနှစ်သာရလည်း တစုံတခုမျှမရှိ။ ထို့ကြောင့် သတ္တဝါတို့ အလိုရှိတိုင်း မဖြစ်၊ မပြည့်စုံ၊ မပြီးစီးနိုင်လေကုန်၏။

အရိယာ သူတော်ကောင်းတို့သည် ခန္ဓာငါးပါး၏ သဘာဝ ဓမ္မကို လှလှကြီး သိမြင်ကြကုန်သည်ဖြစ်၍ အားကိုး အားထား စရာမမြင်၊ အဆိုးဟု မှတ်ထင်၍ အသုံးမပြုချင်ကြကုန်၊ မစင် ဘင်ပုပ်ကဲ့သို့ စက်ဆုပ်ရွံရှာ၍ မြန်စွာ စွန့်ပစ်ချင်ကြကုန်၏။

ပုထုဇဉ်သတ္တဝါတို့သည် ခန္ဓာငါးပါး၏ သဘာဝဓမ္မကို လှလှ ကြီး မသိကြကုန်သည်ဖြစ်၍ အားကိုး အားထားစရာ သာယာ ဘွယ်ကြီးတွေ အနေနှင့် အကောင်းဟု မှတ်ထင်၍ အသုံးပြုချင် ကြကုန်၏။ အဘိုးတန် ကျောက် ပတ္တမြားကဲ့သို့ အလကား မပစ် မစွန့်လိုက်နိုင်ကြကုန်။

ထို့ကြောင့် ခန္ဓာငါးပါး၏ အမှုတွေကို ကိုယ့်အမှုဟု မှတ်ထင် ၍ ဘုံသုံးရပ်နယ်တခွင်မှာ ပုထုဇဉ်သတ္တဝါတို့သည် ခန္ဓာငါးပါး ကို အမျိုးမျိုး အသုံးပြု၍ အမျိုးမျိုး အသုံးချကြကုန်၏။ ဓာတ်အမှုတွေကို ကိုယ်အမှုပြုလုပ်၍ ကိုယ်ပြုလုပ်သည်၊ ကိုယ် ခံစားသည်ဟူသော အနေနှင့် အမျိုးမျိုးပြုလုပ်၍ အမျိုးမျိုး ခံစား၍ နေကြသည်ကို အသုံးပြု၍ အသုံးချ၍ နေကြကုန်သည် ဟု ဆိုသည်။

**အမှားကိုအမှန်ဟု အသုံးချပုံ။** ။ပုထုဇဉ်သတ္တဝါတို့သည် မြို့ထဲ ရွာထဲ အိမ်ထဲမှာ မြင်မှုနှင့် အမျိုးမျိုး အသုံးချကြကုန်၏။ ကြားမှုနှင့် အမျိုးမျိုး အသုံးချ ကြကုန်၏။ နံမှုနှင့် အမျိုးမျိုး အသုံးချကြကုန်၏။ စားမှု လျက်မှုနှင့်အမျိုးမျိုး အသုံးချကြကုန်၏။ သွားမှု လာမှု ခံစားမှု တွေ့ထိမှုတို့နှင့် အမျိုးမျိုး အသုံးချကြကုန်၏။ သိမှု မှတ်မှု ကြံမှု အောက်မေ့မှု လိုချင်မှု စသည်တို့နှင့် အမျိုးမျိုး အသုံးချကြကုန် ၏။ ဤကဲ့သို့ အသုံးချ၍ နေကြသော အမှုသည် အမှန်ကိုမမြင်၊ အကောင်းဟု မှတ်ထင်၍ အသုံးချကြသော အမှုပေတည်း။

**စက်ဆုပ်စရာ မစင်ပမာ ငါးခန္ဓာ။** ။ဥပမာကား—မစင်ဘင် ပုပ်မှန်း သိသောသူသည် ထိုမစင်ဘင်ပုပ်ကို ငွေ တရာ တထောင် ပေးသော်လည်း မစား နိုင်ရာ၊ မစင်ဘင်ပုပ်မှန်း မသိသော သူငယ်ကလေးသည် ထို မစင်ဘင်ပုပ်ကို အကောင်းဟု မှတ်ထင်၍ စားလေ၏။ ထိုသူငယ် ကလေးသည် မစင်ဘင်ပုပ်တွေကို စက်ဆုပ်ရွံရှာစရာ ချေးတုံး တွေပါတကားဟု မသိသည့်အတွက်ကြောင့် မစင်ဘင်ပုပ်ကို စား သကဲ့သို့ ထိုနည်းအတူ ပုထုဇဉ်သတ္တဝါတို့သည် မစင်ဘင်ပုပ်ကဲ့သို့ စက်ဆုပ်ရွံရှာစရာတွေပါ တကားဟု မသိကြသည့် အတွက် ကြောင့် ခန္ဓာငါးပါး၏ အမှုအရာကို ကိုယ်အမှုပြုလုပ်၍ အမျိုး မျိုး အသုံးပြု၍ အမျိုးမျိုးအသုံးချ၍ နေကြကုန်၏။

ခန္ဓာငါးပါး၏ အမှုကို အသုံးပြုစရာ မကောင်းဟု ထင်မြင် ခဲ့လျှင် ခန္ဓာငါးပါးကို အသုံးမချချင်၊ အသုံးမချချင်လျှင် လျှင်မြန်စွာ စွန့်ပစ်ချင်၏။ မြန်မြန်စွန့်ပစ်လိုသော သူတို့သည် ဝိပဿနာအလုပ်ကို မလုပ်ဘဲ မနေကုန်ရာ၊ တွင်တွင်အားထုတ် နိုင်လေကုန်ရာ၏။

ခန္ဓာငါးပါး၏ အမှုကို အသုံးပြုစရာ ကောင်းသည်ဟု မှတ် ထင်၍ အသုံးချလိုသောသူတို့သည် ဝိပဿနာအလုပ်ကို မလုပ် ချင်၊ အားထုတ်လေလျှင် အပျင်းဝင်၍ လာကုန်၏။ ထို့ကြောင့် ဝိပဿနာအလုပ်ကို တွင်တွင် အားမထုတ်နိုင်ကြသော အမှု သည် နာမ်ရုပ်၏ သဘာဝမှုကို မိမိရရ လှလှကြီးမသိ၍ ကိုယ် မဟုတ်သော အမှုကို အနုစိတ်၍ မမြင်သောကြောင့်ပေတည်း။

**ဝိပဿနာကို အချိန်မရွေး အားထုတ်နိုင်ခြင်း** ထိုစကားသည် မှန်၏၊ ဝိပဿနာ တရားကို အားထုတ်ရသောအမှု သည် ကိုယ်အမှုအရာ နှုတ်အမှု

အရာတို့နှင့် ပင်ပန်းကြီးစွာ အားထုတ်ရသော အမှုအမျိုးမျိုး မဟုတ်၊ ကိုယ့်သန္တာန် သူတပါးသန္တာန်၌ ဖြစ်ပျက်၍နေသော နာမ်ရုပ်၏ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာကို ထင်မြင်အောင် ရှုကြည့်ရသော ဉာဏ် ဝီရိယတို့ အလုပ် ဖြစ်ပေသတည်း။ ထို့ကြောင့် သွားရင်း လာရင်း စားရင်း သောက်ရင်းနှင့်ပင် ဖြစ်နိုင်လေ၏။

အမှုသွားကို နားမလည်ခဲ့လျှင် ဝိပဿနာတရားကို အားထုတ်သော အမှုကို ငါတို့နှင့် မထိုက်တန်၊ အကြီးအကျယ် အခမ်းအနားကြီးဟု မှတ်ထင်၍ နေတတ်သည်။

အလိုသို့မလိုက် အနတ္တလက္ခဏာကို

ပြဆိုခန်း ပြီး၏။

## ၂၇-အနှစ်သာရမရှိ အနတ္တလက္ခဏာကို ပြဆိုခန်း

**ဓာတ်သဘောများက အလိုသို့ မလိုက်ပုံ** ရူပက္ခန္ဓာ ဟူသော ခန္ဓာကိုယ်ကြီး၌ မာခြင်း သဘောရှိသော ပထဝီဓာတ်သည် မာရန် အကြောင်း အခွင့်ကို ရသည်ရှိသော် မာ၏။ မမာနှင့်ဟု တားချ်မရ၊ မာစေချင်သော်လည်း မမာ၊ မမာစေချင်သော်လည်း မာ၏။

ဖွဲ့စေးခြင်း သဘောရှိသော အာပေါဓာတ်သည် အရည်ဖြစ်ရန် အကြောင်းအခွင့်ကို ရသည်ရှိသော် အရည်ဖြစ်၏။

တေဇောဓာတ်သည် ပူရန် အေးရန် အကြောင်း အခွင့်ကို ရသည်ရှိသော် ပူ၏၊ အေး၏။

ဝါယောဓာတ်သည် လေဖြစ်ရန် အကြောင်း အခွင့်ကို ရသည်ရှိသော် လေတော့ဖြစ်၍လာ၏။

ထိုဓာတ်ကြီး ၄-ပါးတို့သည် မဖြစ်စေချင်သော်လည်း ဖြစ်ကြကုန်၏။ ဖြစ်စေချင်သော်လည်း မဖြစ်ကြကုန်။ ပျက်စီးရန် အကြောင်းအခွင့်ကို ရကြကုန်သည်ရှိသော် ခဏခြင်း ပျက်စီးကြကုန်၏။ မပျက်စီးနှင့်ဟု တားချ်မရ။ သူတို့ ဖြစ်ချင်တိုင်း ဖြစ်၍ နေကြကုန်၏။ ဖြစ်ပေါ်ရန် အကြောင်းအခွင့် ဆိုက်လာသည့်အခါ ညှာတာငဲ့ကွက်ခြင်းမရှိ၊ ဖြစ်ခွင့်ရတိုင်း ဖြစ်ကြကုန်၏။ ကျိုးပေါက် စောင်းရွဲ့ ကွဲပဲ့ရန် အကြောင်း အခွင့်ကို ရကြကုန်သည့်ရှိသော် ခဏချင်း ကျိုးပေါက် စောင်းရွဲ့ ကွဲပဲ့ကြကုန်၏။ ဤသို့ဖြစ်၍ ကိုယ့်အလိုသို့ တရံတခါ ခဏခေတ္တမျှ မလိုက်ကြကုန်။

နာမက္ခန္ဓာတို့သည်လည်း ထိုအတူ မမြင်ချင်သော်လည်း မြင်ရ၏၊ မြင်ချင်သော်လည်း မမြင်ရ။ မကြားချင်သော်လည်း ကြားရ၏၊ ကြားချင်သော်လည်း မကြားရ။ မနံချင်သော်လည်း နံရ၏၊ နံချင်သော်လည်း မနံရ။ မပူချင်သော်လည်း ပူရ၏၊ ပူချင်သော်လည်း မပူရ။ မအေးချင်သော်လည်း အေးရ၏၊ အေးချင်သော်လည်း မအေးရ။ မနာချင်သော်လည်း နာရ၏၊ မယားချင်သော်လည်း ယားရ၏။ ဖြစ်ပေါ်ရန် အကြောင်း အခွင့်ကို ရကြကုန်သည်ရှိသော် မဖြစ်မပေါ်အောင် တား၍ မရကြကုန်။ အခွင့်ရတိုင်း ဖြစ်ကြရကုန်၏။

သေဆုံး ချုပ်ပျက်ရန် အကြောင်းအခွင့် ဆိုက်တိုက်လာသည့်အခါ ကယ်ဖော် ဆယ်ဖော် မရသည့်ပြင် ဝိုင်းညာဖိစီး၍ ပေးလိုက်ကြကုန်၏။ မသေမပျောက် ဘေးဒုက္ခ မရောက်ချင်သော်လည်း မနေသာ၊ မညာ မကြည့် အကြောင်းရှိတိုင်း ဖြစ်လေကုန်၏။ ကိုယ့်အလိုသို့ တစုံတခုမျှ မလိုက်ကြကုန်။ ငါနှင့် မဆိုင် ကိုယ်ပိုင်လည်း မဟုတ်၊ လေကွဲသို့ အရှင်မရှိ အကြောင်းအားလျော်စွာဖြစ်၍ နေကြကုန်သော ဓာတ်စု၊ ဓာတ်ခဲ၊ ဓာတ်မဲ၊ ဓာတ်ပုပ်၊ ဓာတ်ယုတ်၊ ဓာတ်ညစ်တွေသာ ဖြစ်ကုန်၏။ ဤကား အလိုသို့ မလိုက်ပုံတည်း။

ခန္ဓာငါးပါး ရုပ် နာမ်နှစ်ပါးတို့၌ မြဲမြံ ခိုင်ခံ့သော အထည်ဝတ္ထုဟူ၍ အကျုံမျှ မရှိ၊ မျက်စိတမှိတ် ရပ်တန့်၍နေနိုင်သော တရားမျိုးလည်း မဟုတ်၊ ခဏမစဲ တသဲသဲဖြစ်၍ပျက်၍ နေကြသော တရားတွေသာ ဖြစ်ကုန်၏။

ထို့ကြောင့် ခိုင်မာသော အနေနှင့်ခေါ်ကြသော အနှစ်သာရလည်း အကျုံမျှမရှိ၊ ဆုတ်ယုတ်ရွေ့ရှား ပျက်ပြားချုပ်ဆုံးရန်အကြောင်းနှင့် တွေ့ကြုံသည့်အခါ ကွယ်ကာ ဆီးတား

ရန်မရ၊ သနားညှာတာခြင်း မရှိ၊ သဘောရှိတိုင်းဖြစ်၍ နေကြကုန်သောကြောင့်ရင်း အားကိုး အားထားစရာဟူ၍ တစုံတခုမျှမရှိ၊ ကိုယ့်အလိုသို့ မလိုက်၊ ကိုယ့်အကြိုက်သို့ မပါ၊ အပြစ်တွေဗလဘွာနှင့် ပျက်ပြားရာအကြောင်း မကောင်းသော အမှုတွေသာ ဖြစ်လေသောကြောင့်ရင်း အသုံးပြုစရာဟူ၍ တစုံတခုမျှမရှိ။

ထို့ကြောင့် အားကိုး အားထားပြု၍ အသုံးပြုစရာကောင်းသောအနေနှင့် ခေါ်ကြသော အနှစ်သာရလည်း တစုံတခုမျှမရှိ၊ ရှိရှာ စက်ဆုပ် မစင်ပုပ် ချေးတုံးတော့ကို ဝေးဝေးကြီး စွန့်ပစ်ကြသကဲ့သို့ ခန္ဓာငါးပါး ဘေးဒုက္ခတရားတွေကို ဝေးဝေးကြီး စွန့်ပစ်အပ်ကုန်၏။

မြွေဆိုးတွင်းဥပမာနှင့် ကိုယ်ခန္ဓာ။ ။ယောဂီ ပုဂ္ဂိုလ်၏ ဉာဏ်ဖြင့် ထင်မြင်ရန် ဥပမာကို ပြဆိုဦးအံ့—

မြွေဗွေး မြွေဟောက်တို့သည် နွားကျဲများကဲ့သို့ ခိုင်းစေဘို့ရာလည်း မကောင်း၊ ခွေးများကဲ့သို့ ဘေးဆီးရန်ကာ မွေးဘို့ရာလည်း မကောင်း၊ ကြက် ဝက်များကဲ့သို့ ဟင်းစားဘို့ရာလည်း မကောင်း၊ ကျေးငှက်တို့ကဲ့သို့ အလှမွေးထားဘို့ရာလည်း မကောင်း၊ သခင်မှန်း မသိ၊ ကျေးဇူးရှင်မှန်း မသိ၊ လူစိမ်းလူကျက်မရွေး အဘယ်သူမဆို သူတို့ကိုထိလျှင် စိတ်ရှိသလောက် ကိုက်၏။ အဘယ်အခါမဆို ကိုင်တိုင်း ကိုင်တိုင်း ကိုက်၏။ ကိုက်တိုင်း ကိုက်တိုင်း သေ၏။ ဆေးကုလျှင် ဆေးအစွမ်းကြောင့် အနည်းငယ်မျှ ရှင်၏။ ထို့ကြောင့် ရှာ၍လည်း အသုံးမကျ၊ တော၍လည်း အသုံးမကျ၊ သတ်ဖြတ် ရိုက်ပုတ်၍ မြှုပ်ဘို့ရာသာ ကောင်း၏။ ဤကား ဥပမာ။

ဤဥပမာ၌ လောဘ ဒေါသစသော ကိလေသာတရားတို့သည် မြွေဗွေး မြွေဟောက်တွေနှင့် တူကုန်၏။

ခန္ဓာကိုယ်ကြီးသည် ထိုမြွေတို့၏ အိပ်ရာ နေရာ တောင်ပို့ကြီးနှင့် တူ၏။

လောဘ ဒေါသ တည်းဟူသော မြွေဗွေး မြွေဟောက်တို့သည် ချမ်းသာသုခ အေးမြကြည်လင် စည်ပင်ပွါးများအောင် မပြုနိုင်ကြကုန်။ အဇ္ဈတ္တဘေးရန် ဗဟိဒ္ဓဘေးရန်တို့ကိုလည်း ဆီးတား နှောင့်ယှက် ကန့်ကွက်ပျက်စီးအောင် တားမြစ်ခြင်ငှါ မစွမ်းနိုင်ကြကုန်။ တနေ့တခြား ဆုတ်ယုတ်ပျက်ပြား၍ ဘေးဒုက္ခ ပွါးများအောင်ကိုသာ ပြုနိုင်ကြကုန်၏။ အဘယ်သူမဆို အသုံးပြုလျှင် အသုံးပြုသောသူကိုပင် ကိုက်ကြကုန်၏။ အပြစ်တွေ များစွာ ပေးကြကုန်၏ဟု ဆိုလိုသည်။

ထို့ကြောင့် လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံတို့၌လည်း အသုံးချဘို့ မကောင်း၊ အပါယ်လေးဘုံတို့၌လည်း အသုံးချဘို့ မကောင်း၊ ယောကျ်ားအဖြစ်နှင့်လည်း အသုံးပြုစရာမကောင်း၊ မိန်းမအဖြစ်နှင့်လည်း အသုံးပြုစရာမကောင်း၊ သတ်ဖြတ်ရိုက်ပုတ်၍ မြေကြီးတွင်းသို့သာ မြှုပ်ဘို့ရာ ကောင်းလှလေကုန်၏။

အလမ္ပာယ်လက်တွင်း၌ ရှိကြသော မြွေဗွေး မြွေဟောက်တို့သည် သဘောကောင်း၍ မကိုက်ကြကုန်သည် မဟုတ်ကုန်။ ဆေးဝါး မန္တန်နှင့် နှိမ်၍ထားသောကြောင့် မကိုက်ဘဲနေကြကုန်၏။ ထိုနည်းအတူ သူတော်ကောင်းတို့သန္တာန်၌ လောဘ ဒေါသတည်းဟူသော မြွေဗွေး မြွေဟောက်တို့သည် တရားနှင့် နှိမ်၍ ထားသောကြောင့် မကိုက်ဘဲ နေကြကုန်၏။ ကိုက်ချင်ကြ၍ ပါးစပ်ကြီး တဟဟ တပြင်ပြင် နေကြကုန်၏။

လောဘဟူသော လိုချင်မှု အတွက်နှင့် ရှာမှီး၍ ရသော ကြောင့် စားရ သောက်ရ ချမ်းသာကြကုန်သည် မဟုတ်လော ဟူမှုကား စားရသောက်ရသည်ကိုသာ မြင်ကြကုန်၏။ လောဘ ဟူသော မြေမွေးကြီးကိုက်၍ အဆိပ်တွေ့ ဗလဘွာနှင့် အပါယ် ရွာသို့ သွားမှာကို မမြင်ကြကုန်။ မြွေကိုက်သည့်အခါ ရတ်တ ရက် မသေ၊ မြွေဆိပ်တွေ့ ထကြွ၍ နောက်မှ တဖြည်းဖြည်း သေရသကဲ့သို့ ထိုနည်းအတူ ထို လောဘ ဒေါသတည်းဟူသော မြွေမွေး မြွေဟောက်တွေ့ ကိုက်သည့်အခါ ရုတ်တရက် ဘေးဒုက္ခ မတွေ့သေး၊ မဆင်းရဲသေး၊ ဆင်းရဲသော်လည်း ဆင်းရဲသည်ဟု မထင်၊ ထို့ကြောင့် ကြောက်ရမှန်း လန့်ရမှန်း မသိကြကုန်။

တယောက်တယောက်သော သတ္တဝါ၊သန္တာန်မှာ သံသရာ ဘဝအဆက်ဆက်က ယနေ့တိုင် ကိုက်၍နေကြသော လောဘမြွေ ဆိပ် ဒေါသမြွေဆိပ် စသည်တို့သည် များစွာ ရှိကြကုန်၏။ ထိုမြွေဆိပ်တွေ့ ထကြွသည့်အခါ အပါယ်သို့ သွားကြရကုန်၏။ ဤ လောဘ ဒေါသနှင့်အတူ ကြွင်းသော ကိလေသာတရားတို့ ကိုလည်း ထိုနည်းအတူ သိမြင်အပ်ကုန်၏။

**အနတ္တဆင်ခြင်ပုံ။** ။ဤကဲ့သို့ အလိုသို့မလိုက် ကိုယ့်အကြိုက် သို့မပါ အားကိုးအားထားပြု၍ အသုံး ပြုစရာ မကောင်းသော အဓိပ္ပါယ်တို့ကို တွေ့မြင်ရသဖြင့် ငါ မဟုတ်၊ ကိုယ်မဟုတ်၊ နာမ် ရုပ်တို့၏ အမှုသာဖြစ်သည်ဟု ယုံ ကြည်လေးမြတ်စွာ ယူအပ်ကုန်၏။

အကယ်၍ ကိုယ်ဟုတ်ခဲ့ပါလျှင် ကိုယ့်အလို ကိုယ့်အကြိုက်သို့ လိုက်၍ နာကျင်ခြင်း မဖြစ်ရာ၊ ကိုယ့်စကားကို နားထောင်၍ ကိုယ်အလိုရှိတိုင်း ဖြစ်နိုင်ရာ၏၊ ဤသို့ကား မဖြစ်။

ပျက်စီးရန် အကြောင်းအခွင့်ကို ရကြကုန်သည်ရှိသော် ခဏချင်း ပျက်စီးလေကုန်၏။ 'မပျက်စီးနှင့်၊ မနာမကျင်နှင့်၊ ဆင်းရဲဒုက္ခ မဖြစ်နှင့်'ဟု တစုံတယောက်သောသူမျှ ဆုံးမပဲ့ပြင် စီရင်အုပ်ချုပ်၍ မရပြီ။ 'မသေမပျောက်နှင့်ဟဲ့၊ ဘေးမတွေ့နှင့်ဟဲ့၊ တွေ့သော်လည်း နာကျင် ပူစပ်ခြင်းစသော ဆင်းရဲမဖြစ်နှင့်ဟဲ့ ချမ်းသာသုခဖြစ်ဟဲ့'၊ ဤကဲ့သို့ အဘယ်သူမှ အာဏာပေး၍ မရပြီ။ ကိုယ်မဟုတ်သောကြောင့် ကိုယ်အစိုးမရ၊ ဖြစ်ခွင့်ရှိတိုင်း ဖြစ်၍နေကြကုန်၏။ အဘယ်သူမှ အစိုးမရကြကုန်။ အကြောင်းကြောင့် အကျိုးဖြစ်၍ နေကြသော ပေါက်လွှတ်တရားတွေသာ ဖြစ်ကုန်၏။

ထို့ကြောင့် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌[၁]—

ရူပံ ဘိက္ခဝေ အနတ္တာ။

ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ န ယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ။

လဗ္ဘေထ စ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ"တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ။

န စ လဗ္ဘတိ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ"တိ။

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ရုပ်သည်။ အနတ္တာ၊ ငါဟုဆိုအပ်သော ကိုယ်မဟုတ်။

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ အနတ္တလက္ခဏသုတ်၊ နှာ-၅၅။

ဘိက္ခဝေ၊ ရဟန်းတို့။ ဟိသစ္စံ၊ ထိုကိုယ်မဟုတ်ဟုဆိုသော စကားသည် မှန်၏။ ဣဒဥ္စ ရူပံ၊ ဤရုပ်သည်။ အတ္တာ၊ ကိုယ်သည်။ အဘဝိဿ၊ အကယ်၍ဖြစ်ငြားအံ့၊ ဟုတ်ငြားအံ့။ ဣဒံ ရူပံ၊ ဤရုပ်သည်။ အာဗာဓာယ၊ နာကျင်ခြင်းငှါ။ ဝါ၊ နာကျင်စွာ။ န သံဝတ္တေယျ၊ မဖြစ်ရာ။

ရူပေ၊ ရုပ်၌။ မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံ၊ ဤသို့ ငါအလိုရှိသလို။ ဟောတု၊ ဖြစ်စေသား။ မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံ၊ ဤသို့ ငါအလိုမရှိသလို။ မာ အဟောသိ၊ မဖြစ်စေသား။ ဣတိ၊ ဤသို့။ လဗ္ဘေထ စ၊ ရလည်း ရရာ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မာ စ ခေါ၊ အကြင့်ကြောင့်လျှင်။ ရူပံ၊ ရုပ်သည်။ အနတ္တာ၊ ငါဟုဆိုအပ်သော ကိုယ်မဟုတ်။ တသ္မာ၊ ထိုသို့ ကိုယ်မဟုတ်ခြင်းကြောင့်။ ရူပံ၊ ရုပ်သည်။ အာဗာဓာယ၊ နာကျင်စွာ။ ဝါ၊ နာကျင်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။

ရူပေ၊ ရုပ်၌။ မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံ၊ ဤသို့ ငါအလိုရှိသလို။ ဟောတု၊ ဖြစ်စေသား။ မေ၊ ငါ၏။ ရူပံ၊ ရုပ်သည်။ ဧဝံ၊ ဤသို့ ငါအလိုမရှိသလို။ မာ အဟောသိ၊ မဖြစ်စေသား။ ဣတိ၊ ဤသို့။ န စ လဗ္ဘတိ၊ မရပြီ။

ဝိညာဏံ ဘိက္ခဝေ အနတ္တာ။

ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယျ။

လဗ္ဘေထ စ ဝိညာဏေ "ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ"တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ ဝိညာဏံ အနတ္တာ၊ တသ္မာ ဝိညာဏံ အာဗာဓာယ သံဝတ္တတိ။

န စ လဗ္ဘတိ ဝိညာဏေ "ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ"တိ။

ဟူ၍ ခန္ဓဝဂ္ဂသံယုတ်၌ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝိညာဏံ၊ ဝိညာဏ်သည်။ အနတ္တာ၊ ငါဟု ဆိုအပ်သော ကိုယ်မဟုတ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဟိ=သစ္စံ၊ ထိုကိုယ်မဟုတ်ဟုဆိုသော စကားသည် မှန်၏။ ဣဒ္ဓ ဝိညာဏံ၊ ဤဝိညာဏ်သည်။ အတ္တာ၊ ကိုယ်သည်။ အဘဝိဿ၊ အကယ်၍ ဖြစ်ငြားအံ့၊ ဟုတ်ငြားအံ့။ ဣဒံ ဝိညာဏံ၊ ဤဝိညာဏ်သည်။ အာဗာဓာယ၊ နာကျင်ခြင်းငှါ။ ဝါ၊ နာကျင်စွာ။ န သံဝတ္တေယျ၊ မဖြစ်ရာ။

ဝိညာဏေ၊ ဝိညာဏ်၌။ မေ၊ ငါ၏။ ဝိညာဏံ၊ ဝိညာဏ်သည်။ ဧဝံ၊ ဤသို့ ငါအလိုရှိသလို။ ဟောတု၊ ဖြစ်စေသား။ မေ၊ ငါ၏။ ဝိညာဏံ၊ ဝိညာဏ်သည်။ ဧဝံ၊ ဤသို့ ငါအလိုမရှိသလို။ မာ အဟောသိ၊ မဖြစ်စေသား။ ဣတိ၊ ဤသို့။ လဗ္ဘေထ စ၊ ရလည်း ရရာ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မာ စ ခေါ၊ အကြင့်ကြောင့်လျှင်။ ဝိညာဏံ၊ ဝိညာဏ်သည်။ အနတ္တာ၊ ငါဟုဆိုအပ်သော ကိုယ်မဟုတ်။ တသ္မာ၊ ထိုသို့ ကိုယ်မဟုတ်ခြင်းကြောင့်။ ဝိညာဏံ၊ ဝိညာဏ်သည်။ အာဗာဓာယ၊ နာကျင်စွာ။ ဝါ၊ နာကျင်ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။

ဝိညာဏေ၊ ဝိညာဏ်၌။ မေ၊ ငါ၏။ ဝိညာဏံ၊ ဝိညာဏ်သည်။ ဧဝံ၊ ဤသို့ ငါအလိုရှိသလို။ ဟောတု၊ ဖြစ်စေသား။ မေ၊ ငါ၏။ ဝိညာဏံ၊ ဝိညာဏ်သည်။ ဧဝံ၊ ဤသို့ ငါအလိုမရှိ

သလို။ မာ အဟောသိ၊ မဖြစ်စေသား။ ဣတိ၊ ဤသို့။ န စ လဗ္ဘတိ၊ မရပြီ။

အလုံးစုံသော သတ္တဝါတို့သန္တာန်မှာ နာမ် ရုပ်မှတပါး ခံစားတတ်သောသူ ပြုတတ်သောသူ ဟူ၍ တစုံတယောက်မျှ မရှိ။ မြဲမြံခိုင်မာသော အနှစ်သာရလည်း တစုံတခုမျှမရှိ။ အားကိုးအားထားပြု၍ အသုံးပြုစရာကောင်းသော အနှစ်သာရလည်း တစုံတခုမျှမရှိ။ အကြောင်းအားလျော်စွာ ဖြစ်ပျက်၍နေကြကုန်သော သံထဲရေသွန် ပြီးပျောက်တရားတွေသာ ဖြစ်ကုန်၏။

ဤသို့ ပြဆိုခဲ့ပြီးသော အနတ္တသဘောကို အလွန်မြင်နိုင်ခဲ၏။ မှန်၏။ တုစ္ဆ=အချည်းနှီး အလကားဟူသော သဘောတလုံးကို မိမိရရ လှလှကြီး သိမြင်နိုင်ပါလျှင် တုစ္ဆဟူသော အနေနှင့် ဝိပဿနာတရား အလုပ်ကို တွင်တွင်အားထုတ်ရာ၏။ ဝိပဿနာအလုပ်ကို တွင်တွင်အားမထုတ်နိုင်သေးလျှင် တုစ္ဆသဘောကို အမြင်နည်းသေးလို့ဟုမှတ်။ ဘိတ်ဘိတ်သား အားမထုတ်နိုင်သေးလျှင် ဘိတ်ဘိတ်သား မမြင်ကြကုန်သေးလို့ဟုမှတ်လေ။

အနှစ်သာရမရှိ အနတ္တလက္ခဏာကို ပြဆိုခန်း
ပြီး၏။

အနတ္တလက္ခဏာကို ပြဆိုသော ပဥ္စမအပိုင်းသည်
ဤတွင် ပြီး၏။

# ၆-ဝိပဿနာရှုနည်းကိုပြဆိုသော ဆဋ္ဌပိုင်း

၂၈-ဝိပဿနာရှုနည်းကို တချက်တည်းမှတ်ရန် ပြဆိုခန်း

**သက္ကာယဒိဋ္ဌိခွါနည်း။** ။ဝိပဿနာတရားကို အားထုတ်သော အမှုသည် သက္ကာယဒိဋ္ဌိကို ပယ်ဖြတ်မှု ဖြစ်ပေသတည်း။

သက္ကာယဒိဋ္ဌိဆိုသည်ကား ခန္ဓာငါးပါး တရားအစု၌ ငါဘဲ ကိုယ်ဘဲဟု စွဲလမ်းမှုကို သက္ကာယဒိဋ္ဌိဆိုသည်။

ဤသက္ကာယဒိဋ္ဌိ စွဲလမ်းမှုသည် အမျိုးမျိုး ပြားသေး၏။ သို့ပင် ပြားသော်လည်း အမှန်ကို သိမြင်လျှင် သက္ကာယဒိဋ္ဌိ စွဲလမ်းချက်တို့သည် အကုန်လုံး ပျောက်နိုင် လေကုန်၏။ ထို့ကြောင့် ဤမျှလောက်ကိုသာ မှတ်၍ထား။

ရူပံ အတ္တတော သမနုပဿတိ [၁]—

စသည်ဖြင့် သက္ကာယဒိဋ္ဌိသည် အပြားအားဖြင့် နှစ်ဆယ်ရှိသည်ဟု ဟောတော်မူ၏။

ဤသက္ကာယဒိဋ္ဌိ စွဲလမ်းခြင်းရှိသော အချို့သောသတ္တဝါတို့မှာ ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိစသော ဒိဋ္ဌိတို့သည် အမျိုးမျိုး ဖြစ်ပွါးကြလေကုန်၏။

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ ခန္ဓဝဂ္ဂသံယုတ်၊ ပုဏ္ဏမသုတ် နှာ-၈၃။

ခန္ဓာငါးပါး တရားအစု၌ ငါဟဲ ကိုယ်ဟဲဟု စွဲလမ်းခြင်းကြောင့် ခန္ဓာငါးပါးတို့၏ အမှုတို့ကို 'ငါ့အမှု၊ ကိုယ့်အမှု'ဟု မှတ်ထင်၍ နေကြလေကုန်၏။ ထို့ကြောင့် ငါထိုင်သည်၊ ငါထသည်၊ ငါသွားသည်၊ ငါလာသည်၊ ငါလုပ်သည်၊ ငါပြုသည်၊ ကိုယ်ခံစားသည်၊ ကိုယ်သုံးဆောင်သည်၊ ကိုယ်သွားသည်၊ ကိုယ်လာသည်၊ ကိုယ်ပြုသည်၊ ကိုယ်ကိုင်သည်စသည်ဖြင့် စွဲလမ်းမှတ်ထင်၍ နေကြကုန်၏။ ငါမြင်သည်၊ ငါကြားသည်၊ ငါနံသည်၊ ငါပူသည်၊ ငါအေးသည်၊ ငါအောင့်သည်၊ ကိုယ်သိသည်၊ ကိုယ်မှတ်သည်၊ ကိုယ်ကြံသည်၊ ကိုယ်အောက်မေ့သည်၊ ကိုယ်လိုချင်သည်၊ ကိုယ်ကြိုက်သည်၊ ကိုယ်အမျက်ထွက်သည်၊ ကိုယ်စိတ်ဆိုးသည်စသည်ဖြင့် စွဲလမ်းမှတ်ထင်၍ နေကြကုန်၏။ ဤသို့ စသည်ဖြင့် စွဲလမ်းသော အချက်တို့သည် သက္ကာယဒိဋ္ဌိ စွဲလမ်းချက်တို့ပေတည်း။

သက္ကာယဒိဋ္ဌိ စွဲလမ်းချက်ကို ပယ်ဖျက်ရန် သိသာအောင် ဥပမာဆောင်၍ ပြဦးအံ့။

သက္ကာယဒိဋ္ဌိသည် တရားခံနှင့်တူ၏။ ပညာသည် တရားလိုနှင့်တူ၏။ တရားခံ တရားလို နှစ်ဦးတို့ သူ့ဟာက ဟုတ်သည်၊ ငါ့ဟာက ဟုတ်သည်ဟု ဆင်ခြေ လဲ၍ လဲ၍ ငြင်းကြသကဲ့သို့၊ ထိုနည်းအတူ သက္ကာယဒိဋ္ဌိက တဘက်၊ ပညာက တဘက်၊ ငါ့ဟာက အမှန်၊ နင့်ဟာက အလွဲ၊ ငါ့ဟာက အမှုမှန်၊ နင့်အမှုကား အမှား၊ ဤကဲ့သို့ ငြင်းရလေ၏။

ငြင်းပုံကား အဆင်း အမျိုးမျိုးကို မြင်သည့်အခါ သက္ကာယဒိဋ္ဌိအဆိုက ငါမြင်သည်၊ ငါကြားသည်၊ မြင်မှုသည် မြဲ၏စသည်ဖြင့် ဆို၏။

ပညာအဆိုက ငါမြင်သည် မဟုတ်၊ ငါကြားသည် မဟုတ်၊ မြင်မှုသည် အမြဲမရှိစသည်ဖြင့် ပြောဆို၍ ပယ်ဖျက်၏။ ကြားမှု၊ နံမှု၊ လျက်မှု၊ တွေ့ထိမှု၊ သိမှုအမျိုးမျိုးတို့၌ သက္ကာယဒိဋ္ဌိ စွဲလမ်းချက်တို့ကို ဤနည်းကဲ့သို့ အသီးအသီး ပယ်ဖျက်၍ ပယ်ဖျက်၍ ပစ်ရလေ၏။

ထိုသက္ကာယဒိဋ္ဌိနှင့် နင့်အမှုကား အမှား၊ ငါ့အမှုကား အမှန်၊ မဟုတ်ဘူး၊ ဟုတ်ကဲ့စသည်ဖြင့် တတွတ်တွတ်ငြင်း၍ သက္ကာယဒိဋ္ဌိစွဲလမ်းချက်ကို ဖျက်သောအလုပ်သည် ဝိပဿနာ အားထုတ်မှုပေတည်း။

သက္ကာယဒိဋ္ဌိ စွဲလမ်းချက်ကို တွင်တွင် ပယ်ဖျက်နိုင်လျှင် မြန်မြန်ပြုတ်၏။ နှေးနှေးဖျက်လျှင် ဖြည်းဖြည်းမှ ပြုတ်၏။ မဖျက်သေးလျှင် မပြုတ်သေး၊ မပြုတ်သေးလျှင် နိဗ္ဗာန်သို့ မရောက်နိုင်သေး။

သက္ကာယဒိဋ္ဌိ စွဲလမ်းချက်ကို ပညာတည်းဟူသော ဓားနှင့် ခုတ်ဖြတ်၍ မပစ်ခဲ့လျှင် အလိုလို ပြုတ်လိမ့်မည်ဟု မမှတ်လင့်၊ အလိုလိုပြုတ်ဘို့ရန်ဝေးစွ၊ တပေပေဖြုတ်လို့မှ မပြုတ်နိုင်ကြလေသတည်း။

**အနိစ္စ,ဒုက္ခ,အနတ္တ ထင်မြင်ရန်ခဲယဉ်းပုံ**

ဤကဲ့သို့ အမှုသွားကို နားမလည်သောသူတို့သည် နိဗ္ဗာန်ကို ဆုတောင်းရုံမျှနှင့် ပါရမီပြည့်၍ အလိုလိုရောက်လိမ့်မည်ဟု မှတ်ထင်၍ နေကြကုန်၏။ အလိုလိုရောက်ခဲ့လျှင် ဝိပဿနာတရားကို အားထုတ်ဘို့ မရှိ၊ ကုသိုလ်ကိုပြု၍ အိပ်၍နေဘို့သာ ရှိတော့၏။

ဝိပဿနာတရားကို အားမထုတ်ဘဲနှင့် အလိုလိုမရောက်ခြင်းကြောင့် ဝိပဿနာတရားကို အားထုတ်ကြရကုန်၏။ ဝိပဿနာ

တရားကို အားထုတ်မှုသည် နားမလည်လျှင် အလွန်ခဲယဉ်း၏။ သိနိုင်ခဲ၏၊ မြင်နိုင်ခဲ၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုကြည့်ရတာ ကဘဲ၊ ဘာခက်သလဲဟု မဆိုပါလင့်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုကြည့်ရုံဖြင့် လူတိုင်းပင် ရှုကြည့်တတ်၏။ ရှုကြည့်သည့်အခါ မြင်အောင်ရှုကြည့်ပုံ ခဲယဉ်းသည်။

ရူပံ ဘိက္ခဝေ အနိစ္စံ[၁]—

ဟူ၍ ဟောတော်မူသည်နှင့်အညီ ကိုယ့်**သန္တာန်**၊ သူတပါး သန္တာန် သက်ရှိ သက်မဲ့ ဖြစ်ပျက်၍ နေကြကုန်သော ရုပ်တုံး ရုပ်ခဲတို့ကို မျက်စိနှင့် မြင်ရသကဲ့သို့ ဖြစ်ပျက်မှုတွေကို တလှုပ် လှုပ် တရွရွ ထင်မြင်အောင် ခဲယဉ်းသ**ည်**။

**သုတမယဉာဏ်**။ ။သင်္ဂြိုဟ် အဘိဓမ္မာကို တတ်တယ်လို့၊ အောင်မယ် ခက်လွန်းလို့၊ ဟော မနေ့က ရုပ်တွေ မရှိဘူး၊ မနေ့က စိတ်တွေမရှိဘူး၊ မနက်က ရုပ်တွေ စိတ်တွေ မရှိဘူး၊ ယခုမှ အသစ်ဖြစ်သော ရုပ်တွေ စိတ်တွေသာ ရှိတော့ ၏ဟု ပြောဆိုကြသော်လည်း ဤကဲ့သို့ သိရုံမျှနှင့် ဝိပဿနာ ဉာဏ်မြင်မျိုး မဟုတ်သေး၊ သုတမယဉာဏ်မြင်မျှသာ ဖြစ်၏။

**ဝိပဿနာအမြင်အစစ်**။ ။မှောင်မိုက်လှတုန်းအခါ မီးခွက်ကို ကိုင်၍ သွားရာ၌ ရှေ့က အမိုက်မှောင်တွေ ကွယ်ပျောက်၍ နောက်က မီးရောင်တွေ လိုက်၍လာသည် ကိုရင်း၊ ရှေ့က မီးရောင်တွေ ကွယ်ပျောက်၍ နောက်က အမိုက် မှောင်တွေ ဖြစ်၍ လိုက်၍လာသည်ကိုရင်း မျက်စိနှင့်မြင်ရသကဲ့ သို့ ထိုနည်းအတူ ရှေ့က ရုပ်ဟောင်းတွေ ကွယ်ပျောက်၍ နောက်

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ ခန္ဓဝဂ္ဂသံယုတ်၊ အနိစ္စသုတ်၊ နှာ-၃၇။

က ရုပ်သစ်တွေ အသစ်အသစ်ဖြစ်၍လာပုံကို မြင်သောဉာဏ်မှ သာလျှင် ဝိပဿနာဉာဏ်မြင် ဖြစ်၏။

ဝိပဿနာတရားကို အားထုတ်ကြရာ၌ သွားရင်း လာရင်း သောက်ရင်း လုပ်ရင်း ကိုင်ရင်း ရှုကြည့်သောသူလည်း တမျိုး။ ဝိပဿနာအားထုတ်မှုကို အချိန်ထား၍ ရှုကြည့်သောသူလည်း တမျိုး၊ ပါရမီပြည့်ရုံ သဘောထား၍ ရှုကြည့်သော သူလည်း တမျိုး၊ မဂ်ဉာဏ်ကို ရအောင် သဘောထား၍ ရှုကြည့်သော သူလည်း တမျိုး။

ထိုတွင် မဂ်ဉာဏ်ကို ရအောင် သဘောထား၍ အားထုတ်ကြ ကုန်သော သူတို့သည် ဤသို့ သိအပ်၏။

ဓမ္မတာ ဧသာ ဘိက္ခဝေ ယံ သုခိနော စိတ္တံ သမာဓိယတိ[၁]။

ဘိက္ခဝေ၊ ရဟန်းတို့။ သုခိနော၊ ချမ်းသာသောသူအား။ စိတ္တံ၊ စိတ်သည်။ ယံ သမာဓိယတိ၊ အကြင် တည်ကြည်၏။ ဧသာ၊ ဤသို့ တည်ကြည်ခြင်းသည်။ ဓမ္မတာ၊ ဓမ္မတာသဘော ပေတည်း။

ဤသို့ ဟောတော်မူသောကြောင့် သမာဓိ ဖြစ်စေခြင်း အကျိုးငှါ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအောင် အားထုတ်ရာ၏။ သူတပါးအတွက် ကိုယ့်အတွက်နှင့် စိတ်ဝိတက် ဗလောင်ပွေ၍ စိတ်လေ စိတ်လွင့် စိတ်မြင့် စိတ်မှားတွေကို အပါယ်ဘေး စသည် တို့နှင့် ချောက်လှန့်၍ ဖျောက်ဖျက်ရာ၏။

---

၁။ အင်္ဂုတ္တိုရ်ပါဠိတော်၊ တတိယတွဲ၊ စေတနာကရဏီယသုတ်၊ နှာ-၂၅၉။

ဓမ္မတာ ဧသာ ဘိက္ခဝေ ယံ သမာဟိတော ယထာ-
ဘူတံ ဇာနာတိ ပဿတိ[၁]။

ဘိက္ခဝေ၊ ရဟန်းတို့။ သမာဟိတော၊ တည်ကြည်သော
သူသည်။ ယထာဘူတံ၊ အဟုတ်အမှန်ကို။ ယံ ဇာနာတိ၊ အကြောင်
သိ၏။ ယံ ပဿတိ၊ အကြောင်မြင်၏။ ဧသာ၊ ဤသိမြင်ခြင်းသည်။
ဓမ္မတာ၊ ဓမ္မတာသဘောပေတည်း။

ဤသို့ ဟောတော်မူသောကြောင့် ဉာဏ်အမြင် ထက်သန်
စေခြင်းအကျိုးငှါ သမာဓိဖြစ်အောင် အာနာပါန အစရှိသော
ကမ္မဋ္ဌာန်းတို့ကို ရှေးဦးစွာ အားထုတ်အပ်ကုန်၏။ ရျာန်ရအောင်
အားထုတ်နိုင်လျှင် သာလွန်၍ ကောင်းလှတော့၏။ အားမထုတ်
နိုင်လျှင် သမာဓိဖြစ်ရုံကို အားထုတ်၍ စိတ်တည်ကြည်သည့်
အခါ ကိုယ့်သန္တာန်၌ ဖြစ်ပျက်၍နေသော ရုပ်နာမ်နှစ်ပါးကို
လက္ခဏာရေးသုံးပါးတင်၍ ထင်မြင်အောင် ရှုကြည့်ရာ၏။

တလောကလုံး ဖြစ်ပျက်၍နေသော နာမ်ရုပ်တွေကို အကုန်
သိမ်းကျုံး၍ အလုံးစုံ ထင်မြင်အောင် ရှုကြည့်လေ။ ရှုကြည့်ပုံကို
ရှေ့အခန်းမှာ ပြဆိုလတ္တံ့။

ဝိပဿနာရှုနည်းကို တချက်တည်းမှတ်ရန် ပြဆိုခန်း ပြီး၏။

---

၁။ အင်္ဂုတ္တိုရ်ပါဠိတော်၊ တတိယတွဲ၊ နှာ-၂၅၉။

## ၂၉-သမ္မသနဉာဏ်ကို ပြဆိုခန်း

ရုပ်၌ဆင်ခြင်သုံးသပ်ပုံ။ ။ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ
အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန
အနတ္တာ အသာရကဋ္ဌေနာတိ သင်္ခိပိတွာ ဝဝတ္ထာပနေ
ပညာ သမ္မသနေ ဉာဏံ[1]—

ဟူ၍ ဟောတော်မူ၏။

အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော။ ရူပံ၊ ရုပ်သည်—

ခယဋ္ဌေန၊ ကုန်ခန်းတတ်သော အနက်ကြောင့်။ အနိစ္စံ၊ မမြဲသော အနိစ္စတရားသာတည်း။

ဘယဋ္ဌေန၊ ကြောက်ဘွယ် ဟူသော အနက်ကြောင့်။ ဒုက္ခံ၊ ဆင်းရဲသော ဒုက္ခတရားသာတည်း။

အသာရကဋ္ဌေန၊ အနှစ်သာရမရှိသော အနက်ကြောင့်။ အနတ္တာ၊ ကိုယ်မဟုတ်သော အနတ္တတရားသာတည်း။

ဣတိ၊ ဤသို့။ သင်္ခိပိတွာ၊ အကျဉ်းချုံး၍။ ဝဝတ္ထာပနေ၊ ပိုင်းခြားရာ၌။ ပညာ၊ ပညာသည်။ သမ္မသနေ၊ ဆင်ခြင်သုံးသပ်ရာ၌။ ဉာဏံ၊ ဉာဏ်မည်၏။

ဖြစ်ခဲ့ပြီးသောရုပ်၊ ဖြစ်လတ္တံ့သောရုပ်၊ ယခုဖြစ်၍နေသောရုပ်၊ အလုံးစုံသော ရုပ်ဟူသမျှတို့သည် မမြဲသော အနိစ္စတရား၊ ဆင်းရဲသော ဒုက္ခတရား၊ ကိုယ်မဟုတ်သော အနတ္တတရားသာ ဖြစ်ကုန်၏။ ပရမတ် ဓာတ်သဘောတွေ ပေါင်းစု၍

---

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ သမ္မသနဉာဏနိဒ္ဒေသ၊နှာ-၅၁။

နေကြသောကြောင့် ဦးခေါင်းသဏ္ဌာန် ကိုယ်သဏ္ဌာန် ခြေသဏ္ဌာန် လက်သဏ္ဌာန်ဖြစ်၍ နေလေကုန်၏။ မာခြင်းသဘောရှိသော ပထဝီဓာတ်တွေ လွန်ကဲ၍နေသောကြောင့် အမာအခဲကြီးဟု မှတ်ထင်ကြရကုန်၏။ အမာအခဲမဟုတ် သဘောလုံးကြီး သဘောတုံးကြီးတွေသာ ဖြစ်ကုန်၏။ မျက်စိနှင့်မြင်သည့်အတိုင်းသာ အမာအခဲကြီးဖြစ်၍နေခဲ့လျှင် ခဏခြင်း မပျက်နိုင်ရာ အမြဲခိုင်မာ၍နေရာ၏။ ဤသို့ကား မနေ ခဏခြင်း ခဏခြင်း ပျက်ကုန်၏။ ဤနေရာ၌ဖြစ်လျှင် ဤနေရာမှာပင် ပျက်ကုန်၏။ ထိုနေရာ၌ဖြစ်လျှင် ထိုနေရာမှာ ပျောက်ကုန်၏။

ထို့ကြောင့် ဇာတိဒုက္ခစသော ဘေးဒုက္ခ အမျိုးမျိုးတို့သည် များစွာဖြစ်ပွါး၍ နေလေကုန်၏။ ဒုက္ခကောင်ကြီး ဒုက္ခခဲကြီးတွေသာ ဖြစ်ကုန်၏။

ငါနှင့်လည်း မဆိုင် ကိုယ်ပိုင်လည်း မဟုတ် ငါမဟုတ် ကိုယ်မဟုတ် အရှင်မရှိသော သူတပါးချည်းတွေသာ ဖြစ်ကုန်၏။ ကိုယ့်အလို ကိုယ့်အကြိုက်ဟူ၍ မရှိ၊ ဓာတ်အလို ဓာတ်အကြိုက်သာရှိ၏။ အစိုးမရ၊ အလိုသို့မလိုက်၊ အကြောင်းဆိုက်တိုက်ရာ ဖြစ်ပျက်၍ နေကြကုန်သော ပေါက်လွှတ်ဘရားတွေသာ ဖြစ်ကုန်၏။ ထို့ကြောင့် ခန္ဓာငါးပါး၌ ခိုင်မာသော အနှစ်သာရလည်း တစုံတခုမျှမရှိ၊ အားကိုးအားထားပြု၍ အသုံးပြုစရာကောင်းသော အနှစ်သာရလည်း တစုံတခုမျှမရှိ၊ အကြောင်းအားလျော်စွာ ဖြစ်ပျက်နေသော အနတ္တတရားချည်းသာတည်း။

ဤကား ရုပ်၌ ဆင်ခြင်သုံးသပ်ဘို့ရန်တည်း။

**နာမ်၌ ဆင်ခြင်သုံးသပ်ပုံ။** ။ဝိညာဏံ အတီတာနာဂတ-
ပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန
ဒုက္ခံ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေနာတိ

သင်္ခါပိတ္တွာ ဝဝတ္ထာပနေ ပညာ သမ္မသနေ ဉာဏံ—

ဟူ၍ဟောတော်မူ၏။ အနက် ရှေးနည်းအတူ။ ဝိညာဏ်နှင့် ရုပ်သာ ထူးတော့၏။

ဖြစ်ခဲ့ပြီးသောဝိညာဏ်၊ ဖြစ်လတ္တံ့ဖြစ်သောဝိညာဏ်၊ ယခု ဖြစ်၍နေသောဝိညာဏ်၊ အလုံးစုံသော ဝိညာဏ် ဟူသမျှတို့သည် မမြဲသော အနိစ္စတရား၊ ဆင်းရဲသော ဒုက္ခတရား၊ ကိုယ်မဟုတ်သော အနတ္တတရားတွေသာ ဖြစ်ကုန်၏။

ခြောက်ပါးသောဒွါရ၌ ခြောက်ပါးသောအာရုံတို့ ထင်လာ ထိခိုက်လာသည့်အခါ ဆိုင်ရာဆိုင်ရာ အသီးအသီးဖြစ်ပေါ်လာကုန်၏။ မြင်ခြင်း ကြားခြင်း နံခြင်း လျက်ခြင်း တွေ့ထိခြင်း သိခြင်း မှတ်ခြင်း စသော အမှုတွေဖြစ်ပေါ်လာကုန်၏၊

ဤသို့ ဖြစ်ပေါ်လာရာ၌ မျက်စိက မြင်သည်မဟုတ်၊ စက္ခုဝိညာဏ်ကသာ မြင်၏။

နားက ကြားသည် မဟုတ်၊ သောတဝိညာဏ်ကသာ ကြား၏။

နှာခေါင်းက နံသည် မဟုတ်၊ ဃာနဝိညာဏ်ကသာ နံ၏။

လျှာက သိသည် မဟုတ်၊ ဇိဝှါဝိညာဏ် ဖြစ်ပေါ်မှုသာ ဖြစ်၏။

ကိုယ်က နာသည် ကိုယ်က ယားသည် မဟုတ်၊ ကာယဝိညာဏ်နှင့် အတူဖြစ်သော ဝေဒနာကသာ နာ၏၊ ယား၏။ ကိုယ်သိသည် ကိုယ်မှတ်သည် မဟုတ်၊ မနောဝိညာဏ်ကသာ သိ၏။

မနောဝိညာဏ်နှင့်အတူ ဖြစ်သော သညာကသာ မှတ်၏။ ထို ဝိညာဏ်တို့သည်လည်း ကိုယ်ထဲ ဝိုက်ထဲမှာ အမြဲတည်ရှိ၍ နေကြကုန်သည် မဟုတ်ကုန်၊ ဝတ္ထုအာရုံ နှစ်ပါးစုံကို စွဲ၍ စွဲ၍ ဖြစ်ပေါ်လာကုန်၏။ ဖြစ်ပြီးသည့်နောက် ခဏခြင်း ကွယ်ပျောက် လေကုန်၏။

ရုပ်၌ သုံးသပ်ဆင်ခြင်သည့်အတိုင်း ဒုက္ခတရားတွေ အနတ္တ တရားတွေဟု သုံးသပ်ဆင်ခြင်လေ။

ဤကား နာမ်၌ ဆင်ခြင်သုံးသပ်ဘို့ရန်။

**ဝိပဿနာရှုနည်း တော ၄၀။** ။အကျယ်အားဖြင့် တောလေး ဆယ်စသည်တို့နှင့်လည်း ဆင်ခြင် သုံးသပ်ရာ၏။

ရုပံ အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော ဤတိတော ဥပဒ္ဒဝတော ဘယတော ဥပသဂ္ဂတော စလတော ပဘင်္ဂုတော အဒ္ဓုဝတော အတာဏတော အလေဏတော အသရဏတော ရိတ္တ-တော တုစ္ဆတော သုညတော အနတ္တတော အာဒီနဝ-တော ဝိပရိဏာမဓမ္မတော အသာရကတော အဃမူလ-တော ဝဓကတော ဝိဘဝတော သာသဝတော သင်္ခတ-တော မာရာမိသတော ဇာတိဓမ္မတော ဇရာဓမ္မတော ဗျာဓိဓမ္မတော မရဏဓမ္မတော သောကဓမ္မတော ပရိ-ဒေဝဓမ္မတော ဥပါယာသဓမ္မတော သံကိလေသိကဓမ္မ-တော။ ။ပဋိသမ္ဘိဒါမဂ်ပါဠိတော်[၁]။

---

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ဝိပဿနာကထာ၊ နှာ-၃၁၁။

ရူပံ၊ ရူပက္ခန္ဓာကို—

အနိစ္စတော၊ မမြဲသော တရားဟူ၍ရှုင်း။

ဒုက္ခတော၊ ဆင်းရဲသော တရားဟူ၍ရှုင်း။

ရောဂတော၊ ကျင်နာ ညစ်ဆိုး ရောဂါမျိုးဟူ၍ရှုင်း။

ဂဏ္ဍတော၊ မဘွယ်ရုပ်ဆင်း ထွတ်မြင်းအနာမျိုးဟူ၍ရှုင်း။

သလ္လတော၊ စူးဝင်ညစ်ဆိုး မြှားငြောင့်မျိုး ဟူ၍ရှုင်း။

အဃတော၊ အကျိုးယုတ် အကျိုးမဲ့ တရားဟူ၍ရှုင်း။

အာဗာဓတော၊ နှိပ်စက်ညစ်ဆိုး အနာမျိုးဟူ၍ရှုင်း။

ပရတော၊ အရှင်မရှိသော သူတပါး ဟူ၍ရှုင်း။

ပလောကတော၊ ပျက်စီးခြင်းသဘောရှိ၏ ဟူ၍ရှုင်း။

ဤတိတော၊ ထိတ်လန့်သဘွယ် အန္တရာယ်မျိုးဟူ၍ရှုင်း။

ဥပဒ္ဒဝတော၊ လွန်စွာကပ်ရပ် နှိပ်စက်တတ်သော ဥပဒ်မျိုး ဟူ၍ရှုင်း။

ဘယတော၊ ကြောက်ဘွယ်ညစ်ဆိုး ဘေးရန်မျိုးဟူ၍ရှုင်း။

ဥပသဂ္ဂတော၊ တွယ်ဘာစွဲကပ်၊ နှိပ်စက်တတ်သော ဥပဒ်မျိုး ဟူ၍ရှုင်း။

စလတော၊ ရွေ့ရှားတတ်၏ဟူ၍ရှုင်း။

ပဘင်္ဂုတော၊ ဖရိုဖရဲ ပြိုကွဲခြင်းသဘောရှိ၏ ဟူ၍ရှုင်း။

အဒ္ဓုဝတော၊ မခိုင်မာသော တရားဟူ၍ရှုင်း။

အတာဏတော၊ စောင့်ရှောက်မဲ့လျှင်း ဘေး၏ အသင်း ဟူ၍ရှုင်း။

အလေဏတော၊ ကွယ်ကာမဲ့လျှင်း ဘေး၏အသင်းဟူ၍ ရှုင်း။

အသရဏတော၊ ကိုးရာမဲ့လျှင်း ဘေး၏အသင်းဟူ၍ရင်း။

ရိတ္တတော၊ အနှစ်သာရ ဟူသမျှနှင့် မြူစမယှဉ် အစဉ်ဆိတ်ကင်းသော တရားဟူ၍ရင်း။

တုစ္ဆတော၊ ကောင်းမြတ်ချမ်းသာ မင်္ဂလာသုခ ဟူသမျှနှင့် မြူစမနီး အချည်းနှီးသော တရားဟူ၍ရင်း။

သုညတော၊ ထောက်ရာတည်ရာ ကိုးကွယ်ရာမျိုး တစိုးတစိ မရှိလုံးလုံး အသုံးမကျသော တရားဟူ၍ရင်း။

အနတ္တတော၊ ကိုယ်မဟုတ်ဟူ၍ရင်း။

အာဒီနဝတော၊ ဆိုးဝါးညစ်မဲ အပြစ်ခဲကြီးဟူ၍ရင်း။

ဝိပရိဏာမဓမ္မတော၊ ဘောက်ပြန်ခြင်း သဘောရှိ၏ ဟူ၍ရင်း။

အသာရကတော၊ အနှစ်သာရ မရှိဟူ၍ရင်း။

အဃမူလတော၊ ကျိုးမဲ့ခပင်း ဆင်းရဲခြင်း၏ အရင်းအမြစ်ဟူ၍ရင်း။

ဝဓကတော၊ နှတ်လူပြဟ္မာ သတ္တဝါကို နာရီမလပ် အတွင်သတ်သည့် သူသတ်မျိုးရိုးဟူ၍ရင်း။

ဝိဘဝတော၊ ဆုံးရှုံးခြင်းသဘောရှိ၏ ဟူ၍ရင်း။

သာသဝတော၊ အာသဝေါတရားလေးပါးတို့၏ အစီးအပွါးဟူ၍ရင်း။

သင်္ခတတော၊ အဘန်ဘန် ပြုပြင်အပ်၏ ဟူ၍ရင်း။

မာရာမိသတော၊ ကိလေသမာရ် မစ္စုမာရ်တို့၏ စားဖတ်ဝါးဖတ် သုံးသပ်နှင်းနယ်ရာဟူ၍ရင်း။

ဇာတိဓမ္မတော၊ သတ္တဝါကို မညှာမငဲ့ အရွဲ့အစောင်း မကောင်းဆိုးညစ် ဖြစ်ချင်တတ်တိုင်း ဖြစ်တတ်သောသဘောရှိ၏ဟူ၍ရင်း။

ဇရာဓမ္မတော၊ ဆုတ်ယုတ်လျော့ပါးခြင်း သဘောရှိ၏ ဟူ၍ ရှုငင်း။

ဗျာဓိဓမ္မတော၊ နာခြင်းသဘောရှိ၏ ဟူ၍ရှုငင်း။

မရဏဓမ္မတော၊ သေဆုံးခြင်းသဘောရှိ၏ ဟူ၍ရှုငင်း။

သောကဓမ္မတော၊ စိုးရိမ်ပူပန်ရခြင်းသဘောရှိ၏ဟူ၍ရှုငင်း။

ပရိဒေဝဓမ္မတော၊ ငိုကြွေး မြည်တမ်းရခြင်း သဘောရှိ၏ ဟူ၍ရှုငင်း။

ဥပါယာသဓမ္မတော၊ သက်ကြီး ရှိုက်ငင် ပင်ပန်းရခြင်း သဘောရှိ၏ ဟူ၍ရှုငင်း။

သံကိလေသိကဓမ္မတော၊ တဏှာဒိဋ္ဌိ ဒုစ္စရိတတည်းဟူသော ညစ်နွမ်းခြင်းသုံးပါးကို ပွါးစီးစေတတ်သော သဘောရှိ၏ ဟူ၍ ရှုငင်း။

ဝိပဿတိ၊ အထူးထူး အပြားပြားအားဖြင့် ရှု၏။ ။

တော(၄၀) ပါဠိတော်အနက်။

ရူပက္ခန္ဓာကို ရှုသကဲ့သို့ ထိုနည်းအတူ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့ကိုလည်း ရှုလေ။

သမ္မသနဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်မှုသည် အဆုံးမရှိ၊ ကြံလိုး ဖန်လိုးများလျှင် များများ သုံးသပ်နိုင်၏။ နည်းလျှင် နည်းနည်း သုံးသပ်နိုင်၏။ နောက်က ပြဆိုခဲ့ပြီးသော လက္ခဏာရေးသုံးပါးနှင့် စပ်ဆိုင်ရာ အလုံးစုံသော စကားရပ်တို့သည် ဆင်ခြင်သုံးသပ်ဘို့ရန် သမ္မသနဉာဏ်၏ အချက်တို့ ပေတည်း။

သမ္မသနဉာဏ်ကို ပြဆိုခန်း ပြီး၏။

## ၃၀-ဥဒယဗ္ဗယဉာဏ်ကို ပြဆိုခန်း

ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပဿနေ ပညာ ဥဒယဗ္ဗယာနုပဿနေ ဉာဏံ[၁]——

ဟူ၍ ဟောတော်မူ၏။

ပစ္စုပ္ပန္နာနံ၊ ပစ္စုပ္ပန်ဖြစ်ကုန်သော။ ဓမ္မာနံ၊ နာမ်ရုပ်တရားနှစ်ပါးတို့၏။ ဝိပရိဏာမာနုပဿနေ၊ ခဏမစဲ တသဲသဲဖြစ်ပျက်၍နေသော ဖောက်ပြန်မှုကို ရှုရာ၌။ ပညာ၊ ပညာသည်။ ဥဒယဗ္ဗယာနုပဿနေ၊ ဖြစ်ပျက်မှုကို ရှုရာ၌။ ဉာဏံ၊ဉာဏ်မည်၏။

နာမ်ရုပ် နှစ်ပါးတို့၏ ဖြစ်ပျက်မှုကို အစုံအစုံကြည့်ရှုသော ဉာဏ်ကို **ဥဒယဗ္ဗယဉာဏ်**ဟု မှတ်။

**ပညတ် ၂-မျိုး ခုခံတတ်ပုံ။** ။နာမ်ရုပ် နှစ်ပါးတို့၏ ဖြစ်ပျက်မှု 'ဥဒယဗ္ဗယ'ကို ရှုကြည့်သည့်အခါ သဏ္ဌာနပညတ် သန္တတိပညတ်တို့သည် ခုခံ၍နေတတ်ကုန်၏။

**သဏ္ဌာနပညတ်**ဆိုသည်ကား—ပရမတ်သဘာဝတွေ တပြိုင်နက် ဖြစ်ကြ တည်ရှိကြကုန်သော အစိတ်အစိတ်တို့ကို တခုတည်းပြု၍ အလုံး၊ အပြား၊ အဝန်း၊ အဝိုင်း၊ အရှည်၊ အတို၊ အကြီး၊ အငယ်၊ ကိုယ်လက်အင်္ဂါ စသည်ဖြင့် မှတ်ထင်အပ်သော ပညတ်မျိုးပေတည်း။

**သန္တတိပညတ်** ဆိုသည်ကား— ပရမတ် သဘာဝတွေ ရှေ့နောက် စဉ်ဆက် ဖြစ်ကြ တည်ရှိကြကုန်သော အစိတ် အစိတ်

---

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ဥဒယဗ္ဗယဉာဏနိဒ္ဒေသ၊ နှာ-၅၅။

တို့ကို တခုတည်းပြု၍ ပျက်သည်ဟု မထင်၊ ဤဦးခေါင်းဘဲ၊ ဤကိုယ်ဘဲ၊ ဤလက်ဘဲ၊ ဤခြေဘဲ စသည်ဖြင့် ဤဝတ္ထုပင်ဟု မှတ်ထင်အပ်သော ပညတ်မျိုးပေတည်း။

ဤပညတ်တွေ မခုခံနိုင်အောင် ဉာဏ်နှင့်မှတ်လျှင့်၍ လက္ခဏာရေး သုံးပါးတို့တွင် အနိစ္စလက္ခဏာကို ရှေးဦးစွာ နှလုံးသွင်းအပ်၏။

**သန္တတိဖုံးလျှင် အနိစ္စမထင်။** ။အနိစ္စလက္ခဏာကို ခေတ်အသီးအခြားဟု ထင်ရှားအောင် နှလုံးမသွင်းခြင်းကြောင့် သန္တတိပညတ် ဖုံးလွှမ်း၍ (အနိစ္စလက္ခဏာ)မထင် မမြင်နိုင်ကြောင်းကို—

အနိစ္စလက္ခဏံ တာဝ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္တတိယာ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။

ဟူ၍ ဝိသုဒ္ဓိမဂ်[၁]၌ ပြဆိုတော်မူ၏။

အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာသည်။ တာဝ၊ ရှေးဦးစွာ။ ဥဒယဗ္ဗယာနံ၊ နာမ်ရုပ်တို့၏ ဖြစ်ပျက်မှုတို့ကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ သန္တတိယာ၊ သန္တတိပညတ်သည်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်း၍ နေခြင်းကြောင့်။ န ဥပဋ္ဌာတိ၊ မထင်နိုင်လေသတည်း။

**သညာနုပဿနာတ်ကို ရှုမှတ်နည်း** မှတ်လျှင့် ကောင်းမွန်စွာ ထင်မြင်နိုင်အောင် ထိုပညတ်ကို ဉာဏ်နှင့် မှတ်လျှင့်၍ ပစ်ရာ၏။ မှတ်လျှင့်ပုံကား—ပရမတ်ခေတ်သဘောတွေ ပေါင်းစု၍ နေသောကြောင့်

၁။ ဝိသုဒ္ဓိမဂ်၊ ဒုတိယတွဲ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ၊ နှာ-၂၇၆။

ဦးခေါင်းသဏ္ဌာန်၊ ကိုယ်သဏ္ဌာန်၊ လက်သဏ္ဌာန်၊ ခြေသဏ္ဌာန် စသည်ဖြင့် မှတ်ထင်၍ နေရ၏။

ပထဝီဓာတ် သဘောတွေ လွှန်ကဲ၍ နေသောကြောင့် အမာအခဲကြီးဟု မှတ်ထင်၍ နေရ၏။ ဦးခေါင်း မဟုတ်၊ ကိုယ် မဟုတ်၊ လက်မဟုတ်၊ ခြေမဟုတ်၊ ဓာတ်စု ဓာတ်ခဲကြီးသာ ဖြစ်၏။ အမာအခဲ မဟုတ်၊ ပရမတ်သဘောတုံးကြီး သဘောလုံး ကြီးသာ ဖြစ်၏။ ပရမတ် သဘောတို့မည်သည် အမာအခဲ ရှိကောင်းသော အမျိုးအရိုးမဟုတ်ကုန်ဟု ဉာဏ်နှင့် မှုတ်လွှင့်၍ ပစ်ရာ၏။

**သန္တတိပညတ်ကို မှုတ်လွှင့်ရှုမှတ်နည်း**

ရှေ့နောက် စဉ်ဆက် ဖြစ်ပျက်၍ နေကြသော ပရမတ် ဓာတ်သဘောတွေ အစဉ်မပြတ်သောကြောင့် ပျက်သည်ဟု မထင်၊ ဤဦးခေါင်းဘဲ၊ ဤကိုယ်ဘဲ၊ ဤလက်ဘဲ၊ ဤခြေဘဲ စသည်ဖြင့် ဤဝတ္ထုပင်ဟု မှတ်ထင်၍ နေရလေ၏။ တနာရီ၊ တရက်၊တလ၊ တနှစ် စသည်ဖြင့် မပျက်ဘဲ အမြဲတည်ရှိ၍ နေသည်ဟု မှတ်ထင်ရ၏။ ဤ ဦးခေါင်း၊ ဤကိုယ်၊ ဤလက်၊ ဤခြေ စသည်တို့ကား မပျက်ဘဲ အမြဲတည်ရှိ၍ နေကြကုန်သည် မဟုတ်ကုန်။ အစဉ်မပြတ် ဖြစ်ပျက်၍နေသော ပရမတ်သဘောတွေသာ ဖြစ်ကုန်၏။ တနာရီ၊ တရက်၊ တလ၊ တနှစ် စသည်ဖြင့် မပျက်ဘဲ နေနိုင်ရန် ဝေးစွ၊ မျက်စိတမှိတ် ရပ်တန့်၍ နေနိုင်သော တရားမျိုးမဟုတ်၊ ခဏမစဲ တသဲသဲ ဖြစ်ပျက်၍နေကြကုန်သော ဓာတ်စု ဓာတ်ခဲတွေသာ ဖြစ်ကုန်၏ဟု ဉာဏ်နှင့် မှုတ်လွှင့်၍ ပစ်ရာ၏။

## ရုပ်တရား၌ ဥဒယဗ္ဗယဉာဏ်ဖွင့်နည်း

### ငြိမ်ဝပ်နေသောရုပ်ကို ရှုမှတ်နည်း

ရှေးဦးစွာ ဦးခေါင်းကို ဤသို့ မှတ်လွှင့်ပြီး၍ သဘောလုံး ရှုမှတ်ပုံ ကြီး ဖြစ်သော ဦးခေါင်းကြီးကား တလုံးဘည်း တခုတည်း မဟုတ်၊ သဘော သက်သက်မျှသာရှိသော ပရမတ်ဓာတ်ခဲတွေ ပေါင်းစု၍ နေသည်ဟု နှလုံးသွင်း၍ ဦးခေါင်းကို ဉာဏ်နှင့်စိုက်၍ကြည့်။

ပရမတ်ဓာတ်ခဲ တခုနှင့်တခု အာကာသ ခြား၍ ခြား၍ နေ၏။ အကြား အကြားတွေ ရှိ၏ဟု နှလုံးသွင်း၍ ဦးခေါင်းကို ဉာဏ်နှင့် စိုက်၍ကြည့်။ သံဇကာ အုပ်ဆောင်းကဲ့သို့ရှင်း၊ အင်္ဂတေခဲကြီးကဲ့သို့ရှင်း မြင်ရလတ္တံ့။ မမြင်မခြင်း မလွှတ်နှင့်၊ ထပ်၍ထပ်၍ ကြည့်လေ။

သဘောလုံးကြီးဖြစ်သော ဤဦးခေါင်းကြီးကား ကံ၊စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့ကြောင့် အသစ်အသစ် ဖြစ်၍နေသည်ဟု နှလုံးသွင်း၍ ဦးခေါင်းကို ဉာဏ်နှင့် စိုက်၍ကြည့်။ ခေါင်းတိုင်ဝမှ မီးခိုးလုံးကြီးတွေ ဟုတ်ခနဲ ဟုတ်ခနဲ ထွက်ပေါ်၍ လာသည်ကို မြင်ရသကဲ့သို့ အသစ်အသစ် ဖြစ်ပေါ်လာသော ရုပ်တွေကို မြင်ရလတ္တံ့။

အမာခဲကြီးမဟုတ်၊ မာခြင်း သဘောရှိသော ပထဝီဓာတ်တွေ လွန်ကဲသော ရုပ်သစ်တွေဖြစ်မှုသာ ဖြစ်သည်ဟု နှလုံးသွင်း၍ ဦးခေါင်းကို ဉာဏ်နှင့်စိုက်၍ကြည့်။ မြစ်ထဲမှာ ရေလှိုင်းကြီးတွေ ဖွေးခနဲ ဖွေးခနဲ ဖြစ်ပေါ်လာသည်ကို မြင်ရသကဲ့သို့ အသစ်အသစ် ဖြစ်လာသော ရုပ်တွေကို မြင်ရလတ္တံ့။

ဖြစ်ပြီးသည့်နောက် ခဏခြင်း ကွယ်ပျောက်ကြကုန်၏ဟု နှလုံးသွင်း၍ ဦးခေါင်းကို ညာဏ်နှင့်စိုက်၍ကြည့်။ အုန်းသီးခန့် ရှိသော ယမ်းပုံးကြီးတွေ မီးရှို့ရာ၌ မီးတောက်ကြီးတွေ ဟုတ်ခနဲ ဟုတ်ခနဲ ကွယ်ပျောက်၍ သွားသည်ကို မြင်ရသကဲ့သို့ ရုပ်ပျက်မှုတွေကို မြင်ရလတ္တံ့။

အမြဲ တည်ရှိနေသည် မဟုတ်၊ အဟောင်းအသစ် ဆက်လက်၍ ဖြစ်ပျက်မှုသာ ဖြစ်၏ဟု နှလုံးသွင်း၍ ဦးခေါင်းကို ညာဏ်နှင့် စိုက်၍ကြည့်။ ရေအပြင်ကို တုတ်ဖြင့် ရိုက်နှက်ရာ၌ ဖွေးခနဲ ဖွေးခနဲ ရေပန်း ရေလုံးတွေ ကွယ်ပျောက်၍ သွားသည်ကို မြင်ရသကဲ့သို့ ရုပ်ပျက်မှုတွေကို မြင်ရလတ္တံ့။

ဤကား အဖြစ်တခြား အပျက်တခြား ရှုကြည့်ပုံတည်း။

ဤရုပ်တွေသည် အဘယ်က ဖြစ်၍ လာကြသနည်း၊ အဘယ်သို့ ပျက်၍ သွားကြသနည်းဟူမူကား။ ။ဖြေဆိုရန် ရုပ်ကိုပြဆိုသော ဒုတိယအပိုင်းမှာ ပြဆိုခဲ့ပြီ[၁]။

ဤအခန်းမှာ ရှုကြည့်ပုံသင်္ခက်ကိုသာ ပြဆိုသောအခန်းဖြစ်၍ အကြောင်းနှင့်တကွ စစ်ဆေး၍ မပြတော့ပြီ။ ရုပ်ဖြစ်ပုံကို အကြောင်းနှင့်တကွ သိလိုလျှင် ရုပ်ကိုပြဆိုသော ဒုတိယအပိုင်းမှာကြည့်လေ[၂]။

**စက္ကူချပ် မီးလောင်ပုံ ဥပမာနှင့် ရုပ်ပျက်ဟန်**

စက္ကူတချပ်ကို မီးရှို့ရာ၌ ရှဲရှဲ ရှဲရှဲနှင့် မီးလောင်၍ သွားရာ၏။ ထိုသို့လောင်ရာ၌ မီးမလောင်မီက ဖြူသောအဆင်းနှင့်တကွ ဖြစ်၍နေသော ရုပ်သည် မီးလောင်သည့်အခါ ကွယ်ပျောက်၍ မဲပြာပြာအဆင်းနှင့် တကွ ရုပ်သစ်တွေ ဖြစ်ပေါ်လာ၏။ လောကမှာ မီးလောင်

---

၁-၂။ ဤကျမ်း၊ နှာ-၂၇-မှ-၆၆-ထိ။

လို့ ပြာဖြစ်၍ သွားသည်ဟု ပြောကြ၏။ ပြာဖြစ်၍ လာသည်ကို မြင်ရသဖြင့် ရှေးက ဖြစ်၍နေသော ရုပ်ဟောင်းတွေ ကွယ်ပျောက်၍ ရုပ်သစ်တွေ ဖြစ်ပေါ်လာသည်ဟု သိမြင်ရာ၏။ အကယ်၍ ရုပ်ဟောင်းတွေ မပျက်ခဲ့လျှင် ပြာဖြစ်၍ မလာတန်ရာ၊ စက္ကူသားအတိုင်း ဖွူဖွူ ဖွူဖွူ ဖြစ်၍နေရာ၏။ ဤသို့ မနေသောကြောင့် ဖွူသောရုပ်ဟောင်းတွေ ကွယ်ပျောက်၍ မဲသော ရုပ်သစ်တွေ ဖြစ်ပေါ်လာသည်ဟု ယုံကြည်လေးမြတ် မှတ်ယူအပ်၏။ မြင်ခဲ့စွ။

သဘောတုံးကြီးဖြစ်သော ဤဦးခေါင်းကြီးလည်း ထိုနည်းအတူ ဖြစ်ပျက်၍နေသည်ဟု နှလုံးသွင်း၍ ဦးခေါင်းကို ဉာဏ်နှင့် စိုက်၍ကြည့်။ စက္ကူကို မီးရှို့ရာ၌ ဖွူသော ရုပ်ဟောင်းတွေ ကွယ်ပျောက်၍ မဲသောရုပ်သစ်တွေ ဖြစ်ပေါ်လာသည်ကို မြင်ရသကဲ့သို့ ရှေးက ရုပ်ဟောင်းတွေ ကွယ်ပျောက်၍ နောက်က ရုပ်သစ်တွေ ဖြစ်၍လာသည်ကို ရိပ်ရိပ် ရိပ်ရိပ်နှင့် ရုပ်တွေ ဖြစ်ပျက်၍ နေသည်ကို မြင်ရလတ္တံ့။

**ဖယောင်းခဲ မီးပူပုံဥပမာနှင့် ရုပ်ပျက်ဟန်**

ဖယောင်းခဲကြီး တခုကို လောလော ပူသော အိုးကင်းထဲသို့ ထည့်လိုက်သည့် အခါ ပြော့ပျောင်း ယိုစီး၍ သွားရာ၏။ ထိုသို့ ယိုစီး၍သွားရာ၌ ရှေးက ဖြစ်၍နေသော မာသောရုပ်တွေ ကွယ်ပျောက်၍ နောက်မှ အသစ်ဖြစ်သော ပြော့သော ရုပ်သစ်တွေ ဖြစ်ပေါ်လာ၏။ လောကမှာ မီးပူလို့ အရည်တွေ ဖြစ်သွားပြီဟု ပြောဆိုကြကုန်၏။ မှတ်ထင်ကြကုန်၏။ မမှတ်ကြကုန်လင့်။ မီးတည်းဟူသော အကြောင်းကြောင့် ပထဝီဓာတ် လွန်ကဲသော ရုပ်တွေ အဆင့်ဆင့် ကွယ်ပျောက်၍ အာပေါဓာတ်လွန်ကဲသောရုပ်တွေ အဆင့်

ဆင့် ဖြစ်ပေါ်လာသည်ဟုမှတ်။ အကယ်၍ မပျက်ဘဲ နဂိုပက တိ အတိုင်း နေခဲ့လျှင် မာမာကြီးအတိုင်း ဖြစ်၍ နေရာ၏။ ဤသို့ကား မနေသောကြောင့် မာသော ရုပ်ဟောင်းတွေ ကွယ်ပျောက်၍ ပြေ့သော ရုပ်သစ်တွေ ဖြစ်ပေါ်လာသည်ဟု ယုံကြည်လေးမြတ် မှတ်ယူအပ်၏။ မြင်ခဲ့စွ။

ထိုဖယောင်းခဲကြီးသည် မီးနှင့်မထိသော အခါမှာလည်း ဤကဲ့သို့ ပျက်၍နေ၏။ သို့ပင် နေသော်လည်း ပြောင်းလဲမှု မထင်ရှားသောကြောင့် ပျက်သည်ဟု မထင်၊ အမြဲတည်နေသည် ဟု မှတ်ထင်ရ၏။ အမြဲတည်နေသည် မဟုတ်၊ ခဏမစဲ တသဲသဲ ဖြစ်ပျက်၍နေ၏။ သို့ပင် နေသော်လည်း ဖြစ်ပျက်မှု အစဉ် မပြတ်သောကြောင့် အမာ အခဲကြီးဟု မှတ်ထင်ရ၏။

ဤဦးခေါင်းကြီးလည်း ထိုဖယောင်းခဲကြီးအတူ အမာအခဲ အမြဲတည်နေသည်မဟုတ်၊ ဖြစ်ပျက်၍နေသည်ဟု နှလုံးသွင်း၍ ဦးခေါင်းကြီးကို ဉာဏ်နှင့်စိုက်၍ကြည့်၊ ရုပ်တွေ ဖြစ်ပျက်၍ နေသည်ကို ရွရွ ရွရွ မြင်ရလတ္တံ့။

ထိုဦးခေါင်းကြီးကိုပင် ပြဆိုခဲ့ပြီးသည့် အတိုင်း အခါခါ အထပ်ထပ်ကြည့်လေ၊ မမြင်မခြင်း ကြည့်လေ။ ရှုကြည့်ဖန် များလျှင် ဉာဏ်နှင့် ရွယ်လိုက်သည်နှင့် တပြိုင်နက် ရုပ်ဖြစ်ပျက် မှုတွေကို ရွရွ ရွရွ မြင်ရလိမ့်မည်။

ဤကဲ့သို့ ရှုကြည့်၍ ဦးခေါင်းကြီး၌ အမြင် သန့်ရှင်း စင် ကြယ်ပြီးသည့်နောက် ကိုယ်ကြီးကို ထိုနည်းအတူ ကြည့်။ လက်မောင်းကို ထိုနည်းအတူ ကြည့်။ ပေါင်ကို ထိုနည်းအတူ ကြည့်၊ ခြေသလုံး ခြေဘဝါးကို ထိုနည်းအတူကြည့်၊ ရှုကြည့်စ အခါ တကိုယ်လုံး မကြည့်လေနှင့်၊ ဉာဏ်အမြင် ရှုပ်ထွေး၍ နေ

တတ်သည်။ ဉာဏ်အမြင် သန့်ရှင်း စင်ကြယ်ပြီးသည့် နောက်မှ တကိုယ်လုံးခြုံ၍ ရှုကြည့်လေ။

**အမှောင် အလင်း ဥပမာနှင့် ရုပ်ပျက်ဟန်**

ရှုကြည့်ပုံကား— မှောင်မိုက်လှ တုန်း အခါ မီးခွက်ကြီးကို ကိုင်၍ သွားရာ၌ ရှေးကဖြစ်၍ နေသော အမိုက်မှောင်ရုပ်တွေ ကွယ်ပျောက်၍ အရောင်အလင်း ရုပ်တွေ ဖြစ်၍ဖြစ်၍ လိုက်လာ၏။ အရောင်အလင်း ရုပ်တွေ ကွယ်ပျောက်၍ အမိုက်မှောင်ရုပ်တွေ ဖြစ်၍ဖြစ်၍ လိုက်လာ၏။

ထိုနည်းအတူ သဘောတုံးကြီး ဖြစ်သော ဤခန္ဓာကိုယ်ကြီး မှာ ရုပ်ဟောင်းတွေပျက်၍ ရုပ်သစ်တွေ ဖြစ်၍ဖြစ်၍ နေသည်ဟု နှလုံးသွင်း၍ ဦးခေါင်းက ခြေဖျားထိ၊ ခြေဖျားက ဦးခေါင်း ထိ၊ ဉာဏ်နှင့်စိုက်၍ကြည့်။ ရုပ်၏ ဖြစ်ပျက်မှုတွေကို အမိုက် မှောင်တွေ ကွယ်ပျောက်၍ မီးရောင်တွေ ရိပ်ရိပ် ရိပ်ရိပ် လိုက် လာသကဲ့သို့ မြင်ရလတ္တံ့။ မီးရောင်တွေ ကွယ်ပျောက်၍ အမိုက် မှောင်တွေ ရိပ်ရိပ် ရိပ်ရိပ် လိုက်လာသကဲ့သို့ ရုပ်ဟောင်းတွေ ပျက်၍ ရုပ်သစ်တွေ ဖြစ်၍ ဖြစ်၍ နေပုံကို မြင်ရလတ္တံ့။

ဤကဲ့သို့အထက်က အောက်၊ အောက်က အထက် ဉာဏ်နှင့် လူးလာဆန်ခတ် ကြည့်လေ။ ဤသည်တို့ကား ငြိမ်ဝပ်စွာ နေသောအခါ ရှုကြည့်ရန် ပြဆိုသော ဝိပဿနာ ရှုနည်းပေ တည်း။

## လှုပ်ရှားသောရုပ်ကို ရှုမှတ်နည်း

လှုပ်ရှားသည့်အခါ ရှုကြည့်ရန်ကား —

လောက၌ သက်ရှိ သက်မဲ့ အလုံးစုံသော အထည်ဝတ္ထုတွေ လှုပ်ရှားမှု၊ ရွေ့ရှားမှု၊ ပြောင်းရွှေ့မှုတို့သည် ရုပ်တရားတို့၏

ဖြစ်ပျက်မှု၊ ရုပ်သဘောတွေ ပြောင်းလဲမှုတို့သာ ဖြစ်ကုန်၏။ အကယ် မပျက်ဘဲ အမြဲတည်၍ နေခဲ့လျှင် ရွှေပြောင်းလှုပ်ရှား၍ မရနိုင်ရာ။ မမြဲသောကြောင့် ရွှေပြောင်း လှုပ်ရှား၍ ရလေ၏။

**သစ်သားရုပ် ဥပမာနှင့် ရုပ်ပျက်ပုံ။** ။ဥပမာကား—အသေပြုလုပ်၍ ထားသော သစ်သားရုပ်ကြီး မြဲ၍ နေခြင်းကြောင့် ဦးခေါင်း လှုပ်၍ မရ၊ လက်လှုပ်၍ မရ၊ ခြေလှုပ်၍ မရ၊ အမြဲ ခိုင်မာ၍ နေလေ၏။ ထိုအရုပ်ကြီးကိုပင် ခြေလက်အင်္ဂါ တခြားစီဖြတ်၍ အရှင်ရုပ်ကြီး လုပ်ပြန်လျှင် မမြဲသောကြောင့် လှုပ်ရှား၍ ရပြန်လေ၏။

ထိုနည်းအတူ အလုံးစုံသော ရုပ်ဟူသမျှတို့သည် မမြဲသောကြောင့် လှုပ်ကြကုန်၏။ လှုပ်ရှားမှု ထကြွမှုတို့သည် ရုပ်တို့၏ ဖြစ်ပျက်မှု သဘော အမူအရာ ပြောင်းလဲမှုတို့သာ ဖြစ်ကြကုန်သည်ဟု နှလုံးသွင်း၍ ခြေကြွလိုက်သည်နှင့် တပြိုင်နက် ဖြစ်၏ ပျက်၏၊ ချလိုက်သည်နှင့် တပြိုင်နက် ဖြစ်၏ ပျက်၏ဟု ဉာဏ်နှင့်စိုက်၍ ခြေကိုကြည့်။ မီးတောက်ကြီးတွေ ဟုတ်ခနဲ ဟုတ်ခနဲ ကွယ်ပျောက်၍ သွားသည်ကို မြင်ရသကဲ့သို့ ရုပ်၏ ဖြစ်ပျက်မှုတွေကို မြင်ရလတ္တံ့။

ထိုနည်းအတူ သွားလေသည့်အခါ ခြေကြွလိုက်သည်နှင့် တပြိုင်နက် ဖြစ်၏ ပျက်၏၊ အောက်သို့ ချလိုက်သည်နှင့် တပြိုင်နက် ဖြစ်၏ ပျက်၏။ ထိုနည်းအတူ ဦးခေါင်းလှုပ်ရာ၊ မျက်ခုံးလှုပ်ရာ၊ မေးလှုပ်ရာ၊ လက်မောင်းလှုပ်ရာ၊ ကိုယ်လှုပ်ရာ၊ အသက်ရှူသည့်အခါ ဗိုက်လှုပ်ရာ၊ တင်ပါးလှုပ်ရာ၊ ပေါင်လှုပ်ရာ၊ ခြေသလုံးလှုပ်ရာ၊ ခြေဖျားလှုပ်ရာတို့၌ လှုပ်သည်နှင့်တပြိုင်နက် ဖြစ်၏ ပျက်၏ဟုရှုကြည့်လေ၊ အလုံးစုံလှုပ်ရာတို့၌ ထိုနည်းအတူ

လှုပ်သည်နှင့် တပြိုင်နက် ဖြစ်၏ ပျက်၏ဟု ရှုကြည့်လေ။ ဤသည်တို့ကား ရုပ်၏ ဖြစ်ပျက်မှုကို ရှုကြည့်ရန် ပြဆိုသော ဉဒယဗ္ဗယဉာဏ် အချက်တို့ပေတည်း။

## နာမ်တရား၌ ဉဒယဗ္ဗယဉာဏ်ဖွင့်နည်း

နာမ်၏ ဖြစ်ပျက်မှုကို ရှုကြည့်ရန် ပြဆိုဦးအံ့။

နာမ်၏ ဖြစ်ပျက်မှုကို အကြောင်းနှင့်တကွ သိလိုလျှင် တတိယအပိုင်းမှာကြည့်လေ။ ရှုကြည့်ပုံကိုလည်း အနည်းငယ်မျှ ပြဆိုခဲ့ပြီ။ ထို့ကြောင့် ဤ၌ အနည်းငယ်မျှသာ ပြဆိုတော့အံ့၊ ထင်ချက် မြင်ချက်ရအောင် ဝိညာဏ် ၆-ပါးကို ပိုးစုန်းကြူး အရောင်ကဲ့သို့ ဥပမာတင်၍ ထင်မြင်အောင် ရှုကြည့်အပ်၏။

**စက္ခုဝိညာဏ်၏ ဖြစ်ပျက်ကိုရှုမှတ်ပုံ။** ။ရှုကြည့်ရန်ကား—

အဆင်းအမျိုးမျိုးတို့ကို မြင်၍နေရာ၌ မျက်စိက မြင်သည် မဟုတ်၊ စက္ခုဝိညာဏ်ကသာ မြင်၏၊ ဤစက္ခုဝိညာဏ်သည် အမြဲတည်ရှိ၍နေသည် မဟုတ်၊ စက္ခုပသာဒရုပ်နှင့်ရူပါရုံ နှစ်ပါး စုံကိုစွဲ၍ ဖြစ်၏၊ ဖြစ်ပြီးလျှင် ပျက်၏ဟု နှလုံးသွင်း၍ မျက်လုံးအလယ်မှာ ဉာဏ်နှင့်စိုက်၍ကြည့်၊ ပိုးစုန်းကြူး ဝင်းခနဲ ဝင်းခနဲအရောင်ကို မြင်ရသကဲ့သို့ စက္ခုဝိညာဏ်၏ဖြစ်ပျက်မှုကို မြင်အောင် ရှုကြည့်လေ။

ဤကား တမြင်တည်း မြင်၍နေရာ၌ ရှုကြည့်ရန်တည်း။

အာရုံပြောင်းလဲသည့်အခါ အာရုံနှင့် ပိုင်း၍ပိုင်း၍ ရှုကြည့်လေ။ ရှုကြည့်ရန်ကား—မျက်လုံးအလယ်မှာ ဉာဏ်နှင့်စိုက်၍ အဖြူကိုမြင်လျှင် မြင်ရာတွင် ပျောက်၏ဟု နှလုံးသွင်း၍ စက္ခုဝိညာဏ်၏ဖြစ်ပျက်မှုကို ပိုးစုန်းကြူးအရောင်ကို မြင်ရသကဲ့သို့ ဝင်းခနဲ ဝင်းခနဲ မြင်အောင် ရှုကြည့်လေ။

အနီ အဝါတို့ကို မြင်ရာ၊ အပြာအညိုတို့ကို မြင်ရာ၊ မြေရေတို့ကို မြင်ရာ၊ နေ လတို့ကို မြင်ရာ၊ အိမ် ကျောင်း စရပ်တို့ကို မြင်ရာ၊ တုံး တိုင် သစ်ပင်တို့ကို မြင်ရာ၊ လူ မြင်း ကျွဲ နွားတို့ကို မြင်ရာ၊ ခွေး ဝက် ကြက် ငှက်တို့ကို မြင်ရာ၊ အလုံးစုံတို့ကို မြင်ရာတို့၌ ထိုနည်းအတူ သူ့အာရုံနှင့် သူ့ဝိညာဏ် အပိုင်းအပိုင်း ပြတ်၍သွားအောင် ရှုကြည့်လေ။

ဤကား စက္ခုဝိညာဏ်ကို ရှုကြည့်ရန်တည်း။

**သောတဝိညာဏ်၏ ဖြစ်ပျက်ကို ရှုမှတ်ပုံ။** ။သောတဝိညာဏ်ကို ရှုကြည့်ရန်ကား—

အသံ အမျိုးမျိုးတို့ကိုကြား၍နေရာ၌ နားက ကြားသည်မဟုတ်၊ သောတဝိညာဏ်ကသာ ကြား၏၊ ဤသောတဝိညာဏ်သည် နားထဲမှာ အမြဲတည်ရှိ၍ နေသည်မဟုတ်၊ သောတပသာဒရုပ်နှင့် သဒ္ဒါရုံ နှစ်ပါးစုံကိုစွဲ၍ဖြစ်၏၊ ဖြစ်ပြီးလျှင် ပျက်၏ဟု နှလုံးသွင်း၍ နားခေါင်းတွင်းမှာ ဉာဏ်နှင့်စိုက်၍ကြည့်။ ပိုးစုန်းကြူး၌ ဝင်းခနဲ ဝင်းခနဲ အရောင်ကို မြင်ရသကဲ့သို့ သောတဝိညာဏ်၏ ဖြစ်ပျက်မှုကို မြင်အောင် ရှုကြည့်လေ။

ဤကား တကြားတည်း ကြား၍နေရာ၌ ရှုကြည့်ရန်တည်း။

အာရုံပြောင်းလဲသည့်အခါ အာရုံနှင့်ပိုင်း၍ပိုင်း၍ ရှုကြည့်လေ။ ရှုကြည့်ရန်ကား— နားခေါင်းတွင်းမှာ ဉာဏ်နှင့်စိုက်၍ လူသံကိုကြားလျှင် ကြားရာတွင် ပျောက်သည်ဟု နှလုံးသွင်း၍ သောတဝိညာဏ်၏ ဖြစ်ပျက်မှုကို ပိုးစုန်းကြူးအရောင်ကို မြင်ရသကဲ့သို့ ဝင်းခနဲ ဝင်းခနဲ မြင်အောင်ကြည့်လေ။

ကျွဲသံ နွားသံ ခွေးသံ ဝက်သံ ကြက်သံ ငှက်သံတို့ကို ကြားရာ၊ ဆိုင်းသံ ပြောသံ ဗုံသံ နှဲသံတို့ကို ကြားရာ၊ မိုးသံ လေသံ

စိန်သံ အမြောက်သံတို့ကို ကြားရာ၊ ရိုက်သံ နှက်သံ တီးသံ ခတ်သံတို့ကို ကြားရာ၊ အလုံးစုံသော အသံတို့ကို ကြားရာတို့၌ ထိုနည်းအတူ သူ့အာရုံနှင့် သူ့ဝိညာဏ် အပိုင်းအပိုင်း ပြတ်၍ သွားအောင် ရှုကြည့်လေ။

ဤကား သောတဝိညာဏ်ကို ရှုကြည့်ရန်တည်း။

**ဃာနဝိညာဏ်၏ ဖြစ်ပျက်ကို ရှုမှတ်ပုံ**

ဃာနဝိညာဏ်ကို ရှုကြည့်ရန်ကား— အနံ့အမျိုးမျိုးတို့ကို နံ၍နေရာ၌ နှာခေါင်းက နံသည်မဟုတ်၊ ဃာနဝိညာဏ်ကသာ နံ၏။ ဤဃာနဝိညာဏ်သည် နှာခေါင်းတွင်းမှာ အမြဲတည်ရှိ၍ နေသည်မဟုတ်၊ ဃာန၌ ဂန္ဓာရုံ ထိခိုက်လာသည့်အခါ ဃာနပသာဒရုပ်နှင့် ဂန္ဓာရုံ နှစ်ပါးစုံကိုစွဲ၍ ဖြစ်၏။ ဖြစ်ပြီးလျှင် ပျက်၏ဟု နှလုံးသွင်း၍ နှာခေါင်းတွင်းမှာ ဉာဏ်နှင့်စိုက်၍ကြည့်။ ပိုးစုန်းကြူး၌ ဝင်းခနဲ ဝင်းခနဲအရောင်ကို မြင်ရသကဲ့သို့ ဃာနဝိညာဏ်၏ ဖြစ်ပျက်မှုကို မြင်အောင် ကြည့်လေ။

ဤကား တနံတည်း နံ၍နေရာ၌ ရှုကြည့်ရန်တည်း။

အာရုံပြောင်းလဲရာ၌ အာရုံနှင့် ပိုင်း၍ပိုင်း၍ ရှုကြည့်လေ။ ရှုကြည့်ရန်ကား—နှာခေါင်းတွင်းမှာ ဉာဏ်နှင့်စိုက်၍ ပန်းနံ့ကို နံလျှင် နံရာတွင် ပျောက်၏ဟု နှလုံးသွင်း၍ ဃာနဝိညာဏ်၏ ဖြစ်ပျက်မှုကို ပိုးစုန်းကြူးအရောင်ကို မြင်ရသကဲ့သို့ ဝင်းခနဲ ဝင်းခနဲ မြင်အောင်ကြည့်လေ။

ဒေါန သရဖီ နှင်းဆီနံ့တို့ကို နံရာ၊ ချရား စကားဝါ စူကာနံ့ တို့ကို နံရာ၊ ရေမွှေး နံ့သာ သနပ်ခါးနံ့တို့ကို နံရာ၊ လူနံ့ ခွေးနံ့ မစင်နံ့ နောက်ချေးနံ့တို့ကို နံရာ၊ ဆီညှော် ဖွဲညှော် အမှိုက်ညှော်

တို့ကို နံရာ၊ အပုပ်နံ့ အမွှေးနံ့ အလုံးစုံသော အနံ့တို့ကို နံရာတို့၌ ထိုနည်းအတူ သူ့အာရုံနှင့် သူ့ဝိညာဏ် အပိုင်းအပိုင်း ပြတ်၍ သွားအောင် ရှုကြည့်လေ။

ဤကား ဃာနဝိညာဏ်ကို ရှုကြည့်ရန်တည်း။

**ဇိဝှါဝိညာဏ်၏ဖြစ်ပျက်ကို ရှုမှတ်ပုံ။** ။ဇိဝှါဝိညာဏ်ကို ရှုကြည့်ရန်ကား— ရသာရုံ အမျိုးမျိုးတို့ကို စား၍နေရာ၌ လျှာက ချိုသည် ချဉ်သည် ဟု သိသည် မဟုတ်၊ ဇိဝှါဝိညာဏ်တွေ ဖြစ်ပေါ်သည့်အခါ ချိုသည် ချဉ်သည်ဟု သိရ၏။ ဤဇိဝှါဝိညာဏ်သည် လျှာမှာ အမြဲတည်ရှိ၍ နေသည် မဟုတ်၊ အချိုအချဉ်စသော ရသာရုံတို့ ထိခိုက်လာသည့်အခါ ဇိဝှါပသာဒရုပ်နှင့်ရသာရုံ နှစ်ပါးစုံကို စွဲ၍ဖြစ်၏။ ဖြစ်ပြီးလျှင် ပျက်၏ဟု နှလုံးသွင်း၍ လျှာအပြင်မှာ ဉာဏ်နှင့်စိုက်၍ ကြည့်။ ပိုးစုန်းကြူး၌ ဝင်းခနဲ ဝင်းခနဲ အရောင်ကို မြင်ရသကဲ့သို့ ဇိဝှါဝိညာဏ်၏ ဖြစ်ပျက်မှုကို မြင်အောင် ရှုကြည့်လေ။

ဤကား တချိုတည်း ချို၍နေရာ တချဉ်တည်း ချဉ်၍နေရာ၌ ရှုကြည့်ရန်တည်း။

အာရုံပြောင်းလဲလျှင် အာရုံနှင့် ပိုင်း၍ပိုင်း၍ ရှုကြည့်လေ။ ရှုကြည့်ရန်ကား— လျှာအပြင်မှာ ဉာဏ်နှင့်စိုက်၍ ချိုသည်ဟု သိလျှင် သိရာတွင် ပျောက်၏ဟု နှလုံးသွင်း၍ ပိုးစုန်းကြူး အရောင်ကို မြင်ရသကဲ့သို့ ဇိဝှါဝိညာဏ်၏ ဖြစ်ပျက်မှုကို ဝင်းခနဲ ဝင်းခနဲ မြင်အောင် ကြည့်လေ။

ဆိမ့်သည်ဟု သိရာ၊ ချဉ်သည်ဟု သိရာ၊ စပ်သည်ဟု သိရာ၊ ဖန်သည်ဟု သိရာ၊ ငန်သည်ဟု သိရာ၊ ခါးသည်ဟု သိရာ၊ အလုံး

စုံသော အရသာတို့ကို သိရာ၌ ထိုနည်းအတူ သူ့အာရုံနှင့် သူ့ဝိညာဏ် အပိုင်းအပိုင်း ပြတ်၍သွားအောင် ရှုကြည့်လေ။

ဤကား ဇိဝှါဝိညာဏ်ကို ရှုကြည့်ရန်တည်း။

**ကာယဝိညာဏ်၏ ဖြစ်ပျက်ကို ရှုမှတ်ပုံ**

ကာယဝိညာဏ်ကို ရှုကြည့်ရန်ကား— ကိုယ်၌ ဖောဋ္ဌဗ္ဗာရုံ အမျိုးမျိုးတို့ ထိခိုက်၍ ပူသည် အေးသည် စသည်ကို သိ၍ နေရာ၌ ကိုယ်က သိသည် မဟုတ်၊ ကာယဝိညာဏ်တွေ ဖြစ်ပေါ်သည့်အခါ ပူသည် အေးသည် စသည်ဖြင့် သိရ၏။ ဤ ကာယဝိညာဏ်သည် ကိုယ်ထဲမှာ အမြဲတည်ရှိ၍ နေသည် မဟုတ်၊ ကိုယ်၌ ဖောဋ္ဌဗ္ဗာရုံတို့ ထိခိုက်လာသည့်အခါ ကာယပသာဒရုပ်နှင့် ဖောဋ္ဌဗ္ဗာရုံ နှစ်ပါးစုံကို စွဲ၍ ဖြစ်၏။ ဖြစ်ပြီးလျှင် ပျက်၏ဟု နှလုံးသွင်း၍ ပူသည့်နေရာ-အေးသည့်နေရာမှာ ဉာဏ်နှင့်စိုက်၍ကြည့်။ ပိုးစုန်းကြူး၌ ဝင်းခနဲ ဝင်းခနဲ အရောင်ကို မြင်ရသကဲ့သို့ ကာယဝိညာဏ်၏ ဖြစ်ပျက်မှုကို မြင်အောင် ရှုကြည့်လေ။

ဤကား တပူတည်း ပူ၍နေရာ တအေးတည်း အေး၍နေရာ၌ ရှုကြည့်ရန်တည်း။

အာရုံပြောင်းလဲလျှင် အာရုံနှင့် ပိုင်း၍ပိုင်း၍ ရှုကြည့်လေ။ ရှုကြည့်ရန်ကား—ကိုယ်၌ ဖောဋ္ဌဗ္ဗာရုံ ထိခိုက်လာသည့် နေရာမှာ ဉာဏ်နှင့်စိုက်၍ ပူသည်ဟု သိလျှင် သိရာတွင် ပျောက်၏ဟု နှလုံးသွင်း၍ ပိုးစုန်းကြူးအရောင်ကို မြင်ရသကဲ့သို့ ကာယဝိညာဏ်၏ ဖြစ်ပျက်မှုကို ဝင်းခနဲ ဝင်းခနဲ မြင်အောင် ရှုကြည့်လေ။ အေးသည်ဟု သိလျှင် သိရာတွင် ပျောက်၏ဟု နှလုံး

သွင်း၍ ကာယဝိညာဉ်၏ ဖြစ်ပျက်မှုကို ဝင်းခနဲ ဝင်းခနဲ မြင်အောင် ရှုကြည့်လေ။

ပုဝါနှင့် ထိ၍ ထိသည်ဟု သိရာ၊ အင်္ကျီနှင့်ထိ၍ ထိသည်ဟု သိရာ၊ ပုဆိုးနှင့်ထိ၍ ထိသည်ဟု သိရာ၊ အဝတ်အမျိုးမျိုးနှင့် ထိ၍ ထိသည်ဟု သိရာ၊ အကာနှင့်ထိ၍ ထိသည်ဟု သိရာ၊ အခင်းနှင့်ထိ၍ ထိသည်ဟု သိရာ၊ တိုင်နှင့်ထိ၍ ထိသည်ဟု သိရာ၊ ဖျာနှင့်ထိ၍ ထိသည်ဟု သိရာ၊ ကြမ်းနှင့် ထိ၍ ထိသည်ဟု သိရာ၊ မြေနှင့်ထိ၍ ထိသည်ဟု သိရာ၊ ရေနှင့်ထိ၍ ထိသည်ဟု သိရာ၊ လူနှင့်ထိ၍ ထိသည်ဟု သိရာ၊ လက်နှင့်ထိ၍ ထိသည်ဟု သိရာ၊ ခြေနှင့်ထိ၍ ထိသည်ဟု သိရာ၊ အလုံးစုံတို့နှင့်ထိ၍ ထိသည်ဟု သိရာတို့၌ ထိုနည်းအတူ သူ့အာရုံနှင့် သူ့ဝိညာဏ် အပိုင်းအပိုင်း ပြတ်၍သွားအောင် ရှုကြည့်လေ။

ဤကား ကာယဝိညာဏ်ကို ရှုကြည့်ရန်တည်း။

**ဝေဒနာ၌ ဖြစ်ပျက်ကိုရှုမှတ်ပုံ။** ။ဖောဋ္ဌဗ္ဗာရုံ အမျိုးမျိုးတို့ ထိခိုက်လာရာ ဝေဒနာထင်ရှားသည့်အခါ ဝေဒနာကို အစွဲပြု၍ ရှုကြည့်ရာ၏။ ဝေဒနာကား အသီး အခြား ဖြစ်တော့သည်မဟုတ်။ ဤကာယဝိညာဏ်နှင့် အတူတကွဖြစ်သော ဓမ္မသဘောပေတည်း။ ထို့ကြောင့် ကာယဝိညာဏ်၏ ဖြစ်ပျက်မှုကို မြင်လျှင် ဝေဒနာ၏ ဖြစ်ပျက်မှုကိုလည်း မြင်လေတော့၏။ ဝေဒနာ၏ ဖြစ်ပျက်မှုကို မြင်လျှင် ကာယဝိညာဏ်၏ ဖြစ်ပျက်မှုကိုလည်း မြင်လေတော့၏။

ဝေဒနာကို ရှုကြည့်ရန်ကား— ဖောဋ္ဌဗ္ဗာရုံ အမျိုးမျိုးတို့ ထိခိုက်လာသည့်အခါ ယားသည်၊ နာသည်၊ ပူသည်၊ အေးသည် စသည်တို့ ဖြစ်လာရာ၌ ကိုယ်က ယားသည်၊ ကိုယ်က နာသည်၊

လက်က ပူသည်၊ ခြေက အေးသည်မဟုတ်၊ ဝေဒနာ၏ သဘော တွေသာ ဖြစ်ကုန်၏၊ ဤဝေဒနာသည် ကိုယ်ထဲမှာ အမြဲတည်ရှိ၍ နေသည်မဟုတ်၊ ဖောဋ္ဌဗ္ဗာရုံ ထိခိုက်သည့်အခါ ဖြစ်ပေါ်လာ၏၊ ဖြစ်ပြီးလျှင် ပျက်၏ဟု နှလုံးသွင်း၍ ယားသည့်နေရာ နာသည့် နေရာ စသည်မှာ ဉာဏ်နှင့်စိုက်၍ကြည့်၊ ပိုးစုန်းကြူး၌ ဝင်းခနဲ ဝင်းခနဲ အရောင်ကို မြင်ရသကဲ့သို့ ဝေဒနာ၏ ဖြစ်ပျက်မှုကို မြင်အောင် ရှုကြည့်လေ။

ဤကား တယားတည်း ယား၍နေရာ၊ တနာတည်း နာ၍နေ ရာတို့၌ ရှုကြည့်ရန်တည်း။

အာရုံပြောင်းလဲလျှင် အာရုံနှင့်ပိုင်း၍ပိုင်း၍ ရှုကြည့်လေ။ ရှုကြည့်ရန်ကား— ခြင်ကိုက်၍ ယားသည့်နေရာမှာ ဉာဏ်နှင့် စိုက်၍ ယားလျှင် ယားရာတွင် ပျောက်၏ဟု နှလုံးသွင်း၍ ပိုး စုန်းကြူးအရောင်ကို မြင်ရသကဲ့သို့ ဝေဒနာဖြစ်ပျက်မှုကို မြင် အောင် ကြည့်လေ။

သန်းကိုက်၍ ယားရာ၊ ကြမ်းပိုး ကိုက်၍ ယားရာ၊ အလုံးစုံ ထိခိုက်၍ ယားရာတို့၌ ထိုနည်းအတူ ကြည့်လေ။

ခလုတ်တိုက်၍နာရာ၊ ထိခိုက်မိ၍နာရာ၊ တုတ်နှင့်ရိုက်၍ နာ ရာ၊ ဆူးစူး၍နာရာ၊ တစုံတခုသော ဝတ္ထုနှင့် ထိ၍နာရာ၊ အောင့်ရာ၊ ကျင်ရာတို့၌ ထိုနည်းအတူ ကြည့်လေ။

နေပူနှင့် ထိ၍ပူရာ၊ မီးရှိန်နှင့် ထိ၍ပူရာ၊ ရေနှင့်လောင်း၍ အေးရာ၊ ဆောင်းအခါ ခိုက်ခိုက်တုန်ချမ်းရာတို့၌ ရေလှိုင်းကြီး တွေ ဖွေးခနဲ ဖွေးခနဲ မြင်ရသကဲ့သို့ ဝေဒနာ၏ ဖြစ်ပျက်မှုတွေကို ဦးခေါင်းမှာ၊ ကျောမှာ၊ ပေါင်မှာ၊ တကိုယ်လုံးမှာ ဖွေးခနဲ ဖွေးခနဲ မြင်အောင်ကြည့်လေ။

အတွင်းခေါတ်သားချင်း ထိခိုက်၍ ဦးခေါင်းထဲမှာ၊ ကိုယ်ထဲမှာ၊ လက်မောင်းထဲ၊ ပေါင်ထဲ၊ ခြေသလုံးထဲ၊ ခြေဘဝါးထဲမှာ ယားသည်၊ နာသည်၊ အောင့်သည်၊ ကျင်သည် စသည် ဖြစ်လာသည့်အခါ ဝေဒနာ၏ ဖြစ်ပျက်မှုတွေကို ဖွေးခနဲ ဖွေးခနဲ မြင်အောင်ကြည့်လေ။

ဤကား ဝေဒနာကို ရှုကြည့်ရန်တည်း။

**မနောဝိညာဏ်၌ ဖြစ်ပျက်ကိုရှုမှတ်ပုံ။** ။မနောဝိညာဏ်ကို ရှုကြည့်ရန်ကား—

မနောအကြည်၌ အာရုံခြောက်ပါးတို့တွင် အမှတ်မရှိသော တခုခုသောအာရုံသည် ထင်လာသည့်အခါ သိခြင်းအမျိုးမျိုး၊ မှတ်ခြင်းအမျိုးမျိုး၊ ကြံခြင်းအမျိုးမျိုး၊ နှလုံးသွင်းခြင်းအမျိုးမျိုး၊ လိုချင်ခြင်း အမျိုးမျိုးတို့ ဖြစ်ပေါ်လာကုန်၏။ ဤသို့ ဖြစ်ပေါ်လာကုန်သော မနောဝိညာဏ်တို့သည် ဗိုက်ထဲ ရင်ခေါင်းထဲမှာ အမြဲတည်ရှိ၍ နေကြကုန်သည် မဟုတ်ကုန်၊ မနောနှင့် ဓမ္မာရုံ နှစ်ပါးစုံကို စွဲ၍ ဖြစ်၏။ ဖြစ်ပြီးလျှင် ပျက်၏ဟု နှလုံးသွင်း၍ နှလုံးသွေးမှာ ဉာဏ်နှင့်စိုက်၍ကြည့်၊ ပိုးစုန်းကြူး၌ ဝင်းခနဲ ဝင်းခနဲ အရောင်ကို မြင်ရသကဲ့သို့ မနောဝိညာဏ်၏ ဖြစ်ပျက်မှုတွေကို မြင်အောင် ရှုကြည့်လေ။

အာရုံပြောင်းလဲလျှင် သူ့အာရုံနှင့် သူ့ဝိညာဏ် အပိုင်းအပိုင်း ပြတ်၍သွားအောင် ရှုကြည့်လေ။ ။ရှုကြည့်ရန်ကား— သိခြင်း၊ မှတ်ခြင်း၊ လိုချင်ခြင်းစသော မနောဝိညာဏ် ဖြစ်ပေါ်လာသည့်အခါ နှလုံးသွေးမှာ ဉာဏ်နှင့်စိုက်၍ ထိုထိုဓမ္မာရုံကို သိလျှင် သိရာတွင် ပျောက်၏ဟု နှလုံးသွင်း၍ မနောဝိညာဏ်၏ ဖြစ်ပျက်မှုကို ပိုးစုန်းကြူး အရောင်ကို မြင်ရသကဲ့သို့ ဝင်းခနဲ ဝင်းခနဲ မြင်အောင် ရှုကြည့်လေ။

ရူပါရုံကို လိုချင်အောက်မေ့ကြံတွေးသိသော မနောဝိညာဏ်သည် ထိုရူပါရုံတွင် ချုပ်၏။ သဒ္ဒါရုံကိုဝင်း၊ ဂန္ဓာရုံကိုဝင်း၊ ရသာရုံကိုဝင်း၊ ဖောဋ္ဌဗ္ဗာရုံကိုဝင်း လိုချင်အောက်မေ့ကြံတွေး သိသော မနောဝိညာဏ်သည် ထိုထိုအာရုံတွင် ချုပ်၏။ ဓမ္မာရုံကို ကြံတွေးစိတ်ကူး အထူးထူး အထွေထွေသိသော မနောဝိညာဏ်သည် ထိုထိုဓမ္မာရုံတွင် ချုပ်၏။

လူကို ကြံတွေးစိတ်ကူး အထူးထူး အထွေထွေ သိသော မနောဝိညာဏ်သည် ထိုလူတွင် ချုပ်၏။ နတ်ကိုဝင်း၊ ဗြဟ္မာကိုဝင်း၊ သတ္တဝါကိုဝင်း၊ ခွေး ဝက် ကြက် ငှက်တို့ကိုဝင်း ကြံတွေး စိတ်ကူး အထူးထူး အထွေထွေ သိသော မနောဝိညာဏ်သည် ထိုထိုဝတ္ထုအာရုံတွင် ချုပ်၏။

မြေကို ကြံတွေးစိတ်ကူး အထူးထူး အထွေထွေသိသော မနောဝိညာဏ်သည် ထိုမြေတွင် ချုပ်၏။ ရေကိုဝင်း၊ တောတောင် သမုဒ္ဒရာတို့ကိုဝင်း၊ တံး တိုင် သစ်ပင် မြင်မြင်သမျှသော ရုပ်တုံး ရုပ်ခဲတို့ကိုဝင်း၊ အလုံးစုံသော ဝတ္ထုအာရုံတို့ကိုဝင်း ကြံတွေးစိတ်ကူး အထူးထူး အထွေထွေ သိသော မနောဝိညာဏ်သည် ထိုထိုဝတ္ထုအာရုံတွင် ချုပ်၏ဟု နှလုံးသွင်း၍ ရှေးနည်း အတူ မြင်အောင် ရှုကြည့်လေ။

ဤကား မနောဝိညာဏ်ကို ရှုကြည့်ရန်တည်း။

**ခက်ဆစ်ရှင်းလင်းချက်။** ။စောဒနာရန်ရှိသည်ကား—ရုပ်နာမ် တို့မည်သည် အထည်ဒြပ်သဏ္ဌာန်ဟူ၍ အကာုမြူမျှ မရှိကြကုန်။ ဤသို့ဖြစ်ပါလျက်နှင့် အဘယ့်ကြောင့် မီးခိုးလုံးကြီးကဲ့သို့ဝင်း၊ ပိုးစုန်းကြူးအရောင်ကဲ့သို့ဝင်း ဥပမာ တင်၍ ထင်မြင်အောင် ရှုကြည့်ရသနည်း ဟူမူကား— ဒြပ် သဏ္ဌာန် ထင်ရှားမရှိသော်လည်း ယောဂီပုဂ္ဂိုလ်၏ ဉာဏ်၌

ထင်ရှားစွာ ထင်ချက် မြင်ချက် ရအောင် ရှုကြည့်ရလေ၏။ မြတ်စွာဘုရားလည်း "ဖေဏပိဏ္ဍူပမံ ရူပံ" စသည်ကိုရင်း၊ "ယထာ ပုဗ္ဗုဠကံ ပဿေ။ ယထာ ပဿေ မရီစိကံ" စသည်ကိုရင်း ဟောတော်မူ၏။

အနိစ္စမြင်လျှင် အနတ္တမြင်ခြင်း။ ။ဤသို့ ပြဆိုခဲ့ပြီးသည်နှင့် အညီ ရုပ် နာမ် နှစ်ပါးတို့၏ မမြဲသော အနိစ္စလက္ခဏာကို ကောင်းစွာမြင်သည့်ရှိသော် ငါမဟုတ်၊ ကိုယ်မဟုတ်သော အနတ္တလက္ခဏာကိုလည်း အလိုလိုမြင်လေတော့၏။

ထို့ကြောင့် နဝင်္ဂုတ္တရပါဠိတော်၌[၁]—

အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ၊
အနတ္တသညိနော[၂] အသ္မိမာနော သမုဂ္ဃါတံ ပါပုဏာတိ
ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ—

ဟူ၍ ဟောတော်မူ၏။

မေဃိယ၊ ချစ်သားမေဃိယ။ အနိစ္စသညိနော၊ နာမ် ရုပ်ကို အနိစ္စဟု မှတ်ထင်သောသူအား။ အနတ္တသညာ၊ အနတ္တဟု မှတ်ထင်မှုသည်။ သဏ္ဌာတိ၊ အလိုလိုတည်လာ၏။ အနတ္တသညိနော၊ နာမ်ရုပ်ကို အနတ္တဟု မှတ်ထင်သောသူအား။ အသ္မိမာနော၊ ငါ ငါဟု စွဲလမ်းသောမာနသည်။ သမုဂ္ဃါတံ၊ တစတစ ပျက်စီးခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။ ဒိဋ္ဌေဝ ဓမ္မေ၊ ယခု မျက်မှောက်ဘဝ၌။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏာတိ၊ ရောက်၏။

အနတ္တလက္ခဏာကို နောက်ပဋ္ဌမပိုင်းက ပြဆိုခဲ့ပြီ။

---

၁။ အင်္ဂုတ္တိုရ်ပါဠိတော် တတိယတွဲ မေဃိယသုတ်၊ နှာ-၁၆၉။

၂။ ဆဋ္ဌမူ၌ အနတ္တသညီဟု ရှိသည်၊ နာမ်ရုပ်ကို အနတ္တဟု မှတ်ထင်ခြင်းရှိသည်ဖြစ်၍ပေး။

ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့၌ မမြဲသော အနိစ္စလက္ခဏာကို ကောင်းမွန်စွာ ထင်မြင်ခဲ့သည်ရှိသော် အစိုးမရ အလိုသို့ မလိုက် အနှစ်သာရမရှိ ငါနှင့်မဆိုင် ကိုယ်ပိုင်မဟုတ်၊ သူတပါး လည်း မပိုင် အရှင်မရှိသော သူတပါး သက်သက်မျှသာ ဖြစ်၏။ ငါမဟုတ် ကိုယ်မဟုတ် အနတ္တတရား အစုကြီးပါတကားဟု အလိုလို ထင်မြင်လာရာ၏။ ငါမဟုတ် ကိုယ်မဟုတ် ဓာတ်စု ဓာတ်ခဲကြီးသာ ဖြစ်သည်ဟု ထင်မြင်ခဲ့လျှင် ငါ ငါဟု စွဲလမ်းသော မာနသည် တစတစပြုတ်၍ ယခုမျက်မှောက်ဘဝ၌ပင် နိဗ္ဗာန်သို့ ရောက်နိုင်လေကုန်၏။

ထို့ကြောင့် နိဗ္ဗာန်သို့ ရောက်လိုကြသော သူတော်ကောင်း အပေါင်းတို့သည် ဝိပဿနာတရားကို ပွါးများအားထုတ်ကုန် ရာသတည်း။

## ဥဒယဗ္ဗယဉာဏ် အရေးကြီးပုံ

ဤပြဆိုခဲ့ပြီးသော ဝိပဿနာရှုနည်းကို တွေ့မြင်ရ၍ ဝိပဿ-နာအလုပ်ကို အားမထုတ်တတ်သေးလျှင် ဤဘဝမှာ အားထုတ် တတ်လိမ့် ဦးမည်ဟု ထင်စားဘို့ မရှိတော့ပြီ။ ။ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့မှာ ဤဥဒယဗ္ဗယဉာဏ် နေရာတကျဖြစ်အောင် အားကြီး လိုလှတော့၏။ ဥဒယဗ္ဗယဉာဏ် နေရာမကျလျှင် နွေခေါင်ခေါင်တွင် မီးလောင်သော သစ်ပင်ကဲ့သို့ ဝိပဿနာ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်သည် ခြောက်သွေ့သွေ့ နေတတ်သည်။ ထို့ကြောင့် ဥဒယဗ္ဗယဉာဏ်ကို နေရာကျအောင် အားထုတ် အပ်၏။

ဥဒယဗ္ဗယဉာဏ်ကို ပြဆိုခန်း ပြီး၏။

## ၃၁-ဘင်္ဂညာဏ်ကို ပြဆိုခန်း

တဿ ဧဝံ ဥပ္ပဇ္ဇိတွာ ဧဝံ နာမ သင်္ခါရဂတံ နိရုဇ္ဈ
တီတိ ပဿတော ကေသ္မိံ ဌာနေ ဘင်္ဂါနုပဿနံ နာမ
ဝိပဿနာဉာဏံ ဥပ္ပဇ္ဇတိ။ ။ဝိသုဒ္ဓိမဂ်[၁]။

ဧဝံ၊ ဤသို့။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ ဧဝံ နာမ၊ ဤမည်သော။ သင်္ခါရဂတံ၊ သင်္ခါရတရားအစုသည်။ နိရုဇ္ဈတိ၊ ချုပ်၏။ ဣတိ၊ ဤသို့။ ပဿတော၊ ရှုသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ ကေသ္မိံ ဌာနေ၊ တခုသောအရာ၌။ ဘင်္ဂါနုပဿနံ နာမ၊ အပျက်ကို ရှုသည်မည်သော ဝိပဿနာဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

**ဘင်္ဂညာဏ်၏ သဘော။** ။ဘင်္ဂညာဏ် ဆိုသည်ကား—အဖြစ်ကို လွှတ်ထား၍ အပျက် သက်သက်ကို ရှုသော ဉာဏ်ပေတည်း။

ရှုကြည့်ပုံကား—

ဥဒယဗ္ဗယဉာဏ်အခန်း၌ အပျက် သက်သက် ရှုကြည့်ပုံကို ကျယ်ဝန်းစွာ ပြဆိုခဲ့ပြီ။ ထိုဥဒယဗ္ဗယဉာဏ် အခန်းက အပျက် သက်သက်ရှုကြည့်ပုံကို ပြဆိုသည့်အတိုင်း ရှုကြည့်လေ။ ဤ၌ အနည်းငယ်မျှကိုသာ ပြဆိုတော့အံ့။

**ရုပ်ကိုရှုပုံ။** ။ရှေးနည်းအတူ သဏ္ဌာနပညတ်၊ သန္တတိပညတ် တို့ကို ဉာဏ်နှင့် မှတ်လွှင့်၍ ဦးခေါင်း ခြေ လက် ပေါင်နှစ်ဘက်စသော ကိုယ်အင်္ဂါတို့သည်ကား အမာအခဲ အမြဲ

---

၁။ ဝိသုဒ္ဓိမဂ်၊ဒုတိယတွဲ ဘင်္ဂါနုပဿနာဉာဏကထာ၊ နှာ-၂၇၇။

တည်ရှိ၍ နေကြကုန်သည် မဟုတ်ကုန်၊ အကြောင်းအား လျော်စွာ ဖြစ်ပျက်၍ နေကြကုန်သော သဘောလုံးကြီး သဘောတုံးကြီးသာ ဖြစ်ကုန်၏ဟု နှလုံးသွင်း၍ ခန္ဓာကိုယ်ကြီးကို ဉာဏ်နှင့်စိုက်၍ကြည့်။

ကြည့်ပုံကား—

အပေါ်၌တင်ထားသော သဲအိတ်ကြီးမှ အောက်သို့ ဖျက် ဖျက် ဖျက်ဖျက် ကျ၍ နေသည်ကို မြင်ရသကဲ့သို့ ဦးခေါင်းက စ၍ ခြေဘဝါးထိ ခြေဘဝါးကစ၍ ဦးခေါင်းထိ ရုပ်၏ ပျက်မှုတွေကို မြင်အောင်ကြည့်။ စကြိုလျှောက်သကဲ့သို့ ဉာဏ်နှင့် လူးလာဆန့်ခတ် အပြန်ပြန် အလှန်လှန် ကြည့်လေ။

ကိုယ့်သဏ္ဌာန်၊ သူတပါးသဏ္ဌာန် သက်ရှိသက်မဲ့ ဖြစ်ပျက်၍ နေကုန်သော ရုပ်တုံး ရုပ်ခဲ အမျိုးမျိုးတို့ကိုလည်း ထိုနည်းအတူ မြင်အောင်ကြည့်လေ။ အလုံးစုံသော ရုပ်ဟူသမျှတို့သည် မမြဲသော အနိစ္စတရားသာ ဖြစ်ကုန်သည်ဟု နှလုံးသွင်း၍ ဉာဏ်နှင့် ကြည့်။ နံရံပေါက်၌ နေရောင် ဝင်နေသည့်အခါ ရွရွ ရွရွ မြင်ရသော မှုန်မှုန်ကလေးတွေကဲ့သို့ မြင်မြင်သမျှ ရုပ်တုံးရုပ်ခဲတို့၏ ပျက်မှု ချုပ်မှုတွေကို ရွရွ ရွရွ မြင်အောင်ကြည့်လေ။

ဤကား ရုပ်တို့၏ ပျက်မှုကို ရှုကြည့်ဘို့ရန်တည်း။

**နာမ်ကို ရှုပုံ။** ။နာမ်၏ ပျက်မှုကို ရှုကြည့်ရန်ကား— မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ သိခြင်း၊ မှတ်ခြင်းစသော နာမ်တရားတို့သည်လည်း အမြဲတည်ရှိ၍ နေကြကုန်သည် မဟုတ်ကုန်။ အကြောင်းအားလျော်စွာ ဆိုင်ရာဆိုင်ရာ အသီးအသီး ဖြစ်ပျက်၍ နေကြကုန်၏ဟု နှလုံးသွင်း၍ ခြောက်ဒွါရမှာ အသီးသီး ဉာဏ်နှင့်စိုက်၍ကြည့်။ မိုးရွာတုန်း

အခါ ကန်ရေအပြင် မြစ်ရေအပြင်တို့၌ သူ့ရေပေါက်နှင့် သူ့ရေပွက် သူ့ရေပေါက်နှင့် သူ့ရေပွက် တဖွားဖွား ပျက်၍နေသည်ကို မြင်ရသကဲ့သို့ နာမ်၏ ပျက်မှုတွေကို သူ့အာရုံနှင့် သူ့ဝိညာဏ် သူ့အာရုံနှင့် သူ့ဝိညာဏ် အပိုင်းအပိုင်းပြတ်၍ သွားအောင် ကြည့်လေ။

ဤကား နာမ်၏ပျက်မှုကို ရှုကြည့်ဘို့ရန် အကျဉ်းမျှ ပြချက်တည်း။

စတုတ္ထပိုင်း[၁]က ပြဆိုခဲ့ပြီးသည့် အတိုင်း ဒုက္ခလက္ခဏာကို ကောင်းစွာ ထင်မြင်အောင် ရှုကြည့်လေ။

ပဉ္စမပိုင်း[၂]က ပြဆိုခဲ့ပြီးသည့်အတိုင်း အနတ္တလက္ခဏာကိုလည်း ကောင်းစွာ ထင်မြင်အောင် ရှုကြည့်လေ။

**လက္ခဏာတပါးမြင်လျှင် ၃-ပါးထင်။** ။ထိုသုံးပါးတို့တွင် မမြဲသော အနိစ္စလက္ခဏာကို နေရာတကျ သိမြင်လျှင် ကြွင်းသော လက္ခဏာတို့ကိုလည်း အလိုလို ထင်မြင်လာလေတော့၏။

ထို့ကြောင့် နဝင်္ဂုတ္တရအဋ္ဌကထာ၌[၃]—

> အနိစ္စလက္ခဏေ ဒိဋ္ဌေ အနတ္တလက္ခဏံ ဒိဋ္ဌမေဝ ဟောတိ။ ဧတေသု ဟိ တီသု လက္ခဏေသု ဧကသ္မိံ ဒိဋ္ဌေ ဣတရဒ္ဝယံ ဒိဋ္ဌမေဝ ဟောတိ—

ဟူ၍ ဖွင့်ဆိုတော်မူ၏။

---

၁။ ဤကျမ်း၊ နှာ-၁၀၅-၁၃၀။
၂။ ဤကျမ်း၊ နှာ-၁၃၉-၁၅၄။
၃။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ တတိယတွဲ၊ သမ္ဗောဓိသုတ်အဖွင့်၊ နှာ-၂၅၀။

အနိစ္စလက္ခဏာ၊ အနိစ္စလက္ခဏာကို။ ဒိဋ္ဌေ၊ မြင်သည်ရှိသော်။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာကို။ ဒိဋ္ဌမေဝ၊ မြင်တော့သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ သင့်စွ။ ဧတေသု တီသု လက္ခဏေသု၊ ထိုသုံးပါးသော လက္ခဏာတို့တွင်။ ဧကသ္မိံ၊ တပါးပါးသော လက္ခဏာကို။ ဒိဋ္ဌေ၊ မြင်သည်ရှိသော်။ ဣတရဒွယံ၊ ဤမှကြွင်းသော လက္ခဏာ နှစ်ပါးကို။ ဒိဋ္ဌမေဝ၊ မြင်တော့သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ထိုသုံးပါးသော လက္ခဏာတို့တွင် အနိစ္စလက္ခဏာကို နေရာတကျ ထင်မြင်အောင် အားကြီးလိုလှတော့၏။ နာမ်ရုပ်၏ သဘာဝဓမ္မကို နေရာတကျ သိမြင်မှသာလျှင် နာမ်ရုပ်၏ အနိစ္စကို နေရာတကျရှုကြည့်တတ်သည်။

ရှုကြည့်ပုံကို အကျဉ်းချုပ်မှတ်ဘို့ရန်ကား— နာမ်ရုပ်နှစ်ပါးတို့၏ သဘာဝဓမ္မကို လက်ကိုင်ထား၍ ဉာဏ်သွားသလောက် အမျိုးမျိုးကြံဖန်၍ ရှုကြည့်လေ။ နာမ်ရုပ်၏ ဖြစ်ပျက်မှုကို ထင်မြင်လျှင် ပြီးစီးတော့၏။ မမြင်လျှင် ဘယ်လိုပင် ရှုကြည့်သော်လည်း နည်းလမ်းမကျသေးသည်ဟု မှတ်လေ။

ဘင်္ဂဉာဏ်ကို ပြဆိုခန်း ပြီး၏။

## ၃၂-ဝိပဿနာအလယ်ဉာဏ် ၃-ပါးကို ပြဆိုခန်း

**ဘယဉာဏ်၏သဘော။** ။ဘယဉာဏ် ဆိုသည်ကား — အလုံးစုံသော သင်္ခါရတရားတို့၌ ကြောက်ဘွယ် လန့်ဘွယ်ကြီးဟု ထင်မြင်သော ဉာဏ်ပေတည်း။

ကြောက်ဘွယ်ကြီးထင်ပုံကား လောက၌ တစ္ဆေကြောက်သကဲ့သို့ ဒေါမနဿအကြောက်မျိုး မဟုတ်။ နာမ်ရုပ်နှစ်ပါးတို့၏ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ဖြစ်သော အပြစ်တွေကို မြင်၍ သင်္ခါရတရားတို့ကို ကြောက်စရာကြီးပါတကားဟု ထင်မှု မြင်မှုပေတည်း။ ထို့ကြောင့်—

ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေ ဉာဏံ[၁]၊ ကြောက်ဘွယ်ထင်သော ပညာသည် အပြစ်ကို ရှုသောဉာဏ်မည်၏ဟု ဟောတော်မူ၏။

**အာဒီနဝဉာဏ်၏သဘော။** ။အာဒီနဝဉာဏ်ဆိုသည်ကား— အလုံးစုံသော သင်္ခါရ တရားတို့၏ အပြစ်ကို ရှုသောဉာဏ်ပေတည်း။ ရှုပုံကား—နွားသွားလျှင် လှည်းဘီး အမြဲလည်၍ လိုက်သကဲ့သို့ နာမ်ရုပ်နှစ်ပါး ထင်ရှားဖြစ်ပေါ်လျှင် အပြစ် အမြဲပါ၍ လိုက်၏။ ခန္ဓာငါးပါးသည် သူသတ်ယောက်ျား ငါးယောက်နှင့် တူသည်ဟု စသည်ဖြင့် ရုပ်၏ အပြစ် နာမ်၏အပြစ်ကို ရှု၏။

**နိဗ္ဗိဒါဉာဏ်၏သဘော။** ။နိဗ္ဗိဒါဉာဏ် ဆိုသည်ကား—သင်္ခါရ တရားတို့၌ ငြီးငွေ့ဘွယ်ကြီးဟုရှုသော ဉာဏ်ပေတည်း။ ရှုပုံကား— နာမ်ရုပ်နှစ်ပါးတို့၏ ဘေးဒုက္ခ

---

၁။ ပဋိသမ္ဘိဒါမဂ်၊ နှာ-၅၆။

အပြစ်တွေကို မြင်၍ ပျော်ရွှင်စရာမရှိ၊ ပျင်းရိခြောက်သွေ့ ငြီးငွေ့ဘို့ရာသာ ဖြစ်၏။ ငြီးငွေ့စရာတွေပါတကားဟု ရှု၏။

ကြောက်ဘွယ်ဟု ထင်လျှင် အပြစ်ကိုလည်း မြင်လေတော့၏။ အပြစ်ကိုမြင်လျှင် ငြီးငွေ့ခြင်း ဖြစ်လေတော့၏။

**ဥ-မည်ရဉာဏ်။** ။ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌[၁]—

ဘယတုပဋ္ဌာနံ ဧကမေဝ တီဏိ နာမာနိ လဘတိ။

ကြောက်ဘွယ် ထင်သော တခုသော ဘယဉာဏ်သည် ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်ဟူသော သုံးပါးသော အမည်တို့ကို ရ၏ဟု ရှေးဆရာတို့ အဆိုကိုပြ၏။

**ဆေးဆရာပုံဟာန် ရှုမြင်ရန်။** ။ဥပမာကား— အလွန်စည်ကားသော မြို့ကြီးတခုရှိ၏။ အစိမ်းသုရဲ ဘီလူးတို့နှိပ်စက်၍ ထိုမြို့သူမြို့သားတို့သည် အမျိုးမျိုးသော ရောဂါဖြစ်၍ အမျိုးမျိုး သေဆုံးကြကုန်၏။ ထိုမြို့၌နေသော ဆေးဆရာကြီး တယောက်သည် မျက်လုံးကို ဆေးသုတ်၍ ကြည့်ရှုရာ ထိုအမှုတွေကိုမြင်၍ အလွန်ကြောက်လန့်၏။ သေကျေ ပျက်စီးလတ္တံ့သော အပြစ်တွေကိုလည်း များစွာမြင်၏။ ထိုမြို့၌ ပျော်ရွှင်ခြင်း မရှိ၊ ငြီးငွေ့ခြင်း ဖြစ်လေ၏။

ဤဥပမာ၌ ဝိပဿနာယောဂီပုဂ္ဂိုလ်သည် ဆေးဆရာကြီးနှင့် တူ၏။

နာမ်ရုပ်တို့သည် မြို့သူမြို့သားတို့နှင့် တူကုန်၏။

လက္ခဏာရေး သုံးပါးတို့သည် အစိမ်း သုရဲ ဘီလူးတို့နှင့် တူကုန်၏။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊ နှာ-၂၀၀။

နာမ်ရုပ်နှစ်ပါးတို့၏ ဘေးဒုက္ခ အပြစ်တို့သည် ထိုရောဂါတွေနှင့် တူကုန်၏။

ဝိပဿနာ ယောဂီပုဂ္ဂိုလ်အား နာမ်ရုပ်၌ လက္ခဏာရေးသုံးပါးကို ထင်ရှားစွာ မြင်သည့်အခါ သင်္ခါရတရားတို့၌ ကြောက်စရာကြီးတွေပါတကားဟု ထင်သော ဘယဉာဏ်ဖြစ်လာ၏။

ဤဘယဉာဏ် ဖြစ်လာသည့်အခါ ထိုသင်္ခါရတရားတို့၌ ကြောက်ဘွယ်ကောင်းသော ဘေးဒုက္ခ တရားတွေပါတကားဟု အပြစ်တွေကို ရှုသော အာဒီနဝဉာဏ်လည်း ဖြစ်လာလေတော့၏။

ဤ အာဒီနဝဉာဏ် ဖြစ်လာသည့်အခါ ထိုသင်္ခါရတရားတို့၌ ပျော်ရွှင်စရာမရှိ၊ ပျင်းရိခြောက်သွေ့ ငြီးငွေ့စရာ တရားတွေပါတကားဟု ရှုသော နိဗ္ဗိဒါဉာဏ်လည်း ဖြစ်လာလေတော့၏။

ဤဉာဏ်သုံးပါးတို့သည် အနက်အားဖြင့် တူကြကုန်၏။ သဒ္ဒါမျှသာ ထူးကြကုန်၏။ ထို့ကြောင့်—

ယာ စ ဘယတုပဋ္ဌာနေ ပညာ၊ ယဉ္စ အာဒီနဝေ ဉာဏံ၊ ယာ စ နိဗ္ဗိဒါ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇန-မေဝ နာနံ[၁]—

ဟူ၍ ဟောတော်မူ၏။

ဘယတုပဋ္ဌာနေ၊ ကြောက်အပ်သောအားဖြင့် ထင်ခြင်း၌။ ယာ စ ပညာ၊ အကြင်ပညာသည်ရှိ၏။ အာဒီနဝေ၊ အပြစ်ကို

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ဝိမောက္ခကထာ၊ နှာ-၂၅၉။

ရှုခြင်း၌။ ယဥ္စ ဉာဏံ၊ အကြင်ဉာဏ်သည်ရှင်း။ ယာ စ နိဗ္ဗိဒါ၊ အကြင် နိဗ္ဗိဒါပညာသည်ရှင်း။ အတ္ထိ၊ ရှိ၏။ ဣမေ ဓမ္မာ၊ ဤသုံးပါးသော တရားတို့သည်။ ဧကတ္ထာ၊ တူသောအနက်ရှိကြကုန်၏။ ဗျဉ္ဇနမေဝ၊ သဒ္ဒါမျှသည်သာလျှင်။ နာနံ၊ ထူးတော့သည်။

အလယ်ဉာဏ်သုံးပါးကို ပြဆိုခန်း ပြီး၏။

## ၃၃-နောက်ဉာဏ် ၄-ပါးကို ပြဆိုခန်း

**မုဥ္စိတုကမျတာဉာဏ်၏ သဘော။** ။မုဥ္စိတုကမျတာဉာဏ် ဆိုသည်ကား —— အလုံးစုံသော သင်္ခါရတရားတို့မှ လွတ်ခြင်းငှါ အလိုရှိသော ဉာဏ်ပေတည်း။

အလိုရှိပုံကား—မြေခံတွင်း၌ မိလျက်နေသော ဖားသူငယ်သည် သေရမည့် ဘေးအပြစ်ကိုမြင်၍ လွတ်ခြင်းငှါ လွန်စွာအလိုရှိသကဲ့သို့ နာမ်ရုပ်တို့၏ ဘေးဒုက္ခ အပြစ်တွေကို မြင်၍ သံသရာ၌ ငြီးငွေ့သည်ဖြစ်၍ သံသရာဝဋ်ဒုက္ခမှ ထွက်ခြင်းငှါ လွန်စွာအလိုရှိလေ၏။

**ပဋိသင်္ခါဉာဏ်၏သဘော။** ။ပဋိသင်္ခါဉာဏ် ဆိုသည်ကား— သင်္ခါရ ဓမ္မကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု သိ၍ ရှုသဖြင့် အားတိုက်ဖိစီး၍ ရှုသောဉာဏ်ပေတည်း။ ရှုပုံကား—သူဌေးကြီး တယောက်သည် သူခိုးဓားပြတွေ နေ့စဉ်နှိပ်စက် ဖျက်ဆီး၍ နေသောကြောင့် မိမိရပ်ရွာ၌ ငြီးငွေ့သည်ဖြစ်၍ ထိုသူခိုးဓားပြတို့ နေ့စဉ်နှိပ်စက်၍ နေသော မိမိရပ်ရွာမှ ကင်းဝေးခြင်း အကျိုးငှါ ရိက္ခာများစွာနှင့် မြန်စွာ ထွက်ပြေးလေသကဲ့သို့ ထိုနည်းအတူ ဝိပဿနာယောဂီပုဂ္ဂိုလ်သည် ဇာတိ ဇရာ ဗျာဓိ မရဏ စသော ဘေးတွေ နေ့စဉ်နှိပ်စက်၍ နေသောကြောင့် သံသရာ၌ ငြီးငွေ့သည်ဖြစ်၍ ထိုဇာတိ ဇရာ ဗျာဓိ မရဏ စသော ဘေးတွေ နေ့စဉ်နှိပ်စက်၍နေသော သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်ခြင်း အကျိုးငှါ နာမ်ရုပ်ကို လက္ခဏာရေးသုံးပါးသို့ တင်၍ တော (၄၀)စသည်တို့နှင့် အပြင်းအထန်

တဖန်ကြိတ်နယ်၍ ရှုလေ၏။ တော (၄၀)[1]ကား သမ္မသနဉာဏ် အခန်းက ဆိုခဲ့ပြီးပြီ။

**သင်္ခါရုပေက္ခာဉာဏ်၏ သဘော။** ။သင်္ခါရုပေက္ခာဉာဏ် ဆိုသည်ကား— သင်္ခါရဓမ္မကို လျစ်လျူရှု၍ သိမ်းဆည်းသောဉာဏ်ပေတည်း။ သိမ်းဆည်းပုံကား—ပဋိသင်္ခါဉာဏ်ဖြင့် အလုံးစုံသော သင်္ခါရတရားတို့ကို အရှင်စသည်တို့မှ ကင်းသော သုညတရားတွေဟု ထင်မြင်သည်ဖြစ်၍ ထိုသင်္ခါရ တရားတို့ကိုပင် ချစ်ခြင်း မုန်းခြင်းမှ ကင်း၍ လျစ်လျူရှုလျက် တော (၄၀) စသည်တို့နှင့် သိမ်းဆည်း ဆင်ခြင် ထင်မြင်အောင် ပွါးများပြန်၏။

ယာ စ မုဉ္စိတုကမျတာ၊ ယာ စ ပဋိသင်္ခါနုပဿနာ၊
ယာ စ သင်္ခါရုပေက္ခာ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇန-
မေဝ နာနံ[2]—

ဟူ၍ ဟောတော်မူ၏။

ယာ စ မုဉ္စိတုကမျတာ၊ အကြင် မုဉ္စိတုကမျတာဉာဏ်သည်လည်းကောင်း။ ယာ စ ပဋိသင်္ခါနုပဿနာ၊ အကြင် ပဋိသင်္ခါဉာဏ်သည် လည်းကောင်း။ ယာ စ သင်္ခါရုပေက္ခာ၊ အကြင် သင်္ခါရုပေက္ခာဉာဏ်သည် လည်းကောင်း။ ဣမေ ဓမ္မာ၊ ဤသုံးပါးသောဉာဏ်တို့သည်၊ ဧကတ္ထာ၊ တူသောအနက် ရှိကြကုန်၏။ ဗျဉ္ဇနဒမေဝ၊ သဒ္ဒါမျှသည်သာလျှင်။ နာနံ၊ ထူးတော့၏။

၁။ ဤကျမ်းနှာ-၁၆၄-မှ ၁၆၇-အထိ။

၂။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ဝိမောက္ခကထာ၊ နှာ-၂၅၉။

**အနုလောမဉာဏ်၏ သဘော။** ။အနုလောမဉာဏ် ဆိုသည်ကား— ရှေ့အဘို့ နောက်အဘို့တို့နှင့်လျော်သော ဉာဏ်ပေတည်း။ လျော်ပုံကား— ဤအနုလောမဉာဏ်သည် ရှေ့အဘို့၌ သမ္မသနဉာဏ်ကိုကြည့်၍ ရှစ်ပါးသော ဝိပဿနာဉာဏ်တို့နှင့် မှန်ကန်သောကိစ္စ၏အဖြစ်ဖြင့်လည်း လျော်၏။ နောက်အဘို့၌လည်း ၃၇-ပါးသော ဗောဓိပက္ခိယတရားနှင့်လျော်၏။ ဤအနုလောမဉာဏ်ဖြစ်လျှင် မချွတ်မလွဲ အမြဲကေန် မဂ်ဉာဏ်ဖြစ်ပေါ်လာလေတော့၏။

နောက်ဉာဏ် ၄-ပါးကို ပြဆိုခန်း ပြီး၏။

## ၃၄-ဉာဏ် ၁၀-ပါးဖြစ်အင် ဥပမာတင်၍ ပြဆိုခန်း

သစ်သီးကို စားလိုသောသူတို့သည် မြေ၌ ခြံကာ၍ မြေကို ပေါက်တူးဖြင့် ပေါက်ဆွလျက် မျိုးစေ့ကို စိုက်ပြီးလျှင် ရေဖြင့် မနွားမနေ လောင်း၍ ကြီးပွါးအောင် မွေးမြူကြရကုန်၏။ ထိုမျိုးစေ့မှ အညှောက် အပင် အကိုင်း အညွန့် အရွက် အပွင့် အသီးတို့သည် ဖြစ်ပေါ်လာကုန်၏။ ထိုသူတို့သည် အသီးကို အလိုရှိတိုင်း စားကြရလေကုန်၏။ ဤကား ဥပမာ။

ဤဥပမာ၌—ခန္ဓာကိုယ်သည် မြေကြီးနှင့် တူ၏။

သတိသည် ခြံနှင့် တူ၏။

ဝီရိယသည် ရေနှင့် တူ၏။

သမ္မသနဉာဏ်သည် ပေါက်တူးနှင့် တူ၏။

ဥဒယဗ္ဗယဉာဏ်သည် မျိုးစေ့နှင့် တူ၏။

ဘင်္ဂဉာဏ်မှစ၍ အထက်ဉာဏ်တို့သည် အညှောက်မှစ၍အစဉ် အတိုင်း တူကုန်၏။

မဂ်ဉာဏ်သည် သစ်သီးနှင့်တူ၏။

**ဥဒယဗ္ဗယဉာဏ် အရေးကြီးပုံ။** ။သစ်ပင် စိုက်ပျိုးကြရာ၌ မျိုးစေ့လွဲလျှင် အပင်လည်း လွဲလေတော့၏၊ မျိုးစေ့ပုပ်၍သွားလျှင် အပင်လည်း မပေါက် လာလေတော့၏။ ထိုနည်းအတူ မျိုးစေ့နှင့်တူသော ဥဒယဗ္ဗယ ဉာဏ်ရှုကြည့်ပုံ နေရာမကျခဲ့လျှင် အထက်ဉာဏ်တို့သည်လည်း နေရာမကျဘဲ ဖြစ်လေကုန်၏၊ ဥဒယဗ္ဗယဉာဏ် ပုပ်၍သွားလျှင် အထက်ဉာဏ်တို့သည်လည်း မဖြစ်လေကုန်တော့၏၊ ထို့ကြောင့် ဝိပဿနာယောဂီပုဂ္ဂိုလ်တို့မှာ ဥဒယဗ္ဗယဉာဏ်အချက်၌ အနိစ္စ လက္ခဏာကို နေရာတကျ ထင်မြင်အောင် လိုလှတော့၏။

ဤကဲ့သို့ ရှုကြည့်ပုံသည် ဟုတ်၏လော, မဟုတ်၏လော၊ ဤကဲ့သို့ မြင်ပုံသည် နေရာကျ၏လော, မကျ၏လောဟု ဆင်ခြင်ရမည်။ နေရာမကျဘဲနှင့် နေရာကျ၏ဟု မှတ်ထင်၍ နေခဲ့လျှင် ဉာဏ်အမြင် မပွင့်မလင်းဘဲ ဖြစ်၍ နေတတ်သည်၊ ရှုကြည့်ပုံကို အကျဉ်းချုပ်မှတ်လိုလျှင် နာမ်ရုပ်၏သဘာဝဓမ္မကို လက်ကိုင်ထား၍ ကိုယ့်ဉာဏ်စွမ်းရှိသလောက် ကြံဖန်၍ ရှုကြည့်ရာ၏။ မြင်လျှင် ပြီးတော့၏။ မမြင်ခဲ့လျှင် ဘယ်လိုပင် ရှုသော်လည်း နေရာမကျသေးသည်ဟု မှတ်လေ။

**ဆရာကောင်းထံ နည်းနာခံ။** ။ရှုကြည့်ပုံ နိဿယ သဲလွန်စ ရမှသာလျှင် နေရာတကျရှုကြည့်တတ်သည်။ ထို့ကြောင့် ဘုရားလက်ထက်တော်မှစ၍ ယခုထက်တိုင် ကမ္မဋ္ဌာန်းကို ပေးနိုင်သော ဆရာ့ထံမှာ တောင်းယူ၍ အားထုတ်ကြကုန်၏။ ထို့ကြောင့် သံယုတ်ပါဠိတော်၌[၁]—

ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော။

ဟူ၍ ဟောတော်မူ၏။

ယထာဘူတံ၊ နာမ်ရုပ်၏ဖြစ်ဟန် အဟုတ်အမှန်ကို။ ဉာဏာယ၊ သိခြင်းငှါ။ သတ္ထာ၊ ဆရာကို။ ပရိယေသိတဗ္ဗော၊ ရှာမှီးအပ်၏။

**ဝိပဿနာဉာဏ် ၁၀-ပါး အဆင့်ဆင့်ရင့်တက်ပုံ** အမှန်ကို သိ၍ မဂ်ဉာဏ်ကို အလိုရှိကုန်သော ပုဂ္ဂိုလ်တို့သည် သတိတည်းဟူသော ခြံဖြင့် လုံခြုံစွာ ကာ၍ ခန္ဓာကိုယ်တည်းဟူသော မြေကို ပေါက်တူးတည်းဟူ

၁။ သံယုတ်ပါဠိတော်၊ ပဉ္စမတွဲ၊ နိဒါနဝဂ္ဂသံယုတ်၊ နှာ-၃၅၀။

သော သမ္မသနဉာဏ်ဖြင့် ပေါက်ဆွ၍ မျိုးစေ့တည်းဟူသော ဥဒယဗ္ဗယဉာဏ်ကို စိုက်ပျိုးပြီးလျှင် ရေတည်းဟူသော ဝီရိယဖြင့် မနားမနား လောင်း၍ အစို့ အညှောက် အပင် အကိုင်း အတက် အညွန့် အရွက် အပွင့် တည်းဟူသော ဘင်္ဂဉာဏ် ဘယဉာဏ် အာဒီနဝဉာဏ် နိဗ္ဗိဒါဉာဏ် မုဉ္စိတုကမျတာဉာဏ် ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ် အနုလောမဉာဏ်တို့ တနေ့တခြား တိုးပွါး စည်ကားအောင် မွေးမြူကုန်ရာ၏။

**မဂ်ဉာဏ်ပေါ်လာပုံ။** ။အပင်မှ ပွင့်၍ အသီး ဖြစ်ပေါ်လာသကဲ့သို့ ထို့အတူ ထိုဉာဏ်တို့မှ မဂ်ဉာဏ် တည်းဟူသော အသီးဖြစ်ပေါ်ရာ၏။ မဂ်ဉာဏ်သည် တခြားက လာသည် မဟုတ်၊ ကိုယ်သန္တာန်၌ ရရှိပြီးသောဉာဏ်သည် ဤကဲ့သို့ မွေးမြူလျှင် အဆင့်ဆင့် ရင့်သန်၍ မဂ်ဉာဏ် ဖြစ်ပေါ်လာ၏။

ဥပမာကား — သရက်သီးသည် နုသောအခါ ချဉ်၏။ အဆင့်ဆင့် ရင့်သန်၍ မှည့်သောအခါ အလိုလိုချိုလာ၏။ ထိုသရက်သီးသည် ဓာတ်ရင့်သန်သည့်အခါ အချဉ်ဓာတ် ကွယ်ပျောက်၍ အချိုဓာတ် ဖြစ်ပေါ်လာသကဲ့သို့ ထို့အတူ ပုထုဇဉ်သန္တာန်၌ ဖြစ်သောဉာဏ်သည် ဉာဏ်အမြင် အဆင့်ဆင့် ရင့်သန်၍လာသည့် အခါ **အမှားဓာတ်** ကွယ်ပျောက်၍ အမှန်ဓာတ် ဖြစ်ပေါ်လာလေ၏၊ ပုထုဇဉ်အနွယ်ပြတ်၍ အရိယာအနွယ်ဖြစ်လေ၏။ သက္ကာယ ဒိဋ္ဌိပြုတ်၍ မဂ်ဉာဏ် ဖြစ်ပေါ်လာ၏ဟု ဆိုလိုသည်။

ထို့ကြောင့် သံယုတ်ပါဠိတော်၌[၁]—

ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ၊ ပစ္ဆာ
နိဗ္ဗာနေ ဉာဏံ—

ဟူ၍ ဟောတော်မူ၏။

သုသိမ၊ ချစ်သား သုသိမ။ ပုဗ္ဗေ ခေါ၊ ရှေး၌လျှင်။ ဓမ္မဋ္ဌိတိ-ဉာဏံ၊ နာမ်ရုပ်တို့ကို ပိုင်းခြား၍သိသောဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။ ပစ္ဆာ၊ နောက်၌။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ ဉာဏံ၊ အာရုံပြု၍ ဖြစ်သော မဂ်ဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

မဂ်ဉာဏ်ဖြစ်ပေါ်လာစေနိုင်သော ဉာဏ်မျိုးစေ့ကို ရရှိကြကုန်သော်လည်း ဤကဲ့သို့ မွေးမြူမှု မရှိကြသောကြောင့် မဂ်ဉာဏ်ကို မရကြလေကုန်။ မဂ်ဉာဏ်ဖြစ်ပေါ်လာအောင် ဝိပဿနာအလုပ်ကို အားထုတ်ကြကုန်သော်လည်း အာရုံခြောက်ပါးတည်းဟူသော ကျေးငှက်တွေကိုက်၍ ကိလေသာတည်းဟူသော ပိုးလောက်တွေနှင့်တကွ အပုပ် အနာ ကျေးကိုက် လောက်စား တွေသာ ဖြစ်ကြကုန်သည်ဖြစ်၍ မဂ်ဉာဏ် မဖြစ် မပေါ်လာနိုင်ကုန်။ ဉာဏ်ပုပ် ဉာဏ်ပဲ့ တွေသာ ဖြစ်၍နေကြကုန်၏၊ ထို့ကြောင့် အာရုံခြောက်ပါးတည်းဟူသော ကျေးငှက် ကြက်တူရွေးတွေ မကိုက်စေဘဲ ကိလေသာတည်းဟူသော ပိုးလောက်တွေကို သုတ်သင်၍ ဉာဏ်အမြင် ကြီးပွါးအောင် ဝိပဿနာတရားကိုသာ မနေမနား ကြိုးစားအားထုတ်ကုန်ရာ၏။

ဉာဏ် ၁၀-ပါးဖြစ်အင် ဥပမာတင်၍ ပြဆိုခန်း ပြီး၏။

ဝိပဿနာရှုနည်းကို ပြဆိုသော ဆဋ္ဌအပိုင်းသည်
ဤတွင်ပြီး၏။

---

၁။ သံယုတ်ပါဠိတော်၊ ပဌမတွဲ၊ သုသိမသုတ်၊ နှာ-၃၄၄။

# ၇-အန္တရာယ်ကိုပြဆိုသော သတ္တမပိုင်း

## ၃၅-ဝိပဿနာ၏ အန္တရာယ်ကို ပြဆိုခန်း

**အန္တရာယ် ၁၀ပါး။** ။ဝိပဿနာ၏အန္တရာယ်သည် အောက်ပါ အတိုင်း ဆယ်ပါးအပြားရှိ၏။

အရောင်၊ ဉာဏ်၊ ပီတိ၊ ပဿဒ္ဓိ၊ သုခ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဥပေက္ခာ၊ နိကန္တိ၊ ဤဆယ်ပါးသော အန္တရာယ်တို့သည် ဖြစ်ပျက်မှု 'ဥဒယဗ္ဗယ'ကို ရှုကြည့်၍နေသော ဝိပဿနာယောဂီ ပုဂ္ဂိုလ်တို့အား အပြင်းအထန် အားထုတ်သည့်အခါ ဖြစ်လာတတ် ကုန်၏။ နိကန္တိမှကြွင်းသော ကိုးပါးသော အန္တရာယ်တို့သည် အကုသိုလ်ဖြစ်၍ အန္တရာယ်ဖြစ်ကြကုန်သည် မဟုတ်ကုန်၊ ကိလေသာတို့ အတွက်ကြောင့် အန္တရာယ်ဖြစ်လေကုန်၏။

**အကျဉ်းချုပ်မှတ်နည်း။** ။အကျဉ်းချုပ်မှတ်လိုလျှင် အရောင် စသည်တို့ ဖြစ်ပေါ်လာသည့် အခါ ကိလေသာ တရားတွေ ဖြစ်ပေါ်လာလျှင် အန္တရာယ်ဖြစ်၏၊ ကိလေသာတရားတွေ မဖြစ်လျှင် အန္တရာယ်မဖြစ်ဟုမှတ်။

ထိုအရောင်စသည်တို့ ဖြစ်ပေါ်လာသည့်အခါ ဥဒ္ဓစ္စနှင့်တကွ တက်ကြွသောစိတ်ဖြစ်၍ အဟုတ် အမှန်မသိ၊ ကိလေသာတရား တွေဖိ၍ နေတတ်ကုန်၏။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌[၁]—

အနိစ္စတော မနသိကရောတော ဩဘာသော ဥပ္ပဇ္ဇတိ၊ ဩဘာသော ဓမ္မောတိ ဩဘာသံ အာဝဇ္ဇတိ။

---

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ဓမ္မုဒ္ဓစ္စဝါရနိဒ္ဒေသ၊ နှာ-၂၉၁။

တတော ဝိဂ္ဂေပေါ ဥဒ္ဒစ္စံ၊ တေန ဥဒ္ဒစ္စေန ဝိဂ္ဂဟိတမာ-
နသော အနိစ္စတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာနာတိ။
ဒုက္ခတော အနတ္တတော ဥပဋ္ဌာနံ ယထာဘူတံ
နပ္ပဇာနာတိ—

ဟူ၍ ဟောတော်မူ၏။

အနိစ္စတော၊ အနိစ္စဟူ၍။ မနသိကရောတော၊ နှလုံးသွင်းသောပုဂ္ဂိုလ်အား။ ဩဘာသော၊ အရောင်အလင်းသည်။ ဥပ္ပဇ္ဇ-တိ၊ ဖြစ်ပေါ်လာ၏။ ဩဘာသော၊ အရောင်အလင်းသည်။ ဓမ္မော၊ တရားတခုပေတည်း။ ဣတိ၊ ဤသို့။ ဩဘာသံ၊ အရောင်ကို။ အာဝဇ္ဇတိ၊ ဆင်ခြင်၏။ တတော၊ ထိုဆင်ခြင်ခြင်းကြောင့်။ ဝိဂ္ဂေပေါ၊ ပျံ့လွင့်သော။ ဥဒ္ဒစ္စံ၊ ဥဒ္ဒစ္စသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်လေ၏။ တေန ဥဒ္ဒစ္စေန၊ ထိုဥဒ္ဒစ္စဖြင့်။ ဝိဂ္ဂဟိတ-မာနသော၊ တက်ကြွသော စိတ်ဖြစ်သော ယောဂီပုဂ္ဂိုလ်သည်။ အနိစ္စတော၊ အနိစ္စဟူ၍။ ဥပဋ္ဌာနံ၊ ထင်ခြင်းကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ နပ္ပဇာနာတိ၊ မသိ။

ဒုက္ခတော၊ ဒုက္ခဟူ၍၎င်း။ အနတ္တတော၊ အနတ္တဟူ၍၎င်း။ ဥပဋ္ဌာနံ၊ ထင်ခြင်းကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ နပ္ပဇာနာတိ၊ မသိ။

အကြွင်း ၉-ပါးကိုလည်း ထိုနည်းအတူ။

တထာ အနိစ္စတော မနသိကရောတော ဉာဏံ ဥပ္ပဇ္ဇ-
တိ၊ ပီတိ၊ ပဿဒ္ဓိ၊ သုခံ၊ အဓိမောက္ခော၊ ပဂ္ဂဟော၊
ဥပဋ္ဌာနံ၊ ဥပေက္ခာ၊ နိကန္တိ ဥပ္ပဇ္ဇတိ၊ နိကန္တိ ဓမ္မောတိ
နိကန္တိံ အာဝဇ္ဇတိ၊ တတော ဝိဂ္ဂေပေါ ဥဒ္ဒစ္စံ၊ တေန
ဥဒ္ဒစ္စေန ဝိဂ္ဂဟိတမာနသော အနိစ္စတော ဥပဋ္ဌာနံ

ယထာဘူတံ နပ္ပဇာနာတိ။

ဒုက္ခတော အနတ္တတော ဥပဋ္ဌာနံ ယထာဘူတံ နပ္ပဇာနာတိ[1]—

ဟူ၍ ဟောတော်မူ၏။ အနယ်လွယ်၏။

**ဩဘာသအရောင်အလင်း။** ။ထို ၁၀-ပါးတို့တွင် ဩဘာသ ဆိုသည်ကား—ဝိပဿနာ၏ အရောင်အလင်းပေတည်း။ ထိုအရောင်အလင်းသည် အချို့သော ရဟန်းအား ပလ္လင်ခွင်ပေါ်မျှသာ ဖြစ်၏။ အချို့သော ရဟန်း အား တိုက်ခန်းအတွင်း အပြင် ဖြစ်၏။ အချို့သော ရဟန်းအား တကျောင်းတိုက်လုံးဖြစ်၏။ ဤသို့စသည်ဖြင့် အရောင်အလင်း ဖြစ်ပုံကို အဋ္ဌကထာ[2]၌ များစွာပြဆို၏။

**တဏှာနိကန္တိ ဖြစ်တတ်ပုံ။** ။ထိုဩဘာသ စသည်တို့ ဖြစ်ပေါ် လာသည့်အခါ ခင်မင်တွယ်တာ သာယာသော တဏှာနိကန္တိ ဖြစ်လာတတ်၏၊ ငါ့အား ရှေးအ ခါက ဤကဲ့သို့ မဖြစ်လာဘူး၊ ယခု ဖြစ်ပေါ်လာ၏။ မချွတ် ဧကန် အမှန်မဂ်သို့ ရောက်၏။ ဖိုလ်သို့ ရောက်၏ဟု မှတ်ယူ၍ နေတတ်၏။ မိမိမူလရင်း ကမ္မဋ္ဌာန်းကို လွှတ်၍ ထိုဩဘာသ စသည်တို့ကို သာယာ၍ နေတတ်၏။

**ဂါဟ ၃-ပါး။** ။ငါ့မှာ အရောင်အလင်းတွေ ဖြစ်ပေါ်လာပြီဟု ယူသော ဒိဋ္ဌိဂါဟ၊ ငါကား နှစ်သက်ဘွယ် ကောင်းသော အရောင်အလင်းတွေ ဖြစ်သော သူတည်းဟု ယူသော မာနဂါဟ၊ ထိုအရောင်ကို သာယာနှစ်သက်သော တဏှာဂါဟ၊ ဤဂါဟတရား သုံးပါးတို့သည်လည်း ဖြစ်လာ တတ်ကုန်၏။

---

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ဓမ္မုဒ္ဓစ္စဝါရနိဒ္ဒေသ၊နှာ-၂၉၁။

၂။ ပဋိသမ္ဘိဒါမဂ်၊ဋ္ဌ၊ဒု၊နှာ-၁၉၁။

မလိမ္မာသော ယောဂီပုဂ္ဂိုလ်သည် ဤအရောင်သည် ငါ၏ အရောင်တည်း၊ ဤအရောင်သည် ငါပင်တည်း၊ ဤအရောင်သည် ငါ့ကိုယ် ငါ့အတ္တတည်းဟု ရှုတတ်၏။

ဤသည်တို့ကား ဝိပဿနာ၏ အန္တရာယ်ဖြစ်ပုံကို ပြဆိုချက်တို့ပေတည်း။

**ဝိပဿနာအန္တရာယ်ပယ်ရှားနည်း။** ။ထိုအန္တရာယ်တို့ကို ပယ်ဖျောက် ရန်ကား —

ဩဘာသ ဖြစ်လာသည့်အခါ ဤဩဘာသသည်ကား အနိစ္စတရား၊သခ်တတရား၊ အကြောင်းကြောင့် အကျိုးဖြစ်၍နေသော ခယ ဝယ တရားသာ ဖြစ်သည်ဟု ပညာဖြင့် ပိုင်းခြားအပ်၏၊ ငါမဟုတ် ကိုယ်မဟုတ်၊ အကယ်၍ ကိုယ်ဖြစ်အံ့၊ ကိုယ့်အလိုသို့ လိုက်ရာ၏။ ကိုယ့်အလိုသို့ မလိုက်သောကြောင့် အနတ္တတရားသာ ဖြစ်သည်ဟု ပညာဖြင့် ပိုင်းခြားအပ်၏။ မမြဲသောတရား ဖြစ်၍ ဖြစ်ပျက်မှု နှိပ်စက်၍ နေသောကြောင့် ဒုက္ခတရားသာ ဖြစ်သည်ဟု ပညာဖြင့် ပိုင်းခြားအပ်၏။

**မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ။** ။ဤသို့ ပိုင်းခြား၍ ငါ့အရောင် မဟုတ်၊ ငါမဟုတ်၊ ငါ့ကိုယ် ငါ့အတ္တမဟုတ်ဟု ရှုအပ်၏။ ထိုအရောင်ကို လက္ခဏာရေး ၃-ပါးတင်၍ ဝိပဿနာရှုနည်းအတိုင်း ရှုကြည့်လေ။ ။ဤအရောင်ကား မဂ်ဉာဏ်မဟုတ်သေး၊ မဂ်ဉာဏ်ကား တခြားဖြစ်၏၊ ဤသို့စသည်ဖြင့် ဆင်ခြင်သုံးသပ်၍ မဂ်ဟုတ်သည် မဟုတ်သည်ကို သိ၍ တည်သောဉာဏ်ကို မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဟူ၍ သိအပ် မှတ်အပ်၏။ အကြွင်း ၉-ပါးကိုလည်း ထိုနည်းအတူ မှတ်ယူလေ။

ဝိပဿနာ၏ အန္တရာယ်ကို ပြဆိုခန်း ပြီး၏။

## ၃၆-ဖရုသ်သုက္ခ[၁]စကားကို ပြဆိုခန်း

**ယခုခေတ်နှင့်ကမ္မဋ္ဌာန်းအလုပ်။** ။'ယခုအခါ ကမ္မဋ္ဌာန်းအလုပ်ကိုအားထုတ်ကြသော်လည်း မဖြစ်နိုင်၊ ခေတ်သမယလည်း မရှိ၊ တိဟိတ်ပုဂ္ဂိုလ်လည်း မဟုတ်၊ နာမ်ရုပ်၏ ဖြစ်ပျက်မှုကိုလည်း မမြင်နိုင်၊ ပါရမီကလည်း နု၊ တို့သူငါ ဘာဖြစ်နိုင်ကြမည်နည်း'၊ ဤကဲ့သို့ ပြောဆိုကြသော လောကစကားတွေကို နေရာတကျ သိမှတ်ရန် ပြဆိုဦးအံ့။

ယခုအခါ ကမ္မဋ္ဌာန်းကို အားထုတ်ကြသော်လည်း မဖြစ်နိုင် ဟု ပြောဆိုကြရာ၌ မဖြစ်နိုင်သောသူလည်း ရှိ၏။ ဖြစ်နိုင်သော သူလည်း ရှိ၏။ **အန္တရာယ်** ငါးပါးမှ လွတ်၍ **ပဓာနိယင်္ဂ** အင်္ဂါ ငါးပါးနှင့်ပြည့်စုံသောသူသည် ပေါက်ရောက် ထမြောက်အောင် အားထုတ်လျှင် ပါရမီ ဝီရိယ အားလျော်စွာ ပေါက်ရောက် ထမြောက်နိုင်လေ၏။

**အန္တရာယ် ၅-မျိုး။** ။အန္တရာယ် ငါးပါး ဟူသည်ကား— ကမ္မန္တရာယ်၊ ကိလေသန္တရာယ်၊ ဝိပါကန္တရာယ်၊ အရိယူပဝါဒန္တရာယ်၊ အာဏာဝီတိက္ကမန္တရာယ်။ ဤငါးပါးတည်း။

ထိုတွင် **ကမ္မန္တရာယ်** မိသောသူကား ပဉ္စာနန္တရိယကံကြီး ထိုက်သောသူပေတည်း။

**ကိလေသန္တရာယ်** မိသောသူကား မိစ္ဆာဒိဋ္ဌိ အယူရှိသော သူပေတည်း။

**ဝိပါကန္တရာယ်** မိသောသူကား ဥပေက္ခာသန္တီရဏ,ဒွိဟိတ် ဝိပါက်တို့နှင့် ပဋိသန္ဓေနေသောသူပေတည်း။ ဤ၌ သုဂတိ အဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ် ဆိုလိုသည်။

---

၁။ ဖရုသ်=ဖရုသ=ကြမ်းတမ်းသော၊ သုက္ခ=ခန်းခြောက်သော၊ အနှစ်သာရ ခန်းခြောက်သော။

**အရိယူပဝါဒန္တရာယ်** မိသောသူကား အရိယာကို ပြစ်မှားသောသူပေတည်း။

**အာဏာဝီတိက္ကမန္တရာယ်** မိသောသူကား အာဏာတော်ကို လွန်ကျူးသောသူပေတည်း၊ အာပတ်သင့်၍ နေသော ပုဂ္ဂိုလ်ကို ဆိုလိုသည်။

ထိုငါးပါးတို့တွင် တပါးပါးသော **အန္တရာယ်**မိ၍ နေသောသူသည် ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်သော်လည်း မပေါက်မရောက်နိုင်၊ ထိုအန္တရာယ်ဖြင့် တားမြစ်၍ နေလေ၏။

**ပဓာနိယင် ၅-ပါး။** ။သဒ္ဓေါ ဟောတိ၊ အပ္ပါဗာဓော၊ အမာယာဝီ၊ ဝီရိယော၊ ပညဝါ ဟောတိ၊ ဣမေ ပဉ္စ ပဓာနိယင်္ဂါနမကာ။ ယေဟိ ဓမ္မေဟိ သမန္နာဂတာနံ ပဓာနံ ပဋိပဇ္ဇတိ။ ။မဇ္ဈိမပဏ္ဏာသပါဠိတော်[၁]။

သဒ္ဓေါ၊ ထက်သန်သော သဒ္ဓါတရားနှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

အပ္ပါဗာဓော၊ ကိုယ်လက်အင်္ဂါ ကျန်းမာတောင့်တင်း အနာကင်းသည်။ ဟောတိ၊ ဖြစ်၏။

အမာယာဝီ၊ နှလုံးဖြောင့်စင်း လှည့်ပတ်ခြင်းကင်းသည်။ ဟောတိ၊ ဖြစ်၏။

ဝီရိယော၊ ဝီရိယထက်သန်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ပညဝါ၊ နာမ်ရုပ်နှစ်တန် ခတ်ဖြစ်ဟန်ကို အမြင်သန်သော ပညာရှိသည်။ ဟောတိ၊ ဖြစ်၏။

---

၁၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ဗောဓိရာဇကုမာရသုတ်၊ နှာ-၂၉၈။

ဌာမေ ပဉ္စ၊ ဤငါးပါးတို့သည်။ ပဓာနိယင်္ဂနာမကာ၊ ပဓာ-နိယ အင်္ဂါမည်ကုန်၏။ ယေဟိ ဓမ္မေဟိ၊ အကြင်တရားတို့နှင့်။ သမန္နာဂတာနံ၊ ပြည့်စုံကုန်သော သူတို့အား။ ပဓာနံ၊ ကမ္မဋ္ဌာန်း အလုပ်သည်။ ပဋိပဇ္ဇတိ၊ ပြည့်စုံ၏။

ဘုရား၌ ယုံကြည်ခြင်းသည် အင်္ဂါတပါး။

ကိုယ်လက်အင်္ဂါ ကျန်းမာ တောင့်တင်း အနာကင်းခြင်း
သည် အင်္ဂါတပါး။

ဝမ်းတွင်းနှလုံး ဖြောင့်စင်းခြင်းသည် အင်္ဂါတပါး။

ဝီရိယထက်သန်ခြင်းသည် အင်္ဂါတပါး။

နာမ်ရုပ် နှစ်တန် ဓာတ်ဖြစ်ဟန်ကို ဉာဏ်ဖြင့် အမြင်သန်
ခြင်းသည် အင်္ဂါတပါး။

ပဓာနိယင်္ဂ အင်္ဂါငါးပါး။

အန္တရာယ်ငါးပါးမှလွတ်၍ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော သူသည် ဝိပဿနာအလုပ်ကို တွင်တွင်လုပ်နိုင်ပါလျှင် ပါရမီအား လျော်စွာ အရိယာဖြစ်နိုင်၏။

ယခုအခါ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ကြသော်လည်း မဖြစ်နိုင်ဟု ပြောဆိုကြရာ၌ သိမှတ်ရန် အမြွက်မျှပြဆိုချက် တည်း။

**အရိယာခေတ် အဆုံးအဖြတ်။** ။ယခုအခါ ခေတ်သမယ မရှိဟု ပြောဆိုကြရာ၌ အရိယာဖြစ်နိုင်သော ခေတ်သမယကား ရှိ၏။ ခေတ်သမယရှိလျှင် အဘယ်မှာ အရိယာပုဂ္ဂိုလ် ရှိသနည်းဟု မေးလာခဲ့လျှင် ဝိပဿနာ တရားကို အားထုတ်သောသူသည် အဘယ်မှာ ရှိသနည်းဟု

ထိုသူကို ပြန်၍ မေးရာ၏၊ ဝိပဿနာတရားကို အားမထုတ်ဘဲ နှင့် ဘယ်မှာ အရိယာဖြစ်နိုင်ပါမည်နည်းဟု ထိုသူကို ပြန်၍ ငေါက်ရာ၏။

ဝိပဿနာတရားကို အားထုတ်၍ အရိယာပင် ဖြစ်နေသော်လည်း ချိုပေါက်၍ မလာသောကြောင့် တပါးသူတို့ မသိနိုင်ကြကုန်၊ မသိမမြင်နိုင်၍ အရိယာပုဂ္ဂိုလ်ကို ကိုယ်တိုင်မတွေ့မမြင်ရသောကြောင့် ခေတ်သမယ မရှိဟု မမှတ်လင့်၊ ခေတ်သမယ ရှိ၏ဟု မှတ်လေ။ သို့ပင်ရှိသော်လည်း ဝိပဿနာတရားကို အားမထုတ်သော သူတို့မှာ အရိယာဖြစ်နိုင်သော ခေတ်သမယသည် ဘယ်အခါမှ မရှိကြပြီ။ ဘုရားလက်ထက်တော် ကလည်း မရှိ၊ ယခုလည်း မရှိ၊ နောင်ကိုလည်း ရှိမည်မဟုတ်၊ ဝိပဿနာတရားကို အားထုတ်သော သူတို့မှာသာ အရိယာဖြစ်နိုင်သော ခေတ်သမယ ရှိ၏။

ခေတ်သမယရှိကြောင်းကို အဋ္ဌကထာ ဆရာကြီးတို့သည် အမျိုးမျိုး ဆိုကြကုန်၏။

> ပဋိသမ္ဘိဒါပတ္တေဟိ ဝဿသဟဿံ။
> ဆဠဘိညေဟိ ဝဿသဟဿံ။
> တေဝိဇ္ဇေဟိ ဝဿသဟဿံ။
> သုက္ခဝိပဿကေဟိ ဝဿသဟဿံ။
> ပါတိမောက္ခေဟိ ဝဿသဟဿံ။

ဒီဃနိကာယ် သမ္မောဒနီယသုတ် အဋ္ဌကထာ[၁]။

ပဋိသမ္ဘိဒါပတ္တေဟိ၊ ပဋိသမ္ဘိဒါပတ္တ ရဟန္တာပုဂ္ဂိုလ်တို့ဖြင့်။ ဝဿသဟဿံ၊ အနှစ်တထောင်ပတ်လုံး။ အဋ္ဌာသိ၊ တည်ပြီ။

---

၁။ ပါထိကဝဂ္ဂ အဋ္ဌကထာ၊ သမ္ပသာဒနီယသုတ် အဖွင့်၊ နှာ-၇၃။

ဆဋ္ဌဘိညောဟိ၊ ဆဋ္ဌဘိည ရဟန္တာပုဂ္ဂိုလ်တို့ဖြင့်။ ဝဿ-
သဟဿံ၊ အနှစ်တထောင်ပတ်လုံး။ အဋ္ဌာသိ၊ တည်ပြီ။

တေဝိဇ္ဇေဟိ၊ တေဝိဇ္ဇရဟန္တာပုဂ္ဂိုလ်တို့ဖြင့်။ ဝဿသဟဿံ၊
အနှစ်တထောင်ပတ်လုံး။ ဌဿတိ၊ တည်လတ္တံ့။

သုက္ခဝိပဿကေဟိ၊ သုက္ခဝိဿက ရဟန္တာပုဂ္ဂိုလ်တို့ဖြင့်။
ဝဿသဟဿံ၊ အနှစ်တထောင်ပတ်လုံး။ ဌဿတိ၊ တည်လတ္တံ့။

ပါတိမောက္ခေဟိ၊ ပါတိမောက္ခမျှသာ ဖြစ်ကုန်သော အနာ
ဂါမ်, သကဒါဂါမ်, သောတာပန်ပုဂ္ဂိုလ်တို့ဖြင့်။ ဝဿသဟဿံ၊
အနှစ်တထောင်ပတ်လုံး။ ဌဿတိ၊ တည်လတ္တံ့။

ပဋိသမ္ဘိဒါ ၄-ပါးနှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်တို့၏
ခေတ်တထောင်။

အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံကုန်သော ရဟန္တာပုဂ္ဂိုလ်
တို့၏ ခေတ်တထောင်။

ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၏ ခေတ်
တထောင်။

စျာန်အဘိညာဉ်မဘက် ကိလေသာ သက်သက်မျှသာ ကုန်
ခန်းကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၏ ခေတ်တထောင်။

အပါယ်တံခါး ပိတ်ရုံမျှသာ ဖြစ်ကုန်သော အနာဂါမ်,
သကဒါဂါမ်, သောတာပန် ပုဂ္ဂိုလ်တို့၏ ခေတ်တထောင်။

ဤအဋ္ဌကထာကို တွေ့မြင်ရသဖြင့် ယခုအခါ အရိယာ
ဖြစ်နိုင်သော ခေတ်သမယ မရှိဟု ပြောဆိုကြသော စကားကို
လုံးလုံးကြီး ပယ်အပ်၏။ ဤကား ခေတ်သမယ မရှိဟု ပြောဆို
ကြရာ၌ သိမှတ်ရန် အမြွက်မျှ ပြဆိုချက်တည်း။

**တိဟိတ် ဟုတ်,မဟုတ် စစ်ပုံ။** ။တိဟိတ်ပုဂ္ဂိုလ်လည်း မဟုတ်ဟု ပြောဆိုကြရာ၌ တိဟိတ်ပုဂ္ဂိုလ် ဟုတ်သည်, မဟုတ်သည်ကို အသေအချာ မသိနိုင်၊ သိဘို့ရန်ကား အလွန်ခဲယဉ်း၏။ အသေအချာ အမှန်အကန် မသိသော်လည်း မှန်းခြေအားဖြင့် ရမ်းဆ၍ သိနိုင်၏။ စကျူ အလို ဉာဏ်ပညာကို ထောက်သောအားဖြင့် ဉာဏ်ထက်သော သူများကို တိဟိတ်ပုဂ္ဂိုလ်ဟု ဆိုသင့်၏။ လောကမှာ တိဟိတ် ပုဂ္ဂိုလ်ဆိုသျှင် အရင့်အမာကြီးဟု မှတ်ထင်၍ နေကြကုန်၏။ တိဟိတ်ပုဂ္ဂိုလ်ဖြစ်တိုင်း ရင့်မာသည် မဟုတ်သေး၊ အကျွတ် တရားကို ရသည် မဟုတ်သေး၊ လူမိုက်နှင့် ပေါင်းမိလျှင် လူမိုက် ကြီး ဖြစ်လေ၏။ သူတော်ကောင်းနှင့် ပေါင်းမိမှသာလျှင် သူတော်ကောင်း ဖြစ်နိုင်လေ၏။

အနည်းဆုံး တကမ္ဘာ တခါ ပြဟ္မာဖြစ်ကြရသည်ကို ထောက်သဖြင့် တိဟိတ်ပုဂ္ဂိုလ် မဖြစ်ဘူးသော သတ္တဝါဟူ၍ မရှိကြကုန်ပြီ။

ဤကား တိဟိတ်ပုဂ္ဂိုလ်လည်း မဟုတ်ဟု ပြောဆိုကြရာ၌ သိမှတ်ရန် အမြွက်မျှ ပြဆိုချက်တည်း။

**နာမ်ရုပ် ဖြစ်,ပျက်မှု မြင်နိုင်ပုံ။** ။နာမ်ရုပ်၏ ဖြစ်ပျက်မှုကို မမြင်နိုင်ဟု ပြောဆိုကြရာ၌ ဝိပဿနာတရားကို အားမထုတ်သောသူသည် ဘယ်အခါမှ မမြင်နိုင်ပြီ၊ ဝိပဿနာတရားကို အားထုတ်သော သူတို့မှသာလျှင် မြင်နိုင်ကြကုန်၏။ မြင်နိုင်သည် ဆိုသော်လည်း မျက်စိနှင့် မြင် သော အမြင်မျိုးမဟုတ်၊ ဉာဏ်မျက်စိနှင့် မြင်သော အမြင်မျိုး ပေတည်း။ မဓ္ဈသဘာဝကို မိမိရရ လှုလှုကြီး မရိပ်မိ၍ မကြည့်

တတ်သော သူသည်သာလျှင် မမြင်နိုင်သည်။ ဓမ္မသဘာဝကို ရိပ်မိ၍ ကြည့်တတ်သောသူသည် မြင်နိုင်လေ၏။

မြင်နိုင်ပုံကား— တခုသော မီးတောက်ကြီးကို ရေနှင့် လောင်းလိုက်ရာ မီးတောက်၌ရှိသော ရုပ်တွေ ခဏခြင်းပျက်၍ သွားသည်ကို မြင်ရ၏၊ ကိုယ်သန္တာန်မှာလည်း မီးနှင့်ထိ၍ ပူသည်ဟုသိရ၏၊ ရေနှင့်ထိ၍ အေးသည်ဟု သိရာတို့၌ ဝေဒနာ ဖြစ်ပေါ်မှုတွေကို မြင်ရ၏၊ အပူ အအေး ပျောက်သည်နှင့် တပြိုင်နက် ဝေဒနာတွေ ပျက်၍သွားသည်ကို မြင်ရ၏၊ တပူတည်းပူ၍ နေရာ တအေးတည်းအေး၍ နေရာတို့၌လည်း သန္တတိ အတွက် ကြောင့် အပူ အအေး မပြတ်ဘဲ ဖြစ်၍နေသည်။ ဤကဲ့သို့ ဖြစ်၍ နေသော်လည်း မပျက်ဘဲ အမြဲတည်ရှိ၍ နေကြသည် မဟုတ်၊ ခဏမစဲ တသဲသဲဖြစ်ပျက်၍ နေကြကုန်သည်ဟု ဉာဏ်မျက်စိဖြင့် မြင်နိုင်လေ၏။

ဤကား နာမ်ရုပ်၏ ဖြစ်ပျက်မှုကို မမြင်နိုင်ဟု ပြောဆိုကြရာ၌ သိမှတ်ရန် အမြွက်မျှ ပြဆိုချက်တည်း။

**ပါရမီရင့်လာနိုင်ပုံ။** ။ပါရမီကလည်းနုံ၊တို့သူငါ ဘာဖြစ်နိုင်ကြမည်နည်းဟု ပြောဆိုကြရာ၌ သစ်သီး သစ်ပွင့်များကဲ့သို့ ပါရမီသည် အလိုအလျောက် ရင့်နိုင်သော သဘောမျိုး မဟုတ်၊ ပစ္စည်းဘဏ္ဍာနှင့် ဝယ်ယူ၍ ရနိုင်သော သဘောမျိုးလည်း မဟုတ်၊ သူတပါးထံ တောင်းယူ၍ ရနိုင်သော သဘောမျိုးလည်းမဟုတ်၊ မိမိကိုယ်တိုင် အားထုတ်၍ ယူမှသာလျှင် ရနိုင်လေ၏၊ ရင့်နိုင်လေ၏။

အချို့သော သူတို့သည် ပါရမီမပြည့်သေးလို့ဟု ပြောဆို၍ ပါရမီကို ငံ့၍နေဟန် တရားကို အားမထုတ်ဘဲ တဖွဲဖွဲပြောဆို၍

နေကြကုန်၏၊ အချိန်တန်လျှင် ပါရမီတွေ တခြားက လာမှာ လိုလို ပါရမီကိုငံ့၍ နေကြကုန်၏။

ဤကား ပါရမီကနု၊ တို့သူငါ ဘာဖြစ်နိုင်ကြမည်နည်းဟု ပြောဆိုကြရာ၌ သိမှတ်ရန် အမြွက်မျှ ပြဆိုချက်တည်း။

**ပရမ်းပတာ စကားများ။** ။ဤသို့ ပြဆိုခဲ့ပြီးသော အဓိပ္ပါယ်တို့ကို တွေ့မြင်ရသဖြင့် ယခုအခါ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ကြသော်လည်း မဖြစ်နိုင်၊ ခေတ်သမယလည်း မရှိ၊ တိဟိတ်ပုဂ္ဂိုလ်လည်း မဟုတ်၊ နာမ်ရုပ်၏ ဖြစ်ပျက်မှုကိုလည်း မမြင်နိုင်ကြ၊ ပါရမီကလည်း နု၊ တို့သူငါ ဘာဖြစ်နိုင်ကြမည်နည်း ဟု ပြောဆိုကြသော လောက စကားတွေကို လူပျင်းတို့ ပရိယာယ်ဖြင့် အသွယ်သွယ်ပြောကြသော ပရမ်းပတာ စကားတွေဟု ထင်ရှားစွာ သိထိုက်လှကုန်၏။

**ဝိပဿနာ အားမထုတ်နိုင်ခြင်း အကြောင်းရင်း** ဝိပဿနာတရားကို အားထုတ်နိုင်လောက်လျက်နှင့် အားမထုတ်နိုင်ကြကုန်သော သူတို့သည် ဘယ်လိုပင် ပြောကြကုန်သော်လည်း လောဘစသော ကိလေသာတရားတွေကို မနိုင်သည့်အတွက်ကြောင့် အားမထုတ်နိုင်ကြလေကုန်၏။

ဥပမာကား—လောဘသည် မြင်းကြမ်းကြီးနှင့်တူ၏။ ။ မြင်းကြမ်းကြီးကို စီးသောသူတို့သည် မြင်းပြေးရာသို့ လိုက်ရလေကုန်၏၊ ချောက်ကမ်းပါး သစ်ငုတ်တွေကိုပင် မြင်သော်လည်း ဇက်သတ်၍ မရသောကြောင့် ချောက်ထဲသို့ကျ၍ သေရလေကုန်၏၊ သစ်ငုတ်စူး၍ သေရလေကုန်၏။

ထိုနည်းအတူ လောဘအလို လောဘအကြိုက် လောဘနောက်သို့ လိုက်ကြကုန်သော သူတို့သည် အပါယ်ဘေး တည်းဟူသောချောက်၊ ကာမဂုဏ်ဘေးတည်းဟူသော သစ်ငုတ်တွေကို မြင်သော်လည်း လောဘတည်းဟူသော မြင်းကြမ်းကြီးကို ဇက်သတ်၍ မရကြကုန်သောကြောင့် အပါယ်တည်း ဟူသောချောက်ထဲသို့ ကျကြရလေကုန်၏၊ ကာမဂုဏ် ဘေးတည်းဟူသော သစ်ငုတ်တွေ စူး၍ သေဆုံးကြရကုန်လေ၏။

မြတ်စွာဘုရား သာသနာနှင့် တွေ့ကြုံကြကုန်သော်လည်း လောဘတည်းဟူသော မြင်းကြမ်းကြီးကို ဇက်သတ်၍ မရကြကုန်သောကြောင့် ဝိပဿနာတရား အလုပ်ကို အားမထုတ်နိုင်ကြလေကုန်သတည်း။

**ကိလေသာတို့၏ အပြစ်။** ။ထို့ကြောင့် ကိုယ့်သန္တာန်၌ ဖြစ်သော ကိလေသာ တရားတွေကို**သာ** အပြစ်တင်ဘို့ရှိ၏၊ အပြစ်တင်ပုံကား—ငါ့မှာ ကိလေသာတရားတွေ နှိပ်စက်၍နေသောကြောင့် မကျင့်မကြံနိုင်၊ သူတော်ကောင်းတရားကို အားမထုတ်နိုင်ဘဲ ကာမဂုဏ် အာရုံထဲမှာ တဝဲဝဲ နေရသည်ဟု အောက်မေ့၍ ကိုယ့်သန္တာန်၌ဖြစ်သော ကိလေသာတွေကိုသာ အပြစ်တင်ရာ၏၊ ဤသို့ အပြစ်မတင်မူ၍ ကိုယ့်ကိုယ်ကိုပင် အသာအမြတ် အဟုတ်ကြီးမှတ်ထင်၍ သူတော်ကောင်းတို့ တရားကို ကျင့်ကြ ကြံကြ အားထုတ်ကြသည်ကို လွန်စွာကဲ့ရဲ့ကြကုန်၏။ မဟုတ်တရုပ် ကြံဘန်၍ ပြောဆိုကြကုန်၏။

**ဝိပဿနာပွါးသူကို အပြစ်တင်တတ်ပုံ** မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရအောင် မဟုတ်သေး၊ သီလဝိသုဒ္ဓိဖြစ်အောင် လုပ်ပါဦး၊ စိတ္တဝိသုဒ္ဓိဖြစ်အောင် လုပ်ပါဦးဟု ပြောဆို

ကြကုန်၏။ ဤကဲ့သို့ ပြောဆိုကြသော စကားတွေကို နားယောင်၍ အချို့သောသူတို့သည် သီလဝိသုဒ္ဓိဖြစ်အောင် အားထုတ်မှုနှင့် တဘာဝဆုံး၍ တသာသနာကွယ်၍ သွားကြလေကုန်၏။ တရားကို အားထုတ်၍ နေသည်ဟု ပြောခဲ့လျှင် ပေါက်လျှင် တော်တော်ရှိပါ၏။ ဖြစ်လျှင် တော်တော်ရှိပါ၏ဟု ပြောဆိုကြကုန်၏။ မပေါက်လျှင် အပြစ်ရောက်မှာလို အခိပ္ပါယ်ရောက်ကုန်၏။

**ဝိပဿနာရှုရန် တိုက်တွန်းချက်။** ။ဝိပဿနာ တရားကို ပွါးများ အားထုတ် ရသော အမှုသည် ဤဘဝ၌ မပေါက် မရောက်သေးသော်လည်း နာမ်ရုပ်၏ ဖြစ်ပျက်ဟန် အမှန်ကို မြင်ရလျှင် အလွန်ပင် မြတ်လှလေတော့၏။

ထို့ကြောင့်ပင်လျှင် ဘုရားရှင်သည်—

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ဟူ၍ ဓမ္မပဒပါဠိတော်၌[၁] ဟောတော်မူ၏။

ယော စ၊ အကြင်သူသည်လည်း။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်တို့၏ ဖြစ်ပုံ ပျက်ပုံကို။ အပဿံ၊ မကြည့်ရှုဘဲ။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက်ရှည်၏။ တဿ၊ ထိုသူ၏။ ဇီဝိတာ၊ အနှစ်တရာ အသက်ရှည်မှုထက်။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်တို့၏ ဖြစ်ပုံပျက်ပုံကို။ ပဿတော၊ မြင်သောသူ၏။ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်သေး၏။

---

၁။ ဓမ္မပဒပါဠိတော်၊ (ခု-၁)၊ နှာ-၃၀။

ဤသို့ ချီးမွမ်းတော်မူသော ဒေသနာတော်ကို မြော်ထောက်၍ ဝိပဿနာတရား အလုပ်ကို မနေမနား ကြိုးစား အားထုတ်ကုန်ရာ၏။

**ဝိပဿနာမရှုနိုင်ခြင်း၏ အကြောင်းအမျိုးမျိုး** ဝိပဿနာ အလုပ်ကို အားမထုတ်နိုင်ကြရာ၌ ကိလေသာတရားတွေ နှိပ်စက်သောကြောင့် အားမထုတ်နိုင်သည်လည်း တမျိုး၊ နာမ်ရုပ်တို့၏ ဓမ္မသဘာဝကို မိမိရရ လှလှကြီး မသိခြင်းကြောင့် အားမထုတ်နိုင်သည်လည်း တမျိုး၊ ဝိပဿနာ အလုပ်စခန်းကို မိမိဉာဏ်စွမ်းနှင့်လည်း မကြံနိုင်၊ နေရာတကျ ပြောပြနိုင်သော ဆရာကောင်းနှင့်လည်း မတွေ့ခြင်းကြောင့် အားမထုတ်နိုင်သည်လည်း တမျိုး၊ ဤသို့စသည်ဖြင့် အားမထုတ်နိုင်ခြင်း အကြောင်းသည် အလွန်များပြားလေ၏။

ဝိပဿနာတရားကို အားထုတ်မှုသည် လွယ်လွယ်နှင့် ခက်၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု သာမညရှုကြည့်ရုံဖြင့် လွယ်ပါ၏၊ အနိစ္စထင်မြင်အောင် ရှုကြည့်မည်ဆိုလျှင် အလွန်ခဲယဉ်းသည်။ ထို့ကြောင့် လူတိုင်း အားမထုတ်နိုင်ကြကုန်။

**ဝိပဿနာရှုနိုင်သည့်ပုဂ္ဂိုလ် စိစစ်ချက်** နာမ်ရုပ် တို့၏ ဖြစ်ပျက် မှုကို အဖန်ဖန်ကြံလေ့ရှိသော စိန္တာမယဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်၊ ဝိပဿနာရှုနည်း ပွါးနည်း နိဿယည်းရသော ပုဂ္ဂိုလ်တို့မှသာလျှင် ဝိပဿနာအလုပ်ကို တွင်တွင်လုပ်နိုင်ကြကုန်၏။ ဉာဏ်နှင့်ပြည့်စုံ၍ တွင်တွင် လုပ်နိုင်သော သူတို့မှသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်ကြလေကုန်၏။

ထို့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်၌ [၁]—

ပညဝတော အယံ ဓမ္မော၊ နာယံ ဓမ္မော ဒုပ္ပညဿ။

ဟူ၍ ဟောတော်မူ၏။

အယံ ဓမ္မော၊ ဤလောကုတ္တရာတရားသည်။ ပညဝတော၊ ပညာရှိသောပုဂ္ဂိုလ်အား။ သမ္ပဇ္ဇတိ၊ ပြည့်စုံ၏။ အယံ ဓမ္မော၊ ဤလောကုတ္တရာတရားသည်။ ဒုပ္ပညဿ၊ ပညာမရှိသောပုဂ္ဂိုလ်အား။ န သမ္ပဇ္ဇတိ၊ မပြည့်စုံ။

**အကျယ်မလိုက် အကျဉ်း ကြိုက်သင့်ခြင်း** ဉာဏ်ပညာနှင့်ပြည့်စုံ၍ ဝိပဿနာရှုနည်း ပွါးနည်း နိဿယည်းကိုပင် ရကြကုန်သော်လည်း အကျယ်မလိုက် အကျဉ်းကြိုက်သော ပုဂ္ဂိုလ်တို့မှသာလျှင် ဝိပဿနာအလုပ်ကို တွင်တွင်လုပ်နိုင်ကြကုန်၏။ ဝိပဿနာအလုပ်ကို တွင်တွင်လုပ်သဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်ကြလေကုန်၏။

အကျယ်မလိုက် အကျဉ်းကြိုက်ပုံကား—နေရာ ဗိမာန်ခြွေရံပရိသတ် အရပ်ရပ် အစုစု တခုမကျန် သဗ္ဗနာမ်ပြမ်းတိရှိရှိသမျှဉဿုံ အလုံးစုံတို့ကို အကုန်သိမ်းကျုံး၍ ပညာဉာဏ်ဖြင့် ဆင်ခြင် ကြည့်ရှုလိုက်သည် ရှိသော် တင့်တင့် တယ်တယ် ဘွယ်ဘွယ်ရာရာ ယဉ်ယဉ် ကျေးကျေးဟု မှတ်ထင်၍ သူ့ထက်ငါ သာအောင် ကြံဆောင်ပြုလုပ် အမျိုးမျိုးအားထုတ်၍ နေကြသော လောကအလုပ်သည် နောက်ပိတ်ဆုံးမှာ သဲထဲရေသွန်ကန္တတ်ကင်းလျှောက် ပြီးပျောက်တရား အချည်းနှီး အလကားတွေသာ ဖြစ်ကြကုန်၏ဟု တုစ္ဆသဘောကို မနောနှင့် ကြည့်ပြီး၍ ဝိပဿနာပွါးများမှုမှ တပါးသောအမှုကို ဂရုမထားမူ၍ ဤ ဘုရားသာသနာ၌ သက္ကာယဒိဋ္ဌိ ပြုတ်ရန်အတွက်နှင့်သာ

---

၁။ အင်္ဂုတ္တိုရ်ပါဠိတော်၊ တတိယတွဲ၊ အနုရုဒ္ဓသုတ်၊ နှာ-၆၅။

နေ့ရက်ကုန်၍ ဝိပဿနာအလုပ်နှင့် သက်ဇီဝိန်ချုပ်စေမည်ဟု တည်ကြည်သော စိတ်နှလုံးထားနှင့် ဝိပဿနာတရားကို ပွါးများအားထုတ်၍ နေသောပုဂ္ဂိုလ်တို့သည် အကျယ်မလိုက် အကျဉ်းကြိုက်သော ပုဂ္ဂိုလ်တို့ပေတည်း။

ဤကဲ့သို့ အကျယ်မလိုက် အကျဉ်းကြိုက်သော ပုဂ္ဂိုလ်တို့အားသာလျှင် ဝိပဿနာအလုပ်ကို တွင်တွင်လုပ်နိုင်ကြသဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်ကြလေကုန်၏။

ထို့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်၌[၁]—

နိပ္ပပဉ္စာရာမဿာယံ ဓမ္မော နိပ္ပပဉ္စရတိနော၊
နာယံ ဓမ္မော ပပဉ္စာရာမဿ ပပဉ္စရတိနော—
ဟူ၍ ဟောတော်မူ၏။

အယံ ဓမ္မော၊ ဤလောကုတ္တရာတရားသည်။ နိပ္ပပဉ္စာရာမဿ နိပ္ပပဉ္စရတိနော၊ ပပဉ္စသုံးဖြာ ကင်းရာနိဗ္ဗာန် ဝင်ရန် အလားဝိပဿနာတရားနှင့်သာ မွေ့လျော်သော ပုဂ္ဂိုလ်အား။ ဝါ၊ အကျယ်မလိုက် အကျဉ်းကြိုက်သော ပုဂ္ဂိုလ်အား။ သမ္ပဇ္ဇတိ၊ ပြည့်စုံ၏။

အယံ ဓမ္မော၊ ဤလောကုတ္တရာတရားသည်။ ပပဉ္စာရာမဿ ပပဉ္စရတိနော၊ တဏှာ မာန ဒိဋ္ဌိဟူသော ပပဉ္စတရားတို့နှင့် မွေ့လျော်သောသူအား။ ဝါ၊ အကျဉ်းမကြိုက် အကျယ်လိုက်သောသူအား။ န သမ္ပဇ္ဇတိ၊ မပြည့်စုံ။

**အကျဉ်းမလိုက် အကျယ်ကြိုက်သူ၏အပြစ်။** ။တဏှာ မာန ဒိဋ္ဌိ ဟူသော ပပဉ္စတရားတွေ နောက်သို့ လိုက်၍နေသောပုဂ္ဂိုလ်သည် အကျဉ်း

---
၁။ အင်္ဂုတ္တိုရ်ပါဠိတော်၊ တတိယတွဲ၊ အနုရုဒ္ဓသုတ်၊ နှာ-၆၅။

မလိုက် အကျယ်ကြိုက်သော ပုဂ္ဂိုလ်မည်၏။ ထိုပုဂ္ဂိုလ်တို့သည် ဝိပဿနာအလုပ်ကို တွင်တွင်မလုပ်နိုင်၊ လောကုတ္တရာတရားနှင့် ဝေးစွ၊ ဘေးဘယအမျိုးမျိုးတို့ကို တရိုးတကိုးလိုက်၍ ရှာသော ပုဂ္ဂိုလ်တို့ပေတည်း။ ဘေးဒုက္ခတို့ကို ခင်မင်သာယာ တွယ်တာ နှစ်သက်၍နေသော ပုဂ္ဂိုလ်တို့သည် သံသရာမှ မြန်စွာမထွက်ရ လေကုန်၏။

ထို့ကြောင့် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌[၁]—

ယော ဘိက္ခဝေ ရူပံ အဘိနန္ဒတိ၊
ဒုက္ခံ သော အဘိနန္ဒတိ။
ယော ဒုက္ခံ အဘိနန္ဒတိ၊
"အပရိမုတ္တော သော ဒုက္ခသ္မာ"တိ ဝဒါမိ—

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ယော၊ အကြင် အမြင်မရဲ အထင် လွဲ၍ အထဲမလင်း အမှားပြင်းသောသူသည်။ ရူပံ၊ ညှိဟောင် နံသိုး ကာမဂုဏ်ဘင်ပုပ်အိုးကြီးကို။ အဘိနန္ဒတိ၊ ပပဉ္စတရားဖြင့် အမှားမြင်၍ ခင်မင်တွယ်တာ သာယာနှစ်သက်၏။ သော၊ ထိုခင်မင် တွယ်တာ သာယာ နှစ်သက်သောသူသည်။ ဒုက္ခံ၊ ဆင်းရဲဒုက္ခကို။ အဘိနန္ဒတိ၊ နှစ်သက်သည်မည်၏။

ယော၊ အကြင်သူသည်။ ဒုက္ခံ၊ ဆင်းရဲဒုက္ခကို။ အဘိနန္ဒတိ၊ နှစ်သက်၏။ သော၊ ထိုဆင်းရဲဒုက္ခကို နှစ်သက်သောသူသည်။ ဒုက္ခသ္မာ၊ ဆင်းရဲဒုက္ခမှ။ အပရိမုတ္တောတိ၊ ဘယ်တော့ ဘယ်ခါ ဘယ်ကမ္ဘာမှ ကျွတ်လွတ်ခွင့် မရသောသူဟူ၍။ အဟံ၊ ငါ ဘုရားသည်။ ဝဒါမိ၊ မုချကိန်းသေ ဟောခဲ့ပေ၏။

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ ခန္ဓဝဂ္ဂသံယုတ်၊ အဘိနန္ဒနသုတ်၊ နှာ-၂၆။

ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ တို့ကိုလည်း ထိုနည်းအတူ ဟောတော်မူ၏။

ယော ဝိညာဏံ အဘိနန္ဒတိ၊
ဒုက္ခံ သော အဘိနန္ဒတိ။
ယော ဒုက္ခံ အဘိနန္ဒတိ၊
"အပရိမုတ္တော သော ဒုက္ခသ္မာ"တိ ဝဒါမိ[၁]။

ယော၊ အကြင် အမြင်မရဲ အထင်လွဲ၍ အထဲမလင်း အမှား ပြင်းသောသူသည်။ ဝိညာဏံ၊ ဝိညာဏ်ကို။ အဘိနန္ဒတိ၊ ပပဉ္စ တရားဖြင့် အမှားမြင်၍ ခင်မင်တွယ်တာ သာယာနှစ်သက်၏။ သော၊ ထိုသူသည်။ ဒုက္ခံ၊ ဆင်းရဲဒုက္ခကို။ အဘိနန္ဒတိ၊ နှစ်သက် သည်မည်၏။

ယော၊ အကြင်သူသည်။ ဒုက္ခံ၊ ဆင်းရဲဒုက္ခကို။ အဘိနန္ဒတိ၊ နှစ်သက်၏။ သော၊ ထိုဆင်းရဲဒုက္ခကို နှစ်သက်သောသူသည်။ ဒုက္ခသ္မာ၊ ဆင်းရဲဒုက္ခမှ။ အပရိမုတ္တောတိ၊ ဘယ်တော့ ဘယ်ခါ ဘယ်ကမ္ဘာမှ ကျွတ်လွတ်ခွင့်မရသောသူဟူ၍။ အဟံ၊ ငါဘုရား သည်။ ဝဒါမိ၊ မုချကိန်းသေ ဟောခဲ့ပေ၏။

**တိုက်တွန်းချက်ဥယျောဇဉ်။** ။ပြဆိုခဲ့ပြီးသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော ဓမ္မသဘော ကို မရောမယှက် အချက်ကျကျ လှလှကြီးသိမြင်၍ သံသရာမှ မြန်စွာထွက်ရန် နိဗ္ဗာန်ကို လိုချင်တောင့်တသော စေတနာ သဒ္ဒါပညာနှင့် ပြည့်စုံကြကုန်သော သူတော်ကောင်း အပေါင်း တို့သည် အလုံးစုံသော သံယောဇဉ် အပေါင်းတို့ကို ဖြတ်တောက်

---

၁။ သံယုတ်ပါဠိတော်၊ ဒုတိယတွဲ၊ ခန္ဓဝဂ္ဂသံယုတ်၊ အဘိနန္ဒနသုတ်၊ နှာ-၂၆။

ပယ်စွန့်၍ လောဘအလို, လောဘအကြိုက်, လောဘနောက်သို့ မလိုက်ဘဲ သက္ကာယဒိဋ္ဌိ ဖြုတ်မှုဟူသော ဝိပဿနာ တရား အလုပ်ကိုသာ မနေမနား ပွါးများအားထုတ်အပ်၏။

ဇဟေယျ သဗ္ဗသံယောဂံ၊
ကရေယျ သာရကတ္တိနော[၁]။
စရေယျာဒိတ္တသီသောဝ၊
ပတ္ထယံ အစ္စုတံ ပဒံ။ ။ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်[၂]။

သာရကတ္တိနော၊ အဘိုးတန် အနှစ်သာရကို အလိုရှိသော သူသည်။ အစ္စုတံ၊ သေကျေ ရွေ့လျောခြင်း ကင်းသော။ ပဒံ၊ နိဗ္ဗာန်တရားမြတ်ကို။ ပတ္ထယံ၊ တောင့်တလျက်။ သဗ္ဗ သံယောဂံ၊ အလုံးစုံသော တွယ်တာခင်မင် သံယောဇဉ် အပေါင်းကို။ ဇဟေယျ၊ ဖြုတ်တောက် ပယ်စွန့်ရာ၏။ အာဒိတ္တသီသောဝ၊ ဦးခေါင်း ဥသျှောင် မီးတောက်လောင်သော သူကဲ့သို့။ ကရေယျ၊ ကပြာကရာ ပြုတည့်ရာ၏။ စရေယျ၊ ကျင့်တည့်ရာ၏။

ဖရုသ်သုက္ခစကားကို ပြဆိုခန်း ပြီး၏။
အန္တရာယ်ကို ပြဆိုသော သတ္တမအပိုင်းသည်
ဤတွင် ပြီး၏။

---

၁။ သရဏတ္တနော-ဆဋ္ဌမူ။
၂။ သံယုတ်ပါဠိတော်-ဒုတိယတွဲ၊ ခန္ဓဝဂ္ဂသံယုတ်၊ မေဏပိဏ္ဍူပမသုတ်၊ နှာ-၁၁၇။

## ၃၇-နိဂုမ်း

### ဆုတောင်းအမျှဝေ

၁။ နိဗ္ဗာနံ ပါပုဏတ္ထာယ၊ အနုယုဉ္ဇန လေခိတော။
သမ္မာဋ္ဌဝဿလာဘေန၊ အယံ ဂန္ထော မယာ ကတော။

၂။ သံသာရ ဘယဒဿာဝီ၊ သန္တာ သုခံ အသင်္ခတံ။
ဝိပဿိတွာန ပပ္ပေါန္တု၊ ဇလမေဝိမံ ဝိပဿနံ။

၃။ တာဝ တိဋ္ဌတု ဂန္ထောယံ၊ ယာဝ တိဋ္ဌတိ သူရိယော။
တဿ ဒိဗ္ဗတု ဩဘာသော၊ ယထာ လောကမှိ ဒိဗ္ဗတိ။

၄။ ဘာဂံ လဘန္တု ပုညဿ၊ ဇလမဿ ဒေမိ ပါဏိနံ။
ယသ္မာ ပန န မေ ဒေတု၊ သေ အတ္တော ဘယာနကော။

၅။ တဿ ဒိဗ္ဗတု သဒ္ဓမ္မော၊ စိရံ တိဋ္ဌတု သာသနံ။
သုခိတာ ဟောန္တု မုဉ္စန္တု၊ အာနုဘာဝေန ပါဏိနော။

အဋ္ဌဝဿလာဘေန၊ ရဟန်းသိက္ခာ ရှစ်ဝါရရှိသော။ မယာ၊ ငါသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏတ္ထာယ၊ မြန်စွာထုတ်ချောက်ရောက်ကြစေခြင်း အကျိုးငှါ။ အနုယုဉ္ဇန လေခိတော၊ ဝိပဿနာအလုပ် အားထုတ်ပုံကို ရေးသားသော။ အယံ ဂန္ထော၊ ဤ **ဝိပဿနာဒီပနီ** အမည်ရှိသော ကျမ်းကို။ သမ္မာ၊ ကောင်းစွာ။ ကတော၊ သက္ကရာဇ် ၁၂၆၇-ခု၊ တန်ဆောင်မုန်း လဆန်း(၁၀) ရက်နေ့၊ ညဥ့်သန်းခေါင်ယံ အချိန်တွင် စီရင်ပြုအပ် အပြီးသတ်သတည်း။

သံသာရဘယဒဿာဝီ၊ သံသရာဘေးကို တရေးရေး ရှုမြော်လေ့ ရှိကြကုန်သော။ သန္တာ၊ စိတ်နှလုံး လိမ္မာကုန်သော ပညာရှိ

အပေါင်း သူတော်ကောင်းတို့သည်။ ဣမံ ဝိပဿနံ၊ ဤဝိပဿနာ ရှုပုံကို။ ဝိပဿိတွာန၊ အဖန်ဖန် ရှုကြကုန်သည် ဖြစ်၍။ ဣမေဝ၊ ဤဘုရားသာသနာ၌ပင်လျှင်။ သုခံ၊ မနွမ်းမရိ မချိ မပန်း ချမ်းချမ်းသာသာ။ အသခ်တံ၊ အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်သို့။ ပပ္ပေါန္တု၊ ရောက်ကြပါစေကုန်သတည်း။

သူရိယော၊ နေမင်းသည်။ လောကမှိ၊ လောက၌။ ယာဝ၊ အကြင်မျှလောက် ကာလပတ်လုံး။ တိဋ္ဌတိ၊ တည်နေပြီ။ တာဝ၊ ထိုနေမင်း လောက၌ တည်၍နေသမျှ ကာလပတ်လုံး။ အယံ ဂန္ထော၊ ဤဝိပဿနာဒီပနီကျမ်းသည်။ တိဋ္ဌတု၊ တည်ရစ်စေ သတည်း။

တသ္မ၊ ထိုနေမင်း၏။ ဩဘာသော၊ အရောင် အလင်း သည်။ ဒိပ္ပတိ ယထာ၊ တထိန်ထိန် တဝင်းဝင်း ထွန်းလင်း တောက်ပ၍ နေဘိသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ အယံ ဂန္ထော၊ ဤကျမ်းသည်။ ဒိပ္ပတု၊ တထိန်ထိန် တဝင်းဝင်း ထွန်း လင်းတောက်ပရစ်စေသတည်း။

အဟံ၊ ငါသည်။ ဣမဿ ပုညဿ၊ ဤသို့ ယခု ကျမ်းပြုရ သော ကုသိုလ်၏။ ဘာဂံ၊ အဘို့ကို။ ပါဏီနံ၊ သုံးဆဲ့တဘုံ ကျင်လည်ကုန်သော သတ္တဝါ အပေါင်းတို့အား။ ဒေမိ၊ ပေးဝေ ပါ၏။ တေ ပါဏိနော၊ ထိုသုံးဆဲ့တဘုံ ကျင်လည်ကုန်သော သတ္တဝါအပေါင်းတို့သည်။လဘန္တု၊ ငါနှင့်အတူ ရယူနိုင်ကြပါစေ ကုန်သတည်း။

ပန၊ စင်စစ်အားဖြင့်။ ယသ္မာ၊ အကြင့်ကြောင့်။ ဧသော အတ္ထော၊ ဤ ကုသိုလ်၏ အကျိုးသည်။ ဘယာနကော၊ ကြောက်မက်ဘွယ်ကြီးပေတည်း။ တသ္မာ၊ ထိုသို့ကြောက်မက်

ဘွယ်ကြီးဖြစ်လေသောကြောင့်။ ဣမံ၊ ဤကုသိုလ်သည်။ မေ၊ ငါ့အား။ အတ္ထံ၊ အကျိုးကို။ န ဒေတု၊ မပေးပါစေလင့်။

တဿ၊ ထိုကျမ်းပြုရသော ကုသိုလ်၏။ အာနုဘာဝေန၊ အာနုဘော်တော်ကြောင့်။ လောကေ၊ လောက၌။ သာသနံ၊ မြတ်စွာဘုရား သာသနာတော်သည်။ စိရံ၊ နှစ် လ တည်ကြာ ရှည်မြင့်စွာ။ တိဋ္ဌတု၊ တည်ပါစေသတည်း။

သဒ္ဓမ္မော၊ မြတ်စွာဘုရားဟောကြားတော်မူသော သူတော်ကောင်းတရားသည်။ ဒိပ္ပတု၊ တထိန်ထိန် တဝင်းဝင်း ထွန်းလင်း တောက်ပပါစေသတည်း။

ပါဏိနော၊ သုံးဆဲ့တဘုံ ကျင်လည်ကုန်သော သတ္တဝါ အပေါင်းတို့သည်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ သဗ္ဗဒုက္ခေဟိ၊ အလုံးစုံသော ဘေးဒုက္ခအပေါင်းတို့မှ။ မုစ္စန္တု၊ ကင်းလွတ်ကြ ပါစေကုန်သတည်း။

**နိဂုမ်း ပြီး၏။**

ဝံပဿနာဒီပနီ ၁၅—ပ-မ-ဗ-သံ-စ

## ၃၈-အထူးသတိထားရန်

ဘုရားသာသနာ၊ ယခုအခါ၊ ဆရာနိဿယည်း၊ လိုရာကိုမှီး၍၊ အသီးသီးကျင့်ကြ၊ သီလနှင့်ဘာဝနာ၊ ဒါနကိုလက်ကိုင်ထား၍၊ ဘုရားသွား ကျောင်းတက်၊ ရှစ်ရက်လပြည့်၊ တနေ့မပြတ်၊ ဝတ်နိစ္စဗဒ်နှင့်၊ ငါးရပ်ပဉ္စသီ၊ ရှစ်လီအင်္ဂါ၊ ဒသဥပုသ်၊ အားထုတ်ကြသော်လည်း၊ ပမာနမဟုတ်ပါ။

သဒ္ဓါဝီရိယနှင့်၊သီလ ဓုတင်၊ဖြူစင်အောင် ကျင့်သော်လည်း၊ သင့်တင့်ရုံသာ ရှိသေးသည်။

သိမှတ်ရန်စခန်း၊ ပရိယတ်လမ်း၊ ကမ်းတဘက် ခပ်သော်လည်း၊ ပိဋကတ်သုံးပုံ၊ နှုတ်ငုံဆောင်သခင်၊ အရှင်ပေါဋ္ဌိလကို[၁]၊ တုစ္ဆ တုစ္ဆဟု၊ ဗုဒ္ဓက နှုတ်ဟ၍၊ဆုံးမတော်မူခြင်းကြောင့်၊လိုရင်းသို့ မဆိုက်သေး။

အကျိုးပေး သန်သော်လည်း နိဗ္ဗာန်နှင့် ဝေးချေသည်၊ နောက်တဖြေးဖြေး၊ ကျွတ်လွတ်ရန်အရေးကို၊ အတွေးနှင့်ပြောကြ၊ ကေန္တမဟုတ်။

အမှန်ကိုထုတ်သော်၊ နာမ်ရုပ်မှတပါး၊ ယောက်ျားမိန်းမ၊ အတ္တဇီဝ၊ ဘာမျှမရှိ။

ဗြဟ္မာနတ်လူ၊ ဘယ်သူမဆိုင်၊ ငါမပိုင်, ကိုယ်မဟုတ်ဟု၊ သက္ကာယဖြုတ်မှုနှင့်၊ ပရမတ်အစု၊ ခေတ်အမှုကို၊ တခုမကျန်၊ အမြင်သန်အောင်၊ အဖန်ဖန်အားထုတ်မှ၊ လိုရင်းအချုပ်၊ သာသနာ့အလုပ်ဟု၊ မုချပင်မှတ်ရမည်။

---

၁။ ဓမ္မပဒဋ္ဌ၊ ဒု၊ နှာ-၂၆၂။

ထို့ကြောင့် ဗုဒ္ဓ၊ သုံးလူ့ဘက—

ယော စ ဝဿသတံ ဇီဝေ၊

အပဿံ ဥဒယဗ္ဗယံ။

ဧကာဟံ ဇီဝိတံ သေယျော၊

ပဿတော ဥဒယဗ္ဗယံ။

ယော စ၊ အကြင်သူသည်လည်း။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်တို့၏ ဖြစ်ပုံ ပျက်ပုံကို။ အပဿံ၊ မကြည့်ရှုဘဲ။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက်ရှည်၏။

တဿ၊ ထိုသူ၏။ ဇီဝိတာ၊ အနှစ်တရာ အသက်ရှည်မှုထက်။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်တို့၏ ဖြစ်ပုံ ပျက်ပုံကို။ ပဿတော၊ မြင်သောသူ၏။ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်သေး၏။

ဟု ထောမနာစကားဖြင့် ဟောပြကာ ထားခဲ့သည့်၊ ဒေသနာအနက်သွား၊ လားလားမျှ မရိပ်မိ၊ ဉာဏ်ပင်ရှိသော်လည်း၊ အကြံက မရှိ။

အကြံပင် ရှိသော်လည်း၊ အမှန်ကို မသိ။

အမှန်ကို သိသော်လည်း၊ ကိလေသာဖိ၍၊ စိတ်ရှိတိုင်း ကိုယ်ပါ၊ မောဟကြီးရောနှင့်၊ ဆရာကိုမကပ်၊ ငါအတတ်သား ရယ်လို့၊ တရားကို ရှာသော်လည်း၊ လိုရာသို့မရောက်ကြ။

ငါကအမှန်၊ သူကအမှား၊ ဝိဝါဒစကားတွေနှင့်၊ ငြင်းခုံချက်များကြသည်။

လောက၏အမှုသွား၊ လားလားမျှမရှု၊ ဂရုမထား၊ ဝဋ်သုံးပါး သံသရာမှ၊ မြန်မကြာထွက်လိုဇောနှင့်၊ မနေ့ာကရည်သန်၍၊ နိဗ္ဗာန်ကိုတောင့်တလျက်၊ ငါးဝသော ခန္ဓာအင်၊ လက္ခဏာရေးတင်၍၊ ထင်မြင်အောင် ပွါးလိုသော၊ ယောဂီပုဂ္ဂိုလ်တို့အား မြင်လုံးထွားအောင်၊ ရေးသားသောတရား၏အဆီ၊ ဝိပဿနာဒီပနီသည်၊ ဤတွင် ဆုံးခန်း၊ နိဋ္ဌိတံ။

## ဝိပဿနာဒီပနီကျမ်း
## ဤတွင် ပြီး၏။

# နောက်ဆက်တွဲ

## ဓာရဏပရိတ် ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(မြတ်စွာဘုရား၏ အာဝေဏိကဂုဏ်တော် ၁၈-ပါး)

၁။ ဗုဒ္ဓါနံ ဇီဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

၂။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

၃။ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာ-နုပရိဝတ္တံ။

၄။ ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ၊ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊ နတ္ထိ ဝီရိယဿ ဟာနိ၊ နတ္ထိ ဝိပဿနာယ ဟာနိ၊ နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ဝိမုတ္တိယာ ဟာနိ။

၅။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂ-ဝတော နတ္ထိ ဒဝါ၊ နတ္ထိ ရဝါ၊ နတ္ထိ အဖ္ဖုဋံ၊ နတ္ထိ ဝေဂါယိတတ္တံ၊ နတ္ထိ အဗျာဝဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ[1]။ ဣမေဟိ အဋ္ဌာ-

၁။ ဝိဘင်း၊ မူလဋီကာ၊ နှာ-၂။ (အပ္ပဋိသင်္ခါန + ဥပေက္ခာ=အညာဏုပေက္ခာ)

ရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

၆။ နတ္ထိ တထာဂတဿ ကာယဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ ဝစီဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ မနောဒုစ္စရိတံ၊ နတ္ထိ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ သဗ္ဗံ ကာယကမ္မံ ဉာဏာပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ ဝစီကမ္မံ ဉာဏာပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ မနောကမ္မံ ဉာဏာပုဗ္ဗင်္ဂမံ ဉာဏံ နာနုပရိဝတ္တံ၊ ဣမံ ဓာရဏံ အမိတံ အသမံ၊ သဗ္ဗသတ္တာနံ တာဏံ လေဏံ၊ သံသာရဘယဘီတာနံ အဂ္ဂံ မဟာတေဇံ။

၇။ ဣမံ အာနန္ဒ ဓာရဏပရိတ္တံ ဓာရေဟိ ဝါရေဟိ ပရိပုစ္ဆာဟိ။ တဿ ကာယေ ဝိသံ န ကမေယျ၊ ဥဒကေ န လဂ္ဂေယျ၊ အဂ္ဂိ န ဍဟေယျ၊ နာနာဘယဝိကော၊ န ကောဟာရကော၊ န ဒွိဟာရကော၊ န တိဟာရကော၊ န စတုဟာရကော၊ န ဥမ္မတ္တကံ၊ န မူဠှကံ၊ မနုဿေဟိ အမနုဿေဟိ န ဟိံသကာ။

၈။ တံ ဓာရဏပရိတ္တံ ယထာ ကတမေ၊ ဇာလော မဟာဇာလော၊ ဇာလိတ္တေ မဟာဇာလိတ္တေ၊ ပုဂ္ဂေ မဟာပုဂ္ဂေ၊ သမ္ပတ္တေ မဟာသမ္ပတ္တေ၊ ဘူတင်္ဂမို တမင်္ဂလံ။ ဣမံ ခေါ ပနာနန္ဒ ဓာရဏပရိတ္တံ သတ္တသတ္တတိ သမ္မာသမ္ဗုဒ္ဓကောဋီဟိ ဘာသိတံ၊ ဝတ္တေ အဝတ္တေ၊ ဂန္ဓဝေ အဂန္ဓဝေ၊ နောမေ အနောမေ၊ သေဝေ အသေဝေ၊ ကာယေ အကာယေ၊ ဓာရဏေ အဓာရဏေ၊ ဣလ္လိ မိလ္လိ၊ တိလ္လိ မိလ္လိ၊ ယောရုက္ခေ မဟာယောရုက္ခေ၊ ဘူတင်္ဂမို တမင်္ဂလံ။

၉။ ဣမံ ခေါ ပနာနန္ဒ ဓာရဏပရိတ္တံ နဝနဝုတိယာ သမ္မာသမ္ဗုဒ္ဓကောဋီဟိ ဘာသိတံ။ ဒိဋ္ဌိလာ ဒဏ္ဍိလာ မန္တိလာ ရောဂိလာ ခရလာ ဒုဗ္ဘိလာ။ ဧတေန သစ္စဝဇ္ဇေန သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

# ဓာရဏပရိတ် နိဿယ

၁။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဇီဝိတာယ၊ အသက်၏။ အန္တ-ရာယော၊ ဘေးအန္တရာယ်ကို။ ကေနစိ၊ ထစုံတယောက်သော သူသည်။ ကာတုံ၊ ပြုခြင်းငှါ။ န သက္ကာ၊ မတတ်နိုင်။ တထာ၊ ထို့အတူ။ မေ၊ ငါ့အား။ ဟောတု၊ ဖြစ်ပါစေသတည်း။

၂။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ အတီတံသေ၊ လွန်လေပြီးသောအဘို့၌။ အပ္ပဋိဟတံ ဉာဏံ၊ အဆီးအတား အပိတ်အပင်မရှိသောဉာဏ်တော်သည်။ ဟောတိ၊ ဖြစ်၏။ ဘဂဝတော၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ အနာဂတံသေ၊ နောင်လာလတ္တံ့သော အနာဂတ်အဘို့၌။ အပ္ပဋိဟတံ ဉာဏံ၊ အဆီးအတား အပိတ်အပင် မရှိသော ဉာဏ်တော်သည်။ ဟောတိ၊ ဖြစ်၏။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ပစ္စုပ္ပန္နံသေ၊ ပစ္စုပ္ပန် မျက်မှောက်ဖြစ်သော အဘို့၌။ အပ္ပဋိဟတံ ဉာဏံ၊ အဆီးအတား အပိတ်အပင် မရှိသော ဉာဏ်တော်သည်။ ဟောတိ၊ ဖြစ်၏။

၃။ တီဟိ၊ သုံးပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤကျေးဇူးတရားတော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝ-တော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ သဗ္ဗံ၊ အလုံးစုံသော။ ကာယကမ္မံ၊ ကိုယ်ဖြင့်ပြုအပ်သော အမှုသည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော် ပြဓာန်းခြင်းရှိသည်။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်၏နောက်သို့ အစဉ်လိုက်သည်။ ဟောတိ၊ ဖြစ်၏။ သဗ္ဗံ၊ အလုံးစုံသော။ ဝစီကမ္မံ၊ နှုတ်ဖြင့် ပြုအပ်သော အမှုသည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော် ပြဓာန်းခြင်းရှိသည်။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်၏နောက်သို့အစဉ်လိုက်သည်။ ဟောတိ၊ ဖြစ်၏။ သဗ္ဗံ၊ အလုံးစုံသော။ မနောကမ္မံ၊ နှလုံးဖြင့်ပြီးသော အမှု

သည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော် ပြဓာန်းခြင်းရှိသည်။ ဉာဏာနုပရိ-ဝတ္တံ၊ ဉာဏ်တော်၏နောက်သို့ အစဉ်လိုက်သည်။ ဟောတိ၊ ဖြစ်၏။

၄။ ဆဟိ၊ ခြောက်ပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤကျေးဇူးတရားတော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော် မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ဆန္ဒဿ၊ သတ္တဝါတို့၏ အကျိုးစီးပွါးကို ပြုလိုသော ဆန္ဒတော်၏။ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဓမ္မဒေသနာယ၊ တရားတော်ကို ဟောပြောခြင်း၏။ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဝီရိယဿ၊ သူတပါးတို့၏အကျိုးစီးပွါးအတွက်ဆောင်ရွက်ခြင်း၌ လုံ့လဝီရိယတော်၏။ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဝိပဿနာယ၊ သင်္ခါရတရားတို့ကို အနိစ္စ အစရှိသော လက္ခဏာသုံးပါးဖြင့် ရှုမှု 'ဝိပဿနာ' ဉာဏ်တော်၏။ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ သမာဓိဿ၊ စိတ်တည်ကြည်မှု 'သမာဓိ' တော်၏။ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဝိမုတ္တိယာ၊ အရဟတ္တဖိုလ်ကို ဝင်စားတော်မူခြင်း၏။ ဟာနိ၊ ဆုတ်ယုတ်ခြင်းသည်။ နတ္ထိ၊ မရှိ။

၅။ ဒွါဒသဟိ၊ တဆယ့် နှစ်ပါးကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဤကျေးဇူးတရားတော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ဒဝါ၊ ရယ်မြူးလို၍ ပြုမူပြောဆိုခြင်းသည်။ နတ္ထိ၊ မရှိ။ ရဝါ၊ သတိလွတ်၍ ချွတ်ယွင်းပြုမူ ပြောဆိုခြင်းသည်။ နတ္ထိ၊ မရှိ။ အဖုဋ္ဌံ၊ ဉာဏ်တော်ဖြင့် မတွေ့ မထိ မသိအပ်သော တရားသည်။ နတ္ထိ၊ မရှိ။ ဝေဂါယိတတ္တံ၊ ဉာဏ်ဖြင့် မဆင်မခြင် အဆောတလျင် ပြုမူသောအမှုသည်။ နတ္ထိ၊ မရှိ။ အဗျာ-ဝဋမနော၊ သူတပါးတို့အတွက် ကြောင့်ကြမဲ့ဖြစ်သော စိတ်နှလုံးတော်သည်။ နတ္ထိ၊ မရှိ။ အပ္ပဋိသင်္ခါနုပေက္ခာ၊ ဉာဏ်ဖြင့် မဆင်မခြင် လျစ်လျူရှုသော အမှုသည်။ နတ္ထိ၊ မရှိ။

အဋ္ဌာရသဟိ၊ တဆယ့် ရှစ်ပါးကုန်သော။ ဗုဒ္ဓမေဟိ ဓမ္မေဟိ၊ ဤကျေးဇူးတရားတော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏။ သတ္တန္နံ၊ ခုနစ်ဆူကုန်သော။ သမ္မာသမ္ဗုဒ္ဓါနံ၊ ဝိပဿီ, သိခီ, ဝေဿဘူ, ကကုသန္ဓ, ကောဏာဂမန, ကဿပ, ဂေါတမ-တည်းဟူသော မြတ်စွာဘုရားရှင်တို့အား။ နမော၊ ရှိခိုးပါ၏။

၆။ တထာဂတဿ၊ ဝိပဿီအစရှိသော ရှေးဘုရားတို့ကဲ့သို့ လာခြင်း ကောင်းတော်မူသော မြတ်စွာဘုရားအား။ ကာယဒုစ္စရိတံ၊ ကိုယ်ဖြင့်ပြုအပ်သော မကောင်းမှု 'ကာယဒုစရိုက်'သည်။ နတ္ထိ၊ မရှိ။ တထာဂတဿ၊ မြတ်စွာဘုရားအား။ ဝစီဒုစ္စရိတံ၊ နှုတ်ဖြင့် ပြုအပ်သော မကောင်းမှု 'ဝစီဒုစရိုက်'သည်။ နတ္ထိ၊ မရှိ။ တထာဂတဿ၊ မြတ်စွာဘုရားအား။ မနောဒုစ္စရိတံ၊ စိတ်ဖြင့် ပြုအပ်သော မကောင်းမှု 'မနောဒုစရိုက်'သည်။ နတ္ထိ၊ မရှိ။ အတီတံသေ၊ လွန်လေပြီးသောအဘို့ကာလ၌။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ပဋိဟတံ ဉာဏံ၊ ဆီးတား ပိတ်ပင်ခြင်းရှိသော ဉာဏ်တော်သည်။ နတ္ထိ၊ မရှိ။ အနာဂတံသေ၊ နောင်လာလတ္တံ့သော အဘို့ကာလ၌။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ပဋိဟတံ ဉာဏံ၊ ဆီးတားပိတ်ပင်ခြင်းရှိသော ဉာဏ်တော်သည်။ နတ္ထိ၊ မရှိ။ ပစ္စုပ္ပန္နံသေ၊ မျက်မှောက်သော အဘို့ကာလ၌။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ပဋိဟတံ ဉာဏံ၊ ဆီးတား ပိတ်ပင်ခြင်းရှိသော ဉာဏ်တော်သည်။ နတ္ထိ၊ မရှိ။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ သဗ္ဗံ၊ အလုံးစုံသော။ ကာယကမ္မံ၊ ကိုယ်ဖြင့် ပြုအပ်သော အမှုသည်။ ဉာဏာပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်လျှင် ရှေ့သွား မရှိခြင်းသည်။ နတ္ထိ၊ မရှိ။ ဉာဏံ၊ ဉာဏ်တော်သို့။ အနုပရိဝတ္တံ၊ အစဉ်

မလိုက်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ သဗ္ဗံ၊ အလုံးစုံသော။ ဝစီကမ္မံ၊ နှုတ်ဖြင့် ပြုအပ်သော အမှုသည်။ ဉာဏာနုပရိဝတ္တိ၊ ဉာဏ်တော်လျှင် ရှေ့သွား မရှိခြင်းသည်။ နတ္ထိ၊ မရှိ။ ဉာဏံ၊ ဉာဏ်တော်သို့။ နာနုပရိဝတ္တံ၊ အစဉ်မလိုက်ခြင်းသည်။နတ္ထိ၊ မရှိ။ ဘဂဝ-တော၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ သဗ္ဗံ၊ အလုံးစုံသော။ မနောကမ္မံ၊ စိတ်ဖြင့် ပြုအပ်သော အမှုသည်။ ဉာဏာနုပရိဝတ္တိ၊ ဉာဏ်တော်လျှင် ရှေ့သွား မရှိခြင်းသည်။ နတ္ထိ၊ မရှိ။ ဉာဏံ၊ ဉာဏ်တော်သို့။ နာနုပရိဝတ္တံ၊ အစဉ်မလိုက်ခြင်းသည်။ နတ္ထိ၊ မရှိ။

ဣမံ ခေရဏံ၊ ဤအဆောင်သည်။ ဝါ၊ ဤဆောင်ထားအပ်သော ခေရဏပရိတ်တော်သည်။ အမိတံ၊ မနှိုင်းယှဉ်အပ်။ အသမံ၊ တူမျှခြင်းလည်း မရှိ။ သဗ္ဗသတ္တာနံ၊ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏၊ တာဏံ၊ ခိုမှီ ကိုးကွယ်ရာလည်းဖြစ်၏။ လေဏံ၊ ပုန်းအောင်းလည်းလျောင်းရာလည်း ဖြစ်၏။ သံသာရဘယဘီတာနံ၊ သံသရာဘေးကို ကြောက်ရွံ့သော သူတို့၏။ အဂ္ဂံ၊ အလွန်မြတ်သော။ ပရိတ္တံ၊ အရံအတားဖြစ်၏။ မဟာတေဇံ၊ ကြီးသော တန်းခိုးရှိန်စော် အာနုဘော်ရှိသော။ ပရိတ္တံ၊ အရံအတားဖြစ်၏။

၃။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဣမံ ခေရဏပရိတ္တံ၊ ဤသို့ တန်းခိုးတေဇော် အာနုဘော်ကြီးမြတ်သော ခေရဏပရိတ်တော်ကို။ ခေရေဟိ၊ ရွတ်ဆောင်လော့။ ဝါရေဟိ၊ မှတ်သားလော့။ ပရိပုစ္ဆာ-ဟိ၊ မေးမြန်း စူးစမ်း ဆင်ခြင်လော့။ တဿ၊ ထိုသို့ ရွတ်ဆောင်, မှတ်သား, မေးမြန်း စူးစမ်းဆင်ခြင်သောသူ၏။ ကာယေ၊ ကိုယ်၌။ ဝိသံ၊ မြွေ နဂါး စသည်တို့၏ အဆိပ်သည်။ န ကမေယျ၊ မကျ ရောက်ရာ။ ဥဒကော၊ ရေ၌။ န လဂ္ဂေယျ၊ မငြိတွယ် မနစ်မွန်းရာ။ အဂ္ဂိ၊ မီးသည်။ န ဥဟေယျ၊ မလောင်ကျွမ်းရာ။ နာနာဘယ-ဝိကော၊ အထူးထူး အပြားပြား များစွာသော ဘေးရန်တို့သည်

မထိမရောက်နိုင်ရာ။ နှ ကောဟာရကော၊ တစ်တယောက်သောသူမျှ တရက် မကောင်းကြံသော သူသည်လည်း မကြံနိုင်ရာ။ န ဒွိဟာရကော၊ နှစ်ရက် မကောင်းကြံသောသူသည်လည်း မကြံနိုင်ရာ။ န တိဟာရကော၊ သုံးရက် မကောင်းကြံသောသူသည်လည်း မကြံနိုင်ရာ။ န စတုဟာရကော၊ လေးရက် မကောင်းကြံသောသူသည်လည်း မကြံနိုင်ရာ။ န ဥမ္မတ္တကံ၊ ရူးသွပ်ပြန့်လွင့်သော အနာလည်း မဖြစ်နိုင်ရာ။ န မူဠှကံ၊ တွေဝေမိုက်မဲသော အနာလည်း မဖြစ်နိုင်ရာ။ မနုဿေဟိ၊ လူတို့သည်ငှင်း။ အမနုဿေဟိ၊ ဘီလူးတို့သည်ငှင်း။ န ဟိံသကာ၊ မညှဉ်းဆဲ မဖျက်ဆီး မနှိပ်စက်နိုင်ရာ။

၈။ တံ ဓာရဏပရိတ္တံ၊ ထိုဓာရဏပရိတ်တော်သည်။ ယထာ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။ ဇာလော၊ စကြဝဠာ ကမ္ဘာတသောင်းကို လောင်ကျွမ်းစေသော နေခုနစ်စင်း၏ အရှိန် အစော်ကဲ့သို့ ဘေးရန် အန္တရာယ်အပေါင်းတို့ကို လောင်ကျွမ်းပယ် ဖျောက်နိုင်သည့် တန်းခိုးရှိန်စော် အာနုဘော်ရှိ၏။ မဟာဇာလော၊ နတ်, သိကြား, နဂါး, ဂဠုန်, ကုမ္ဘဏ်, ဘီလူး, ရက္ခိုသ် အစရှိသည် တို့ကို တားမြစ်နိုင်သော သံကွန်ရက်နှင့်တူသော ဘုန်းတန်းခိုး ရှိန်စော် အာနုဘော်ရှိ၏။ ဇာလိတ္တော၊ ရေ, မီး, မင်း, ခိုးသူ, မချစ်မနှစ် လိုသောသူဟု ဆိုအပ်သော ရန်သူအန္တရာယ်အပေါင်းကိုလည်း ပယ် ရှားတားမြစ်နိုင်၏။ မဟာဇာလိတ္တော၊ ရောဂန္တရကပ်, သတ္ထန္တရကပ်, ဒုဗ္ဘိက္ခန္တရကပ်ဟု ဆိုအပ်သော ကပ်သုံးပါးတို့မှ ကင်းလွတ်စေနိုင်၏။ ပုဂ္ဂေ၊ အမိဝမ်းတွင်း၌ ပဋိသန္ဓေနေသော်လည်း အ-ခြင်း, ဆွံ့ခြင်း, နားပင်းခြင်း, ရူးသွပ်ပြန့်လွင့်ခြင်း အနာမျိုးတို့မှ လွတ်စေနိုင်၏။ မဟာပုဂ္ဂေ၊ သစ်ပင်, တောင်ကမ်း, ချောက်တို့မှ ကျပြုံးသော် လည်း မသေနိုင်ရာ။ သမ္ဗုတ္တော၊ မရသေးသော စည်းစိမ် ချမ်းသာ ရတနာ ဥစ္စာအပေါင်းတို့ကိုလည်း ရစေနိုင်၏။ မဟာသမ္ဗုတ္တော၊ ရပြီးသော စည်းစိမ်ချမ်းသာ ရတနာ ဥစ္စာအပေါင်းတို့သည်လည်း ကြီးကျယ်ပြန့်ပွါး များစေ၏။ ဘူတင်္ဂမိ၊ ဟုတ်မှန်သော အားဖြင့်။ တမင်္ဂလံ၊ အမိုက်ပျောက်၍ အလင်းရောက်နိုင်၏။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ခေါ ပန၊ စင်စစ်မူကား။ ဣမံ ဓာရဏပရိတ္တံ၊ ဤ ဓာရဏပရိတ်တော်ကို။ သတ္တ သတ္တတိ သမ္မာသမ္ဗုဒ္ဓကောဋိယော၊ ခုနစ်ဆယ့်ခုနစ်ကုဋေကုန်သော ဘုရားရှင်တို့သည်။ ဘာသိတံ၊ ကောင်းစွာ ဟောတော်မူအပ်ပြီ။ ဝတ္တော၊ ကောင်းသောအကျိုးနှင့် ယှဉ်၏။ အဝတ္တော၊ မကောင်းသောအကျိုးနှင့် မယှဉ်။ ဂန္ဓဝေ၊ ကောင်းသော တရားအရသာ အနံ့မျိုးကို ဆောင်၏။ အဂန္ဓဝေ၊ မကောင်းသော တရားအရသာ အနံ့မျိုးကို မဆောင်။ နောမေ၊ ကောင်းသော စိတ်နှလုံးကို ဆောင်၏။ အနောမေ၊ မကောင်းသော စိတ်နှလုံးကို မဆောင်။ သေဝေ၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ယှဉ်တွဲ မှီဝဲရသည်ဖြစ်၏။ အသေဝေ၊ သူတော်ကောင်းမဟုတ် သူယုတ်တို့နှင့် မပေါင်းဘော် မယှဉ်တွဲ မမှီဝဲရသည်ဖြစ်၏။ ကာယေ၊ ကောင်းသောကိုယ်ကို ဖြစ်စေ၏။ အကာယေ၊ မကောင်းသောကိုယ်ကို မဖြစ်စေရာ။ ဓာရဏော၊ ကောင်းသော ကုသိုလ်အမှုကို ပြုဆောင်ရ၏။ အဓာရဏော၊ မကောင်းသော အကုသိုလ်အမှုကို မပြုမဆောင်ရ။ ဣလ္လိ၊ ကောင်းသောအိပ်မက်ကို မြင်မက်ရ၏။ မိလ္လိ၊ မကောင်းသောအိပ်မက်ကို မမြင်မက်ရ။ တိလ္လိ၊ ကောင်းသော တိတ်နိမိတ်ကို မြင်ရ၏။ မိလ္လိ၊ မကောင်းသော တိတ်နိမိတ်ကို မမြင်ရ။ ယောရက္ခေ၊ သေပြီးသော သစ်ပင်တို့ကို ရှင်စေနိုင်၏။ မဟာယောရက္ခေ၊ ရှင်ပြီးသော သစ်ပင်တို့ကိုလည်း အကိုင်းအခက် အရွက်အလက်နှင့် ပြည့်စုံစေနိုင်၏။ ဘူတင်္ဂမိ၊ ဟုတ်မှန်သောအားဖြင့်။ တမင်္ဂလံ၊ အမိုက်ပျောက်၍ အလင်းရောက်နိုင်၏။

၉။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ခေါ ပန၊ စင်စစ်။ ဣမံ ဓာရဏပရိတ္တံ၊ ဤ ဓာရဏပရိတ်တော်ကို။ နဝနဝုတိယာ သမ္မာသမ္ဗုဒ္ဓကောဋိယော၊ ကိုးဆယ့်ကိုးကုဋေကုန်သော ဘုရားရှင်တို့သည်။ ဘာသိတံ၊ ဟောတော်မူအပ်ပြီ။ ဒိဋ္ဌိလာ၊ မကောင်းသဖြင့် ကြံသောသူတို့၏ အကြံအစည်ကိုလည်း သိမြင်နိုင်၏။ ဒဏ္ဍိလာ၊ ဓား, လှံ, လက်နက်, လေးမြား, မီးပေါက် အမြောက် အစရှိသော ဘေး

တို့သည်လည်း မထိရောက်စေနိုင်။ မန္တိလာ၊ မန္တန်မန္တရား ဂါထာ အင်းအိုင်တို့သည်လည်း ထက်မြက်နိုင်၏။ ရောဂိလာ၊ ရောဂါအန္တ-ရာယ်မျိုးတို့ကိုလည်း ပယ်ဖျောက်နိုင်၏။ ခရလာ၊ ကြမ်းတမ်းခက်မာသော အနာရောဂါမျိုးတို့လည်း မထိမရောက်နိုင်။ ဒုဗ္ဘိလာ၊ ကြိုး, ထိတ်, သံခြေကျဉ်း, ကပ်ဘိ, တွင်းလှောင်, ပင်းသကား, လည်ထောက်ကိုလည်း လွှတ်စေနိုင်၏။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့မှန်သော သစ္စာစကားကြောင့်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ (မေ၊ ငါ့အား)။ တေ၊ သင့်အား။ (အမှာကံ၊ ငါတို့အား။ တုမှာကံ၊ သင်တို့အား။) သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဓာရဏပရိတ် နိဿယ ပြီး၏။

# အဘိဏှသုတ် ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

ပဉ္စိမာနိ ဘိက္ခဝေ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

ကတမာနိ ပဉ္စ—

(၁) ဇရာဓမ္မောမှိ၊ ဇရံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(၂) ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(၃) မရဏဓမ္မောမှိ၊ မရဏံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(၄) သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါမှီတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

(၅) ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပ္ပဋိသရဏော၊ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ဒါယာဒေါ ဘဝိဿာမီတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

# အဘိဓာသုတ် နိဿယ

ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စ၊ ငါးပါးကုန်သော။ ဣမာနိ ဌာနာနိ၊ ဤအကြောင်းတရားတို့ကို။ ဣတ္ထိယာ ဝါ၊ မိန်းမသည်၎င်း။ ပုရိသေန ဝါ၊ ယောကျ်ားသည်၎င်း။ ဂဟဋ္ဌေန ဝါ၊ လူသည်၎င်း။ ပဗ္ဗဇိတေန ဝါ၊ ရဟန်းသည်၎င်း။ အဘိဏှံ၊ နေ့ ညဉ့် မပြတ်။ ပစ္စဝေက္ခိတဗ္ဗာနိ၊ ဆင်ခြင်အပ်ကုန်၏။

ပဉ္စ၊ ငါးပါးတို့သည်။ ကတမာနိ၊ အဘယ်သည်တို့နည်း။

(၁) အဟံ၊ ငါသည်။ ဇရာဓမ္မော၊ အိုခြင်းသဘောရှိသည်။ အမှို၊ ဖြစ်၏။ ဇရံ၊ အိုခြင်းသဘောတရားကို။ အနတီတော၊ မလွန်နိုင်ချေ။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ ညဉ့် မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

(၂) အဟံ၊ ငါသည်။ ဗျာဓိဓမ္မော၊ နာခြင်းသဘောရှိသည်။ အမှို၊ ဖြစ်၏။ ဗျာဓိံ၊ နာခြင်းသဘောတရားကို။ အနတီတော၊ မလွန်နိုင်ချေ။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ ညဉ့် မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

(၃) အဟံ၊ ငါသည်။ မရဏဓမ္မော၊ သေခြင်းသဘောရှိသည်။ အမှို၊ ဖြစ်၏။ မရဏံ၊ သေခြင်းသဘောတရားကို။ အနတီတော၊ မလွန်နိုင်ချေ။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ ညဉ့် မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

(၄) မေ၊ ငါ့အား။ သဗ္ဗေဟိ၊ ခပ်သိမ်းကုန်သော။ ပိယေဟိ၊ ချစ်နှစ်လိုအပ်ကုန်သော။ မနာပေဟိ၊ နှလုံးကို ပွါးစေတတ်သော အဆွေအမျိုး, အဆွေခင်ပွန်း, ချစ်ကျွမ်းဝင်သူတို့နှင့်။ နာနာဘာဝေါ၊ အရပ်တပါးသို့ ပြောင်းသွားသဖြင့် ရှင်ကွဲ ကွဲရခြင်းသည်၎င်း။ ဝိနာဘာဝေါ၊ ဘဝတပါးသို့ ပြောင်းသွားသဖြင့် သေကွဲ ကွဲရခြင်းသည်၎င်း။ အမှို၊ ဖြစ်တတ်ချေ၏။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ ညဉ့် မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

(၅) အဟံ၊ ငါသည်။ ကမ္မဿကော၊ ကံသာလျှင် မိမိဥစ္စာ ရှိသည်။ ကမ္မဒါယာဒေါ၊ ကံသာလျှင် အမွေခံရှိသည်။ ကမ္မယောနိ၊ ကံသာလျှင် အကြောင်းရင်းရှိသည်။ ကမ္မဗန္ဓု၊ ကံသာလျှင် အဆွေ အမျိုးရှိသည်။ ကမ္မပ္ပဋိဿရဏော၊ ကံသာလျှင် ကိုးကွယ်, လည်း လျောင်းရာရှိသည်။ အမှိ၊ ဖြစ်၏။

ကလျာဏံ ဝါ၊ ကောင်းသည်လည်း ဖြစ်သော။ ပါပကံ ဝါ၊ မကောင်းသည်လည်း ဖြစ်သော။ ယံ ကမ္မံ၊ အကြင် ကံကို။ ကရိဿာမိ၊ ပြုအံ့။ တဿ ကမ္မဿ၊ ထိုကောင်းမှု, မကောင်းမှု ကံ၏။ ဒါယာဒေါ၊ ကောင်းမွေ, ဆိုးမွေခံသည်။ ဘဝိဿာမိ၊ ဖြစ်ရအံ့။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ ညဉ့် မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣမာနိ ပဉ္စ ဌာနာနိ၊ ဤငါးပါးသော အကြောင်းတရားတို့ကို။ ဣတ္ထိယာ ဝါ၊ မိန်းမသည်ရင်း။ ပုရိသေန ဝါ၊ ယောကျ်ားသည်ရင်း။ ဂဟဋ္ဌေန ဝါ၊ လူသည်ရင်း။ ပဗ္ဗဇိတေန ဝါ၊ ရဟန်းသည်ရင်း။ အဘိဏှံ၊ နေ့ ညဉ့် မပြတ်။ ပစ္စဝေက္ခိတဗ္ဗာနိ၊ ဆင်ခြင်အပ်ကုန်၏။

အဘိဏှသုတ် နိဿယ ပြီး၏။

ဝိပဿနာဒီပနီကျမ်း

# မှတ်သားဖွယ် အကျွရာစဉ်


အကျွရာစဉ် စာမျက်နှာ

[ အ ]

အကန်းနှင့် တူသောရုပ် ၁၁
အကုသိုလ်ဖြစ်သော
အန္တရာယ် ၂၀၃
အကုသိုလ်မဖြစ်သော
အန္တရာယ် ၂၀၃
အကျဉ်းကြိုက်သင့်ပုံ ၂၁၀
အကျဉ်းမကြိုက်သူ၏
အပြစ် ၂၁၉
အကျယ်မလိုက်သင့်ပုံ ၂၁၀
အကျယ်လိုက်သူ၏အပြစ် ၂၁၉
အကျိုးနှင့်တူသောနာမ် ၁၁
အကြောင်းတရား ၄-ပါး ၄၂
အင်းကတေရုပ် ဥပမာ
ရှိသော ကမ္မဇရုပ် ၄၄
အဇ္ဈတ္တတေဇောဓာတ် ၄၀
အဇ္ဈတ္တဓာတ်ဆီ ၅၁
အဇ္ဈတ္တဘေးရန် ၁၂၃
အဇ္ဈတ္တသန္တာန်လွှန်ကဲသော
ဓာတ်ကြီး ၄-ပါး ၃၃
အညောက်ဥပမာ
ရုပ်ဖြစ်ပွါးပုံ ၆၄

အကျွရာစဉ် စာမျက်နှာ

[ အ ]

အဋ္ဌကလာပ် ၃၁၊၅၇
အတ္တအစွဲကိုယ် ၁၃၉
အတ္တဂါအစွဲပြုတ်ခြင်း ၄၉
အတ္တဂါအစွဲ ပြုတ်နည်း ၄၆
အတ္တသဒ္ဒါဟော ကိုယ် ၁၄၀
အတိတ်၌ ယုံမှားခြင်း
၅-ပါး ၁၆
အထူးသတိထားရန် ၂၂၆
အနုပုဗ္ဗထုဇဉ် ၂
အနတ္တဆင်ခြင်ပုံ ၁၅၀
အနတ္တတရားမြင်နိုင်ခဲပုံ ၁၅၄
အနတ္တထင်က မာန
ပျောက်ပုံ ၁၀၆
အနတ္တမည်ပုံ ၁၆၁
အနတ္တမြင်ရန် ခဲယဉ်းပုံ ၁၅၇
အနတ္တလက္ခဏာကို
ပြဆိုခန်း ၁၃၉၊၁၄၁၊၁၄၆
အနာဂတ်ခြင်းအင်္ဂါ ၂၀၉
အနာဂတ်၌ ယုံမှားခြင်း
၅-ပါး ၁၇

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အနိစ္စထင်က အနတ္တ ထင်ပုံ | ၁၀၆ |
| အနိစ္စမည်ပုံ | ၁၆၁ |
| အနိစ္စမြင်က အနတ္တမြင်ပုံ | ၁၉၀ |
| အနိစ္စမြင်ရန် ခဲယဉ်းပုံ | ၁၅၇ |
| အနုလောမဉာဏ်သဘော | ၁၉၇ |
| အနေက္ခမ္မပုထုဇ္ဇဉ် | ၂ |
| အနက်တူ၍ သဒ္ဒါထူးသော ဉာဏ် ၃-ပါး | ၁၉၄-၅၊၁၉၇ |
| အနှစ် ၂-မျိုး | ၁၄၂ |
| အနှစ် ၁၀၀-အသက် ရှည်မှု ထက် ၁-ရက်ရှည်မှုက မြတ်ပုံအကြောင်း | ၂၁၆ |
| အနှစ်ပမာ ငါးခန္ဓာ | ၁၄၂ |
| အနှစ်သာရမရှိသော တရား | ၁၄၆ |
| အန္တရာယ် ၅-မျိုး | ၂၀၇ |
| အန္တရာယ် ၅-ပါးလွတ်မှ အောင်မြင်နိုင်ပုံ | ၂၀၇ |
| အန္တရာယ် ၁၀-ပါး | ၂၀၃ |
| အန္တရာယ်ဖြစ်ရာ၌အကျဉ်း မှတ်နည်း | ၂၀၃ |
| အပျက်ကိုရှုသောဉာဏ် | ၁၀၀ |
| အပြော့အမာရုပ်၌ အာကာသခြားပုံ | ၃၅ |
| အပြစ်ကို ရှုသော ဉာဏ် | ၁၉၂၊၁၉၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အဖြစ်အပျက်ကို ရှုမှတ်နည်း | ၁၇၁-၂ |
| အဘယ်သူမှ အမိန့်မပေး နိုင်သောတရားများ | ၁၅၁ |
| အမြဲဖြစ်ပေါ်သော ဥပါဒါရုပ် | ၃၁ |
| အမြဲမတည်သော စက္ခုဝိညာဏ် | ၁၇၇ |
| အမှားကို အမှန်ဟု အသုံးချပုံ | ၁၄၃ |
| အမှောင်အလင်းဥပမာ ရုပ်ပျက်ဟန် | ၁၇၅ |
| အရိယာခေတ် အဆုံး အဖြတ် | ၂၀၉ |
| အရိယာပြစ်မှားသူ= အရိယူပဝါဒန္တရာယ် | ၂၀၈ |
| အရိယာဖြစ်နိုင်သော ခေတ်သမယ | ၂၁၀ |
| အရိယူပဝါဒန္တရာယ် | ၂၀၇ |
| အရောင်ထင်ရာ၌ အမျိုးမျိုးဖြစ်ပုံ | ၂၀၅ |
| အလိုမပါ ငါးခန္ဓာ | ၁၄၁ |
| အလိုသို့ မလိုက်ပုံ အကြောင်း | ၁၄၇ |
| အဝိနိဗ္ဘောဂရုပ် ၈-ပါး | ၃၁ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ အာ ]** | |
| အာကာသကဲ့၍ မာသောရုပ် | ၃၆ |
| အာကာသစိတ်၍ မာသောရုပ် | ၃၆ |
| အာဏာဝီတိက္ကမန္တရာယ် | ၂၀၇ |
| အာဒီနဝဉာဏ် | ၁၉၂ |
| အာပေါတ်ဓာတ် ၁၂-ပါး | ၃၄ |
| အာပေါဓာတ်၏လက္ခဏာ | ၂၈ |
| အာပေါဓာတ်လွန်ကဲသော ရုပ် | ၃၄၊၃၈ |
| အာပေါဓာတ်ကို သတ်ပုံ | ၁၀၅ |
| အာပတ်သင့်သူ=အာဏာ-ဝီတိက္ကမန္တရာယ် | ၂၀၈ |
| အာရုံ ၆-ပါး ညှော်ဆိုးနှင့် တူပုံ | ၁၂၀ |
| အာဟာရကြောင့် ရုပ် ဖြစ်ပုံ | ၅၁ |
| အာဟာရဇရုပ် | ၄၂၊၅၅ |
| အာဟာရတရားကိုယ် | ၅၁ |
| အာဟာရဇရုပ်ကိုပြဆိုခန်း | ၅၀ |
| **[ ဥ ]** | |
| ဥဏှ ဥတု | ၅၅ |
| ဥဏှတေဇော | ၅၅ |
| ဥဏှဓာတ်မီး | ၅၈ |
| ဥဏှဓာတ်မီးကြောင့် ရုပ်ဖြစ်ပွါးပုံ | ၅၇ |
| **[ ဥ ]** | |
| ဥတု ၂-မျိုး | ၅၅ |
| ဥတုဇရုပ် | ၄၂၊၅၅ |
| ဥတုဇရုပ် အဆင့်ဆင့် ဖြစ်ပွါးပုံ | ၅၆ |
| ဥတုဇရုပ်ကို ပြဆိုခန်း | ၅၅ |
| ဥတုတရားကိုယ် | ၅၅ |
| ဥဒယဗ္ဗယဉာဏ် အရေး ကြီးပုံ | ၁၀၇၊၁၉၉ |
| ဥဒယဗ္ဗယဉာဏ်ကို ပြဆိုခန်း | ၁၆၈ |
| ဥပါဒါရုပ် ၂-မျိုး | ၃၀ |
| ဥပါဒါရုပ်ဥပမာ | ၃၀ |
| ဥပေက္ခာဝေဒနာခေါ်ပုံ | ၉၆ |
| ဥပေက္ခာဝေဒနာ နှိပ်စက်ပုံ | ၁၂၅ |
| ဥသ္မာဓာတ်မီး | ၅၂-၃-၄ |
| ဦးခေါင်းကို ရှုမှတ်ပုံ | ၁၇၁ |
| **[ ဩ ]** | |
| ဩကာသလောက | ၅၅ |
| ဩဇာအဆီဓာတ် ၂-မျိုး | ၅၁ |
| ဩဘာသ အရောင်လင်း | ၂၀၅ |
| အုတ်ချပ်ဥပမာနှင့် ဓာတ် ၄-ပါး ခွဲပုံ | ၃၅ |
| အိုးစည်သံဥပမာနှင့် ဇိဝှါ-ဝိညာဏ် | ၈၈ |

အက္ခရာစဉ် စာမျက်နှာ

[ က ]

ကံအစွမ်းကြောင့် ဘဝ
ထိုထိုကူးပြောင်းခြင်း ၁၄
ကံတို့ ကမ္မဇရုပ်ကို
ဖြစ်စေခြင်း ၄၂
ကင်္ခါဝိတရဏာဝိသုဒ္ဓိကို
ပြဆိုခန်း ၁၃
ကမ္မဇဓာတ်မီး၊ ကမ္မဇ-
တေဇော ၅၂
ကမ္မဇရုပ် ၄၂၊၄၄၊၅၅
ကမ္မဇရုပ်ကို ပြဆိုခန်း ၄၂
ကမ္မဇရုပ်ကို မျက်စိဖြင့်
မမြင်နိုင် ၄၄
ကမ္မဇရုပ် ချုပ်လျှင်
နာမ်တရားချုပ်ပုံ ၆၀
ကမ္မဇရုပ် မချုပ်သရွေ့
နာမက္ခန္ဓာတို့ဖြစ်ခြင်း ၆၀
ကမ္မန္တရာယ် ၂၀၇
ကာယယံသင်္ခါရ ၁၃၀
ကာယဝိညာဏ်၏
ဖြစ်ပျက်ကို ရှုပုံ ၁၀၁
ကာယဝိညာဏ်က သတ်ပုံ ၁၁၂
ကာယဝိညာဏ်ကို
ပြဆိုခန်း ၉၂
ကာယဝိညာဏ်ကို
ဝိပဿနာရှုပုံ ၉၉
ကာယဝိညာဏ်၌ သိခြင်း
၃-မျိုး ၉၃

အက္ခရာစဉ် စာမျက်နှာ

[ က ]

ကာယဝိညာဏ်ဖြစ်ပေါ်
လာပုံ ၉၂၊၉၄၊၁၀၁
ကာယဝိညာဏ်မီး ၁၃၆
ကာယဝိညာဏ်
လှည့်စားပုံ ၁၃၄
ကာယသဒ္ဒါဟော ကိုယ် ၁၄၀
ကိလေသန္တရာယ် ၂၀၇
ကိလေသာတို့အပြစ် ၂၁၅
ကိလေသာမီးငြိမ်းမှ
ချမ်းသာပုံ ၁၃၇
ကိလေသာမီး
တောက်လောင်ပုံ ၁၃၄
ကိလေသာမီးလောင်ငုတ် ၁၃၇
ကိုယ် ၂-မျိုးခွဲ၍ပြဆိုခန်း ၁၃၉
ကြားမှု၌ခွဲပုံ ၁၆၃
ကြားမှု၌ သိပုံ ၃-မျိုး ၇၇
ကြားသိရာ၌ ရှုပုံ ၁၇၀
ကြက် ၂-ကောင်နှင့်
ဓာတ်ကြီး ၄-ပါး ၁၀၇
ကြောက်စရာဟု ထင်သော
ဉာဏ် ၁၉၄
ကြောက်လန့်ဘွယ်
ထင်မြင်သောဉာဏ် ၁၉၂

[ ခ ]

ခံစားတတ်သူ
မရှိပုံ ၁၅-၆၊၄၉၊၁၅၄

အက္ခရာစဉ် စာမျက်နှာ

[ ခ ]

ခဏိကမရဏဖြင့်
သေဆုံးပုံ ၁၁၃
ခက်ဆစ် ရှင်းလင်းချက် ၁ဂ၅
ခန္ဓာငါးပါးကို သတ္တဝါ
ခေါ်ပုံ ၁၀
ခန္ဓာ ၅-ပါး သူသတ်နှင့်
တူပုံ ၁၀၅၊၁၄၂
ခန္ဓာ ၅-ပါး စက်ဆုတ်ဖွယ်
ကောင်းပုံ ၁၄၄
ခန္ဓာကိုယ် ၁၃၉
ခေါင်းဟု ခေါ်သော
တုံးခေါက်သံအကြောင်း ၇၉

[ ဂ-ဃ ]

ဂန္ဓာရုံဟူသော ထင်း
အမှိုက် ၁၃၅
ဂါဟ ၃-ပါး ၂၀၅
ဃာနဝိညာဏ်၏ဖြစ်ပျက်ကို
ရှုပုံ ၁၇၉
ဃာနဝိညာဏ်က သက်ပုံ ၁၁၂
ဃာနဝိညာဏ်ကို ပြဆိုခန်း ဂ၂
ဃာနဝိညာဏ်ဖြစ်ပေါ်
လာပုံ ဂ၂၊ဂ၄၊၁၇၉
ဃာနဝိညာဏ်မီး ၁၃၆
ဃာနဝိညာဏ်လှည့်စားပုံ ၁၃၃
ဃာနဝိညာဏ်သိ ဂ၂

[ င ]

ငါ ၂-မျိုး ၁၄၀
ငါ ၂-မျိုးကို ခွဲ၍
ပြဆိုခန်း ၁၃၉
ငှက်ရိုပ်ဥပမာနှင့်
မနောဝိညာဏ် ၁၀၁
ငြီးငွေ့ဘွယ်ထင်သော
ဉာဏ် ၁၉၂၊၁၉၄
ငြိမ်ဝပ်သော ရုပ်ကို
ရှုမှတ်နည်း ၁၇၁

[ စ ]

စက္ကုချပ် မီးလောင်ပုံနှင့်
ရုပ်ပျက်ဟန် ၁၇၂
စက္ခုဝိညာဏ်၏
ဖြစ်ပျက်ကို ရှုပုံ ၁၇၇
စက္ခုဝိညာဏ်က သတ်ပုံ ၁၁၁
စက္ခုဝိညာဏ်ကို ပြဆိုခန်း ၇၁
စက္ခုဝိညာဏ်ကို
လက္ခဏာရေး တင်ပုံ ၇၄
စက္ခုဝိညာဏ် ဖြစ်ပေါ်
လာပုံ ၇၂၊၇၄၊၁၇၇
စက္ခုဝိညာဏ်မီး ၁၃၆
စက္ခုဝိညာဏ်လှည့်စားပုံ ၁၃၃
စက္ခုဝိညာဏ်သိပုံ ၇၃
စက်ဆုတ်စရာ မစင်ပမာ
ငါးခန္ဓာ ၁၄၄
စက်ရုပ်ဥပမာနှင့် နာမ်ရုပ် ၁၀

အက္ခရာစဉ် စာမျက်နှာ

[ စ ]

စည်သံဥပမာနှင့် ရုပ်နာမ် ခွဲပုံ ၆၇
စည်းစိမ်ရှင်များ ဆေးပုလင်းနှင့်တူပုံ ၁၂၀
စပါးကြီးမြွေချက်ငြိသော သတ္တဝါဥပမာ ၁၃၀
စိတ္တဇရုပ် ၄၂၊၅၅
စိတ္တဇရုပ်ကို ပြဆိုခန်း ၄၆
စိတ္တဇဝါယောဓာတ် ဆန်းကြယ်ပုံ ၄၇
စိတ်သည် အမြဲ ဖြစ်ပျက် နေခြင်း ၆၉
စိတ်သည် ဘဝတပါး မသွားပုံ ၁၄
စူဠသောတာပန်ဖြစ်ပုံ ၂၅
စေတနာနှိပ်စက်ပုံ ၁၃၀

[ ဆ ]

ဆရာကောင်းထံ နည်းနာခံ ၂၀၀
ဆရာကောင်း မတွေ့ ခြင်းကြောင့် အားမထုတ်နိုင်ပုံ ၂၁၇
ဆဋ္ဌာဘိညာခေတ် ၂၀၀-၁
ဆုတောင်းအမျှဝေ ၂၂၃

[ ဆ ]

ဆေးဆရာပုံဟန် ရှုမြင်ရန် ၁၉၃
ဆင်ခြင်သုံးသပ်ပုံ ၁၆၁

[ ဇ ]

ဇီဝါဝိညာဏ်၏ ဖြစ်ပျက် ကိုရှုပုံ ၁၀၀
ဇီဝါဝိညာဏ်က သတ်ပုံ ၁၁၂
ဇီဝါဝိညာဏ်ကိုပြဆိုခန်း ၇၇
ဇီဝါဝိညာဏ်၌ သိခြင်း ၃-မျိုး ၇၇
ဇီဝါဝိညာဏ်ဖြစ်ပေါ် လာပုံ ၇၇၊၇၉၊၁၀၀
ဇီဝါဝိညာဏ်မီး ၁၃၆
ဇီဝါဝိညာဏ်လှည့်စားပုံ ၁၃၄
ဇီဝါဝိညာဏ်သိ ၇၇
ဇီဝိတိန္ဒြေ ၅၄

[ ဉ ]

ဉာဏ် ၄-ပါးကို ပြဆိုခန်း ၁၉၆
ဉာဏ် ၁၀-ပါး အဆင့်ဆင့် တက်ပုံ ၂၀၀
ဉာဏ် ၁၀-ပါး ဖြစ်အင်ကို ပြဆိုခန်း ၁၉၉
ဉာဏ်အမြင် ၇၃၊ ၇၀၊၈၃၊၈၈၊၉၃
ဉာဏ်အမြင်သန်မှ အမှား အမှန် ခွဲနိုင်ပုံ ၂၀၁

အက္ခရာစဉ် စာမျက်နှာ

[ ဉ ]

ဉာဏ်အမြင်သန်ရန် ဦးစွာ
အားထုတ်သင့်သော
ကမ္မဋ္ဌာန်း ၁၆၀
ဉာဏ်စိုက်ကြည့်ရာ၌
မြင်ရပုံ ၁၇၁
ဉာဏ်နှင့် မှတ်လင့်ပုံ ၁၇၀
ဉာဏ်မြင် မျက်စိမြင် ခွဲပုံ ၂၁၂
ညှော်ဆိုးနှင့်တူသော
အားရုံ ၆-ပါး ၁၂၀

[ တ ]

တံငါသည်ဥပမာနှင့်
ဝိညာဏ် ၁၃၄
တံလျှပ်နှင့်တူသော
သညာ ၁၀၆
တဏှာနိကန္တိဖြစ်ပုံ ၂၀၅
တဏှာမာနစသောတရား
တို့ ခေါင်းပါးအောင်
ပွါးများအပ်သော
တရားများ ၇၊၈
တရားခံနှင့်တူသော
သက္ကာယဒိဋ္ဌိ ၁၅၆
တရားလိုနှင့်တူသော
ပညာ ၁၅၆
တိဟိတ်စစ်တန်း ၂၁၂
တုစ္ဆသဘော မှတ်သင့်ပုံ ၂၁၈
တေဇောခတ် ၄-ပါး ၃၄၊၄၀

အက္ခရာစဉ် စာမျက်နှာ

[ တ-ထ ]

တေဇောခတ်၏သဘော ၅၇
တေဇောခတ်၏
လက္ခဏာ ၂၀၊၅၅
တေဇောခတ် လွန်ကဲ
သောရုပ် ၃၄၊၃၉
တေဇောခတ်သတ်ပုံ ၁၀၆
တေဝိဇ္ဇခေတ် ၂၁၀-၁
တော ၄၀-ပါဌ်
အနက် ၁၆၄-၅-၆
တော ၄၀-ဖြင့် ရှုမှတ်ပုံ ၁၉၆
တောကြီးပမာ ငါးခန္ဓာ ၁၃၆
တောင်ပို့ပမာ ကိုယ်ခန္ဓာ ၁၄၉
တိုက်တွန်းချက်
ဥယျောဇဉ် ၂၂၁
တုံးခေါက်သံဥပမာနှင့်
သောတဝိညာဏ် ၇၉
ထိသိရာ၌ ရှုပုံ ၁၀၁

[ ဒ ]

ဒါနှင့်ယှဉ်သောပညာ ၂၁
ဒါနဖြင့် နိဗ္ဗာန်ရောက်ပုံ ၂၂-၃
ဒိဋ္ဌိအမြင် ၇၃၊၇၈၊၈၃၊၈၈၊၉၃
ဒိဋ္ဌိဂါဟ ၂၀၅
ဒိဋ္ဌိငါ ၁၇၀
ဒိဋ္ဌိဝိသုဒ္ဓိကို ပြဆိုခန်း ၉
ဒုက္ခမည်ပုံ ၁၆၁
ဒုက္ခမြင်ရန် ခဲယဉ်းပုံ ၁၅၇

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဒ ]** | |
| ဒုက္ခလက္ခဏာကိုပြဆိုခန်း | ၁၀၅ |
| ဒုက္ခဝေဒနာခေါ်ပုံ | ၉၆ |
| ဒုက္ခဝေဒနာ ပြောင့်နှင့် တူပုံ | ၁၂၄ |
| ဒုက္ခဝေဒနာနှိပ်စက်နေပုံ | ၁၂၂ |
| ဒေါသမီး | ၁၃၇ |
| ဒွိဟိတ်ပဋိသန္ဓေ=ဝိပါ-ကန္တာရယ် | ၂၀၇ |
| ဒြပ်မရှိ ဓာတ်သာရှိပုံ | ၃၂ |
| **[ ဓ ]** | |
| ဓမ္မသဘာဝကို နေရာကျ သိမြင်ရန် | ၁၁၄ |
| ဓမ္မာရုံဟူသော ထင်း အမှိုက် | ၁၃၅ |
| ဓာတ် ၄-ပါး မညီမညွတ် ရာ၌ ရှုပုံ | ၉၇ |
| ဓာတ်ကြီး ၄-ပါး ဥပမာ | ၃၀၊၁၀၇ |
| ဓာတ်ကြီး ၄-ပါးကို ပြဆိုခြင်း | ၂၇၊၃၃ |
| ဓာတ်ကြီး ၄-ပါး မှီတွယ်ပုံ | ၂၉ |
| ဓာတ်ကြီး ၄-ပါး သတ်ပုံ | ၁၀၇ |
| ဓာတ်ရုပ်ပမာ ကိုယ်ခန္ဓာ | ၅၃ |
| ဓာတ်သဘောများ အလိုမလိုက်ပုံ | ၁၄၆ |
| **[ န ]** | |
| နံမှု၌ ခွဲပုံ | ၁၆၃ |
| နံသိရာ၌ ရှုပုံ | ၁၇၉ |
| နာမ်၏ဖြစ်ပျက်ကို ရှုရန် | ၁၇၇ |
| နာမ်ကိုရှုပုံ | ၁၀၉ |
| နာမ်-စိတ်-ဝိညာဏ် တူပုံ | ၆၉ |
| နာမ်တရား၏သဘောကို ပြဆိုခန်း | ၆၇ |
| နာမ်တရား၌ ဥဒယဗ္ဗယ ဉာဏ်ဖွင့်နည်း | ၁၇၇ |
| နာမ်တရားများ | ၆၉၊၁၀၉ |
| နာမ်၌ အနိစ္စလက္ခဏာကို ပြဆိုခန်း | ၁၀၊၆၇ |
| နာမ်၌ ဆင်ခြင်ပုံ | ၁၆၂ |
| နာမ်နှင့်ရုပ် ကျေးဇူးပြုမှု ကြောင့် အမှုအရာ အမျိုးမျိုးဖြစ်ခြင်း | ၁၁ |
| နာမ်နှင့်ရုပ်မရောနှောခြင်း | ၆၇ |
| နာမ်ရုပ် ၂-ပါးတို့ ကံပြု တိုင်း ခံရပုံ | ၉ |
| နာမ်ရုပ်ကို ငါဟုစွဲလမ်းပုံ | ၁၅ |
| နာမ်ရုပ်ကို သိမ်းဆည်းပုံ | ၁၉ |
| နာမ်ရုပ်တို့ အလုပ်အမှုသာ ဖြစ်ပုံ | ၁၅၀ |
| နာမ်ရုပ်၌ အမြင်သန့်ခြင်း အင်္ဂါ | ၂၀၉ |
| နာမ်ရုပ်နှစ်ပါးသာ ရှိခြင်း | ၉ |
| နာမ်ရုပ်ဖြစ်ပျက်ပုံ | ၂၁၂ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[ န ]** | |
| နာမ်ရုပ်သဘာဝ မသိခြင်း ကြောင့် အားမထုတ် နိုင်ပုံ | ၂၁၇ |
| နိဂုမ်း | ၂၂၃ |
| နိဗ္ဗာန်ရောက် တရား၄-မျိုး | ၂၃ |
| နိဗ္ဗာန်ရောက်နိုင် ခြင်း | ၇၆၊၈၈၊၈၆၊၉၁၊၉၉၊ ၁၀၄ |
| နိဗ္ဗာန်လမ်းအစစ်ကို ပြဆိုခန်း | ၂၀ |
| နိဗ္ဗာန်လမ်း ဝိပဿနာ | ၂၁ |
| နိဗ္ဗာန်သို့ ရှေးရှုသွားနေ သူများ | ၂၂ |
| နိဗ္ဗိဒါဉာဏ်သဘော | ၁၉၂ |
| နေက္ခမ္မပုထုဇဉ် | ၂ |
| နှလုံးဖြောင့်စဉ်းခြင်း အင်္ဂါ | ၂၀၉ |
| **[ ပ ]** | |
| ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါး | ၁၈ |
| ပဉ္စာနန္တရိယကံ= ကမ္မန္တရာယ်ခေါ်ပုံ | ၂၀၇ |
| ပညာနှင့်ကင်း၍ နိဗ္ဗာန် မရောက်နိုင်ပုံ | ၂၀ |
| ပညာနှင့် သက္ကာယဒိဋ္ဌိ ငြင်းချက် | ၁၅၆ |
| ပညာအမျိုးမျိုး | ၂၁ |
| ပညာသာ ပဓာန | ၂၀ |
| ပညာသည် လောကမှာ အမြတ်ဆုံး | ၂၀ |
| ပညာသည် သတ္တဝါတို့ ကိုးကွယ်ရာ | ၂၀ |
| ပညတ် ၂-မျိုး ခွဲပုံ | ၁၆၈ |
| ပညတ်ပျက် | ၆၁ |
| ပညတ်ပျက် ပရမတ်ပျက် ခွဲပုံ | ၆၁ |
| ပဋိသင်္ခါဉာဏ်သဘော | ၁၉၆ |
| ပဋိသမ္ဘိဒါပတ္တခေတ် | ၂၁၀-၁ |
| ပဏာမနှင့် အဘိယာစက | ၁ |
| ပထဝီဓာတ် ၂၀ | ၃၃ |
| ပထဝီဓာတ်၏လက္ခဏာ | ၂၈ |
| ပထဝီဓာတ်က သတ်ပုံ | ၁၀၅ |
| ပထဝီဓာတ်လွန်ကဲသော ရုပ် | ၃၄၊၃၇ |
| ပဓာနိယင်္ဂ ၅-ပါး | ၂၀၈ |
| ပဓာနိယင်္ဂ ၅-ပါး ပြည့်စုံမှ အောင်မြင်ပုံ | ၂၀၇ |
| ပပဉ္စတရား ၃-ပါး | ၂၁၉ |
| ပရမတ်ဓာတ်မီး | ၅၇ |
| ပရမတ်ပျက် | ၆၁ |
| ပရမတ်မှဒြပ်ဖြစ်ပုံ | ၃၂ |
| ပရမ်းပတာ စကားများ | ၂၁၄ |
| ပါစကဓာတ်မီး | ၅၂ |
| ပါတိမောက်ခေတ် | ၂၁၀-၁ |

အက္ခရာစဉ် စာမျက်နှာ

[ ပ ]

ပါရမီရင့်လာနိုင်ပုံ ၂၁၃
ပုဂ္ဂိုလ်သိပုံ ၄၃၊၄၄
ပုထုဇဉ် ၄-မျိုး ၂
ပိုးစုန်းကြူးအရောင်ကဲ့သို့
ရှုအပ်ပုံအကြောင်း ၁၄၄
ပျက်မှု ၂-မျိုး ၆၁
ပြုတတ်သူ မရှိပုံ
အကြောင်း၁၅ ၆၊၄၉၊၁၅၄

[ ဖ ]

ဖရုသ်သုက္ခစကားကို
ပြဆိုခန်း ၂၀၄
ဖရောင်းခဲ ဥပမာနှင့်
ရုပ်ပျက်ဟန် ၁၄၃
ဖောဋ္ဌဗ္ဗာရုံဟူသော
အမှိုက် ၁၃၅
ဖြစ်ပျက်မှုကို ရှုသော
ဉာဏ် ၁၆၀၊၁၇၁
ဖြစ်ပြီးနောက် ကွယ်
ပျောက်ပုံ ၄၉

[ ဗ ]

ဗဟိဒ္ဓတေဇောခေတ် ၄၀
ဗဟိဒ္ဓခေတ်ဆီ ၅၁
ဗဟိဒ္ဓဘေးရန် ၁၂၃
ဗဟိဒ္ဓဝါယောခေတ်
ဆန်းကြယ်ပုံ ၄၀

အက္ခရာစဉ် စာမျက်နှာ

[ ဗ ]

ဗဟိဒ္ဓသန္တာန်၌လွန်ကဲသော
ခေတ်ကြီး ၄-ပါး ၃၄
ဗြောသံဥပမာနှင့်
ကာယဝိညာဏ် ၉၄

[ ဘ ]

ဘင်ဉာဏ်သဘော ၁၀၀
ဘင်ဉာဏ်ကို ပြဆိုခန်း ၁၀၀
ဘယဉာဏ်သဘော ၁၉၂
ဘဝကူးပြောင်းပုံ
ရှင်းပြချက် ၁၃
ဘာဝနာနှင့်ယှဉ်သော
ပညာ ၂၁
ဘာဝနာဖြင့် နိဗ္ဗာန်ရောက်
နိုင်ပုံ ၂၂-၃
ဘုရား၌ ယုံကြည်ခြင်း
အင်္ဂါ ၂၀၉
ဘူတရုပ်အပြား ၂၄
ဘေးရန်များ ၁၂၃

[ မ ]

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ၂၀၆
မဂ်ဉာဏ်ပေါ်လာပုံ ၂၀၁
မဂ်ဉာဏ်ဖြစ်ပေါ်သော
ဉာဏ် ၁၉၀
မဂ် ဟုတ်,မဟုတ်သိသော
ဉာဏ် ၂၀၆

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ မ ] | |
| မနောအကြည် | ၁၀၀ |
| မနောကံသခါရ | ၁၃၀ |
| မနောဝိညာဏ်အပြား | ၁၀၀ |
| မနောဝိညာဏ်က သတ်ပုံ | ၁၁၂ |
| မနောဝိညာဏ်ကို ပြဆိုခန်း | ၁၀၀ |
| မနောဝိညာဏ်၌ ဖြစ်ပျက်ကို ရှုပုံ | ၁၀၄ |
| မနောဝိညာဏ်ဖြစ်ပေါ်ပုံ | ၁၀၄ |
| မနောဝိညာဏ်လှည့်စားပုံ | ၁၃၄ |
| မနောဝိညာဏ်မီး | ၁၃၆ |
| မနောဝိညာဏ်သိပုံ | ၇၃၊၇၇ |
| မဟာဘုတ် ၄-ပါး | ၂၇ |
| မဟာဘုတ် ၄-ပါးလက္ခဏာ | ၂၀ |
| မဟာဘုတ်ကြီး ၄-ပါးသတ်ပုံ | ၁၀၅ |
| မသေအောင်စောင့်သော ဓာတ် ၃-ပါး | ၅၄ |
| မာန ငါ | ၁၄၀ |
| မာနဂါဟ | ၂၀၅ |
| မိစ္ဆာဒိဋ္ဌိ=ကိလေ-သန္တရာယ်ခေါ်ပုံ | ၂၀၇ |
| မိစ္ဆာဒိဋ္ဌိကို ပယ်ဖျောက်နိုင်ခြင်း | ၆၆၊၇၆၊၈၁၊၈၅၊ ၇၀၊၉၉၊၁၀၃ |
| မိဘ-သားသမီး-စသည် မဖြစ်ဘူးသူ မရှိပုံ | ၇ |
| မီးစက်ဝိုင်းနှင့် သန္တတိ | ၅၉ |
| မီးတောက် ဥပမာ ရုပ်တရားဖြစ်ပျက်ပုံ | ၆၅ |
| မီးရထားသွားပုံနှင့် စိတ္တဇရုပ်ဖြစ်ပုံ | ၄၉ |
| မေ့ဆိုရာ၌ ရှင်းလင်းချက် | ၁၃၂ |
| မဒ္ဒိတုကမျှတာ ဉာဏ်သဘော | ၁၉၆ |
| မောင်းသံ ဥပမာနှင့် ဃာနဝိညာဏ် | ၈၄ |
| မှော်ရှူး ဥပမာနှင့် သညာဝိပလ္လာသ | ၁၂၆ |
| မှန်ရိပ် ဥပမာနှင့် စက္ခုဝိညာဏ် | ၇၄ |
| မှိုဥကြီး ဥပမာနှင့် ရုပ်ပျက်ပုံ | ၆၃ |
| မျက်လှည့် ဥပမာနှင့် ဝိညာဏ် | ၁၃၃ |
| မြင်နိုင်ခဲသော အနတ္တတရား | ၁၅၄ |
| မြင်မှု၌ ခွဲပုံ | ၁၆၃ |
| မြင်မှု၌ သိပုံ ၃-မျိုး | ၇၃ |
| မြင်သိရာ၌ ရှုပုံ | ၁၇၇ |
| မြွေဆိပ်ပမာ လောဘ, ဒေါသတရား | ၁၅၀ |
| မြွေဆိုးတွင်းပမာ ကိုယ်ခန္ဓာ | ၁၄၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ယ ]** | |
| ယခုခေတ်နှင့် ကမ္မဋ္ဌာန်းအလုပ် | ၂၀၇ |
| ယမ်းထုပ် ဥပမာနှင့် ခန္ဓာငါးပါး | ၁၁၄ |
| ယမ်းမှုန့် မီးတောက်ပုံနှင့် သန္တတိ | ၅၈ |
| ယုံမှားခြင်း ၁၆-ပါး | ၁၆ |
| **[ ရ ]** | |
| ရံခါဖြစ်ပေါ်သော ဥပါဒါရုပ် | ၇၁ |
| ရသာရုံဟူသော ထင်းအမှိုက် | ၁၇၅ |
| ရသာဟာရဏီ အကြော | ၅၂ |
| ရာဂမီး | ၁၇၇ |
| ရေတံခွန် ဥပမာနှင့် ခန္ဓာ ၅-ပါး | ၁၁၃ |
| ရေပွက်နှင့်တူသော ဝေဒနာ | ၁၀၆ |
| ရေမြှုပ်ဆိုင်နှင့် တူသောရုပ် | ၁၀၆ |
| ရန်သူဥပမာနှင့် ခန္ဓာငါးပါး | ၁၁၆ |
| ရုပ် ၂-မျိုး | ၂၇ |
| ရုပ်ကို နှစ်သက်က ဆင်းရဲကို နှစ်သက်ပုံ | ၂၂၀ |
| ရုပ်ကို ဖြစ်စေသောကံ | ၄၂ |
| ရုပ်ကို ဖြစ်စေသည့် အာဟာရ | ၅၀ |
| ရုပ်ကို ဖြစ်စေသည့် ဥတု | ၅၅ |
| ရုပ်ကို ဖြစ်စေသည့်စိတ် | ၄၆ |
| ရုပ်ကို မဖြစ်စေသောစိတ် | ၄၆ |
| ရုပ်ကို ရှုပုံ | ၁၀၀ |
| ရုပ်တရား၌ ဥဒယဗ္ဗယဉာဏ် ဖွင့်နည်း | ၁၇၁ |
| ရုပ်ပျက်ပုံ ဥပမာ | ၁၇၂၊၁၉၆ |
| ရုပ်၌ ဆင်ခြင်သုံးသပ်ခြင်း | ၁၆၁ |
| ရုပ်နာမ်မှတပါး အသက်မရှိ | ၁၃ |
| ရုပ်၌ အနိစ္စလက္ခဏာကို ပြဆိုခြင်း | ၂၇ |
| ရုပ်မရှိသောဝတ္ထု မရှိခြင်း | ၃၉ |
| ရုပ်သက်နာမ်သက်မှတပါး အသက်မရှိခြင်း | ၄၇ |
| ရူပက္ခန္ဓာ၏အပြစ်ကို ပြဆိုခန်း | ၁၁၇ |
| ရူပက္ခန္ဓာက သတ်ပုံ | ၁၀၇ |
| ရူပက္ခန္ဓာသည် အထည်ဝတ္ထုနှင့်တူပုံ | ၁၁၀ |
| ရူပက္ခန္ဓာသည် ဂူပျက်နှင့် တူပုံ | ၁၁၀ |
| ရူပက္ခန္ဓာသည် သူသတ်နှင့် တူပုံ | ၁၀၅ |

အက္ခရာစဉ် စာမျက်နှာ

[ ရ ]

ရူပါရုံဟူသော ထင်း အမှိုက် ၁၃၅
ရှုပုံလွဲက ဉာဏ်အမြင် မပွင့်ပုံ ၂၀၀
ရှေ့နောက်နှင့် လျော်သော ဉာဏ် ၁၉၇
ရှေးရှေးစိတ်က နောက် နောက်စိတ်အား ကျေးဇူးပြုပုံ ၇၀

[ လ ]

လက္ခဏာတပါးမြင်က ၃-ပါးထင် ၁၉၀
လေများ အဋ္ဌကလာပ်ရုပ်မှ ဖြစ်ခြင်း ၄၁
လောကယုတ္တိ ၅၃
လောဘအလိုသို့လိုက်ရပုံ ၁၂၀
လောဘနှိပ်စက်ပုံ ၁၂၉
လောဘမီးလောင်ငုတ် ၁၃၇
လောဘသည် မြင်းကြမ်း နှင့်တူပုံ ၂၁၄
လင်းကွင်းဥပမာနှင့် စက္ခု ဝိညာဏ် ၇၂
လှုပ်ရာ၌ ဝါယောဓာတ် အဆင့်ဆင့် ဖြစ်ပွါးပုံ ၄၇
လှုပ်ရှားရာ၌ ရှုမှတ်နည်း ၁၇၅
လွတ်မြောက်လိုသော ဉာဏ် ၁၉၆

အက္ခရာစဉ် စာမျက်နှာ

[ လ ]

လျက်မှု၌ ခွဲပုံ ၁၆၃
လျက်မှု၌ သိခြင်း ၃-မျိုး ၈၂
လျက်သိရာ၌ ရှုပုံ ၁၈၀
လျှပ်ရောင်ကဲ့သို့ ဖြစ်ပျက်သော တရား ၆၉

[ ဝ ]

ဝစီကံ သင်္ခါရ ၁၃၀
ဝါယောဓာတ် ၆-ပါး ၃၄
ဝါယောဓာတ် အဆင့်ဆင့် ဖြစ်ပွါးခြင်း ၄၀
ဝါယောဓာတ်၏ လက္ခဏာ ၂၀
ဝါယောဓာတ်၏ သဘော ၅၇
ဝါယောဓာတ် လွန်ကဲသော ရုပ် ၃၄၊၄၀
ဝါယောဓာတ် သတ်ပုံ ၁၀၆
ဝိစိကိစ္ဆာ မပျောက်သရွေ့ အပါယ်မှ မလွတ်ပုံ ၁၃၀
ဝိညာဏက္ခန္ဓာ၏အဖြစ်ကို ပြခန်း ၁၃၃
ဝိညာဏက္ခန္ဓာ သူသတ်နှင့် တူပုံ ၁၁၁
ဝိညာဏ် ၆-ပါး ၅၄၊၇၁
ဝိညာဏ် ၆-ပါး တံငါနှင့် တူပုံ ၁၃၅
ဝိညာဏ်ကို နှစ်သက်က ဆင်းရဲကို နှစ်သက်ပုံ ၂၂၁
ဝိညာဏ် မည်ပုံ ၇၁

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဝ ] | |
| ဝိပဿနာ အလယ်ဉာဏ် ၃-ပါး | ၁၉၂ |
| ဝိပဿနာအန္တရာယ် ပယ်ရှားနည်း | ၂၀၆ |
| ဝိပဿနာ အားထုတ်ပုံ အမျိုးမျိုး | ၁၅၉ |
| ဝိပဿနာအားထုတ်မှ နိဗ္ဗာန်ရောက်နိုင်ပုံ | ၁၅၇ |
| ဝိပဿနာ အားထုတ်မှုမှ မေ့လျော့ပုံ | ၁၃၁ |
| ဝိပဿနာ အားမထုတ်နိုင်ပုံ အကြောင်းရင်း | ၂၁၄ |
| ဝိပဿနာ အားမထုတ်ဘဲ နိဗ္ဗာန်မရောက်ပုံ | ၂၄ |
| ဝိပဿနာ၏ အန္တရာယ်ကို ပြခန်း | ၂၀၃ |
| ဝိပဿနာကို အချိန်မရွေး အားထုတ်ရပုံ | ၁၄၄ |
| ဝိပဿနာဉာဏ် အမြင်မှန် | ၁၅၀ |
| ဝိပဿနာ ပွါးသူကို အပြစ်တင်တတ်ပုံ | ၂၁၅ |
| ဝိပဿနာ ဘာဝနာနှင့် ယှဉ်သော ပညာ | ၂၁ |
| ဝိပဿနာယောဂီပုဂ္ဂိုလ် ဆေးဆရာနှင့်တူပုံ | ၁၉၃ |
| ဝိပဿနာ ရှုနိုင်ခြင်း အကြောင်းအမျိုးမျိုး | ၂၁၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဝ ] | |
| ဝိပဿနာရှုနည်းကိုပြဆိုပုံ | ၁၅၅ |
| ဝိပဿနာရှုနည်း တော ၄၀ | ၁၆၄ |
| ဝိပဿနာရှုနိုင်သည့် ပုဂ္ဂိုလ် စိစစ်ချက် | ၂၁၇ |
| ဝိပဿနာရှုပုံ | ၇၅၊၈၀၊၈၅၊၉၀၊ ၉၅၊၁၀၂ |
| ဝိပဿနာရှုရန် တိုက်တွန်းချက် | ၂၁၆ |
| ဝိပါကန္တရာယ် | ၂၀၇ |
| ဝီရိယ ထက်သန်ခြင်း အင်္ဂါ | ၂၀၉ |
| ဝေဒနာ ၃-မျိုးခွဲ၍ ရှုမှတ်နည်း | ၉၆ |
| ဝေဒနာကိုခွဲ၍ ဝိပဿနာ ရှုပုံ | ၉၇ |
| ဝေဒနာကို နှစ်သက်လျှင် ဆင်းရဲကို နှစ်သက်ပုံ | ၂၂၁ |
| ဝေဒနာက္ခန္ဓာ၏ အပြစ်ကို ပြဆိုခန်း | ၁၁၉ |
| ဝေဒနာက္ခန္ဓာက သတ်ပုံ | ၁၀၈ |
| ဝေဒနာက္ခန္ဓာသည် သူသတ်နှင့်တူပုံ | ၁၀၈၊၁၂၅ |
| ဝေဒနာ၌ ဖြစ်ပျက်ကိုရှုပုံ | ၁၀၂ |
| ဝေါဟာရကိုယ် | ၁၃၉ |
| သံသရာ အစမရှိသည်ကို ပြဆိုခန်း | ၅ |

အက္ခရာစဉ် စာမျက်နှာ

[ သ ]

သံသရာ၏ အရင်းအမြစ် ၆
သံသရာခရီးသူတို့ ယားနာ သမားနှင့်တူပုံ ၁၁၉
သံသရာခေါ်ပုံ ၅
သံသရာလည်ပုံ ၄၃
သက္ကာယဒိဋ္ဌိ ခွါနည်း ၁၅၅
သက္ကာယဒိဋ္ဌိ စွဲလမ်းချက် ၁၅၆
သက္ကာယဒိဋ္ဌိ စွဲလမ်းမှု ပြားပုံ ၁၅၅
သက္ကာယဒိဋ္ဌိ မပျောက်သရွေ့ အပါယ်မှမလွတ်ပုံ ၁၃၀
သက္ကာယပျောက် နိဗ္ဗာန် ရောက် ၁၃၈
သင်္ခါရက္ခန္ဓာ၏ အပြစ်ကို ပြဆိုခန်း ၁၂၈
သင်္ခါရက္ခန္ဓာက သတ်ပုံ ၁၁၀
သင်္ခါရက္ခန္ဓာသူသတ်နှင့် တူပုံ ၁၁၀
သင်္ခါရတရား ငှက်ပျောပင် နှင့်တူပုံ ၁၃၀
သင်္ခါရတရားချုံးလိုက်လျှင် နာမ်ရုပ် ၂ပါးသာရှိပုံ ၉
သင်္ခါရတရားများကို အမှတ်မှားပုံ ၁၂၆
သင်္ခါရတရားမြှောက်စားမှု ကြောင့် အမေ့ကြီးမေ့ပုံ ၁၃၁

အက္ခရာစဉ် စာမျက်နှာ

[ သ ]

သင်္ခါရတို့ကို နှစ်သက်က ဆင်းရဲကို နှစ်သက်သည် မည်ပုံ ၂၂၁
သင်္ခါရဓမ္မကို လျစ်လျူရှု၍ သိမ်းဆည်းသောဉာဏ် ၁၉၇
သင်္ခါရဓမ္မကို သိ၍ ရှုသော ဉာဏ် ၁၉၆
သင်္ခါရလောက ၅၅
သင်္ခါရုပေက္ခာဉာဏ်သဘော ၁၉၇
သစ္စာ ၄-ပါးကိုသိမြင်သော ပညာသာမြတ်ခြင်း ၂၁
သညာကိုနှစ်သက်ကဆင်းရဲ ကိုနှစ်သက်သည်မည်ပုံ ၂၂၁
သညာက္ခန္ဓာ၏ အပြစ်ကို ဆိုခန်း ၁၂၆၊၁၈၆
သညာက္ခန္ဓာက သတ်ပုံ ၁၀၉
သညာက္ခန္ဓာ သူသတ်နှင့် တူပုံ ၁၀၉
သဏ္ဌာနပညတ် ၁၆၈
သဏ္ဌာနပညတ်ကို ရှုမှတ်နည်း ၁၆၉
သတ္တလောက ၅၅
သတ္တဝါတို့ ဖြစ်ပေါ်ရင်း အရင်းအစ မရှိပုံ ၆
သန္တတိအစဉ်ဖုံးလွှမ်းပုံ ၆၅

အက္ခရာစဉ် — စာမျက်နှာ

[ သ ]

သန္တတိအတွက်ကြောင့် မမြင်နိုင်ပုံ ၂၁၃
သန္တတိပညတ် ၁၆၀
သန္တတိပညတ် မှတ်လွှင့် နည်း ၁၇၀
သန္တတိဖုံးလျှင် အနိစ္စမထင် ၁၆၉
သဒ္ဒါရုံဟူသောထင်းအမှိုက် ၁၃၅
သမထဘာဝနာနှင့် ယှဉ် သောပညာ ၂၁
သမ္မသနဉာဏ်ကိုပြဆိုခန်း ၁၆၁
သမ္မုဟပညတ်ပျက်ပုံ ၆၁
သာမညကပုထုဇဉ် ၂
သားဆိုးအမေ ဥပမာ နှင့် လောဘရှိသတ္တဝါ ၁၂၀
သိခြင်းအမျိုးမျိုးကိုမနော ဝိညာဏ်ခေါ်ပုံ ၁၀၀
သိရာဌ်ရှုပုံ ၁၀၄
သီတဥတု ၅၅
သီတတေဇော ၅၅
သီတဓာတ်မီး ၅၀
သီတဓာတ်မီးကြောင့် ရုပ်ဖြစ်ပွါးပုံ ၅၀
သီလနှင့်ယှဉ်သောပညာ ၂၁
သီလဖြင့်နိဗ္ဗာန်ရောက်ပုံ ၂၂-၃
သုခဝေဒနာခေါ်ပုံ ၉၆

အက္ခရာစဉ် — စာမျက်နှာ

[ သ ]

သုခဝေဒနာနှိပ်စက်ပုံ ၁၁၉
သုခဝေဒနာ ယားနာနှင့် တူပုံ ၁၂၀
သုက္ခဝိပဿကခေတ် ၂၀၀-၁
သုတမယဉာဏ် ၁၅၀
သူတပါးမဟုတ်ရာ၌ ရှင်းချက် ၁၄၁
သေပြီးတဖန်သေဆုံးပြန်ပုံ ၁၁၂
သောတဝိညာဏ်၏ဖြစ်ပျက် ကိုရှုပုံ ၁၇၀
သောတဝိညာဏ်ကသတ်ပုံ ၁၁၁
သောတဝိညာဏ်ကို ပြဆို ခန်း ၇၇
သောတဝိညာဏ်ဖြစ်ပေါ် လာပုံ ၇၇၊၇၉
သောတဝိညာဏ်မီး ၁၃၆
သောတဝိညာဏ် လှည့်စား ပုံ ၁၃၃
သောတဝိညာဏ်သိပုံ ၇၈
သောတာပန်ဖြစ်လုဆဲကို စူဠသောတာပန်ခေါ်ပုံ ၂၅
သစ်ရွက်ခြောက်ကဲ့သို့ တဖုံးဖုံးကျပုံဥပမာ ၁၇၀
သစ်သားရုပ်ဥပမာ ရုပ်ပျက်ဟန် ၁၇၆
သုံးမည်ရသောဉာဏ် ၁၉၃


ပ-မ-ဗ-သ-စ—၁၀၄၇—၁၅-၁-၇၁—၅၀၀၀-အုပ်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ

# ဗုဒ္ဓသာသနာအဖွဲ့

၌

ရိုက်နှိပ်ပြီးသော

## အဘိဓမ္မာ မြန်မာဘာသာကျမ်းများ

| | | | |
|---|---|---|---|
| ၁။ | အဘိဓမ္မတ္ထသရူပဒီပက | ပ-ဒု | မြို့ပြင်ကြီးဆရာတော် |
| ၂။ | နိဗ္ဗာနသရူပဒီပက | (ဒီပက-တ-တွဲ) | ။ |
| ၃။ | ပရမတ္ထသံခိပ်ဋီကာ | ပ-ဒု | လယ်တီပဏ္ဍိတဦးမောင်ကြီး |
| ၄။ | ပရမတ္ထသံခိပ်နှင့်အဖြေ | | လယ်တီဆရာတော်ကြီး |
| ၅။ | ပရမတ္ထသရူပဘေဒနီ | ပ-ဒု | မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး |
| ၆။ | အဘိဓမ္မတ္ထသရူပဒီပနီ | | သေကျွတောင် ဦးတိလောက |
| ၇။ | သရုပ်ပြသင်္ဂြိုဟ် | ပ | ဒေါ်ဝိဇ္ဇေသီ၊ ဘီ-အေ၊ ဓမ္မာစရိယ |
| ၈။ | မစိုးရိမ်–မူလတန်းသင်္ဂြိုဟ် | ပ | |
| ၉။ | ဓမ္မသင်္ဂဏီ မြန်မာပြန် | | |
| ၁၀။ | ခန္ဓဝိဘင်း မြန်မာပြန် | | |
| ၁၁။ | ပုဂ္ဂလပညတ် မြန်မာပြန် | | |
| ၁၂။ | ကထာဝတ္ထု မြန်မာပြန် | ပ-ဒု | |
| ၁၃။ | ဋီကာကျော် မြန်မာပြန် | ပ-ဒု-တ | |

မဟာဗုဒ္ဓဝင်

ပ-တွဲ ၂-အုပ်၊ ဒု-တွဲ ၁-အုပ်၊ တ-တွဲ ၁-အုပ်၊ စ-တွဲ ၁-အုပ် (ထွက်ပြီ)